# လူကုန်ကူးခြင်းခံရပြီးနောက် မဲခေါင်မြစ်ဝှမ်းဒေသတွင် လူကုန်ကူးခံခဲ့ရသူများ၏ (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေးတွင် အတွေ့အကြုံများနှင့် စိန်ခေါ်မှုများ

## အကျဉ်းချုပ်အစီရင်ခံစာ



UNIAP
United Nations Inter-Agency Project on Human Trafficking

COMMIT
COORDINATED MEKONG MINISTERIAL INITIATIVE AGAINST TRAFFICKING

NEXUS Institute

# လူကုန်ကူးခြင်းခံရပြီးနောက်

# မဲခေါင်မြစ်ဝှမ်းဒေသတွင် လူကုန်ကူးခံခဲ့ရသူများ၏ (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးတွင် အတွေ့အကြုံများနှင့် စိန်ခေါ်မှုများ

## အကျဉ်းချုပ်အစီရင်ခံစာ


Rebecca Surtees, NEXUS Institute

ကုလသမဂ္ဂလူကုန်ကူးမှု တိုက်ဖျက်ရေးအစီအစဉ် ဒေသဆိုင်ရာရုံး

United Nations Inter-agency Project on Human Trafficking (UNIAP)



အောက်တိုဘာ၊ ၂၀၁၃

မာတိကာဇယား

**အမှာစကား** ---------- ၁

**အသိအမှတ်ပြု ကျေးဇူးတင်ရှိခြင်း** ---------- ၄

**နိဒါန်း** ---------- ၆

**သုတေသနဆောင်ရွက်မှုနည်းလမ်း၊ အချက်အလက်စုဆောင်းခြင်းနှင့်**
**ကျင့်ဝတ်ဆိုင်ရာ ကိစ္စရပ်များ** ---------- ၉

သုတေသနဆောင်ရွက်မှုနည်းလမ်းနှင့် ချဉ်းကပ်နည်းလမ်း ---------- ၉

နမူနာရွေးချယ်မှု မူဘောင် ---------- ၁၀

တုန့်ပြန်ဖြေကြားသူများအကြောင်း ---------- ၁၂

ကျင့်ဝတ်ဆိုင်ရာ ကိစ္စရပ်များနှင့် စာနာထောက်ထားခြင်း ---------- ၁၄

သုတေသန အကန့်အသတ်များ ---------- ၁၅

**ဆွေးနွေးချက်အား ဘောင်သတ်မှတ်ခြင်း၊ ဝေါဟာရများနှင့်**
**အယူအဆများအား အဓိပ္ပာယ်ဖွင့်ဆိုခြင်း** ---------- ၁၆

(ပြန်လည်) ဝင်ဆန့်ပေါင်းစည်းခြင်း ဆိုသည်မှာဘာလဲ? ---------- ၁၆

**အဓိကတွေ့ရှိချက်များ။ အပိုင်း(၁)။ (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး**
**လုပ်ငန်းစဉ်တွင် စိန်ခေါ်မှုများ** ---------- ၁၉

ကိစ္စရပ် ၁၊ ၁ ။ ကူညီခြင်း မခံရခြင်း ---------- ၂၀

ကိစ္စရပ် ၁၊ ၂ ။ အကူအညီကို ငြင်းပယ်ခြင်း ---------- ၂၂

ကိစ္စရပ် ၁၊ ၃ ။ အတင်းအကြပ်ကူညီခြင်း ---------- ၂၅

ကိစ္စရပ် ၁၊ ၄ ။ အားနည်းသော လွှဲပြောင်းခြင်း၊ ညှိနှိုင်းခြင်းနှင့်
ပူးပေါင်းဆောင်ရွက်ခြင်း ---------- ၂၇

ကိစ္စရပ် ၁၊ ၅ ။ မလုံလောက်သော သတင်းအချက်အလက် ထောက်ပံ့မှု ----------------
ကိစ္စရပ် ၁၊ ၆ ။ အုပ်ချုပ်စီမံမှု သတ်မှတ်ချက်များနှင့် လုပ်ထုံးလုပ်နည်းများ ----------------
ကိစ္စရပ် ၁၊ ၇ ။ အရင်းအမြစ်များ၊ ရန်ပုံငွေနှင့် ရေရှည်တည်တံ့မှု ----------------

**အဓိကတွေ့ရှိချက်များ။ အပိုင်း(၂)။ ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး ဝန်ဆောင်မှုများ ထောက်ပံ့ပေးအပ်ခြင်းကိစ္စရပ်များ** ----------------
ကိစ္စရပ် ၂၊ ၁ ။ ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် ကူညီထောက်ပံ့မှု မရှိခြင်း ----------------
ကိစ္စရပ် ၂၊ ၂ ။ အလုံးစုံပြည့်စုံသော ဝန်ဆောင်မှုများ မရှိခြင်း ----------------
ကိစ္စရပ် ၂၊ ၃ ။ သင့်လျော်သော နေရာထိုင်ခင်း မရှိခြင်း ----------------
ကိစ္စရပ် ၂၊ ၄ ။ ရုပ်ပိုင်းကျန်းမာရွှင်လန်းမှု ညံ့ဖျင်းခြင်း ----------------
ကိစ္စရပ် ၂၊ ၅ ။ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနှင့် စိတ်ထိခိုက်ဒဏ်ရာရမှု ----------------
ကိစ္စရပ် ၂၊ ၆ ။ ဥပဒေနှင့် စီမံခန့်ခွဲအုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များ ----------------
ကိစ္စရပ် ၂၊ ၇ ။ စီးပွားရေးလိုအပ်ချက်များ ----------------
ကိစ္စရပ် ၂၊ ၈ ။ တရားဥပဒေဆိုင်ရာအမှုများကို ဆက်လက်ဆောင်ရွက်ခြင်း ----------------
ကိစ္စရပ် ၂၊ ၉ ။ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် လုံခြုံမှု မရှိခြင်း ----------------
ကိစ္စရပ် ၂၊ ၁၀ ။ မိသားစုများနှင့် အလုပ်လုပ်ခြင်း ----------------
ကိစ္စရပ် ၂၊ ၁၁ ။ အမှုကိစ္စကိုင်တွယ်ဖြေရှင်းခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်း ----------------
ကိစ္စရပ် ၂၊ ၁၂ ။ ဘာသာစကား အတားအဆီးများ ----------------

**အဓိကတွေ့ရှိချက်များ။ အပိုင်း(၃)။ (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးအား လုပ်ကိုင်ဆောင်ရွက်နေကြသည့် လက်တွေ့ဆောင်ရွက်သူများနှင့် အာဏာပိုင်များ၏ အတွေးအမြင်၊ စွမ်းဆောင်ရည်နှင့် အပြုအမူဆိုင်ရာ ကိစ္စရပ်များ** ----------------
ကိစ္စရပ် ၃၊ ၁ ။ စည်းမျဉ်းစည်းကမ်းများ၊ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် ကန့်သတ်ချုပ်ချယ်မှုများ ----------------
ကိစ္စရပ် ၃၊ ၂ ။ ကူညီစောင့်ရှောက်မှုအရည်အသွေး ----------------

ကိစ္စရပ် ၃၊ ၃ ။ ကူညီစောင့်ရှောက်ရာတွင် ကိုယ်ချင်းစာနာစိတ်ကင်းမဲ့ခြင်း၊ ခွဲခြားဆက်ဆံခြင်းနှင့် ကြမ်းတမ်းစွာ ဆက်ဆံခြင်း ------------------------ ၆၉

**အဓိကတွေ့ရှိချက်များ။ အပိုင်း (၄)။ လူကုန်ကူးခံရသူကလေးများ၏ (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးတွင် အလွန်အရေးကြီးသော ကိစ္စရပ်များ** ------------------------ ၇၂

ကိစ္စရပ် ၄၊ ၁ ။ ကလေးများ၏ လူကုန်ကူးခံရသည့် အတွေ့အကြုံများ ------------------------ ၇၃

ကိစ္စရပ် ၄၊ ၂ ။ ကလေးများအတွက် အထူးပြုသော ဝန်ဆောင်မှုများရှိ ကွက်လပ်များ ------------------------ ၇၇

ကိစ္စရပ် ၄၊ ၃ ။ လူကုန်ကူးခံရသူများ၏ ကလေးများ ------------------------ ၇၈

**နိဂုံး** ------------------------ ၈၁

World Vision

unicef

Somaly Mam
Foundation

Save the Children

IOM International Organization for Migration

NORWEGIAN EMBASSY

anesvad
for the right to health

Australian
AID

DEPARTMENT OF STATE
UNITED STATES OF AMERICA

NEW ZEALAND
Aid Programme

SWEDEN

**အမှာစကား**

မဲခေါင်မြစ်ဝှမ်းဒေသ COMMIT (၆) နိုင်ငံ (ကမ္ဘောဒီးယား၊ တရုတ်၊ လာအိုပီဒီအာ၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်) အစိုးရများဖြစ်ကြသော ကျွန်ုပ်တို့သည် လူပုဂ္ဂိုလ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် အလှူရှင်နိုင်ငံများ အားလုံးနှင့် အထူးသဖြင့် မဲခေါင်မြစ်ဝှမ်းဒေသတွင် လူကုန်ကူးခံရသူများ၏ (ပြန်လည်) ဝင်ဆန့် ပေါင်းစည်းရေးအကြောင်း ဤအစီရင်ခံစာကို ပြီးမြောက် အောင်မြင်အောင် လုပ်ဆောင်ခဲ့သည့် သူတို့၏ မမောမပန်းနိုင်သော ကြိုးပမ်းအားထုတ်မှုများအတွက် NEXUS Institute နှင့် အစီရင်ခံစာကိုရေးသား ပြုစုသူ Rebecca Surtees တို့အား အမှန်တကယ် ကျေးဇူးတင်ရှိပါသည်။

COMMIT အထူးလုပ်ငန်းစီမံချက် ၂ (၂၀၀၈-၂၀၁၀)၏ ဒုတိယမြောက်နှစ်၏ အဆုံးဖြစ်သော ၂၀၀၉ ခုနှစ်တွင် COMMIT (၆)နိုင်ငံအစိုးရများဖြစ်ကြသော ကျွန်ုပ်တို့သည် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးအကူအညီအား တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်းသည် မဲခေါင်မြစ်ဝှမ်းဒေသအတွက် အမြင့်မားဆုံးသော လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဦးစားပေး အစီအစဉ်များအနက် တစ်ခုအဖြစ် စိစစ်သတ်မှတ်ခဲ့ကြသည်။ ၎င်းနောက်မှဆက်လက်၍ ၂၀၁၀ ခုနှစ်တွင် အပြည်ပြည် ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့အစည်း (IOM) ၏ ဒေသဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုအုပ်စု တစ်စုဖြစ်သော NEXUS Institute, Save the Children, UNIAP, UNICEF နှင့် World Vision တို့သည် (က) ဒေသတွင်းရှိလက်ရှိ (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး အကူအညီပေးမှု ယန္တယားများကို စီစဉ်ဆောင်ရွက်ရန်နှင့်(ခ) သူတို့၏ လူကုန်ကူးခံရပြီးနောက်ပိုင်း အတွေ့အကြုံများနှင့် လိုအပ်ချက်များနှင့်ပတ်သက်၍ အမှန်တကယ် လူကုန်ကူးခြင်းခံရသူများထံမှ ရှုထောင့်အမြင်များကို ရရှိစေရန်အတွက် ကျွန်ုပ်တို့၏အစိုးရများကို စုပေါင်း၍ကူညီပံ့ပိုးမှုပေးရန် အစည်းအဝေး ကျင်းပပြုလုပ်ခဲ့ကြသည်။ ထို့အပြင် ဒေသတွင်းရှိလက်ရှိ (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေး အကူအညီပေးမှု ယန္တယားများကို စီစဉ်ဆောင်ရွက်ရန်နှင့် ပိုင်းခြားစိတ်ဖြာလေ့လာရန် ၂၀၁၀ ခုနှစ်နောက်ပိုင်းကာလ တစ်လျှောက်လုံးတွင် အမျိုးသားအဆင့်လက်တွေ့လုပ်ကိုင်ဆောင်ရွက်သူများ၏ တွေ့ဆုံပွဲ (ဖိုရမ်) များကို ဆက်တိုက်ကျင်းပခဲ့ကြသည်။ ဤဆွေးနွေးတိုင်ပင်မှုများက ဤအစီရင်ခံစာ၏ ဖြစ်ပေါ်တိုးတက်မှုအတွက် အခြေခံအုတ်မြစ်များကို ချမှတ်ပေးခဲ့ပြီး (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး အတွေ့အကြုံများနှင့် လူကုန်ကူးခံရသူများနှင့် သူတို့၏ မိသားစုများအတွက် အလုံးစုံ ဝန်ဆောင်မှု များနှင့် နောက်ပိုင်းကာလ ကူညီစောင့်ရှောက်မှုတို့ကို တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရန် COMMIT အစိုးရများဖြစ်ကြသော ကျွန်ုပ်တို့၏ စဉ်ဆက်မပြတ်ကြိုးပမ်းအားထုတ်မှုတစ်ရပ် စတင်ဆောင်ရွက်ခြင်း ပြုလုပ်ရန် အချက်ပြခဲ့သည်။

COMMIT အစိုးရများဖြစ်ကြသော ကျွန်ုပ်တို့သည် လူကုန်ကူးမှုအဆုံးသတ်ရေးဖြစ်သော အလွန်အရေးပါလှသည့် လုပ်ငန်းတာဝန်အပေါ် ကျွန်ုပ်တို့၏ အာရုံစိုက်မှုနှင့် အရင်းအမြစ်များ ခွဲဝေမှုတို့ကိုဆက်လက်၍ တိုးမြှင့်ဆောင်ရွက်လျက်ရှိစဉ် ဤကဲ့သို့သော ကြောင်းကျိုးခိုင်လုံ၍ အသေးစိတ် တိကျသေချာမှုရှိသော သုတေသနသည် ပြစ်မှုအားတိုက်ဖျက်ရာတွင် အရေးအပါဆုံးသော လက်နက်ကိရိယာများထဲမှ တစ်ခုအဖြစ်ဆက်လက်၍ ရှိနေမည်ဖြစ်သည်။ ဤသုတေသန အမျိုးအစားကြောင့်သာလျှင် ကျွန်ုပ်တို့သည် ဤကြောက်မက်ဖွယ်ကောင်းသော ပြစ်မှု၏ သားကောင်များ၏ အတိဒုက္ခဖြစ်ရပ်ကိုပို၍ ကောင်းစွာ

နားလည်သဘောပေါက်လာနိုင်ခဲ့ပြီး၊ ဤနားလည်သဘောပေါက်မှုကို ရရှိခြင်းအားဖြင့် လူကုန်ကူးခံရသူများနှင့် သူတို့၏ မိသားစုများအားပေးအပ်သည့် ကျွန်ုပ်တို့၏ (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး ဝန်ဆောင်မှုများနှင့် နောက်ပိုင်းကာလ ကူညီစောင့်ရှောက်မှုတို့ကို အဆက်မပြတ် တိုးတက်ကောင်းမွန်ရန်နှင့် ဆက်လက်၍ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နိုင်ခဲ့ကြသည်။

ဤအစီရင်ခံစာသည် ကျွန်ုပ်တို့နှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ကိုင်ဆောင်ရွက်သူများအား လူကုန်ကူးခံရသူများအတွက် အနာဂတ်ကူညီထောက်ပံ့ရေး ဝန်ဆောင်မှုများကို စီမံကိန်းချမှတ်ခြင်းနှင့် ဒေသတွင်း၌ အရင်းအမြစ်များကို မည်သည့်နေရာသို့ခွဲဝေရမည်ကို လမ်းညွှန်မှုပေးလိမ့်မည်ဖြစ်သည်။ အစိုးရများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး လုပ်ကိုင်ဆောင်ရွက်သူများနှင့် သုတေသီများအကြားတွင် စဉ်ဆက်မပြတ်ခိုင်မာသော လုပ်ဖော်ကိုင်ဖက် မိတ်ဖက်ဖြစ်မှုသည် လူကုန်ကူးမှုတန်ပြန်ဆန့်ကျင်ရေးနှင့် အရေးအကြီးဆုံးအနေဖြင့် လူကုန်ကူးခံရသူများအား ကူညီစောင့်ရှောက်မှု ထောက်ပံ့ရေးကို ထိရောက်၍ အထောက်အထား အခြေခံသည့် ချဉ်းကပ်နည်းလမ်းဖြစ်စေရန် သေချာစေမည်ဖြစ်သည်။

H.E. Mrs. San Arun
Chair of Cambodia COMMIT Taskforce
COMMIT Taskforce

Mr. Chen Shiqu
Coordinator of China

Mrs. Thoummaly Vongphachanh
Deputy Head of Lao COMMIT Taskforce

Pol.Brig.Gen. Win Naing Tun
Chair of Myanmar COMMIT Taskforce

Mr. Vichien Chavalit
Head of Thai COMMIT Taskforce
COMMIT Taskforce

Col. Le Van Chuong
Steering Member of Viet Nam

# အသိအမှတ်ပြုကျေးဇူးတင်ရှိခြင်း

အလွန်ပင်များလှစွာသော သူများသည် ဤသုတေသနကို အထောက်အကူပြု ပံ့ပိုးခဲ့ကြသည်။ ပထမဆုံးနှင့် ရှေးဦးဆုံးအနေဖြင့် ကျွန်ုပ်သည် ဤလေ့လာချက်အတွက် တွေ့ဆုံးမေးမြန်းခြင်းကို သဘောတူညီခဲ့ကြသော လူကုန်ကူးခံရသူများစွာကို ကျေးဇူးတင်ရှိပါသည်။ သူတို့သည် သူတို့၏ တန်ဖိုးရှိသော အချိန်ကို ရက်ရောစွာ ပေးခဲ့ပြီး သူတို့၏ တကယ့်ပုဂ္ဂိုလ်ရေး အတွေ့အကြုံများ၊ ခံစားချက်များနှင့် အတွေးစိတ်ကူးများကို ကျွန်ုပ်တို့အား မျှဝေပြောပြခဲ့ကြသည်။ သူတို့၏ ပါဝင်ပံ့ပိုးမှုသည် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးကို အမှန်တကယ် ဖြစ်မြောက်အောင် (တစ်ခါတစ်ရံတွင် မဖြစ်မြောက်ပါ။) မည်ကဲ့သို့ လုပ်ဆောင်ရမည်ကို နားလည်သဘောပေါက်ရာတွင်နှင့် ဝေဖန်ဆန်းစစ်ရာတွင် မရှိမဖြစ်လိုအပ်သည်။ အလွန်ခက်ခဲ၍ ပုဂ္ဂိုလ်ရေးဆန်သော ကိစ္စရပ်များနှင့် အတွေ့အကြုံများကို ဆွေးနွေးရာတွင် သူတို့၏ လိုလိုလားလားရှိမှု၊ ပွင့်လင်းမှုနှင့် သတ္တိရှိမှုအတွက် ကျွန်ုပ်အမှန်တကယ် ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်သည် COMMIT (၆)နိုင်ငံအစိုးရများကိုလည်း အသိအမှတ်ပြု ကျေးဇူးတင်ရှိပါသည်။ ၎င်းတို့သည် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးကိစ္စရပ်ကို ဦးစားပေးဆောင်ရွက်ရုံသာမက၊ ဤအလွန်အရေးကြီးသော လုပ်ငန်းနယ်ပယ်တွင် မူဝါဒနှင့် လက်တွေ့လုပ်ကိုင်ဆောင်ရွက်မှုကို မည်ကဲ့သို့ တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရမည်ဆိုသည့်အကြောင်းကို လူကုန်ကူးခံရသူများထံမှ တိုက်ရိုက်လေ့လာသင်ယူခြင်း၏ အရေးပါမှုကိုလည်း ညီမျှစွာပင် အသိအမှတ်ပြုခဲ့ကြသည်။ သုတေသနလေ့လာချက်လုပ်ငန်းကို အလှူရှင်အချို့နှင့် ကွဲပြားသော အဖွဲ့အစည်းများနှင့် အေဂျင်စီများ၏ ပါဝင်ထည့်ဝင်မှုများဖြင့် ရန်ပုံငွေထောက်ပံ့ခဲ့ကြသည်။ ဖော်ပြပါ အဖွဲ့အစည်းများအား ကျေးဇူးတင်ရှိပါသည်။ ANESVAD Foundation, Australian Agency for International Development, New Zealand Min'instry of Foreign Affairs and Trade, Norwegian Ministry of Foreign Affairs, Swedish International Development Cooperation Agency and US Deparement of State. အခြားဖော်ကိုင်ဖက် အေဂျင်စီများတွင် IOM, Save the Children, Somaly Mam Foundation, UNICEF, World Vision and NEXUS Institute တို့ပါဝင်သည်။

စတင် လုပ်ဆောင်မှုကို UNIAP က ဦးဆောင်ခဲ့ပြီး ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ ကျွန်ုပ်သည် ဘန်ကောက်မြို့ရှိ UNIAP ၏ ဒေသဆိုင်ရာစီမံခန့်ခွဲမှုရုံး (UNIAP's Regional Management Office-RMO) ၏ အမှုထမ်းများနှင့် ကွဲပြားခြားနားသော စွမ်းဆောင်ရည်များဖြင့် ကွဲပြားခြားနားသော အဆင့်များ၌ သုတေသနစီမံချက်ကိုလုပ်ဆောင်ခဲ့ကြသော နိုင်ငံအလိုက်စီမံချက်ရုံးများ အသီးသီးကိုကျေးဇူးတင်ရှိပါသည်။သုတေသနစတင်လုပ်ဆောင်မှုတွင်ပါဝင်ဆောင်ရွက်ခဲ့ကြသော UNIAP အမှုထမ်းများ အားလုံးကို လေ့လာချက် အပြည့်အစုံစာတမ်းတွင် စာရင်းပြုစုဖောပြထားသည်။ (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေး စတင်လုပ်ဆောင်မှုကို အဖွဲ့အစည်းများနှင့် အေဂျင်စီများ အမျိုးစုံပါဝင်သော ဒေသဆိုင်ရာလုပ်ငန်းအဖွဲ့တစ်ရပ်က ကြီးကြပ်ကွပ်ကဲခဲ့သည်။ Save the Children UK, World Vision International, IOM, UNICEF, NEXUS Instituteနှင့် UNIAP တို့အားကျေးဇူးတင်ရှိပါသည်။ နိုင်ငံအလိုက်အဆင့်တွင် လေ့လာချက်အားအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်၊ အထူးသဖြင့် တုန့်ပြန်ဖြေကြားသူများထံ ရောက်ရှိရေးကို လွယ်ကူချောမောအောင်ဆောင်ရွက်ပေးခြင်းနှင့် အမျိုးသားအဆင့် ဆွေးနွေးတိုင်ပင်ရေးလုပ်ငန်းစဉ်အတွင်း လေ့လာချက်အတွက် ပဏာမတွေ့ရှိချက်များအပေါ် တုန့်ပြန်ချက်များကို ပေးအပ်ခြင်းတို့တွင် အမျိုးမျိုးသော အဖွဲ့အစည်းများနှင့် အင်စတီကျူးရှင်းများက ပါဝင်လုပ်ဆောင်ခဲ့ကြသည်။ အားလုံးကို အမှန်တကယ် ကျေးဇူးတင်ရှိပါသည်။ ၎င်းတို့၏ စာရင်းအပြည့်အစုံသည်

လေ့လာချက် အပြည့်အစုံစာတမ်းတွင် ပါရှိသည်။

နိုင်ငံအသီးသီးတွင် တွေ့ဆုံမေးမြန်းမှုများကို မြင့်မားစွာ အရည်အချင်းပြည့်ဝသည့် သုတေသီများ အဖွဲ့တစ်ဖွဲ့မှ ဦးဆောင်ပြုလုပ်ခဲ့ပြီး ကွင်းဆင်းလုပ်ငန်းကြီးကြပ်ရေးမှူးတစ်ဦးက ကြီးကြပ်ကွပ်ကဲခဲ့သည်။ ကျွန်ုပ်သည် နိုင်ငံအလိုက် သုတေသနအဖွဲ့များ၏ အဖွဲ့ဝင်အသီးသီးအား အမှန်တကယ်ကျေးဇူးတင်ရှိပါသည်။ သူတို့နှင့် အတူတူ အလုပ်လုပ်ရသည်ကို ကျွန်ုပ်နှစ်သက်ပျော်ရွှင်မှုရှိခဲ့ပြီး သူတို့သည် အချက်အလက်ကောက်ခံရေးလုပ်ငန်း အတောအတွင်း၌ မြောက်မြားစွာသော ခက်ခဲရှုပ်ထွေးမှုများနှင့် ကန့်သတ်ချုပ်ချယ်မှုများကို ရင်ဆိုင်ရစေကာမူ၊ သူတို့၏ တိုင်းပြည်များရှိ လူကုန်ကူးခံရသူများ၏ အတွေ့အကြုံများနှင့် လိုအပ်ချက်များအကြောင်း တန်ဖိုးမဖြတ်နိုင်သော သတင်းအချက်အလက်များကို ကောက်ယူခဲ့ကြသည်။ သူတို့၏အမည်များသည် လေ့လာချက် အပြည့်အစုံ စာတမ်းတွင်ပါရှိသည်။

ကျွန်ုပ်သည် Pattarin Wimolpitayarat အား ကျေးဇူးတင်ရှိပါသည်။ သူမသည် အလွန်ထူးချွန်သော သုတေသီတစ်ဦးဖြစ်သည့်အပြင် တွေ့ဆုံမေးမြန်းမှုများကို ရှင်းလင်းရာတွင်နှင့် ခိုင်လုံအောင် ပြုလုပ်ရာတွင် ကြီးမားစွာ အကူအညီပေးခဲ့ပြီး ဒေသတွင်း၌ သူမ၏ ကူညီထောက်ပံ့ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အသိပညာဗဟုသုတတို့ကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့သည်။ နောက်ဆုံးအနေဖြင့် ကျွန်ုပ်သည် လေ့လာချက်တွင်သူ၏ အမြဲတစေ အကူအညီရသည့် ထိုးထွင်းသိမြင်မှုနှင့် တုန့်ပြန်မှုတို့အတွက်လည်းကောင်း သုတေသနစီမံချက်အား အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်း တစ်လျှောက်လုံးတွင်သူ၏ ထောက်ခံမှုနှင့် အားပေးမှုတို့အတွက်လည်းကောင်း၊ NEXUS Institute ၏ ဥက္ကဋ္ဌနှင့် တည်ထောင်သူ Stephen Warnath အား ကျေးဇူးတင်ရှိပါသည်။

Rebecca Surtees
အကြီးတန်းသုတေသီ
NEXUS Institute

## နိဒါန်း

လူ့အသိုင်းအဝိုင်းတွင် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် လူကုန်ကူးခံရခြင်းမှ ထွက်မြောက်ပြီးသည့်နောက်တွင် အဆင့်များစွာ ပါဝင်ပတ်သက်သော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ အကောင်းဆုံး အခြေအနေတစ်ရပ်တွင် လူကုန်ကူးခံရသူများကို ခေါင်းပုံဖြတ်ခြင်း ခံရသည့် နေရာ၌၊ သို့မဟုတ်၊ ခေါင်းပုံဖြတ်ခံရခြင်းမှ လွတ်မြောက်ပြီးနောက် လူကုန်ကူးခံရသူအဖြစ် စိစစ်သတ်မှတ်ပြီး ပြည်ပ၌ ကနဦး (ဆန္ဒအလျောက်)အကူအညီကို ထောက်ပံ့ပေးအပ်ကာ သူတို့၏ ဇာတိတိုင်းပြည် ၊ သို့မဟုတ်၊ ရပ်ရွာလူ့အဖွဲ့အစည်းသို့ပြန်ရန် ကူညီခြင်းဖြစ်သည်။ ထိုနေရာတွင် သူတို့၏ လူမှုရေးအရနှင့် စီးပွားရေးအရ (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးကို အထောက်အကူပေးရန် ဝန်ဆောင်မှုအမျိုးမျိုးကို သူတို့အား ပေးအပ်ထောက်ပံ့သည်။ နောက်ထပ် 'အကောင်းဆုံး' ပုံစံကွဲတစ်ရပ်မှာ လူကုန်ကူးခံရသူများကို ဆိုက်ရောက်နိုင်ငံတွင် လူကုန်ကူးခံရသူအဖြစ် စိစစ်သတ်မှတ်ပြီး ထိုလူ့အဖွဲ့အစည်းတွင် ဝင်ဆန့်ပေါင်းစည်းရန် အကူအညီကို ထောက်ပံ့ပေးအပ်ခြင်းဖြစ်သည်။ ဖြစ်ရပ်နှစ်ခုစလုံးတွင် လက်တွေ့ဆောင်ရွက်သူများသည် လူကုန်ကူးခံရသူများ ရပိုင်ခွင့်ရှိပြီး ဥပဒေအရ အာမခံချက်ပေးထားသော ကာကွယ်စောင့်ရှောက်မှုကို သူတို့အားရရှိစေသည့် နည်းလမ်းများဖြင့် လူကုန်ကူးခံရသူများနှင့် အပြန်အလှန် တုန့်ပြန်ဆက်ဆံဆောင်ရွက်သည်။

ဤလေ့လာမှုအတွက် တွေ့ဆုံမေးမြန်းခဲ့သော လူကုန်ကူးခံရသူ အတော်များများမှာ ဤနည်းလမ်းများဖြင့် ကူညီထောက်ပံ့မှုခံခဲ့ကြရသည်။ အခြားသူများမှာမူ ဤအဆင့်များအားလုံးဖြင့် ထောက်ပံ့မှုကို အပြည့်အဝ မရရှိကြပါ။ သို့ရာတွင် ၎င်းတို့ပြန်လည်နာလန်ထူပြီး လူ့အသိုင်းအဝိုင်းတွင် ပြန်လည်ဝင်ဆန့်ပေါင်းစည်းရေးအတွက်တန်ဖိုးရှိသော အကူအညီကိုရရှိခဲ့ကြသည်။ လူကုန်ကူးခံရသူများနှင့် တွေ့ဆုံမေးမြန်းမှုများမှ အပြုသဘောဆောင်သော နမူနာများနှင့် အတွေ့အကြုံများ၊ များစွာထွက်ပေါ်ခဲ့သည်။ ၎င်းတို့အထဲတွင် ဤပြန်လည်နာလန်ထူရေးနှင့် (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေသည့် အမျိုးမျိုးသော တက်ကြွလှုပ်ရှားသူများ၊ အေဂျင်စီများနှင့် (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေး ဝန်ဆောင်မှုလုပ်ငန်းများ၏ အရေးပါသော အခန်းကဏ္ဍလည်း ပါဝင်သည်။

သို့ရာတွင် မဲခေါင်မြစ်ဝှမ်းဒေသတွင်းမှ များစွာသော လူကုန်ကူးခံရသူများမှာ ဤ "အကောင်းဆုံးသော' လမ်းကြောင်းများသို့ ရောက်ရှိရန်ချဉ်းကပ်သည့် လမ်းမရှိခဲ့ကြပါ။ လူကုန်ကူးခံရသည့် အတွေ့အကြုံပြီးနောက် ဆက်လက်တွေ့ကြုံရသော သူတို့၏ အတွေ့အကြုံများမှာ ဖြောင့်တန်းမှုလည်းမရှိ၊ ရိုးစင်းမှုလည်း မရှိပါ။ မဲခေါင်မြစ်ဝှမ်းဒေသတွင်းမှ များစွာသော လူကုန်ကူးခံရသူများမှာ လူကုန်ကူးခံရသူဟု စိစစ်သတ်မှတ်ခြင်းလည်း မခံရ၊ ကူညီခြင်းလည်း မခံရပါ။ ၎င်းမှာ သူတို့အနေဖြင့် ပြန်လည်နာလန်ထူရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးအတွက် အထောက်အပံ့မရရှိခြင်းကို ဖြစ်စေသည်။ များစွာသော သူတို့သည်

ဆိုက်ရောက်နိုင်ငံတွင် လူကုန်ကူးခံရသူအဖြစ် စိစစ်သတ်မှတ်ခြင်း မခံကြရဘဲ ပြည်နှင်ဒဏ်ပေးခြင်းခံကြရသည်။ သို့မဟုတ်၊ သူတို့ဖာသာသူတို့ အိမ်ပြန်ရန်နည်းလမ်းရှာပြီး (ငွေကြေးဖြည့်ဆည်း) ကြရကာ အကျိုးဆက်အဖြစ် အကြွေးတင်ခြင်းဖြင့် အဆုံးသတ်ကြရသည်။ အချို့မှာ လူကုန်ကူးခံရသူအဖြစ် စိစစ်သတ်မှတ်ခြင်းခံရပြီး အိမ်ပြန်ပို့ခြင်းခံကြရသော်လည်း သူတို့၏ မိသားစုများနှင့် ရပ်ရွာလူ့အဖွဲ့အစည်းများနှင့် ပြဿနာများကြုံတွေ့ကြရကာ (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးကို ခက်ခဲရှုတ်ထွေးစေခဲ့ပြီး တစ်ခါတစ်ရံတွင် ပြန်လည်ရွှေ့ပြောင်းသွားလာခြင်းကိုပင်ဦးတည်ဖြစ်ပေါ်စေခဲ့သည်။ အချို့ လူကုန်ကူးခံရသူများမှာ ကူညီမှုပုံစံအချို့ကို ရရှိခဲ့ကြသည်။ သို့သော် လူကုန်ကူးခြင်းခံရသည့် အတွေ့အကြုံမှလွတ်မြောက်ပြီး ရှေ့ဆက်သွားရန်နှင့် လူ့အသိုင်းအဝိုင်းအတွင်း အောင်မြင်စွာ (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရန်အတွက် သူတို့လိုအပ်သော (ရပိုင်ခွင့်လည်းရှိသော) အကူအညီ အပြည့်အစုံကို မရရှိကြပါ။ ဤအချက်နှင့် အညီအမျှ အရေးကြီးသော တွေ့ရှိချက်မှာ အချို့က မိမိသဘောဆန္ဒအလျောက် ကူညီမှုမခံဘဲ ၎င်းတို့အား ကမ်းလှမ်းလာသော အထောက်အပံ့အချို့ (သို့မဟုတ်) အားလုံးကို ငြင်းပယ်ခြင်းပင် ဖြစ်သည်။ ဤထွေပြား၍ ရှုပ်ထွေးသော လူကုန်ကူးမှုနောက်ပိုင်းလမ်းကြောင်းများက မဲခေါင်မြစ်ဝှမ်းဒေသအတွင်း (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး လုပ်ငန်းစဉ်များတွင် ပါဝင်ပတ်သက်နေကြသော ကိစ္စရပ်များနှင့် လှုပ်ရှားပြောင်းလဲမှုများ၏ ကျယ်ပြန့်သည့် အတိုင်းအတာကို မီးမောင်းထိုးပြလျက်ရှိသည်။ ၎င်းက လက်ရှိ (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးယန္တယားများနှင့် လုပ်ငန်းစဉ်များ၏ အားသာချက်များနှင့် အားနည်းချက်များကိုလည်း မီးမောင်းထိုးပြလျက်ရှိသည်။

လေ့လာချက်၏ ဗဟိုအချက်အခြာကျသော အာရုံစူးစိုက်မှုမှာ လူကုန်ကူးခံရသူများ၏ ပုဂ္ဂိုလ်တစ်ဦးချင်း (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး အတွေ့အကြုံများကို နားလည်သဘောပေါက်ရန်ဖြစ်သည်။ မည်သည်က အပြုသဘောဆောင်သည်၊ မည်သည်က အောင်မြင်မှုနည်းပါးသည်နှင့် ကောင်းမွန်သော ကျင့်သုံးဆောင်ရွက်မှုများကို ပုံတူကူးယူရန် ၊သို့မဟုတ်၊ ပြဿနာဖြစ်စေသော အရာများကို ရှောင်ကြဉ်ရန် အနာဂတ်တွင် မည်သည်ကို လုပ်ဆောင်ရမည် စသည်တို့ဖြစ်သည်။အရေးကြီးသည်မှာ တွေ့ဆုံမေးမြန်းမှုများ၏ အာရုံစူးစိုက်မှုသည် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဆောင်ရွက်သူများက လုပ်ဆောင်သည့်အရာ (သို့မဟုတ်၊ လုပ်ဆောင်ရန် ရည်ရွယ်ထားသည့်အရာ) အပေါ်တွင်သာ ရှိသည်မဟုတ်ဘဲ၊ ဤကြားဝင် ဆောင်ရွက်မှုများကို လူကုန်ကူးခံရသူများ ကိုယ်တိုင်က မည်သို့ နားလည်သဘောပေါက်ပြီး တွေ့ကြုံခံစားရသည်ဟူသည့် အချက်ပေါ်တွင် ပို၍ရှိသည်။ ဥပမာအားဖြင့်- ဤလေ့လာချက်သည်မည်သည့်အထောက်အပံ့ နှင့် အကူအညီကို ပေးအပ်သည်ဟူသည့် အကြောင်းသာ မဟုတ်ဘဲ၊ ထိုအထောက်အပံ့နှင့် အကူအညီကို လူကုန်ကူးခံရသူများက မည်သို့ရှုမြင်သည်၊ တွေ့ကြုံခံစားသည်နှင့် တန်ဖိုးထားသည်ဟူသည့် အကြောင်းနှင့် ထိုကူညီထောက်ပံ့မှုက သူတို့၏ (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး အတွေ့အကြုံကို မည်သို့ ပံ့ပိုးဖြည့်ဆည်းသည် (နှင့် တစ်ခါတစ်ရံတွင် ပံ့ပိုးဖြည့်ဆည်းမှု မရှိ)ဟူသည့် အကြောင်းလည်းဖြစ်သည်။ လူကုန်ကူးခံရသူများ၏ အစစ်အမှန် ဘဝအတွေ့အကြုံများနှင့် လိုအပ်ချက်များကို တင်ပြခြင်းအားဖြင့် ဤလေ့လာချက်သည် ထိခိုက်နစ်နာခဲ့ရသည့် သူများ၏ တိုက်ရိုက်ပြောဆို တင်ပြချက်များအပေါ်တွင် အခြေခံ၍ မဲခေါင်မြစ်ဝှမ်းဒေသတွင် ထွက်ပေါ်လာမည့် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး မူဝါဒများနှင့် စီမံချက်များ၏ အခြေခံအုတ်မြစ်များကို ဖွဲ့စည်းထူထောင်ရန် လက်တွေ့ဆောင်ရွက်သူများနှင့် မူဝါဒချမှတ်သူများကို လုပ်ဆောင်နိုင်စေသည်။

ဤလေ့လာမှုသည် လူကုန်ကူးခံရသူ (၂၅၂)ယောက်နှင့် တွေ့ဆုံပြီး ၎င်းတို့၏ (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းခြင်း အတွေ့အကြုံများ အကြောင်းကို အတွင်းကျကျ တွေ့ဆုံမေးမြန်းချက်များပေါ်တွင် အခြေခံထားသည်။ ဤအတွေ့အကြုံများတွင် ၎င်းတို့၏ အောင်မြင်မှုများ၊ စိန်ခေါ်မှုများ၊ အနာဂတ်စီမံကိန်းနှင့်ရည် မှန်းချက်များ ပါဝင်သည်။ ဤလေ့လာမှုအတွက် တွေ့ဆုံမေးမြန်းခဲ့သော လူကုန်ကူးခံရသူများသည် မဲခေါင်မြစ်ဝှမ်း (၆) နိုင်ငံစလုံးမှလာ သူများဖြစ်သည်။ ၎င်းတို့မှာ ယောကျ်ားများ၊ မိန်းမများနှင့် ကလေးများဖြစ်ပြီး အဓမ္မအလုပ်ခိုင်းစေခြင်း၊ လိင်ခေါင်းပုံဖြတ်ခြင်း၊ တောင်းရမ်းခိုင်းစေခြင်းနှင့် အဓမ္မလက်ထပ်ခြင်း စသည့် အမျိုးမျိုးသော ပုံစံများဖြင့် လူကုန်ကူးခံရသူများဖြစ်သည်။ ၎င်းတို့အထဲတွင် လူကုန်ကူးခံရသူအဖြစ် စိစစ်သတ်မှတ်ခြင်းခံရသူများနှင့်

ကူညီခြင်းခံရသူများပါသကဲ့သို့ လူကုန်ကူးခံရသူအဖြစ် စီစစ်သတ်မှတ်ခြင်းမခံရသူများနှင့်/သို့မဟုတ် ကူညီခြင်းမခံရသူများလည်း ပါဝင်သည်။တွေ့ရှိချက်များသည် သူတို့၏ လူကုန်ကူးခံရသည့် အခြေအနေမှ ထွက်ခွာပြီးနောက် ကြုံတွေ့ရသော သူတို့၏ အတွေ့အကြုံများအကြောင်းနှင့် လူကုန်ကူးခံရခြင်းမှ ရှေ့ဆက်သွားရန်နှင့် လူ့အဖွဲ့အစည်းတွင် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရန် သူတို့ကြိုးပမ်းရာတွင် ရင်ဆိုင်ကြုံတွေ့ရသည့် စိန်ခေါ်မှုအခက်အခဲများအကြောင်း ပြောဆိုရာတွင် လူကုန်ကူးခံရသူများကိုယ်တိုင် သတ်မှတ်ဖော်ပြခဲ့သည့် ကွက်လပ်များနှင့် ကိစ္စရပ်များတစ်ဝိုက်တွင် ဗဟိုပြုထားသည်။

ဤလေ့လာချက်တွင် တင်ပြထားသည့် တွေ့ရှိချက်များကို နိုင်ငံတစ်ခုခုအတွက် သီးသန့်အကြောင်းအရာအဖြစ်လေ့လာဖတ်ရှုခြင်း မပြုဘဲ၊ ဒေသတစ်ဝှမ်းလုံး၌ ဖော်ထုတ်သတ်မှတ်ခဲ့သည့် အားလုံးကို လွှမ်းခြုံသည့် ကိစ္စရပ်များကို ထင်ဟပ်ဖော်ပြခြင်းအဖြစ် ပို၍တိကျစွာလေ့လာ ဖတ်ရှုသင့်သည်။ အရေးကြီးသည်မှာ တွေ့ရှိချက်များသည် အဖွဲ့အစည်း (သို့မဟုတ်) အင်စတီကျူးရှင်း တစ်ခုခု၏ ထင်မြင်တွေးခေါ်မှု မဟုတ်ဘဲ ဒေသတစ်ဝှမ်းလုံးနှင့် အချို့သော အမှုကိစ္စများတွင် ဒေသပြင်ပ၌ပါဖြစ်ပေါ်နေသည့် အမှုကိစ္စပေါင်းစုံနှင့် ဆက်စပ်အခြေအနေများတွင် မှတ်တမ်းပြုစုထားသည့် ယေဘုယျအဆင်ပုံစံများ၏ ခြုံငုံသုံးသပ်ချက်တစ်ရပ်အဖြစ်ပို၍မှန်ကန်မှုရှိသည်။

လူကုန်ကူးခံရသူများ၏ အတွေ့အကြုံများနှင့် တုန့်ပြန်ချက်များကို တင်ပြရာတွင် ရည်ရွယ်ချက်သည် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသက်မွေးဝမ်းကျောင်းပညာရှင်များ၊ သို့မဟုတ်၊ ဒေသတွင်း၌ တာဝန်ယူဆောင်ရွက်လျက်ရှိသော လူကုန်ကူးမှုတားဆီးကာကွယ်ရေး ကြိုးပမ်းအားထုတ်မှုများအား မလျော်ကန်စွာ ဝေဖန်ပြစ်တင်ရန် မဟုတ်ပါ။ ပို၍တိကျစွာဆိုရလျှင် ရည်ရွယ်ချက်သည် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး တုန့်ပြန်ဆောင်ရွက်ချက်များ၏ စီစဉ်ပုံနှင့် အကောင်အထည်ဖော်မှုတွင် လူကုန်ကူးခံရသူများကို ပြောရေးဆိုခွင့်ပေးရန်နှင့် ထိုသို့လုပ်ဆောင်ရာတွင် လူကုန်ကူးခံရသူများ၏ ရှုထောင့်အမြင်မှနေ၍ (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးနှင့် ပတ်သက်၍ အလုပ်ဖြစ်သည့်အရာနှင့် တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရန် လိုအပ်သည့်အရာတို့ကို လေ့လာသင်ယူရန်ဖြစ်သည်။ လူကုန်ကူးခံရသူများ၏ ပြောဆိုမှုတို့ကို နားထောင်ခြင်းနှင့် သူတို့ထံမှ လေ့လာသင်ယူခြင်းသည် သူတို့၏ လူကုန်ကူးခံရသည့် အတွေ့အကြုံမှရှေ့ဆက်၍ သွားရာတွင် လူကုန်ကူးခံရသူများကို ပို၍ ကောင်းမွန်စွာ ကူညီထောက်ပံ့ရန် ကြိုးစားလျက်ရှိသည့် အဖွဲ့အစည်းများနှင့် အင်စတီကျူးရှင်းများကို အထောက်အကူပေးရာတွင် ကြီးမားသော အကူအညီဖြစ်နိုင်သည်။ ဤတွေ့ရှိချက်များနှင့် အကြံပြုထောက်ခံချက်များကို စီမံချက်များနှင့် မူဝါဒများအား တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရေးနှင့်၊ ဒေသတွင်း၌ (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး ကြိုးပမ်းအားထုတ်မှုများ ပြုလုပ်ရန် လူကုန်ကူးမှု တားဆီးကာကွယ်ရေးကဏ္ဍ၏ တာဝန်ယူကတိပြုမှုကို ရေရှည်တည်တံ့စေရေး အကျိုးစီးပွားအတွက် ကမ်းလှမ်းပေးအပ်သည်။

ဒေသတွင်း (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းခြင်း လုပ်ငန်းစဉ်များနှင့် ဖွဲ့စည်းမှုများ၏ ထိရောက်မှုကို အကဲဖြတ်ရန် ရည်ရွယ်သည့် (2nd COMMIT Sub-Regional Plan of Action (2008-2010) တွင် ပါဝင်သည့် Project Proposal Concept 5 (PPC5) အောက်ရှိ ဒေသတွင်း (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး စတင်လုပ်ဆောင်ချက်နှင့် ဆက်စပ်၍ ဤ သုတေသနလေ့လာချက်ကို ဆောင်ရွက်ခဲ့သည်။ ၎င်းကို (3rd COMMIT Sub-Regional Plan of Action (2011-2013) under Area3, Protection အောက်တွင် ဆက်လက်ဆောင်ရွက်ခဲ့သည်။ ဤလေ့လာချက်သည် မဲခေါင်မြစ်ဝှမ်းဒေသတွင်းရှိ လူကုန်ကူးမှုတားဆီး ကာကွယ်ရေးမူဝါဒချမှတ်သူများနှင့် လက်တွေ့လိုက်နာကျင့်သုံးသူများအတွက် ရည်ရွယ်သော်လည်း ဤတွေ့ရှိချက်များသည် လူကုန်ကူးခံရသူများ၏ အကျိုးစီးပွားနှင့် အတွေ့အကြုံများနှင့်အညီ ၎င်းတို့၏ လူကုန်ကူးမှုတားဆီးကာကွယ်တုန့်ပြန်မှုကို မြှင့်တင်ရန် ကြိုးစားလျက်ရှိသော အခြားသော နိုင်ငံများနှင့် ဒေသများမှ မူဝါဒချမှတ်သူများနှင့် လက်တွေ့ဆောင်ရွက်သူများအတွက်လည်း ဆီလျော်မှုရှိသည်။

## သုတေသနဆောင်ရွက်မှုနည်းလမ်း၊ အချက်အလက်စုဆောင်းခြင်းနှင့် ကျင့်ဝတ်ဆိုင်ရာကိစ္စရပ်များ

## သုတေသနဆောင်ရွက်မှုနည်းလမ်းနှင့် ချဉ်းကပ်နည်း

ဤသုတေသနလေ့လာချက်သည် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းခြင်း အတွေ့အကြုံများနှင့် စိန်ခေါ်မှုများကို နားလည်စေရန် နည်းလမ်းတစ်ခုအဖြစ် လူကုန်ကူးခံရသူများ၏ လူကုန်ကူးခံရပြီးနောက်ပိုင်း အတွေ့အကြုံများကို အစီအစဉ်တကျ ပုံစံထုတ်ရန် အဓိကအာရုံစူးစိုက်သည်။

လူကုန်ကူးခံရသူများ၏ လူကုန်ကူးခြင်း မခံရမီက အခြေအနေများ၊ ရွှေ့ပြောင်းသွားလာခြင်းနှင့် လူကုန်ကူးခံရမှု အတွေ့အကြုံများ၊ သူတို့၏ အကူအညီ လိုအပ်ချက်များ၊ စိုးရိမ်ပူပန်မှုများနှင့် အနာဂတ်ရည်မှန်းချက်စသည်တို့အား လေ့လာရန် အတွင်းကျကျ အချက်အလက်ကောက်ယူခြင်းကို အမျိုးစုံသော လူကုန်ကူးခံရသူများနှင့် တွေ့ဆုံကောက်ယူခဲ့သည်။ လူကုန်ကူးခံရသည့် အတွေ့အကြုံ အသေးစိတ် အချက်အလက်များအပေါ် အသင့်အတင့်အလေးထားသော်လည်း အဓိကအာရုံစူးစိုက်မှုမှာ (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းခြင်း လုပ်ငန်းစဉ်များကို နားလည်ရေးနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာရေး၊ တုန့်ပြန်ဖြေကြားသူများအကြားရှိ အလွန်ကွဲပြားခြားနားသော အတွေ့အကြုံများကို အသိအမှတ်ပြုရေးပင်ဖြစ်သည်။ တွေ့ဆုံမေးမြန်းမှုများသည် လူကုန်ကူးခံရသူများအနေဖြင့် ဤလုပ်ငန်းစဉ်များကို မည်ကဲ့သို့ ရှုမြင်ပြီး တွေ့ကြုံခံစားသနည်းဆိုသည့်အချက်ပေါ်တွင်လည်း တူညီစွာ အာရုံစူးစိုက်သည်။ သုတေသီများသည် ပုဂ္ဂိုလ်တစ်ဦးချင်း၏ အတွေ့အကြုံ အသေးစိတ်အချက်အလက်များအရ သူတို့၏ စုံစမ်းမေးမြန်းမှု လမ်းကြောင်းများအား ပြုပြင်ပြောင်းလဲ၍ မေးနိုင်သော်လည်း အချက်အလက်များကို စံပြုသတ်မှတ်ထားသော စစ်တမ်းမေးခွန်းလွှာအတိုင်းကောက်ယူသည်။ စံပြုသတ်မှတ်ထားသော စစ်ဆေးမေးမြန်းမှုသည် သုတေသီများအား စုံစမ်းမေးမြန်းမှုလမ်းကြောင်းများတွင် တူညီမှုနှင့် ရှေ့နောက်ညီညွတ်မှုကို ထိန်းသိမ်းရာတွင် ကူညီသည်။

တွေ့ဆုံမေးမြန်းမှုများကို နိုင်ငံတစ်ခုချင်းစီမှ နိုင်ငံသားသုတေသီများအား ဦးဆောင်သုတေသီက သင်တန်းပေးပြီးနောက် ၎င်းတို့က ဆောင်ရွက်သည်။ သုတေသီများ အားလုံးသည် လူကုန်ကူးခံရသူများ အပါအဝင် ဘဝရပ်တည်ရန် ခက်ခဲသူများနှင့် တွေ့ဆုံမေးမြန်းဖူးသည့် ယခင် အတွေ့အကြုံများ ရှိခဲ့ကြသည်။ ထို့ပြင် ၎င်းတို့အား ဦးဆောင်သုတေသီနှင့် နိုင်ငံသားကွင်းဆင်းကြီးကြပ်ရေးမှူးတို့က သင်တန်းပေးပြီး ကြီးကြပ်ကွပ်ကဲသည်။ တွေ့ဆုံမေးမြန်းမှုများကို ယုံကြည်စိတ်ချရသော ဘာသာပြန်တစ်ဦးက ဘာသာပြန်ပေးပြီး နိုင်ငံသားကွင်းဆင်းကြီးကြပ်ရေးမှူးက အတည်ပြုသည်။ အတည်ပြုပြီးသော တွေ့ဆုံမေးမြန်းမှု မှတ်တမ်းများအား ဘန်ကောက်မြို့တွင် အခြေစိုက်ထားသော ဦးဆောင်သုတေသီပုဂ္ဂိုလ်အား အချက်အလက်များ ရှင်းလင်းစီစစ်ရန်၊ စာရင်းသွင်းရန်နှင့် ခွဲခြမ်းစိတ်ဖြာသုံးသပ်ရန် ပေးပို့သည်။ အချက်အလက် ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်းသည် အကြောင်းအရာအလိုက်ခွဲခြမ်းစိတ်ဖြာမှု စည်းမျဉ်းစည်းကမ်းများကို လိုက်နာပြီး data analysis software NVivo 9 ကို အသုံးပြုသည်။

## နမူနာရွေးချယ်မှု မူဘောင်

လူကုန်ကူးမှု သုတေသနအများစုသည် လူကုန်ကူးခံရသူအဖြစ် စိစစ်သတ်မှတ်ခြင်းခံရပြီး ကူညီခြင်းခံရသော လူကုန်ကူးခံရသူများအပေါ်တွင် အာရုံစူးစိုက်မှုပြုသောကြောင့် ဤလေ့လာချက်သည် လူကုန်ကူးခံရသူအဖြစ် မည်သည့်အခါကမျှ စိစစ်သတ်မှတ်ခြင်းမခံရသော လူကုန်ကူးခံရသူများ နှင့်/သို့မဟုတ် မည်သည့်အခါကမျှ ကူညီခြင်းမခံရသော လူကုန်ကူးခံရသူများကို သူတို့၏ အတွေ့အကြုံများနှင့် လိုအပ်ချက်များတွင် မည်သည့် ကွဲပြားခြားနားမှုကိုမဆို နားလည်သဘောပေါက်ရန်အတွက် တွေ့ဆုံမေးမြန်းရန် ကြိုးစားခဲ့သည်။ တုန့်ပြန်ဖြေကြားသူများကို လူကုန်ကူးခံရသူ အမျိုးအစား (၄)မျိုးမှ ရှာဖွေရယူခဲ့သည်။

**၁။ လူကုန်ကူးခံရသူအဖြစ် စိစစ်သတ်မှတ်ခြင်းခံရပြီး ကူညီခြင်းခံရသော လူကုန်ကူးခံရသူများ။**
လူကုန်ကူးမှုတားဆီးကာကွယ်ရေး အဓိက တာဝန်ရှိသူများက လူကုန်ကူးခံရသူအဖြစ် စိစစ်သတ်မှတ်ခြင်းခံရပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေး (anti-trafficking) (AT) မူဘောင်အတွင်း၌၊ သို့မဟုတ်၊ လူမှုရေးကူညီ ထောက်ပံ့မှုစနစ်မှတစ်ဆင့် ကူညီခြင်းခံရသည်။

**၂။ လူကုန်ကူးခံရသူအဖြစ် စိစစ်သတ်မှတ်ခြင်းခံရသော်လည်း ကူညီခြင်းမခံရသော လူကုန်ကူးခံရသူများ။** လူကုန်ကူးခံရသူအဖြစ် စိစစ်သတ်မှတ်ခြင်းခံရသော်လည်း လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ သို့မဟုတ်၊ အထွေထွေလူမှုရေးကူညီထောက်ပံ့မှု မူဘောင်အတွင်း၌ ကူညီခြင်း မခံကြရပါ။ အဘယ့်ကြောင့်ဆိုသော်. . .


(၁) ကူညီထောက်ပံ့မှုကို မကမ်းလှမ်းသောကြောင့် (သို့မဟုတ်) မရရှိနိုင်သောကြောင့်၊
(၂) သူ/သူမသည် ကူညီထောက်ပံ့မှုကို မလိုအပ်သောကြောင့် နှင့်/သို့မဟုတ်
(၃) သူ/သူမသည် ကူညီထောက်ပံ့မှုကို ငြင်းပယ်ခဲ့သောကြောင့် ဖြစ်သည်။

**၃။ လူကုန်ကူးခံရသူအဖြစ် စိစစ်သတ်မှတ်ခြင်းမခံရသော်လည်း ကူညီခြင်းခံရသော လူကုန်ကူးခံရသူများ ။** လူကုန်ကူးခံရသူအဖြစ် စိစစ်သတ်မှတ်ခြင်းမခံရသော်လည်း လူကုန်ကူးမှုတားဆီးကာကွယ်ရေး ကူညီထောက်ပံ့မှုဖြစ်စေ၊ သို့မဟုတ်၊ လူမှုရေးကူညီထောက်ပံ့မှုဖြစ်စေ၊ တရားဝင်ပုံမှန် ကူညီထောက်ပံ့မှုကို လက်ခံရရှိခဲ့သည်။

**၄။ လူကုန်ကူးခံရသူအဖြစ် စိစစ်သတ်မှတ်ခြင်းလည်း မခံရ၊ ကူညီခြင်းလည်း မခံရသော လူကုန်ကူးခံရသူများ ။** လူကုန်ကူးခံရသူအဖြစ် စိစစ်သတ်မှတ်ခြင်း မခံရဘဲ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ကူညီထောက်ပံ့မှုဖြစ်စေ၊ သို့မဟုတ်၊ လူမှုရေးကူညီထောက်ပံ့မှုဖြစ်စေ မည်သည့် တရားဝင်ပုံမှန် ကူညီထောက်ပံ့မှုကိုမျှ လက်ခံမရရှိခဲ့ပါ။

ရည်ရွယ်ချက်မှာ (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး အတွေ့အကြုံများနှင့် လိုအပ်ချက်များ၏ အကျယ်ပြန့်ဆုံး အတိုင်းအတာအတွင်းသို့ မှန်ဘီလူးတစ်ခုကဲ့သို့ ကြည့်ရှုရန် ဖြစ်နိုင်သမျှ အမျိုးအစားအစုံလင်ဆုံး နမူနာတစ်ရပ်ကို အမိအရရယူရန်နှင့် ဖြစ်နိုင်သမျှအတိုင်းအတာအထိ ဤကဲ့သို့သော အတွေ့အကြုံများ၏ ကွဲပြားခြားနားသော ပုံစံကွဲများကို ထဲထဲဝင်ဝင် နားလည်သဘောပေါက်မှုကို အမိအရရယူရန်လည်း ဖြစ်သည်။ အောက်ပါသရုပ်ပြပုံသည် လူကုန်ကူးခံရသူများ လိုက်ပါသည့် အမျိုးမျိုးသောလူကုန်ကူးခံရပြီးနောက်ပိုင်းလမ်းကြောင်းများကို တင်ပြထားသည်။ လေ့လာချက်၏ ရည်ရွယ်ချက်သည် ကိုယ်စားပြုနမူနာတစ်ခုကို အမိအရရယူရန် မဟုတ်ပါ။ လေ့လာချက်သည် ကိုယ်စားပြုမှုကို အဆိုမပြုပါ။

## လူကုန်ကူးခံရပြီးနောက် လူကုန်ကူးခံရသူအဖြစ် စိစစ်သတ်မှတ်ခြင်း (မပြုခြင်း)နှင့် ကူညီထောက်ပံ့ခြင်း (မပြုခြင်း) လမ်းကြောင်းများ



## တုန့်ပြန်ဖြေကြားသူများအကြောင်း

သုတေသနကို ယခင် ကုန်ကူးခံရသူ (၂၅၂)ဦးဖြင့် မဲခေါင်မြစ်ဝှမ်းဒေသ (၆)နိုင်ငံတွင် တစ်နိုင်ငံချင်းစီ၌ဆောင်ရွက်ခဲ့သည်။ တုန့်ပြန်ဖြေကြားသူအများစုကို ၎င်းတို့၏ မူရင်းနိုင်ငံ၌ (ပြန်လည်)ဝင်ဆန့် ပေါင်းစည်းခြင်း အဆင့် အမျိုးမျိုးတွင်) တွေ့ဆုံမေးမြန်းခဲ့သော်လည်း အချို့ကို ၎င်းတို့အား အကူအညီပေးနေစဉ် ဆိုက်ရောက်နိုင်ငံ၌ တွေ့ဆုံမေးမြန်းခဲ့သည်။

| တုန့်ပြန်ဖြေကြားသူ စုစုပေါင်းအရေအတွက် | လူကုန်ကူးခံရသူ ၂၅၂ ဦး |
|---|---|
| **လိင်** | ၇၈ - ကျား<br>၁၇၄ - မ |
| **အသက် (လူကုန်ကူးခံရသည့် အချိန်၌)** | ၁၄၅ - လူကြီး<br>၁၀၇ - ကလေး (လူကုန်ကူးခံရသည့်အချိန်၌ အသက် ၁၈ နှစ်အောက်) |
| **မူရင်းနိုင်ငံ** | ၆၂ - ကမ္ဘောဒီးယား<br>၈ - တရုတ်<br>၂၈ - လာအိုပီဒီအာ<br>၇၉ - မြန်မာ<br>၉ - ထိုင်း<br>၆၆ - ဗီယက်နမ် |

တုန့်ပြန်ဖြေကြားသူအများစုသည် မဲခေါင်မြစ်ဝှမ်းဒေသအတွင်း၌ လူကုန်ကူးခံရသူများ ဖြစ်သည်။ ကမ္ဘောဒီးယား(၁၆)ဦး၊ တရုတ်(၅၉)ဦး၊ လာအိုပီဒီအာ(၃)ဦး၊ မြန်မာ(၈)ဦး၊ ထိုင်း(၁၀၂)ဦး၊ ဗီယက်နမ်(၁၇)ဦး ဖြစ်သည်။ သို့ရာတွင် အခြားသူများမှာ အခြားဆိုက်ရောက်နိုင်ငံများသို့ လူကုန်ကူးခြင်းခံကြရသည်။ ၎င်းတို့မှာ မလေးရှား(၄၁)ဦး၊ အင်ဒိုနီးရှား(၄)ဦး၊ စင်္ကာပူ(၄)ဦး၊ ဟောင်ကောင်၊ တရုတ်(၂)ဦး၊ အစ္စရေး(၂)ဦး၊ ဂျပန်(၂)ဦး၊ ထိုင်ဝမ်၊ တရုတ်(၂)ဦး၊ ယီမင်(၂)ဦး၊ အီတလီ(၁)ဦးနှင့် အင်္ဂလန်(၁)ဦးတို့ဖြစ်ကြသည်။ ဆိုက်ရောက်နိုင်ငံများရှိ အရေအတွက်(n = ၂၆၆)သည် တုန့်ပြန်ဖြေကြားသူ အရေအတွက်(n = ၂၅၂) ထက်များနေသည်မှာ အချို့ လူကုန်ကူးခံရသူများသည် ဆိုက်ရောက်နိုင်ငံတစ်ခုထက်ပို၍ ခေါင်းပုံဖြတ်ခြင်း ခံခဲ့ရ၍ ဖြစ်သည်။

တုန့်ပြန်ဖြေကြားသူများသည် ကွဲပြားခြားနားသော ခေါင်းပုံဖြတ်မှုပုံစံများအတွက် လူကုန်ကူးခြင်းခံခဲ့ကြရသည်။ လုပ်အား(၁၂၃)ဦး၊ လိင်ခေါင်းပုံဖြတ်မှု (၆၂)ဦး၊ အဓမ္မလက်ထပ်မှု(၃၅)ဦး၊ တောင်းရမ်းခိုင်းစေခြင်းနှင့် လမ်းပေါ်ဈေးရောင်းခြင်း (၂၀)ဦးနှင့် လုပ်အားနှင့် လိင်ခေါင်းပုံဖြတ်မှု နှစ်မျိုးခံရသူ (၂)ဦးရှိခဲ့သည်။ (၇)ဦးမှာ ခေါင်းပုံဖြတ်ခြင်း မခံရမီထွက်ပြေးလွတ်မြောက်ခဲ့သည်။ (၃)ဦးသည် ၎င်းတို့၏ လူကုန်ကူးခံရသည့် အတွေ့အကြုံများအကြောင်း ဆွေးနွေးပြောဆိုရန် မလိုလားပါ။

| | |
|---|---|
| **လိင်ခေါင်းပုံဖြတ်ခြင်း** | ၆၁ (ခေါင်းပုံဖြတ်ခြင်းမခံရမီ ထွက်ပြေး လွတ်မြောက် ခဲ့သည့် ၉ ဦး အပါအဝင်) |
| **လုပ်အား** | ၁၂၃[၁] (ခေါင်းပုံဖြတ်ခြင်း မခံရမီ ထွက်ပြေး လွတ်မြောက်ခဲ့သည့် ၅ ဦး အပါအဝင်)<br>လယ်ယာစိုက်ပျိုးရေး/စိုက်ခင်း - ၁၄<br>ဆောက်လုပ်ရေး - ၁၃<br>အိမ်အကူအလုပ် - ၂၅<br>စက်ရုံ - ၃၅<br>ငါးဖမ်းလုပ်ငန်း - ၃၇<br>ဝန်ဆောင်မှုကဏ္ဍ<br>(ဈေးဆိုင်၊ စားသောက်ဆိုင်များ) - ၈ |
| **အဓမ္မလက်ထပ်ခြင်း** | ၃၅ (ခေါင်းပုံဖြတ်ခြင်းမခံရမီ ထွက်ပြေး လွတ်မြောက်ခဲ့သည့် ၄ ဦး အပါအဝင်) |
| **တောင်းရမ်းခြင်းနှင့် လမ်းပေါ်တွင် ဈေးရောင်းခြင်း** | ၂၀ |
| **လိင်ခေါင်းပုံဖြတ်ခြင်းနှင့် လုပ်အား ခေါင်းပုံဖြတ်ခြင်းမခံရမီ** | ၃ |
| **ထွက်ပြေးလွတ်မြောက်ခဲ့သူ**[၂] | ၇ |
| **မသိ**[၃] | ၃ |
| **စုစုပေါင်း** | ၂၅၂ |

၁။ လုပ်အားပုံစံများသည် ၁၂၃ ဦးထက် ကျော်လွန်သည်။ အဘယ့်ကြောင့်ဆိုသော် လူကုန်ကူးခံရသူ အချို့သည် ကွဲပြားခြားနားသော လုပ်အားပုံစံများအတွက် ခေါင်းပုံဖြတ်ခြင်း ခံရသောကြောင့်ဖြစ်သည်။

၂။ ခိုင်မာသောအရိပ်လက္ခဏာများမှာ သူတို့သည် ပြည့်တန်ဆာလုပ်ငန်း ၊သို့မဟုတ်၊ အဓမ္မလက်ထပ်ခြင်းအတွက် လူကုန်ကူးခြင်းခံခဲ့ကြရသည်။

၃။ တွေ့ဆုံမေးမြန်းမှုများသည် လူကုန်ကူးခံရပြီး နောက်ပိုင်းဘဝအပေါ်တွင် အာရုံစူးစိုက်သည် တုံ့ပြန်ဖြေကြားသူများအနေဖြင့် သူတို့၏ လူကုန်ကူးခံရသည့် အတွေ့အကြုံများကို ဆွေးနွေးပြောဆိုရန် မလိုအပ်ပါ။

## ကျင့်ဝတ်ဆိုင်ရာကိစ္စရပ်များနှင့်   စာနာထောက်ထားခြင်း

နမူနာ ရွေးချယ်ခြင်းကို နိုင်ငံအသီးသီးနှင့် ကွင်းဆင်းနေရာအသီးသီးတွင် ဒေသခံလူကုန်ကူးမှု တားဆီးကာကွယ်ရေး အဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ကာ ဂရုတစိုက်နှင့် သတိထား၍ ချဉ်းကပ်ဆောင်ရွက်ခဲ့သည်။ သုတေသနတွင် တုံ့ပြန်ဖြေကြားသူများ (နှင့်တကွ သုတေသီများ) ၏ ပုဂ္ဂလိက လွတ်လပ်ခွင့်၊ အတွင်းရေး လျှို့ဝှက်မှုနှင့် ဘေးကင်းလုံခြုံမှုတို့ကို အလေးထားရန် အထူးဂရုပြုခဲ့သည်။ ဤ “လက်လှမ်းမီရန် ခက်ခဲ၍” ဘဝရပ်တည်မှု ခက်ခဲသော အားနည်းပျော့ညံ့ချက်ရှိသူများဆီသို့ ရောက်ရှိရန် ဘေးကင်းလုံခြုံ၍ ကျင့်ဝတ်ဆိုင်ရာ လမ်းကြောင်းတစ်ခုကို သတ်မှတ်ဖော်ထုတ်နိုင်မှသာလျှင် သူတို့ထံ ချဉ်းကပ်ရောက်ရှိနိုင်သည်။ တုံ့ပြန်ဖြေကြားသူများကို မည်သည့် အခြေအနေမျိုးတွင်မျှ လေ့လာချက်တွင် ပါဝင်ဆောင်ရွက်ရန် ဆွဲဆောင်ခြင်း ၊သို့မဟုတ်၊ ဖိအားပေးခြင်း မပြုလုပ်ပါ။ တွေ့ဆုံမေးမြန်းမှုတစ်ခုချင်းစီကို သတင်းအချက်အလက်များအား သိရှိပြီးမှ သဘောတူခွင့်ပြုချက်ပေးသည့် အသေးစိတ်ကျသော လုပ်ငန်းစဉ်တစ်ရပ်ဖြင့် စတင်သည်။ ၎င်းတွင် တွေ့ဆုံမေးမြန်းခြင်းတွင် ပါဝင်ပတ်သက်မည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြခြင်း၊ မေးမြန်းမည့် မေးခွန်းများ၊ မည်သည့် မေးခွန်းကိုမဆို ဖြေဆိုဖို့ ငြင်းဆန်ရန် ၊သို့မဟုတ်၊ မည်သည့် အချိန်၌မဆို တွေ့ဆုံမေးမြန်းမှုကို ရပ်တန့်ရန် သူတို့၏ အခွင့်အရေးနှင့် အတွင်းရေးလျှို့ဝှက်မှုကို အာမခံချက်ပေးခြင်း စသည်တို့ ပါဝင်သည်။ သူတို့ သဘောတူ/မတူ ဆုံးဖြတ်ရန် တွေ့ဆုံမေးမြန်းမှု မပြုလုပ်မီ သူတို့အား အချိန်ပေးထားသည်။ သုတေသီများကိုလည်း ကွဲပြားခြားနားသော အထောက်အပံ့နှင့် အကူအညီကို ပေးလျက်ရှိသည့် ဝန်ဆောင်မှုအဖွဲ့များနှင့် အေဂျင်စီများအကြောင်း လက်ရှိလွှဲပြောင်းရေး သတင်းအချက်အလက်များ ဖြည့်ဆည်းပေးထားသည်။ တုံ့ပြန်ဖြေကြားသူအားလုံးကို တွေ့ဆုံမေးမြန်းခြင်း လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် လွှဲပြောင်းရေး စာရွက်များပေးသည်။ တွေ့ဆုံမေးမြန်းမှု အားလုံးကို လျှို့ဝှက်ထားပြီး မှတ်တမ်းကူးယူမှုများအား ခေါင်းဆောင်သုတေသီနှင့်သာ မျှဝေပေးပို့သည်။ အတွင်းရေးလျှို့ဝှက်မှုကို သုတေသနတွင် ပါဝင်ဆောင်ရွက်သူများ အားလုံးအား၊ သူတို့အနေဖြင့် သူတို့ကိုယ်သူတို့၊ သို့မဟုတ်၊ အခြားသူများကို အန္တရာယ်ပြုရန် ရည်ရွယ်သည့် အလားအလာရှိသော အခြေအနေများတွင်မှတစ်ပါး၊ အာမခံချက်ပေးသည်။ တုံ့ပြန်ဖြေကြားသူများက ကာကွယ်စောင့်ရှောက်မှုအတွက် လိုအပ်ချက်တစ်ရပ်ကို ဖွင့်ဟပြောဆိုသည့်ဖြစ်ရပ်တွင် တုံ့ပြန်ဆောင်ရွက်မှု စီမံကိန်းတစ်ရပ်ကို ဖွဲ့စည်းထူထောင်သည်။

ဤလေ့လာချက်တွင် အသက် (၁၃)နှစ်နှင့်အထက်ရှိသော ကလေးများကိုသာ ထည့်သွင်းထားသည်။ လေ့လာချက်၏ ရှုပ်ထွေး၍ အကဲဆတ်သောသဘာဝကြောင့် သုတေသနအဖွဲ့သည် ကလေးများကို တုန့်ပြန်ဖြေကြားသူများအဖြစ် ထည့်သွင်းရာတွင် အပိုအကာအကွယ်များ ရှာဖွေသည်။ ဖြစ်နိုင်သည့် နေရာတိုင်းတွင် အသက်ပိုကြီးသော ကလေးများ (အရွယ်ရောက်ခါနီးအသက်အရွယ်) ကို တွေ့ဆုံမေးမြန်းသည်။အခြားတွေ့ဆုံမေးမြန်းမှုများတွင် ကလေးဘဝက လူကုန်ကူးခြင်းခံခဲ့ရပြီး အရွယ်ရောက်သူလူကြီးများကို တွေ့ဆုံမေးမြန်းသည်။ ဤချဉ်းကပ်နည်းကို ရွေးချယ်ရသည်မှာ လူငယ်နှင့် လူကြီးများသည် ၎င်းတို့၏ အတွေ့အကြုံများကို ပြန်လည်စဉ်းစားသုံးသပ်၍ အသေးစိတ်ပြောနိုင်သော စွမ်းရည်ပို၍ရှိသောကြောင့်ဖြစ်သည်။ ထို့ပြင် စစ်တမ်းမေးခွန်းလွှာအား စိန်ခေါ်မှု၊ စိတ်ဖိစီးမှုအဖြစ် ရှုမြင်နိုင်သော ပို၍ ငယ်သောကလေးငယ်များအား လွန်ကဲစွာ စိတ်ပင်ပန်းမှုဖြစ်စေခြင်းမှ ရှောင်ကြဉ်ရန်အတွက်လည်း ဤနည်းလမ်းကို အသုံးပြုသည်။ နိုင်ငံအားလုံးတွင် အနည်းဆုံး သုတေသီတစ်ဦး (များသောအားဖြင့် တစ်ဦးထက်ပိုသော သုတေသီများ)သည် လူကုန်ကူးခံရသူများ အပါအဝင် ဘဝရပ်တည်ရန်ခက်ခဲသော အားနည်းပျော့ညံ့ချက်ရှိသည့် ကလေးငယ်များကို တွေ့ဆုံမေးမြန်းမှု ယခင် အတွေ့အကြုံရှိကြသည်။ သုတေသီများကို ကလေးများအား ကျင့်ဝတ်နှင့်ဆိုင်သော တွေ့ဆုံမေးမြန်းခြင်းကို ထပ်မံ၍ သင်တန်းပို့ချထားသည်။ ကလေးများအတွက်၊ သဘောတူခွင့်ပြုမှုကို ကလေးထံမှလည်းကောင်း၊ သင့်လျော်သည့်နေရာတွင် မိဘ၊ သို့မဟုတ်၊ အုပ်ထိန်းသူထံမှလည်းကောင်း ရယူသည်။

တွေ့ဆုံမေးမြန်းခြင်းခံရသည့်အတွက် အစားပြန်ပေးခြင်းကို တိုင်းပြည်တစ်ခုချင်းစီတွင် ဒေသအခြေအနေများနှင့် ပုဂ္ဂိုလ်တစ်ဦးချင်း၏ အခြေအနေများနှင့် ညီညွတ်စေရန် ဆုံးဖြတ်သတ်မှတ်သည်။ သုတေသီများသည် တုန့်ပြန်ဖြေကြားသူများအား အစားပြန်ပေးခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းစွာ လိုရင်းအချုပ်ကို ဖော်ပြသည်။ ဥပမာ - တွေ့ဆုံမေးမြန်းမှုအတွက် အချိန်၊ ခရီးသွားလာမှု၊ ဝင်ငွေဆုံးရှုံးမှု စသည်တို့အတွက် အစားပြန်ပေးခြင်း ဖြစ်သည်။ အချို့သော ကိစ္စများတွင် အစားပြန်ပေးခြင်းကို ပိုမိုလျော်ကန် သင့်မြတ်သည်ဟု ယူဆသည့် အခါသေးငယ်သော "လက်ဆောင်"တစ်ခုပေးခြင်းပုံစံဖြင့် ပေးအပ်သည်။ (ဥပမာ - စားစရာအချို့၊ သို့မဟုတ်၊ မုန့်များ) ၎င်းမှာ တုန့်ပြန်ဖြေကြားသူများကို ၎င်းတို့၏ အချိန်နှင့် ပါဝင်မှုအတွက် ကျေးဇူးတင်သည့်အနေနှင့် ဖြစ်သည်။

## သုတေသနအကန့်အသတ်များ

**နိုင်ငံအလိုက် ကွဲပြားခြားနားမှုရှိသည့် တုံ့ပြန်ဖြေကြားသူများထံ ချဉ်းကပ်ရောက်ရှိရေး။**

နိုင်ငံများနှင့် နိုင်ငံသားများအကြားတွင် မညီမျှသော အမှုဖြန့်ဝေခြင်းရှိသည်။ တစ်ခါတစ်ရံတွင် တုံ့ပြန်ဖြေကြားသူများထံ ကျင့်ဝတ်ပိုင်းအရ ချဉ်းကပ်နိုင်မှု မရှိပါ။ အချို့မှာ တွေ့ဆုံမေးမြန်းမှု ပြုရန် ငြင်းဆန်ခဲ့ကြသည်။

**အချိန်အကြောင်းခံ။** (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး၏ ရေရှည်သဘောသဘာဝကို ထည့်သွင်းစဉ်းစားရန် တုံ့ပြန်ဖြေကြားသူများတွင် မကြာမီကမှ လူကုန်ကူးခြင်းခံရသူများနှင့် အတိတ်ကာလက လူကုန်ကူးခြင်း ခံခဲ့ရဖူးသူများ ပါဝင်သည်။ အချို့သော မူဝါဒများ၊ လက်တွေ့ကျင့်သုံးဆောင်ရွက်မှုများနှင့် လုပ်ထုံးလုပ်နည်းများသည် ထိုအချိန်ကတည်းက ပြောင်းလဲပြီး/ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပြီး ဖြစ်ကောင်းဖြစ်နိုင်သည်။

**ကိုယ်စားပြုမှု ။** ဤလေ့လာချက်သည် ကိုယ်စားပြုမှု မဟုတ်ပါ။ ရည်ရွယ်ချက်မှာ သူတို့၏ (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးလမ်းကြောင်းများနှင့် လိုအပ်ချက်များကို နားလည်သဘောပေါက်ရန်အတွက် ဖြစ်နိုင်သမျှ အကျယ်ပြန့်ဆုံး လူကုန်ကူးခံရသူအမျိုးမျိုးထံမှ လေ့လာသင်ယူရန်ဖြစ်သည်။ ဤလေ့လာချက်သည် ကိုယ်စားပြုသည့် နမူနာတစ်ခုမဟုတ်သောကြောင့် ပို၍ကျယ်ပြန့်သော လူကုန်ကူးခံရသူ လူဦးရေအတွက် ကောက်ချက်ချရန် ဤကိန်းဂဏန်းများကို မှန်းဆ၍ ကောက်ချက်ဆွဲခြင်း မပြုနိုင်ပါ။

## ဆွေးနွေးချက်အား ဘောင်သတ်မှတ်ခြင်း၊ ဝေါဟာရများနှင့် အယူအဆများအား အဓိပ္ပာယ်ဖွင့်ဆိုခြင်း (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းခြင်းဆိုသည်မှာ ဘာလဲ

(ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေးဆိုသည်မှာ လူကုန်ကူးခံရသည့် အတွေ့အကြုံနောက်ပိုင်းတွင် ပြန်လည်နာလန်ထူမှုနှင့် စီးပွားရေးနှင့် လူမှုရေးအရ လူ့အသိုင်းအဝိုင်းတွင် ပြန်လည်ပါဝင်မှု လုပ်ငန်းစဉ်တစ်ခုပင်ဖြစ်သည်။ "အောင်မြင်သော (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး"ကို တစ်စတစ်စ ဖွဲ့စည်းဖြစ်ပေါ်စေသည့်သီးသန့်ရလဒ်များကို အောက်တွင်ဇယားဖြင့် အကျဉ်းချုပ် ဖော်ပြထားသည်။ အထက်တွင် တင်ပြထားသည့်အတိုင်း အောင်မြင်သော (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး ရလဒ်များကို ရရှိရန် အများအားဖြင့် အဓိကကျသည်မှာ လူကုန်ကူးခံရသူများအား သင့်လျော်၍ လုံလောက်ကာ နားလည်သိတတ်ပြီး အရည်အသွေးမြင့်မားသော အကူအညီကို ထောက်ပံ့ပေးအပ်ခြင်းပင်ဖြစ်သည်။ အောင်မြင်သော (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး၏ အချက်အချာကျသော ကဏ္ဍတစ်ရပ်မှာ လူကုန်ကူးခံရသူများအား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းဖြစ်သည

| မဲခေါင်မြစ်ဝှမ်းဒေသတွင်အောင်မြင်သော(ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေးဆိုသည်မှာ ဘာလဲ?[၅] | |
|---|---|
| **(ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေးရလဒ်များ** | **ဖော်ပြချက်** |
| ဘေးကင်းလုံခြုံ၍ စိတ်ကျေနပ်ဖွယ်ရာ ရှိပြီး အကုန်အကျတတ်နိုင်သော နေရာထိုင်ခင်း | အဖွဲ့အစည်း၊ အင်စတီကျူးရှင်းတစ်ခုက ထောက်ပံ့၍ဖြစ်စေ၊ သို့မဟုတ်၊ ပုဂ္ဂလိကအားဖြင့် စီစဉ်၍ဖြစ်စေ၊ ဘေးကင်းလုံခြုံ၍ စိတ်ကျေနပ်ဖွယ်ရာရှိပြီး အကုန်အကျခံနိုင်သော နေစရာ နေရာတစ်ခုကို ရနိုင်ခွင့်။ |
| ရုပ်ပိုင်းကျန်းမာရွှင်လန်းခြင်း | ကျန်းမာသော ရုပ်ပိုင်းအခြေအနေနှင့် ရုပ်ပိုင်းကျန်းမာရွှင်လန်းမှုအား ယေဘုယျသိရှိ ခံစားမှု။ |
| စိတ်ပိုင်းကျန်းမာရွှင်လန်းခြင်း | မိမိကိုယ်ကို အထင်ကြီး လေးစားမှု၊ မိမိကိုယ်ကို ယုံကြည် စိတ်ချမှုနှင့် မိမိကိုယ်ကို လက်ခံမှုတို့အပါအဝင် စိတ်ပိုင်း ကျန်းမာရွှင်လန်းမှု။ |
| ဥပဒေဆိုင်ရာ အဆင့်အတန်း | နိုင်ငံသားတစ်ဦးအဖြစ် ဥပဒေဆိုင်ရာ အဆင့်အတန်းရှိခြင်း (ဥပမာ- မွေးဖွားမှုကို မှတ်ပုံတင်ပြီးဖြစ်ခြင်း)နှင့် သူမ၏/သူ၏ သက်သေခံအထောက်အထားစာရွက်စာတမ်းများကို ရနိုင်ခွင့်၊ သို့မဟုတ်၊ နိုင်ငံခြား လူကုန်ကူးခံရသူများ၏ အမှု ကိစ္စတွင် ယာယီ၊ သို့မဟုတ်၊ အမြဲတမ်း နေထိုင်ခွင့်ပေးအပ်ခြင်း။ ၎င်းတွင် ကလေးသူငယ်များ၏ အမှုကိစ္စတွင် ဥပဒေနှင့်အညီ တရားဝင်အုပ်ထိန်းခွင့်ကိစ္စရပ်များ ပါဝင်နိုင်သည်။ |
| ဘေးကင်းမှုနှင့် လုံခြုံမှု | လူကုန်ကူးသူကဖြစ်စေ၊ သို့မဟုတ်၊ ရပ်ရွာလူ့အဖွဲ့အစည်း/ နိုင်ငံအတွင်းရှိ အခြားသူများကဖြစ်စေ ခြိမ်းခြောက်မှု၊ သို့မဟုတ်၊ အကြမ်းဖက်မှုများကို အကာအကွယ်မဲ့စွာ ကြုံတွေ့ရခြင်းမှ လုံခြုံစိတ်ချမှုအပါအဝင် ရုပ်ပိုင်းအရ ဘေးကင်းလုံခြုံ၍ ကျန်းမာရွှင်လန်းမှု။ |
| အသက်မွေးဝမ်းကျောင်းအတတ်ပညာဆိုင်ရာ အလုပ်အကိုင်နှင့် စီးပွားရေး အခွင့်အလမ်းများ အပါအဝင် စီးပွားရေး ကောင်းမွန်ခြင်း။ | ကျေနပ်ဖွယ်ရာကောင်းသော စီးပွားရေးအခြေအနေတစ်ရပ် - ဥပမာအားဖြင့် - ငွေရှာနိုင်ခြင်း၊ မိသားစုအဖွဲ့ဝင်များကို ထောက်ပံ့နိုင်ခြင်းနှင့် အစရှိသဖြင့်၊နှင့် စီးပွားရေးအခွင့်အလမ်းများကို ရနိုင်ခွင့်။ ၎င်းတွင် အလုပ်အကိုင်၊ သို့မဟုတ်၊ ဝင်ငွေ |

| | |
|---|---|
| | တိုးရေးလုပ်ကိုင်ဆောင်ရွက်မှုများ ပါဝင်နိုင်သည်။ |
| ပညာရေးနှင့် လေ့ကျင့်သင်ကြားရေး အခွင့်အလမ်းများ | ကျောင်းတက်ရန် ပြန်လည်၍ စာရင်းသွင်းခြင်း၊ ပညာရေးနှင့် လေ့ကျင့်သင်ကြားရေး အခွင့်အလမ်းများကို ရရှိနိုင်ခွင့်။ ၎င်းတွင် ပုံမှန်အတန်းပညာနှင့် ကျောင်းပြင်ပပညာရေး၊ အသက်မွေးဝမ်းကျောင်း အတတ်ပညာ/အသက်မွေးမှုပညာသင်တန်း၊ ဘဝတွက်တာ သိမှတ်စရာ ကျွမ်းကျင်မှုများ အစရှိသဖြင့်တို့ ပါဝင်သည်။ ၎င်းသည် အတန်းကျောင်းပညာရေး အနိမ့်ဆုံးအဆင့်အောက်တွင်ရှိသည့် ကလေးများအတွက် အလွန်အရေးကြီးသည်။ |
| ကောင်းမွန်သော လူမှုရေးဝန်းကျင် အခြေအနေနှင့် လူလူချင်း ဆက်ဆံရေး။ | နှိုင်းယှဉ်ချက်အားဖြင့် သက်တူရွယ်တူ အဆင့်အတန်းတူသူများ၊ မိသားစု၊ ဇနီး-ခင်ပွန်း/ရင်းနှီးသော လုပ်ဖော်ကိုင်ဖက်နှင့် ရပ်ရွာလူ့အဖွဲ့အစည်း အပါအဝင် အပြုသဘောဆောင်၍ ကောင်းမွန်သော လူမှုဆက်ဆံရေးများ။ ၎င်းတွင် ခွဲခြားဆက်ဆံခြင်း၊ နာမည်ပျက် အမည်းစက်ထင်ခြင်း၊ ဝိုင်းပယ်ခြင်းနှင့် အစရှိသဖြင့်တို့ကို တွေ့ကြုံခံစားရခြင်း မရှိမှု ပါဝင်သည်။ ကလေးများသည် တည်ငြိမ်သော မိသားစုဆက်ဆံရေး (အကောင်းဆုံးအားဖြင့် ပြန်လည်ပေါင်းစည်းမှု) သို့မဟုတ်၊ အခြားသော မိသားစုအခြေခံသည့် ရွေးချယ်ခွင့်များကို လိုအပ်သည်။ |
| ဥပဒေဆိုင်ရာ လုပ်ငန်းစဉ်တွင် အာမခံထားသည့် အကောင်းဆုံး အကျိုးစီးပွားများ | လူကုန်ကူးမှုနှင့် ပတ်သက်သည့် ဥပဒေဆိုင်ရာ/တရားရေးလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်ခြင်းကို သူတို့၏ အကောင်းဆုံး အကျိုးစီးပွားအတွက်နှင့် သတင်း အချက်အလက်များကို သိရှိပြီးမှ သဘောတူ ခွင့်ပြုမှုဖြင့် လုပ်ဆောင်သည်။ လူကုန်ကူးခံရသူများ၏ မိသားစု များနှင့် မှီခိုသူများ၏ ကိုယ်-စိတ် ကျန်းမာချမ်းသာမှု |
| လူကုန်ကူးခံရသူများ၏ မိသားစုများနှင့် မှီခိုသူများ၏ ကိုယ် - စိတ် ကျန်းမာချမ်းသာမှု | ကလေးများ၊ ဇနီး-ခင်ပွန်းများ၊ မိဘများ၊ ညီအစ်ကိုမောင်နှမများနှင့် အစရှိသဖြင့်တို့ အပါအဝင် လူကုန်ကူးခံရသူများ၏ မှီခိုသူများ၏ အလုံးစုံ ကိုယ် - စိတ် ကျန်းမာချမ်းသာမှု။ |

-------------------------------------------------------------------------------

၄။ Surtees, R. (2010) Monitoring anti-trafficking re/integration programmes. A manual.Brussels : KBF & Washington : NEXUS Institute မှ ဆီလျော်အောင် ပြုပြင်ရေးသားသည်။

# အဓိကတွေ့ရှိချက်များ။ အပိုင်း ၁
# ပြန်လည်ဝင်ဆန့်ပေါင်းစည်းရေးလုပ်ငန်းစဉ်တွင် စိန်ခေါ်မှုများ




ထိုင်းနိုင်ငံမှ Poi Pet၊ ကမ္ဘောဒီးယားကို ဖြတ်၍ ပြန်ပို့ခြင်းခံရသော ပုံမှန်မဟုတ်သည့် ကမ္ဘောဒီးယား ရွှေ့ပြောင်းသွားလာသူ အုပ်စုတစ်စု။ လူကုန်ကူးခံရသူများသည် အများအားဖြင့် လူကုန်ကူးခံရသူအဖြစ် စိစစ်သတ်မှတ်ခြင်းလည်း မခံရ၊ ကူညီခြင်းလည်း မခံရသည့် စနစ်တစ်ခု။

# အဓိကတွေ့ရှိချက်များ။ အပိုင်း (၁)၊
# (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးလုပ်ငန်းစဉ်တွင် စိန်ခေါ်မှုများ

## ကိစ္စရပ် ၁ ၊ ၁ ။ ကူညီခြင်း မခံရခြင်း

*အရေအတွက် များပြားသော လူကုန်ကူးခံရသူများသည် ကူညီခြင်း မခံရပါ။ (သို့မဟုတ်-လုံလောက်စွာ ကူညီခြင်း မခံရပါ။)*

လူကုန်ကူးခံရသူများ၏ နာလန်ထူမှုနှင့် ပြန်လည်ဝင်ဆန့်ပေါင်းစည်းမှုတွင် အကူအညီသည် များသော အားဖြင့် ခွဲခြားမရသော အစိတ်အပိုင်းဖြစ်နေတတ်သည်။ လူကုန်ကူးခံရသူ များစွာက ဆိုက်ရောက်တိုင်းပြည် များနှင့် မူရင်းတိုင်းပြည်များတွင် တွေ့ကြုံခဲ့ရသည့် အပြုသဘောဆောင်သော၊ အကူအညီရရှိမှု အတွေ့အကြုံ များကို ဖော်ပြပြောဆိုခဲ့ကြသည်။ သို့ရာတွင် မဲခေါင်မြစ်ဝှမ်းဒေသတွင်းရှိ အရေအတွက် များပြားသော လူကုန်ကူး ခံရသူများမှာ လူကုန်ကူးခြင်းခံရပြီးနောက် အကူအညီ မရရှိခဲ့ကြပါ။ နမူနာလေ့လာချက်တွင် လူကုန်ကူးခံရသူ (၁၁၃)ဦးမှာ ဆိုက်ရောက်နိုင်ငံတွင် ကူညီခြင်း မခံခဲ့ရပါ။ (၄၅) ဦးမှာ ၎င်းတို့၏ မူရင်းနိုင်ငံတွင် ကူညီခြင်း မခံခဲ့ရပါ။ (၃၉)ဦးမှာ ပြည်တွင်းမှာရော၊ ပြည်ပမှာပါ အကူအညီ မရရှိခဲ့ကြပါ။

| ဇယား ၁၀။ မဲခေါင်မြစ်ဝှမ်းဒေသ (GMS) အတွင်းရှိ ကူညီခြင်း မခံရသူများ | |
|---|---|
| ဆိုက်ရောက်တိုင်းပြည်တွင် ကူညီခြင်း မခံရသူများ | ၅၅. ၇% (၂၀၃ ဦးအနက် ၁၁၃ ဦး) |
| မူရင်းတိုင်းပြည်တွင် ကူညီခြင်း မခံရသူများ | ၁၈. ၈% (၂၃၉ ဦးအနက် ၄၅ ဦး) |
| ဆိုက်ရောက်တိုင်းပြည်နှင့် မူရင်းတိုင်းပြည်နှစ်ခု စလုံးတွင် ကူညီခြင်း မခံရသူများ | ၂၀. ၅% (၁၉၀ ဦးအနက် ၃၉ ဦး) |

ယခင်က တရားဝင်အားဖြင့် လူကုန်ကူးခံရသူဟု စိစစ်သတ်မှတ်ခံရပြီး အခြေခံကျသော အကူအညီ ရရှိခဲ့သည်ဟုဆိုသော လူကုန်ကူးခံရသူအရေအတွက်ကိုပါ ထည့်သွင်းလျှင် အကူအညီလိုအပ်နေသော လူကုန်ကူး ခံရသူအရေအတွက်မှာ များစွာ တိုးမြင့်လာသည်။ အခြေခံကျသော အကူအညီရရှိခဲ့သည်ဆိုသည်မှာ ၎င်းတို့ အနေဖြင့် လူကုန်ကူးခံရသူဟု စိစစ်သတ်မှတ်ခြင်းခံရပြီးသည့်နောက် အခြေခံအကျဆုံးသော ထောက်ပံ့မှုကိုသာ ရရှိခဲ့ကြသည်။ ဥပမာအားဖြင့် ဖြစ်လေ့ရှိသည်မှာ လူကုန်ကူးခံရသူများအား ၎င်းတို့၏ တိုင်းပြည်သို့ ပြန်ရန် ကူညီသော်လည်း နောက်ထပ်အကူအညီ သို့မဟုတ် နောက်ဆက်တွဲ အကူအညီများ မပေးတော့ဘဲ အိမ်ပြန်ပို့ ခြင်းဖြစ်သည်။ အခြားသူများမှာ အစပိုင်းတွင် လူသားချင်းစာနာမှု အကူအညီ (ဥပမာ - အဝတ်အစား၊ အခြေခံ အစားအစာ) ကို ရရှိသော်လည်း ဒီထက်ပို၍ ဘာမှ မရရှိတော့ပါ။ စည်းစနစ်အရ အကူအညီပေးရာတွင် ဤအလွန်ကန့်သတ်မှုရှိသော အထောက်အပံ့ကို အိမ်ပြန်ပို့ အကူအညီ၏ အစိတ်အပိုင်းတစ်ခု (သို့မဟုတ် အကျပ်အတည်း အစပိုင်းဝင်ရောက်ဖြေရှင်းခြင်း) အဖြစ်သာ ပို၍ သတ်မှတ်ရမည်ဖြစ်ပြီး (ပြန်လည်) ဝင်ဆန့် ပေါင်းစည်းရေး အကူအညီအဖြစ် မသတ်မှတ်နိုင်ပါ။ ဤအမျိုးအစားတွင် အကျုံးဝင်သော လူကုန်ကူးခံရသူ အရေအတွက်မှာ သိသာသည်။ ဤလေ့လာချက်အတွက် တွေ့ဆုံမေးမြန်းသူ လူကုန်ကူးခံရသူ (၄၅) ဦးသည်

၏အမျိုးအစားတွင် အကျုံးဝင်သည်။

လူကုန်ကူးခံရသူများသည် အကြောင်းအမျိုးမျိုးကြောင့် ကူညီခြင်းမခံရဘဲ ရှိသည်။ အချို့ဖြစ်ရပ်များတွင် ကူညီခြင်းမခံရမှုမှာ အကူအညီပေးရေးဘောင်သတ်မှတ်ချက် ကိုယ်တိုင်၏ လုပ်ဆောင်ချက်တစ်ခုဖြစ်နေသည်။ ဥပမာအားဖြင့် လူကုန်ကူးခံရသူအဖြစ် စိစစ်သတ်မှတ်ခြင်းနှင့် လွှဲပြောင်းမှုမရှိခြင်း၊ ဝန်ဆောင်မှု မပေးနိုင်ခြင်း (ဘဏ္ဍာရေးကိစ္စရပ် အပါအဝင်) သို့မဟုတ် လုပ်ငန်းစီမံချက်၏ စံသတ်မှတ်ချက်များ စသည်တို့ဖြစ်သည်။ အခြားဖြစ်ရပ်များတွင် ကူညီမှုမခံရခြင်းမှာ လူကုန်ကူးခံရသူ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ရှုထောင့်၊ ရွေးချယ်မှုနှင့် အသိပညာဗဟုသုတတို့နှင့် ဆက်စပ်နေသည်။ဥပမာအားဖြင့် အကူအညီပေးခြင်းကို မသိရှိမှု၊ အကူအညီ တောင်းခံရမည်ကို စိတ်မသက်မသာဖြစ်မှု၊ (သို့မဟုတ်) ဆိုးဝါးသော အလုပ်၊ ရွှေ့ပြောင်းမှုအတွေ့အကြုံများကို လက်သင့်ခံထားမှုစသည်တို့ဖြစ်သည်။ယေဘုယျအားဖြင့် လူကုန်ကူးခံရသူများ အကူအညီ မရရှိခြင်း၊ အကြောင်းတရားများအနေဖြင့် အဓိကအကြောင်းတရား(၇)ခု ရှိသည်။

၁။ လူကုန်ကူးခံရသူဟု စိစစ်သတ်မှတ်ခြင်း မခံရခြင်း[၅]
၂။ ပြည်တွင်း (သို့မဟုတ်) ပြည်ပတွင် ဝန်ဆောင်ထောက်ပံ့မှုများ မရခြင်း
၃။ အချို့သော လူကုန်ကူးခံရသူ အမျိုးအစားများအတွက် ဝန်ဆောင်ထောက်ပံ့မှု မရနိုင်ခြင်း
၄။ လူကုန်ကူးခံရသူများအား အကူအညီရရှိရန်အတွက် လွှဲပြောင်းမှု မရှိခြင်း
၅။ လူကုန်ကူးခံရသူများအနေဖြင့် အကူအညီရရှိနိုင်ကြောင်း မသိရှိခြင်း
၆။ အကူအညီတောင်းခံရမည်ကို စိတ်မသက်မသာဖြစ်ခြင်း
၇။ ဆိုးဝါးသော အတွေ့အကြုံများကို ပုံမှန်ဖြစ်ရပ်ဟု လက်ခံထားခြင်း
"ငါ့လို လူမျိုးအတွက် ဒါဟာ ပုံမှန်ဖြစ်ရပ်ပါပဲ"

ကူညီခြင်း မခံရခြင်းသည်ပုဂ္ဂိုလ်တစ်ဦး၏ လူကုန်ကူးခံရသည့် အတွေ့အကြုံနောက်ပိုင်းတွင် မည်သည့် တရားဝင်သတ်မှတ်ထားသော အထောက်အပံ့ကိုမျှ မရရှိခြင်းကို ဖြစ်စေသည်။ ၎င်းသည် လူကုန်ကူးခံရသူ တစ်ဦးအတွက်မကြာခဏ စိတ်ဖိစီးမှုဖြစ်စေရုံသာမက (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးရလဒ်များကိုလည်း တို့ရိုက်ပိတ်ပင်တားဆီးထားသည်။ ထို့ပြင် ၎င်းတို့ကို ထပ်မံ၍ ဘဝရပ်တည်ရန် ခက်ခဲသော အခြေအနေသို့ တွန်းပို့သည့် အလားအလာလည်း ရှိနေသည်။ ဤအခြေအနေတွင် ၎င်းတို့အား ထပ်မံ၍ ခေါင်းပုံဖြတ်ခံရခြင်းနှင့် တဖန်ပြန်လည် လူကုန်ကူးခံရခြင်းဆီသို့ ဦးတည်စေသည်။ ကူညီခြင်းမခံရခြင်းသည် လူကုန်ကူးခံရသူအနေဖြင့် ၎င်းကို မူလပထမအားဖြင့် လူကုန်ကူးခံရသည့်အဖြစ်သို့ ရောက်ရှိစေသည့် ရပ်တည်ရန် ခက်ခဲသော အခြေအနေ နှင့် တူညီသော (သို့မဟုတ်-အလွန်ဆင်တူသော) အခြေအနေသို့ ပြန်ရောက်သွားစေခြင်းကို အများအားဖြင့် ဖြစ်စေသည်။ လူကုန်ကူးခံရသူများနှင့် ၎င်းတို့၏ မိသားစုများအနေဖြင့် အလွန်စိတ်ထိခိုက်မှု၊ စိတ်သောက ဖိစီးမှုများ ခံစားရမှုဖြစ်စေသည့် လူမှုရေးနှင့် လူအချင်းချင်း ပတ်သက်ဆက်နွှယ်မှု များလည်း ရှိသည်။ မိမိကိုယ် မိမိ ထိန်းချုပ်ရန်မှာ စိန်ခေါ်မှုနှင့် စိတ်ဖိစီးမှုဖြစ်စေပြီး လူကုန်ကူးခံရသူများမှာ တစ်ခါတစ်ရံ လူမှုရေးအရရော၊ စိတ်ခံစားမှုအရပါ အလွန်ထိခိုက်လွယ်သည့် အခြေအနေမျိုးသို့ ရောက်ရှိနေသည်။

---

၅။ လူကုန်ကူးခံရသူ၆၀. ၁% (၂၀၃ ဦးတွင် ၁၂၂ ဦး )သည် ဆိုက်ရောက်နိုင်ငံများတွင် လူကုန်ကူးခံရသူဟု စိစစ်သတ်မှတ်ခြင်း မခံရပါ။ ၁၈. ၈%(၂၃၉ ဦးတွင် ၄၅ ဦး )သည်သူတို့၏ မူရင်းနိုင်ငံတွင် လူကုန်ကူးခံရသူဟု စိစစ်သတ်မှတ်ခြင်း မခံရပါ။ ၁၆. ၈%(၁၉၀ ဦးတွင် ၃၂ ဦး)သည် မူရင်းနိုင်ငံတွင်ရော၊ ဆိုက်ရောက်နိုင်ငံတွင်ပါ လူကုန်ကူးခံရသူဟု စိစစ်သတ်မှတ်ခြင်း မခံရပါ။

## ဖြစ်ရပ်မှန်အမှုကိစ္စ လေ့လာချက်များ
## လူကုန်ကူးခံရသူများ အကူအညီပေးခြင်း မခံရသည့် ကွဲပြားခြားနားသော အခြေအနေများ

ထိုင်းနိုင်ငံသို့ လုပ်အားအတွက် လူကုန်ကူးခံခဲ့ရသော ကမ္ဘောဒီးယားအမျိုးသားတစ်ဦးသည် မည်သည့်အခါမျှ လူကုန်ကူးခံရသူဟု စိစစ်သတ်မှတ်ခြင်းမခံရဘဲ ကူညီခြင်းလည်း မခံခဲ့ရပါ။ သူသည် သူ၏ အလုပ်ခွင်တွင် ဖမ်းဆီးခံရပြီး မိမိတိုင်းပြည်သို့ ပြန်ပို့ခံရသည်။ သူသည် ထိုင်းနိုင်ငံတွင်လည်း အာဏာပိုင်တို့က လူကုန်ကူးခံရသူဟု မသတ်မှတ်ခဲ့သလိုသူ၏ တိုင်းပြည်ပြန်အရောက်တွင်လည်း ကမ္ဘောဒီးယားအာဏာပိုင်တို့က မသတ်မှတ်ခဲ့ပါ။ သူသည် သူ့ရွာသို့ သူ့ဖာသာသူ ပြန်ခဲ့ရသည်။ သူ၏ အခြေအနေမျိုးတွင်ရှိသည့် လူများသည် အကူအညီတောင်းခံရန်အတွက် မည်သည့်နေရာသို့ သွားရမည်ကို သိ/မသိ သူ့အား မေးမြန်းသောအခါ သူက သူမသိကြောင်းနှင့် သူ့ရွာရှိ အခြားလူများလည်း မသိကြောင်းရှင်းပြသည်။ သူ၏ ရွာတွင်ချို့တဲ့သော လူများအား ထောက်ပံ့ကူညီမှုပေးသည့် အဖွဲ့အစည်းများ မရှိပါ။ သူ့အနေဖြင့် ဤသို့သော အကူအညီမျိုးရရှိသည့် လူတစ်ဦးတစ်လေမျှကိုပင် ဘယ်တော့မှ မကြားဖူးခဲ့ပါ။ ထိုင်းနိုင်ငံသို့ လိင်ခေါင်းပုံဖြတ်မှုအတွက် လူကုန်ကူးခံခဲ့ရသော မြန်မာနိုင်ငံမှ အမျိုးသမီးတစ်ဦးသည် အစကနဦး အကူအညီအချို့ကို ရရှိခဲ့သော်လည်း နောက်ထပ်ကူညီထောက်ပံ့မှုကို လိုအပ်နေခဲ့သည်။ သို့ရာတွင် သူမသည် အဖွဲ့အစည်းထံ ဆက်သွယ်သောအခါ သူတို့က သူတို့၏ စီမံချက်တွင် ရန်ပုံငွေမလုံလောက်မှုကြောင့် ထိုအချိန်၌ ကူညီထောက်ပံ့မှုမပေးနိုင်ကြောင်း သူမကို အသိပေးခဲ့သည်။ သူတို့သည် သူမကို အခြားအဖွဲ့အစည်းတစ်ခုထံသို့ ကူညီထောက်ပံ့မှု ရရှိရန် လမ်းမညွှန်ခဲ့ပါ။ အဓမ္မလက်ထပ်ရန် လူကုန်ကူးခံရသော ဗီယက်နမ် အမျိုးသမီးတစ်ဦးသည် တရုတ်နိုင်ငံမှ သူမပြန်လာပြီး နှစ်များစွာကြာသည်အထိ ကူညီခြင်း မခံရပါ။ သူမ ပထမဦးစွာ ပြန်ရောက်သောအခါ သူမသည် ဘုံအဖွဲ့အဆင့် အာဏာပိုင်များနှင့် အဆက်အသွယ်ရှိခဲ့သည်။ ၎င်းတို့က သူမကို လူကုန်ကူးမှုတိုက်ဖျက်ရေး အကူအညီရရှိရန် လျှောက်လွှာပုံစံကို ဖြည့်ပြီး တင်သွင်းရန် လမ်းညွှန်ပေးသင့်သည်။ သို့ရာတွင် သူမတွေ့ရှိခဲ့ရသည့်အတိုင်း "သူတို့က ဂရုမစိုက်ဘူး"။ ထို့ကြောင့် သူမအနေဖြင့် အကူအညီရွေးချယ်ပိုင်ခွင့်များအကြောင်း သတင်းအချက်အလက်များရရန် လမ်းမရှိခဲ့ချေ။ သူမသည် အိမ်ပြန်လာပြီး (၁၀)နှစ်ကြာမှသာ အကူအညီကို ရရှိခဲ့သည်။

## ကိစ္စရပ် ၁ ၊ ၂ ။ အကူအညီကို ငြင်းပယ်ခြင်း

*အချို့သော လူကုန်ကူးခံရသူများသည် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး အကူအညီပုံစံအချို့ (သို့မဟုတ်) ပုံစံအားလုံးကို ငြင်းပယ်သည်။*

ဤလေ့လာချက်က တွေ့ရှိရသည်မှာ ဖြစ်ရပ်(၃၇)ခုတွင် လူကုန်ကူးခံရသူများသည် (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေး အကူအညီအား ငြင်းပယ်သည့် အချို့သော လက္ခဏာရှိသော ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြသည်။ အချို့ဖြစ်ရပ်များတွင် လူကုန်ကူးခံရသူများသည် အချို့သော အကူအညီ အမျိုးအစားများကို ငြင်းပယ်ခဲ့ကြသည်။ (ဥပမာ၊ ဥပဒေအကူအညီ (သို့မဟုတ်) အသက်မွေးဝမ်းကျောင်းပညာသင်တန်း)။ပို၍အစွန်းရောက်သော ဖြစ်ရပ်များတွင် လူကုန်ကူးခံရသူများသည် အကူအညီအားလုံးကို ငြင်းပယ်ခဲ့သည်။ အထူးအရေးပါသောအချက်မှာ လူကုန်ကူးခံရသူများစွာသည် လူကုန်ကူးခံရပြီးနောက် အလွန်ခက်ခဲသော စီးပွားရေးနှင့် လူမှုရေးအခြေအနေများတွင် ရောက်ရှိနေပြီးအကူအညီရရှိမှုက အကျိုးရှိစေနိုင်သော်လည်း အကူအညီကို ငြင်းပယ်ခဲ့ကြသည်။ ထို့ပြင် တုန့်ပြန်ဖြေကြားသူ အတော်များများက ၎င်းတို့အနေဖြင့် အကူအညီကို ငြင်းပယ်ရန်ပို၍ လိုလားသော်လည်း ၎င်းတို့၏ အလွန်ဆိုးဝါးသော အခြေအနေကြောင့် ဘာကိုမှ ငြင်းပယ်ရန် အခြေအနေမျိုးတွင် မရှိကြောင်း ပြောပြခဲ့သည်။

အကူအညီကို ငြင်းဆန်ရခြင်း အကြောင်းအရင်းများကို နားလည်သဘောပေါက်ခြင်းသည် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးအတွက် ဝင်ရောက်ဆောင်ရွက်ချက်များအား လူကုန်ကူးခံရသူများ၏ ကျယ်ပြန့်သော လိုအပ်ချက်များကို တုန့်ပြန်ဖြည့်ဆည်းနိုင်ရေးအတွက် သေချာစေရန် အရေးပါသည်။ ငြင်းဆန်သည့် အကြောင်း ရင်းများတွင် အချို့မှာ လူကုန်ကူးခံရသူများ၏ ပုဂ္ဂိုလ်ရေးနှင့် မိသားစုအခြေအနေနှင့် ဆက်စပ်နေသည်။ အခြားအကြောင်းရင်းများမှာ အကူအညီပေးရေးမူဘောင်သတ်မှတ်ချက်အား မည်ကဲ့သို့ စီစဉ်ထားပြီး အကောင် အထည်ဖော်ဆောင်ရွက်သနည်းဆိုသည့် လုပ်ဆောင်ချက်တစ်ခုပင်ဖြစ်သည်။ အခြားသော ဖြစ်ရပ်များတွင်လည်း လူကုန်ကူးခံရသူများအား အကူအညီပေးရန် ဝန်ဆောင်မှုထောက်ပံ့သူအဖွဲ့အစည်းများက အရင်းခံအားဖြင့် ငြင်းဆန်ခဲ့ကြသည်။ အကူအညီကို ငြင်းဆန်သည့် အကြောင်းတရားများတွင် ပါဝင်သည့် အချက်များမှာ -

## ၁။ ပုဂ္ဂိုလ်ရေးနှင့် မိသားစုအခြေအနေများကြောင့် အကူအညီကို ငြင်းပယ်ခြင်း

၁၊ ၁ ။ အကူအညီကို မလိုအပ်။ ၎င်းတို့ကိုယ်တိုင် စီမံနိုင်သည်။
၁၊ ၂ ။ ၎င်းတို့၏ မိသားစုများနှင့် ပြန်လည်ပေါင်းစည်းလိုသည်။
၁၊ ၃ ။ ရှက်ခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်ခြင်း၊ စိတ်မသက်မသာဖြစ်ခြင်း ခံစားချက်များ။
၁၊ ၄ ။ ယုံကြည်မှုကိစ္စရပ်များ။
၁၊ ၅ ။ အကူအညီပေးရန် ကမ်းလှမ်းချိန်တွင် ဆုံးဖြတ်ချက်ချရန် အခြေအနေတွင် မရှိခြင်း။
၁၊ ၆ ။ တာဝန်ဝတ္တရား၊ ကျေးဇူးတရား၊ အကြွေးတင်ခြင်း ခံစားချက်များ။

## ၂။ အကူအညီပေးရေးမူဘောင် သတ်မှတ်ချက်ကိစ္စရပ်များကြောင့် အကူအညီကို ငြင်းပယ်ခြင်း

၂၊ ၁ ။ အကူအညီကို ရယူရန် မတတ်နိုင်။ ငွေရှာရန် လိုအပ်သည်။
၂၊ ၂ ။ ပေးအပ်သည့် အကူအညီသည် ၎င်းတို့၏ လိုအပ်ချက်များနှင့် မကိုက်ညီ။
၂၊ ၃ ။ အကူအညီပေးရေး သတ်မှတ်ချက်များကို စိုးရိမ်ပူပန်မှု။
၂၊ ၄ ။ အကူအညီပေးခြင်းသည် လူကုန်ကူးခံရသူအဖြစ် စိစစ်သတ်မှတ်ခြင်းဖြစ်သည်။
၂၊၅ ။ ဆက်လက်နေထိုင်ပြီး အလုပ်လုပ်ချင်သည်။ အကူအညီပေးခြင်းသည် အိမ်ပြန်ရခြင်းကို ဖြစ်စေသည်။

## ၃။ ဝန်ဆောင်မှုထောက်ပံ့သူ အဖွဲ့အစည်းများက လူကုန်ကူးခံရသူများအား အကူအညီပေးရန် ငြင်းပယ်ခြင်း

၃၊ ၁ ။ အရင်းအမြစ်ချို့တဲ့ခြင်းနှင့် ဘဏ္ဍာရေး မလုံလောက်မှု။
၃၊ ၂ ။ စီမံချက်များသည် "ထိုအမျိုးအစား လူကုန်ကူးခံရသူ"ကို ကူညီရန် စီစဉ်မထားပါ။
၃၊ ၃ ။ လူကုန်ကူးခံရသူများသည် အဖွဲ့အစည်းများက မထောက်ပံ့သော ဝန်ဆောင်မှုမျိုးကို လိုအပ်သည်။
၃၊ ၄ ။ အကူအညီကို ထိုနေရာ/ဒေသတွင် မပေးအပ်ပါ။

## ဖြစ်ရပ်မှန်အမှုကိစ္စ လေ့လာချက်များ
## အကူအညီကို ငြင်းပယ်ခဲ့သော လူကုန်ကူးခံရသူများ၏ ကွဲပြားခြားနားသည့် အခြေအနေများ

ပြည်တန်ဆာလုပ်ငန်းအတွက် ကမ္ဘောဒီးယားနိုင်ငံသို့ လူကုန်ကူးခံရသော ဗီယက်နမ် မိန်းကလေးတစ်ဦးကို သူမ ဗီယက်နမ်သို့ပြန်အရောက်တွင် အာဏာပိုင်များက လူကုန်ကူးခံရသူအဖြစ် တရားဝင်သတ်မှတ်ခဲ့ပြီး အကူအညီပေးရန် ကမ်းလှမ်းခဲ့သည်။ သူမသည် ငွေကြေးအကူအညီကို လက်ခံခဲ့သော်လည်း အလုပ်သင်အဖြစ် လေ့ကျင့်သင်ကြားရန် လက်မခံခဲ့ပါ။ အဘယ့်ကြောင့်ဆိုသော် သူမ၏က လေးများကို ကျွေးမွေးဖို့ သူမငွေရှာရန် လိုအပ်သောကြောင့် ဖြစ်သည်။

ပြည်တန်ဆာလုပ်ငန်းအတွက် ကမ္ဘောဒီးယားနိုင်ငံသို့ လူကုန်ကူးခံရသော ဗီယက်နမ် အမျိုးသမီးတစ်ဦးသည် အသက်မွေးမှုပညာသင်တန်းတက်ရန် ကမ်းလှမ်းခြင်းခံရသည်။ သို့ရာတွင် ၎င်းမှာ အခြားမြို့တစ်မြို့ရှိ ဂေဟာတစ်ခုတွင် နေထိုင်ရန် လိုအပ်သည်။ သူမက ငြင်းပယ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူမတွင် ပြုစုစောင့်ရှောက်ရန် ကလေးငယ်များရှိပြီး သူမအနေဖြင့် သူတို့နှင့် မကွဲကွာလိုခြင်းကြောင့်ဖြစ်သည်။

## လေ့လာသိရှိခဲ့သော လူကုန်ကူးခံရသူစွမ်းဆောင်ရည်မြှင့်တင်မှု သင်ခန်းစာ။
## အကူအညီကို ငြင်းပယ်ခြင်းနှင့် လက်ခံခြင်းသည် ယာယီဖြစ်နိုင်သည်။
## အကူအညီပေးရန် ကမ်းလှမ်းမှုများသည် ဖိအားမပေးဘဲ စဉ်ဆက်မပြတ်ဖြစ်သင့်သည်။

အကူအညီကို လက်ခံခြင်းနှင့် ငြင်းပယ်ခြင်း ဆုံးဖြတ်ချက်များသည် တစ်ခါတစ်ရံတွင် အချိန်ကြာ လာသည်နှင့်အမျှ ဘဝအခြေအနေများ ဖြစ်ပေါ်ပြောင်းလဲမှုနှင့် ကွဲပြားခြားနားသော ဝန်ဆောင်မှုများကို ရရှိနိုင်မှုကို တုန့်ပြန်ရင်းဖြင့် ပြောင်းလဲသွားတတ်သည်။ လူကုန်ကူးခံရသူများသည် သူတို့၏ လူကုန်ကူးခံရသည့် ဘဝနောက်ပိုင်းတွင် ကွဲပြားခြားနားသော အဆင့်များ၌ အကူအညီနှင့်ပတ်သက်၍ ကွဲပြား ခြားနားသည့်ဆုံးဖြတ်ချက်များကို ချမှတ်ကြသည်။ ၎င်းမှာ အကူအညီအခွင့်အလမ်းများသည် ယခင် လူကုန်ကူးခံရသူများအနေဖြင့် သူတို့၏ဝန်ဆောင်မှုများကို လိုအပ်သည့် မည်သည့်အချိန်အခါ (နှင့် မည်သည့်နေရာ) တွင်မဆို သိသာမြင်သာရှိပြီး ရရှိနိုင်ရန် အရေးကြီးမှုကို မီးမောင်းထိုးပြနေသည်။ တူညီစွာအရေးကြီးသောအချက်မှာ လူကုန်ကူးခံရသူများ အနေဖြင့် သူတို့အစပိုင်းတွင် အကူအညီကို ငြင်းပယ်ရန် ရွေးချယ်ခဲ့ပြီးနောက် သူတို့အကူအညီကို ရနိုင်ခွင့်ရှိကြောင်း သိရှိဖို့ပင်ဖြစ်သည်။ အကူအညီကမ်းလှမ်းမှုများသည် လမ်းဖွင့်ထားပြီး ဆက်လက်ရှိနေရမည်ဖြစ်သည်။

အစပိုင်း၌ အကူအညီကို ငြင်းပယ်ခဲ့သော လူကုန်ကူးခံရသူအချို့သည် နောက်ပိုင်းတွင် ဤကူညီထောက်ပံ့မှုကိုလက်ခံရန် လာရောက်ခဲ့ကြသည်။ သို့ဖြစ်၍သူတို့၏ အကူအညီကို ငြင်းပယ်ခြင်းသည် ခေတ္တယာယီသာ ဖြစ်သည်။ အချို့သူများအတွက် ဤသည်မှာ အချိန်နှင့် ပြန်လည် စဉ်းစားဆင်ခြင်ခြင်း၏ လုပ်ဆောင်ချက်တစ်ခု ဖြစ်ပြီး ဖြစ်နိုင်ဖွယ်ရာရှိသည်မှာ ယုံကြည်မှုနှင့် နှစ်သိမ့်အားပေးမှု၏ လုပ်ဆောင် ချက်တစ်ခုလည်းဖြစ်သည်။ သူတို့၏ ခေါင်းပုံဖြတ်ခံရသည့် အတွေ့အကြုံမှ ပြန်လည်နာလန်ထူလာရန် အချိန်ယူပြီးနောက် သူတို့၏ အနာဂတ်နှင့် ကမ်းလှမ်းလျက်ရှိသော အမျိုးမျိုးသော အကူအညီရွေးချယ်ပိုင်ခွင့်များနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချမှတ်ရန် သူတို့အနေဖြင့် စိတ်ခံစားတတ်ရေးရာအရ ပို၍ အသင့်ဖြစ်လာသည်။ အခြားသူများသည် နောက်ပိုင်းအဆင့်တစ်ခု၌ အကူအညီကို လက်ခံခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူတို့ ကနဦးအိမ်ပြန်လာပြီးနောက်ပိုင်း သူတို့၏ ဘဝ အခြေအနေများ ပြောင်းလဲသွားသောကြောင့်ဖြစ်သည်။ ယခင်က အကူအညီ မလိုအပ်ခဲ့သော အချို့ သူတို့မှာ အထောက်အပံ့ကို လိုအပ်သည့် အခြေအနေမျိုးတွင် ရောက်ရှိနေကြောင်း သူတို့ကိုယ် သူတို့တွေ့မြင်လာသည်။ အချို့သော အမှုကိစ္စများတွင် မိမိ၏ မိသားစုနှင့်အတူနေထိုင်ရန် ကနဦးပြန်လာမှုသည် မဖြစ်နိုင်တော့ဘဲ သူတို့

အရင်က ငြင်းပယ်ခဲ့သော အကူအညီကို ပြန်လာပြီး လက်ခံရတော့သည်။

ဤအခြေအနေနှင့် ဆန့်ကျင်ဖက်အားဖြင့် အစပိုင်းက အကူအညီကို လက်ခံခဲ့သော လူကုန်ကူးခံရသူ အချို့သည် နောက်ပိုင်းတွင် သူတို့၏ ပြန်လည်နာလန်ထူရေးနှင့် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးတွင် အသုံးဝင်သည်၊ သို့မဟုတ်၊ သင့်လျော်သည်ဟု သူတို့ မတွေ့ရှိခဲ့သော စီမံချက်များကို စွန့်ခွာခဲ့ကြသည်။ အချို့သော လူကုန်ကူးခံရသူများသည် စီမံချက်များမှ နှုတ်ထွက်ခဲ့ကြသည်။ သို့မဟုတ် သင်တန်းတစ်ခု၊ သို့မဟုတ်၊ ဝန်ဆောင်မှုတစ်ခုအား ပြီးဆုံးအောင် မတက်ရောက်ခဲ့ပါ။ အချို့သည် ဂေဟာများသို့ ဝင်ရောက်လာကြသော်လည်း ဂေဟာမှ ထွက်ခွာခြင်းဖြင့် အဆုံးသတ်ခဲ့သည်။ အချို့သော လူကုန်ကူးခံရသူကလေးများသည် ကျောင်းမှ နှုတ်ထွက်ခဲ့ကြသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့အနေဖြင့် သူတို့မိသားစုဝင်ငွေကို ပါဝင်ကူညီဖြည့်ဆည်းပေးဖို့ အလုပ်လုပ်ရန် လိုအပ်သောကြောင့်ဖြစ်သည်။ အချို့မှာ အကူအညီပေးရေး စည်းကမ်းသတ်မှတ်ချက်များနှင့် အခြေအနေများ တင်းကျပ်ချုပ်ချယ်ခြင်း၊ ပြဿနာဖြစ်ခြင်း၊ သို့မဟုတ် သူတို့အတွက် လုံလောက်စွာ ပြောင်းလွယ်ပြင်လွယ်မှု မရှိခြင်းတို့ကြောင့်လည်း အကူအညီကို ငြင်းပယ်ခဲ့ကြသည်။

နောက်ထပ်ကိစ္စရပ်တစ်ခုမှာ အစပိုင်းကအကူအညီကို ငြင်းပယ်ခဲ့သော လူကုန်ကူးခံရသူ အချို့သည် နောက်ဆုံးတွင်အကူအညီကိုလက်ခံခဲ့ကြသည်။ အဘယ့်ကြောင့်ဆိုသော် ဝန်ဆောင်မှု ထောက်ပံ့သူများက ထိုသို့ လက်ခံရန် ဖိအားပေးခြင်းကို ခံရသောကြောင့်ဖြစ်သည်။ အချို့သော တိုင်းပြည်များတွင် လူကုန်ကူးခံရသူများသည် အရင်က အကူအညီကို ငြင်းပယ်ခဲ့စေကာမူ ကမ်းလှမ်းသော အကူအညီကိုလက်ခံဖို့ ယဉ်ကျေးမှု၊ သို့မဟုတ်၊ ဝတ္တရားရှိမှု ခံစားချက်တို့အကြောင်း ပြောဆိုခဲ့ကြသည်။ အချို့သောဖြစ်ရပ်များတွင် လူမှုရေးဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ ဖိအားများက လူကုန်ကူးခံရသူများအနေဖြင့် အကူအညီကို ငြင်းပယ်ရန်မစွမ်းသာဟု ခံစားရစေသည်။

အလွန်ပင် တင်းကျပ်ချုပ်ချယ်သော အကူအညီပေးရေး ပတ်ဝန်းကျင်အခြေအနေ၌ပင်လျှင် လူကုန်ကူးခံရသူများသည် အနှစ်သာရအားဖြင့် အကူအညီကို ငြင်းဆန်ရာရောက်သည့်ဆုံးဖြတ်ချက်များ ချမှတ်ပြီး လုပ်ဆောင်မှုများ ပြုလုပ်ခဲ့ကြသည်။ ဤအချက်သည် လူကုန်ကူးခံရသူများအနေဖြင့် အပြင်ထွက်ခွင့်မရပဲ ပိတ်ထားသော ဂေဟာစီမံချက်များတွင်နေရပြီး အရင်းခံအားဖြင့် အတင်းအကြပ်ကူညီခြင်းခံရသော အချိန်တွင် အထူးသဖြင့် သိသာထင်ရှားသည်။ လူအများက ပိတ်ထားသော ဂေဟာအဆောက်အအုံထဲတွင် နေရခြင်း၏ ဖိအားများနှင့် စိတ်ဖိစီးမှုများ အကြောင်းပြောပြကြသည်။ ထိုနေရာများတွင် သူတို့၏ လိုအပ်ချက်များနှင့် မကိုက်ညီသော ဝန်ဆောင်မှုများကို မကြာခဏပင် သူတို့အား ပေးအပ်သည်။ သူတို့က ဤစီမံချက်များမှ ထွက်ခွာလိုသော်လည်း ခွင့်မပြုကြောင်းပြောပြသည်။ အချို့သော လူကုန်ကူးခံရသူများသည် ဤအဆောက်အအုံများမှ ထွက်ပြေးခဲ့ကြသည်။ သို့မဟုတ် နိုင်ငံရင်းသို့ ပြန်ပို့ခံရခြင်းကို ပို၍သဘောကျသော အခြားနည်းလမ်းတစ်ခုအဖြစ် ရွေးချယ်ခဲ့ကြသည်။ အရင်းခံအားဖြင့် ၎င်းကို အကူအညီအား ငြင်းပယ်ခြင်းအဖြစ် ရှုမြင်နိုင်သည်။

## ကိစ္စရပ် ၁ ၊ ၃ ။ အတင်းအကြပ် ကူညီခြင်း

*အကူအညီပေးခြင်းသည် အမြဲတစေ အလိုတူ အလိုပါ မဟုတ်ပါ။ အချို့သော လူကုန်ကူးခံရသူများကို အတင်းအကြပ်ပင် ကူညီပေးရသည်။*

(ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး အကူအညီနှင့် အထောက်အပံ့များ အားလုံးသည် အလိုတူအလိုပါ မဟုတ်ပါ။ အချို့သော လူကုန်ကူးခံရသူများကို အတင်းအကြပ်ပင် အကူအညီပေးရသည်။ အချို့သော ဖြစ်ရပ်များတွင် သူတို့အား အကူအညီနှင့်ပတ်သက်၍ ပြည့်စုံသော သတင်းအချက်အလက်များ မပေးအပ်ဘဲ သူတို့အနေဖြင့် သတင်းအချက်အလက်များကို သိရှိပြီးမှ သူတို့၏သဘောတူခွင့်ပြုမှုကို ရယူမှုမရှိဟု ဆိုလိုသည်။ အခြားသော ဖြစ်ရပ်များတွင် မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများ အားလုံးတွင် လူကုန်ကူးခံရသူများသည် အကူအညီကို ငြင်းပယ်ရန် အခွင့်အရေးရှိသော်လည်း ၎င်းတို့ကို အကူအညီအား ငြင်းဆန်နိုင်သည့် အခွင့်အလမ်းကို မပေးပါ၊ အတင်းအကြပ် အကူအညီပေးခြင်း အဓိကပုံစံ (၂)မျိုးသည် ယေဘုယျအားဖြင့် မူရင်းတိုင်းပြည်မှာရော၊

ဆိုက်ရောက်နိုင်ငံများတွင်ပါ ဂေဟာတွင် နေထိုင်ခြင်း၌ ဗဟိုပြုနေသည်။

## အခြားသူများသည် ဇာတိတိုင်းပြည်၌ "အတင်းအကြပ် ကူညီခြင်း" ခံရသည်။

ငါးဖမ်းရန်အတွက် လူကုန်ကူးခံရသော ထိုင်းယောကျ်ားလေးတစ်ဦးသည် ထိုင်းနိုင်ငံသို့ ပြန်ရန် ကူညီခြင်း ခံရသည်။ ထို့နောက် သူ့ကို အကူအညီရရှိရေးအတွက် ဂေဟာတစ်ခုသို့ လွှဲပြောင်းပေးခြင်း ခံရသည်။ သူက ထိုင်းနိုင်ငံသို့ ရောက်သောအခါ သူ့ကို ပထမဦးစွာ ဂေဟာတစ်ခုသို့ တစ်ပတ်ကြာ နေထိုင်ရန် ခေါ်သွားမည်ဖြစ်ပြီး နောက်ပိုင်းတွင် သူအိမ်သို့ ပြန်သွားနိုင်မည်ဟု ပြောခဲ့ကြောင်း ရှင်းပြသည်။ သူ့ကို လူကုန်ကူးသူအား တရားစွဲရာ တွင် ဥပဒေအကူအညီကို ရရှိမည်ဟုလည်း ပြောခဲ့သည်။ အမှန်တကယ်တွင် သူ့ဆန္ဒနှင့် ဆန့်ကျင်၍ သူသည် ဂေဟာ၌ လပေါင်းများစွာ နေထိုင်ခဲ့ရသည်။ သူသည် ထိုနေရာတွင် မနေချင်သောကြောင့် ထွက်ပြေးရန် ကြိုးစား ခဲ့သည်။ "နောက်ဆုံးမှာတော့ ကျွန်တော်ဟာ ဂေဟာမှာ ၇-လ၊ ၈-လကြာနေခဲ့ရတယ်။ ဘာလို့ ဒီလောက်ကြာ အောင် ဂေဟာမှာ ကျွန်တော်နေဖို့ လိုတယ်ဆိုတာ ကျွန်တော် နားမလည်ဘူး။"

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ အဓမ္မလက်ထပ်ရန် လူကုန်ကူးခံရသော အမျိုးသမီးတစ်ဦးသည် သူမ ပြန်လာပြီးနောက် ဂေဟာများတွင် အလွန်ကြာမြင့်စွာ နေထိုင်ဖို့ လိုအပ်ခြင်းအတွက် စိတ်ပျက်ခဲ့ရသည်။ သူမသည် ဂေဟာတစ်ခုတွင် ၂၇-ရက်၊ နောက်ထပ်ဂေဟာတစ်ခုတွင် နောက်ထပ် ၂၀ ရက်နှင့် တတိယဂေဟာတစ်ခုတွင် နောက်ထပ် ၂၀ ရက် အချိန်ကုန်ခဲ့ရသည်။ ဤအချိန်အတောအတွင်း သူမသည် မည်သည့်ဝန်ဆောင်ထောက်ပံ့ မှုမျှ မရရှိခဲ့ဘဲ အဆောက်အအုံမှ ထွက်ခွာရန်လည်း ခွင့်မပြုခဲ့ပါ။

ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ ကာလကြာရှည်စွာ "အတင်းအကြပ် အကူအညီပေးခြင်း" ခံရခြင်း သည် လူကုန်ကူးခံရသူများစွာအတွက် အလွန်စိတ်ဖိစီးမှုဖြစ်စေသော အကြောင်းရင်းတစ်ခုပင်ဖြစ်သည်။ အခြေအနေများစွာ၌ လူကုန်ကူးခံရသူများအား အတင်းအကြပ် အကူအညီပေးသောအခါ သင့်လျော်သောဝန် ဆောင်မှုများနှင့် ထောက်ပံ့မှုများ မရှိပါ။ ဤဖြစ်ရပ်မျိုးမှာ လူကုန်ကူးခံရသူများအား အကျဉ်းထောင်များ၊ ရဲစခန်းများနှင့် ထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းထားသည့်အခါတွင် သေချာပေါက်ဖြစ်သည်။ သို့သော် ပြည်တွင်းနှင့် ပြည်ပတွင် ဂေဟာများ၌ အတင်းအကြပ်နေထိုင်ရသော လူကုန်ကူးသူများစွာအဖို့လည်း ဤကဲ့သို့ ပင်ဖြစ်သည်။ ရလဒ်အားဖြင့် အချို့သော လူကုန်ကူးသူများက ဤကဲ့သို့ အတင်းအကြပ်ကူညီခြင်းကို တွေ့ကြုံ ခံစားရပြီး "အချိန်ဖြုန်းခြင်း" ဟု ဖော်ပြကြသည်။

လူကုန်ကူးခံရသူများသည် ယေဘုယျအားဖြင့် သူတို့၏ မိသားစုများနှင့် လူ့အဖွဲ့အစည်းများထံ ပြန်ရန်နှင့် လူကုန်ကူးခံရခြင်းမှ ဝေးကွာရန် စိတ်စောနေကြသည်။ ရလဒ်အားဖြင့် ကြာရှည်သော အတင်းအကြပ် ဂေဟာ၌ နေထိုင်ရခြင်းသည် ၎င်းတို့၏ နာလန်ထူမှုနှင့် (ပြန်လည်) ဝင်ဆန့် ပေါင်းစည်းရေးအား ကြန့်ကြာစေပြီး ဖျက်ဆီး ပစ်နိုင်သည့် အလွန်ကြီးမားသော အလားအလာကို ဖြစ်ပေါ်စေသည်။ ဤကိစ္စသည် တစ်ခါတရံ ကာလကြာမြင့်စွာ အတင်းအကြပ်အကူအညီပေးခြင်းခံရသူများ အကြား၌ ပါဝင်လေ့ရှိသော လူကုန်ကူးခံရသူကလေးငယ်များအဖို့ အထူးတလည် ဖိစီးမှုဖြစ်စေသည်။

အတင်းအကြပ်ကူညီခြင်းသည် ဝန်ဆောင်မှုထောက်ပံ့သည့် အဖွဲ့အစည်းများအား ယုံကြည်စိတ်ချမှုကို အကြီးအကျယ် ထိခိုက်စေသည်။ လူကုန်ကူးခံရသူ အချို့က ဝန်ဆောင်မှုထောက်ပံ့သည့် အဖွဲ့အစည်းများသည် သူတို့အား အကူအညီနှင့် ပတ်သက်၍ မပြည့်စုံသော၊ သို့မဟုတ်၊ မတိကျသော သတင်းအချက်အလက်များပေး သည်။ ထို့ပြင်/သို့မဟုတ် ၎င်းတို့အား အကူအညီနှင့် ပတ်သက်၍ သိရှိပြီး ဆုံးဖြတ်ချက်ချနိုင်ရေးကို ဟန့်တား သည်ဟု ခံစားရသည်။ယုံကြည်မှု ထိခိုက်သောအခါ ၎င်းသည် လူကုန်ကူးခံရသူ၏ အကူအညီစီမံချက်များနှင့် ဝန်ဆောင်မှုပေးသူများနှင့် ဆက်ဆံပတ်သက်မှုအပေါ်တွင် ရေရှည်ထိခိုက်မှုရှိစေသည်။ ဤအစကနဦး မယုံကြည် မှုသည် အသည်းအသန် အကူအညီလိုအပ်နေသော အခြေအနေမျိုးတွင်ပင်လျှင် အနာဂတ်၌ အခြား အကူအညီ များကို ရှာဖွေရန်၊ သို့မဟုတ်၊ လက်ခံရန် သူတို့၏ စိတ်ဆန္ဒကို ထိခိုက်ပျက်စီးဖို့ အလားအလာရှိစေသည်။

## ကောင်းမွန်သော ကျင့်သုံးဆောင်ရွက်မှု ပြည်ပတွင် ပိတ်ထားသော ဂေဟာများ၌ မဖြစ်မနေ နေထိုင်ရခြင်းအတွက် အခြားရွေးချယ်စရာ နည်းလမ်းများ

အချို့သော အမှုကိစ္စများတွင် ထိုင်းနိုင်ငံ၌ ကူညီခြင်းခံရသော လူကုန်ကူးခံရသူ အမျိုးသားများသည် နိုင်ငံတော်ဂေဟာများတွင် နေထိုင်စဉ် အလုပ်လုပ်ရန် ခွင့်ပြုခြင်းခံရသည်။ ဂေဟာဝန်ထမ်းများက သူတို့ကို ကောင်းမွန်သော အလုပ်အကိုင်များ ရှာဖွေရာတွင်နှင့် ရွှေ့ပြောင်းအလုပ်သမားများအဖြစ် ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်ကို ရယူရာတွင် ကူညီခဲ့သည်။ အမျိုးသားများသည် ထုံးစံအရ ဂေဟာများတွင် နေထိုင်သော်လည်း လွတ်လပ်စွာ သွားလာနိုင်သည်။ လူကုန်ကူးခံရသူ အမျိုးသားများသည် တရားဝင်စာရွက်စာတမ်းများ (ဥပမာ - အလုပ်သမားမှတ်ပုံတင်)ရှိသည့် အမှုကိစ္စများတွင် သူတို့သည် ဂေဟာအပြင်ဖက်တွင် နေထိုင်နိုင်ကြသည်။ ထုံးစံအရ သူတို့၏ အလုပ်ရှင်က ထောက်ပံ့သော နေရာထိုင်ခင်းများတွင် ဖြစ်သည်။ များစွာသော အမျိုးသားများက ပြည်ပ၌ ကူညီခြင်း ခံနေရစဉ် အလုပ်လုပ်နိုင်သည့် ဤအခွင့်အလမ်း၏ အရေးကြီးပုံနှင့် ဤအချိန်အတောအတွင်း လွတ်လပ်စွာသွားလာခွင့်၏ အရေးကြီးပုံကိုလည်း ပြောပြကြသည်။ လူအများအဖို့ ၎င်းမှာ သူတို့ လက်ခံရရှိသော အရေးအပါဆုံး ကူညီထောက်ပံ့မှုပုံစံပင်ဖြစ်သည်။ အစ္စရေးနိုင်ငံသို့ လူကုန်ကူးခံရသော ထိုင်းအမျိုးသားများကို ဒေသခံအဖွဲ့အစည်းတစ်ခုက သူတို့ကို လူကုန်ကူးသူများအား ဥပဒေကြောင်းအရ တရားစွဲဆိုရန် ကူညီခဲ့သည်။ ဥပဒေကြောင်းအရ လုပ်ငန်းစဉ်ကို စောင့်ဆိုင်းနေစဉ် သူတို့အား ကောင်းမွန်၍ မျှတသောလစာပေးသည့် အလုပ်အကိုင်များ ရှာဖွေရာတွင် ကူညီခဲ့သည်။ သူတို့သည် အဖွဲ့အစည်းမှ ထောက်ပံ့သည့် အပြင်ထွက်ခွင့်ရသော ဖွင့်ထားသည့် ဂေဟာတစ်ခုတွင် နေထိုင်ရပြီး လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့်ရှိသည်။

## ကိစ္စရပ် ၁ ၊ ၄ ။ အားနည်းသော လွှဲပြောင်းခြင်း၊ ညှိနှိုင်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

*မလုံလောက်သော ပြည်တွင်းနှင့် နိုင်ငံဖြတ်ကျော် လွှဲပြောင်းခြင်း လုပ်ထုံးလုပ်နည်းများ*

ဒေသတွင်းရှိ တစ်နိုင်ငံချင်းစီ၏ လွှဲပြောင်းခြင်းပုံစံများသည် ၎င်းတို့၏ အကောင်အထည်ဖော်ဆောင်မှု၏ တိုးတက်ဖွံ့ဖြိုးမှု၊ နယ်ပယ်အတိုင်းအတာ၊ ပမာဏအဆင့်များ ကွဲပြားခြားနားသည့် အလျောက်ပင် သိသာစွာ ကွဲပြားခြားနားသည်။ ထို့ပြင် နိုင်ငံဖြတ်ကျော်လွှဲပြောင်းခြင်း လုပ်ထုံးလုပ်နည်းသည် ဒေသတွင်း၌ ကွဲပြားခြားနားသည်။ အချို့ နိုင်ငံများကြားတွင် ဖွဲ့စည်းပုံကျနသောအစိုးရချင်း လွှဲပြောင်းခြင်း လုပ်ထုံးလုပ်နည်းများ ရှိသလို အခြားနိုင်ငံများကြားတွင်မူ ပို၍ ရှင်းလင်းမှုနှင့် အကောင်အထည်ဖော်ဆောင်မှု နည်းပါးသော လုပ်ထုံးလုပ်နည်းများ ရှိသည်။

ဤကွဲပြားမှုများကို အသိအမှတ်ပြုရင်းဖြင့် လူကုန်ကူးခံရသူများအား တွေ့ဆုံမေးမြန်းရာတွင် တွေ့ရှိရသည်မှာ အလုံးစုံအားဖြင့် နိုင်ငံအချင်းချင်းကြားရှိ အေဂျင်စီနှင့် အဖွဲ့အစည်းများကြားတွင် မလုံလောက်သော လွှဲပြောင်းခြင်း၊ ညှိနှိုင်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ရှိသလို နိုင်ငံတစ်နိုင်ငံအတွင်း၌ လူကုန်ကူးခံရသူများကို ကူညီသည့်အခါတွင်လည်း ၎င်းအချက်များရှိနေသည်။ လက်ရှိတွင် အဓိက ကိစ္စရပ် (၂)ခု ရှိသည်။

### ၁။ နိုင်ငံတစ်နိုင်ငံမှ တစ်နိုင်ငံသို့ လွှဲပြောင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မရှိခြင်း။ (နိုင်ငံဖြတ်ကျော်လွှဲပြောင်းခြင်း လုပ်ထုံးလုပ်နည်း)

၎င်းတွင် ကူညီခြင်းမခံရဘဲ အိမ်ပြန်ရခြင်း၊ မလုံလောက်သော နိုင်ငံဖြတ်ကျော် လွှဲပြောင်းသည့် အမှုများ၊ အမှုတစ်ခုချင်း စီမံမှုနှင့် ခန့်ခွဲမှုတွင် ပူးပေါင်းဆောင်ရွက်မှုမရှိခြင်းနှင့် အိမ်မပြန်မီ အုပ်ချုပ်စီမံရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပါဝင်သည်။

## ၂။ နိုင်ငံတစ်နိုင်ငံအတွင်း၌ လွှဲပြောင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မရှိခြင်း။ (ပြည်တွင်းလွှဲပြောင်းခြင်း လုပ်ထုံးလုပ်နည်း)

ဧင်းတွင် နိုင်ငံတစ်နိုင်ငံအတွင်းရှိ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အဖွဲ့အစည်းများနှင့် အင်စတီကျူးရှင်းများကြားတွင် လွှဲပြောင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း မရှိမှုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အဖွဲ့အစည်းများ၊ အင်စတီကျူးရှင်းများနှင့် အထွေထွေလူမှုရေးကူညီမှု မူဘောင် အကြားတွင် လွှဲပြောင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း မရှိမှုတို့ ပါဝင်သည်။

## ကောင်းမွန်သော ကျင့်သုံးဆောင်ရွက်မှု ပြန်လည်နာလန်ထူရေးနှင့် (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေးကို ပံ့ပိုးဖြည့်ဆည်းပေးသည့် ခိုင်မာအားကောင်းသော လွှဲပြောင်းခြင်း လုပ်ငန်းစဉ်များ

လုပ်အားအတွက် အစ္စရေးနိုင်ငံသို့ လူကုန်ကူးခံရသော ထိုင်း အမျိုးသားတစ်ဦးသည် အစပိုင်းတွင် အလုပ်လုပ်ရန် ပြည်ပတွင် နေထိုင်ခဲ့သည်။ သို့သော် နောက်ပိုင်းတွင် အိမ်ပြန်ဖို့ဆုံးဖြတ်ခဲ့သည်။ အကူအညီပေးရေး အဖွဲ့အစည်းသည် အိမ်အပြန် အစီအစဉ်များကို ပြုလုပ်ပေးခဲ့သည်။ သူမထွက်ခွာမီ အဖွဲ့အစည်းက သူ့အား ဇာတိတိုင်းပြည်တွင် အကူအညီ တစ်ခုခုရယူလိုခြင်း ရှိ၊ မရှိ မေးမြန်းခဲ့သည်။ ထို့ပြင် သူ၏ အမှုကိစ္စကို ထိုင်းနိုင်ငံရှိ ဝန်ဆောင်မှုထောက်ပံ့သူ အဖွဲ့အစည်းတစ်ခုထံသို့ လွှဲပြောင်းပေးရန် သူ၏ သဘောတူခွင့်ပြုမှုကို တောင်းဆိုခဲ့သည်။ သူက သဘောတူခဲ့သည်။ သူထိုင်းနိုင်ငံသို့ ရောက်သောအခါ အကူအညီပေးရေး အဖွဲ့အစည်းတစ်ခုမှ ဝန်ထမ်းက လေဆိပ်၌ သူ့ကို လာတွေ့ဆုံခဲ့သည်။ ဧင်းက သူ၏ လူကုန်ကူးခံရသည့် အတွေ့အကြုံအကြောင်းနှင့် သူလိုအပ်သည့် အကူအညီကို တွေ့ဆုံမေးမြန်းခဲ့သည်။ သူသည် အိမ်ပြန်ရန် ကူညီခြင်းခံခဲ့ရပြီး နိုင်ငံတော်လူမှုဝန်ထမ်းတစ်ဦးက သူ၏ ရေရှည်အကူအညီ လိုအပ်ချက်များနှင့် ပတ်သက်၍ သူ့အားနောက်ဆက်တွဲလိုက်ပါကူညီလျက်ရှိသည်။ ဗီယက်နမ် အမျိုးသမီးတစ်ဦးသည် အိမ်သို့ ပြန်လာပြီးနောက် သူမ၏ အမှုကိစ္စကို ဘုံအဖွဲ့အာဏာပိုင်များထံ အစီရင်ခံတိုင်ကြားခဲ့သည်။ သိပ်မကြာမီမှာပင် သူမကို နိုင်ငံတော်လူမှုရေးလုပ်ငန်းဌာနမှ ဝန်ထမ်းများက ဆက်သွယ်ခဲ့ကြသည်။ သူမသည် ဤလွှဲပြောင်းခြင်း၏ အကျိုးဆက်ရလဒ်အနေနှင့် အသက်မွေးမှုပညာသင်တန်း၊ နေရာထိုင်ခင်း၊ သင်တန်းတက်နေစဉ်ထောက်ပံ့ကြေး၊ သူမ၏ မိသားစုအတွက် ငွေကြေးအထောက်အပံ့နှင့် သူမ၏ သင်တန်းပြီးဆုံးသည့်အခါ အလုပ်တစ်ခုရှာဖွေရာတွင် အကူအညီ စသည်တို့ ပါဝင်သော အကူအညီ ပုံစံအမျိုးမျိုးကို ရရှိခဲ့သည်။

## ဖြစ်ရပ်မှန်အမှုကိစ္စ လေ့လာချက်များ လူကုန်ကူးမှုတိုက်ဖျက်ရေး အကူအညီပေးရေး အဖွဲ့အစည်းများအကြားတွင် လွှဲပြောင်းမှု ကင်းမဲ့ခြင်း။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ အခမ္ဘလက်ထပ်ရန် လူကုန်ကူးခံရသော အမျိုးသမီးတစ်ဦးကို သူမ အိမ်အပြန်တွင် လူကုန်ကူးမှုတိုက်ဖျက်ရေးရဲများက လူကုန်ကူးခံရသူအဖြစ် စိစစ်သတ်မှတ်ခဲ့သည်။ သူမက သူမကို တွေ့ဆုံမေးမြန်းစဉ် အတောအတွင်းအာဏာပိုင်များ၏ ကောင်းမွန်စွာ ဆက်ဆံခြင်းခံရကြောင်း၊ သို့သော် သူတို့ထံမှ နောက်ထပ်ဘာမှ မကြားရတော့ကြောင်းနှင့် သူတို့က သူမကို အကူအညီရရန် လွှဲပြောင်းမပေးခဲ့ကြောင်း ဖော်ပြပြောဆိုခဲ့သည်။

## ကိစ္စရပ် ၁ ၊ ၅ ။ မလုံလောက်သော သတင်းအချက်အလက် ထောက်ပံ့မှု

*လူကုန်ကူးခံရသူဟူသည့် အဆင့်အတန်းနှင့် ၎င်းတို့၏ အကူအညီရရှိရန် အခွင့်အရေးများအကြောင်း ပြည့်စုံစွာ အသိပေး မခံရခြင်း။*

လူကုန်ကူးခံရသူများအား (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းခြင်းလုပ်ငန်းစဉ်တွင် လုံလောက်စွာ ကူညီထောက်ပံ့ခြင်းအားသေချာစေသည့် အဓိကအချက်မှာ၎င်းတို့၏ လူကုန်ကူးခံရသည့်ဘဝနောက်ပိုင်းတွင် ဆုံးဖြတ်ချက်များနှင့် ရွေးချယ်မှုများအကြောင်း ပြည့်စုံစွာအသိပေးပြီး ၎င်းတို့အနေဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ဤသည်မှာ လူတစ်ဦးချင်းအား ၎င်းတို့၏ လူကုန်ကူးခံရသူဟူသော အဆင့်အတန်း၊ ၎င်းတို့၏ အခွင့်အရေးနှင့် ပြည်တွင်းနှင့် ပြည်ပတွင် ရရှိနိုင်သည့် အမျိုးမျိုးသော အကူအညီ ပုံစံများ (ဤအကူအညီများကို မည်သည့်နေရာနှင့် မည်ကဲ့သို့ ရယူနိုင်သည့် လမ်းကြောင်းအပါအဝင်) စသည့် ပြည့်စုံသော သတင်းအချက်အလက်များ ထောက်ပံ့ရန် လိုအပ်သည်။ ဤသို့ လုပ်ဆောင်ရန်မှာ လူကုန်ကူးခံရသူ၏ အသက်၊ ပညာအရည်အချင်း၊ စိတ်အခြေအနေ၊ ဘာသာစကား၊ စွမ်းဆောင်ရည် စသည့်အချက်များ အပါအဝင်၊ သို့သော် ၎င်းတို့၌သာ ကန့်သတ်မထားသော ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ လူကုန်ကူးခံရသူများကို သတင်းအချက်အလက်များအား စိစစ်ရန်၊ သတင်းအချက်အလက်များအား အသိပေးရန်နှင့် ဂရုတစိုက်ဆင်ခြင်သုံးသပ်ထားသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် အချိန်ပေး ရန်လည်းလိုအပ်သည်။ လူကုန်ကူးခံရသူများကို ၎င်းတို့၏ လက်ငင်း အကူအညီရွေးချယ်ပိုင်ခွင့်များအကြောင်းကိုလည်း အသိပေးသင့်ပြီး၊ အစပိုင်းတွင် သူတို့က ငြင်းဆန်ခဲ့ပါက နောင်တစ်ချိန်ချိန်တွင် ကူညီထောက်ပံ့မှုရွေးချယ်ပိုင်ခွင့်များကို ရယူနိုင်ရန်အခွင့်အလမ်းကို လည်းပေးသင့်သည်။

အောက်ပါ အတိုင်းပြန်လည်ပြောပြသည့် လူကုန်ကူးခံရသူတစ်ဦး၏ အတွေ့အကြုံက ဖော်ပြသကဲ့သို့ပင်၊ အချို့သော လူကုန်ကူးခံရသူများသည် ၎င်းတို့၏ လူကုန်ကူးခံရသူအ ဆင့်အတန်းနှင့် ရွေးချယ်စရာများကို ပြည့်စုံစွာ အသိပေးခြင်းခံရသည်။

"ရဲတွေနဲ့ အကူအညီပေးရေး အဖွဲ့အစည်းက ကျွန်တော်တို့ကို ခေါ်ထုတ်ဖို့ စိုက်ခင်းဆီလာပြီး အလုပ်ရှင်ကိုဖမ်းဆီးခဲ့တယ်။ သူတို့က ကူညီဖို့လာတယ်လို့ ကျွန်တော်တို့ကို ပြောတယ်။ ရဲက တကယ်လို့ ကျွန်တော်အလုပ်လုပ်ချင်ရင် သူက ကျွန်တော်အတွက် မျှတတဲ့ လစာရရှိမယ့်ပိုကောင်းတဲ့ အလုပ်နဲ့ အလုပ်ရှင်ကို ရှာဖွေရာမှာ ကူညီမယ်။ ကျွန်တော့်အနေနဲ့ စိုးရိမ်စရာ မလိုဘူးလို့ ကျွန်တော့်ကို ပြောခဲ့တယ်။ ရဲနဲ့ အကူအညီပေးရေးအဖွဲ့အစည်းက ကျွန်တော်တို့အနေနဲ့ အလုပ်သစ်တစ်ခုကို ရချင်သလား။ ဒါမှမဟုတ် အိမ်ပြန်ချင်သလားဆိုတာ ကျွန်တော်တို့ကို ရွေးချယ်ခွင့်ပြုတယ်။အလုပ်ရှင်ကို တရားစွဲဆိုဖို့ သူတို့က ကျွန်တော်တို့ကို ကူညီတယ်" သို့ရာတွင် လူကုန်ကူးခံရသူများစွာမှာ ဆိုက်ရောက်နိုင်ငံတွင်ဖြစ်စေ၊ ပြည်တွင်း၌ပင်ဖြစ်စေ ၎င်းတို့၏ တရားဝင်၊ ဥပဒေနှင့်ညီသော လူကုန်ကူးခံရသူဟူသော အဆင့်အတန်းနှင့် ၎င်းတို့ ရပိုင်ခွင့်ရှိသော အခွင့်အရေးများကို မသိရှိကြပါ။

၎င်းတို့၏ အဆင့်အတန်းနှင့် ပူးတွဲပါ အခွင့်အရေးများကို မသိရှိခြင်းမှာ အဓိကအချက်(၂)ခုကြောင့် ဖြစ်သည်။

### ၁။ လူကုန်ကူးခံရသူအဆင့်အတန်း၊ အခွင့်အရေးများနှင့် အကူအညီရွေးချယ်မှုများအကြောင်း ပြည့်စုံ၍ နားလည်လွယ်သော သတင်းအချက်အလက်ထောက်ပံ့မှုမရှိခြင်း။

**၂။ ၎င်းတို့၏ အဆင့်အတန်းနှင့် အကူအညီရွေးချယ်မှုများအကြောင်း သတင်းအချက်အလက်များကို နားလည်မှုအား အတားအဆီးများ ရှိခြင်း။** ၎င်းတွင် ဘာသာစကား အတားအဆီး၊ အကူအညီရွေးချယ်မှုအတွက် အခွင့်အလမ်းနှင့် အတွေ့အကြုံ မရှိခြင်း၊ နားလည်နိုင်စွမ်းရည်၊ အသက်၊ ဖွံ့ဖြိုးမှုအဆင့်၊ စိတ်အခြေအနေ၊ လူကုန်ကူးခံရသူဟု မည်သည့်အခါကမျှ စိစစ်သတ်မှတ်ခြင်း မခံရမှု စသည့် အချက်များ

ပါဝင်သည်။

## ဖြစ်ရပ်မှန်အမှုကိစ္စ လေ့လာချက်များ လူကုန်ကူးခံရသူ အဆင့်အတန်းအကြောင်း သတင်းအချက်အလက်များသည် ပြည့်စုံမှု၊ သို့မဟုတ်၊ နားလည်နိုင်မှု မရှိပါ။

အစမွလက်ထပ်ရန် တရုတ်နိုင်ငံသို့ လူကုန်ကူးခံရသော ဗီယက်နမ်အမျိုးသမီးတစ်ဦးသည် ဗီယက်နမ်နိုင်ငံသို့ သူမပြန်လာပြီးနောက် အချိန်အတော်ကြာမှ ကူညီခြင်းခံခဲ့ရသည်။ သူမရှင်းပြသည့် အတိုင်းဆိုလျှင် သူမ၏ အမှုကိစ္စကို ဒေသအုပ်ချုပ်ရေးအဖွဲ့သို့ အစီရင်ခံခဲ့သော်လည်း သူတို့က သူမကို ရနိုင်သော အကူအညီ ရွေးချယ်ပိုင်ခွင့်များအကြောင်း မည်သည့် အရာကိုမျှမပြောခဲ့ဘဲ လူကုန်ကူးခံရသူအဖြစ် အကူအညီ တောင်းခံရန် လိုအပ်သည့် လျှောက်လွှာပုံစံစာရွက်များကိုလည်း သူမကို မပေးခဲ့ပါ။ ထိုင်းနိုင်ငံသို့လူကုန်ကူးခံရသော လာအိုအမျိုးသမီးတစ်ဦးက ရဲများသည် ဥပဒေလုပ်ငန်းစဉ်နှင့် သူမ၏ ဂေဟာတွင်နေထိုင်မှု အချိန်အတိုင်းအတာ အကြောင်းမှန်ကန်သော သတင်းအချက်အလက်များ မပေးခဲ့ပုံကို ရှင်းပြခဲ့သည်။ "ဒီနေရာမှာနေတာ တစ်ပတ်ကြာပြီးတဲ့အခါ ကျွန်မအရင် ဒီနေရာမှာ ရောက်နေတဲ့ အခြား(အမျိုးသမီးတွေ)နဲ့ ကျွန်မ စကားစပြောခဲ့တယ်။ ကျွန်မ ဒီနေရာမှာ ရဲတွေ ကျွန်မကို ပြောခဲ့တာထက် ပိုပြီးကြာကြာနေရလိမ့်မယ်ဆိုတာ ကျွန်မ သိခဲ့ရတယ်။ သူတို့က ပြောတယ်။ သူတို့ကို ဒီနေရာမှာ ရက်အနည်းငယ်သာနေရလိမ့်မယ်ပြောခဲ့ပြီး တကယ်တော့ သူတို့ ဒီနေရာမှာ ရောက်နေတာ ၆ လ၊ ၇ လ ရှိနေပြီ"

## ကိစ္စရပ် ၁ ၊ ၆ ။ စီမံခန့်ခွဲအုပ်ချုပ်မှု သတ်မှတ်ချက်များနှင့် လုပ်ထုံးလုပ်နည်းများ

*အချို့သော စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများသည် လူကုန်ကူးခံရသူ၏ ကိုယ်ပိုင်လုပ်ပိုင်ခွင့်နှင့် (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေးကို ပျက်စီးစေသည်။*

တရားဝင်သတ်မှတ်ထားသော (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေးလုပ်ငန်းစဉ်ရှိ အချို့သော လုပ်ထုံးလုပ်နည်းများသည် တကယ်တမ်းတွင် (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေး အောင်မြင်မှုကို ဟန့်တားနေသည့်အပြင် လူကုန်ကူးခံရသူများ၏ အခွင့်အရေးများကို ချိုးဖောက်နေသည့် အလားအလာရှိသည်။ အချို့ဖြစ်ရပ်များတွင် ၎င်းတို့မှာ တရားဝင်သတ်မှတ်ထားသော၊ ဝတ္တရားအရဆောင်ရွက်ရသော အုပ်ချုပ်စီမံမှု လုပ်ထုံးလုပ်နည်းများပင်ဖြစ်သည်။ အခြားသော ဖြစ်ရပ်များတွင်မူ ၎င်းတို့မှာ ဥပဒေအရသော်လည်းကောင်း၊ အုပ်ချုပ်စီမံမှုအရသော်လည်းကောင်း၊ မလိုအပ်ဘဲ ပုံသေသတ်မှတ်ထားသည့် ကျင့်သုံးလုပ်ဆောင်မှုများဖြစ်သည်။ ဤလုပ်ထုံးလုပ်နည်းများတွင် အောက်ပါအချက်များ ပါဝင်သည်။

### ၁။ ဇာတိရပ်ရွာလူ့အဖွဲ့အစည်းထံ မဖြစ်မနေ ပြန်ပို့ခြင်း

နိုင်ငံအချို့တွင် လူကုန်ကူးခြင်းခံရပြီးနောက် လူကုန်ကူးခြင်းခံရသူကို ၎င်းတို့၏ ဇာတိရပ်ရွာလူ့အဖွဲ့အစည်းထံသို့ ပြန်ပို့ရန် လိုအပ်သည်။ ၎င်းအချက်နှင့် နီးကပ်စွာ ချည်နှောင်ထားသည်မှာ လူကုန်ကူးခံရသူများ (အရွယ်ရောက်ပြီးသူများ အပါအဝင်)အား သူတို့ကို လက်ခံပြီး အချို့ဖြစ်ရပ်များတွင် သူတို့အတွက် လက်မှတ်ရေးထိုးရသည့် မိသားစုထံပြန်ပို့ရန် လိုအပ်ချက်ပင်ဖြစ်သည်။ အဘယ်ကြောင့် ဤလုပ်ထုံးလုပ်နည်း လိုအပ်သနည်းဆိုသည်မှာ မရှင်းလင်းပါ။ အထူးသဖြင့် အရွယ်ရောက်ပြီးသူ လူကြီးများအနေဖြင့် ဤကဲ့သို့ လုပ်ထုံးလုပ်နည်းများသည် ကလေးဆန်ပြီး သူတို့၏ ကိုယ်ပိုင်လုပ်ပိုင်ခွင့်နှင့် ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်များကို ပျက်စီးစေသည်ဟု အငြင်းပွားဖွယ်ဖြစ်သည်။

## ၂။ လူကုန်ကူးခံရသူများ အိမ်ပြန်ရာတွင် ဒေသခံအာဏာပိုင်များ၏ ပါဝင်ပတ်သက်မှု

လူကုန်ကူးခံရသူများ အိမ်ပြန်ခြင်းနှင့် သူတို့အား လက်ခံခြင်းတို့တွင် ၎င်းတို့အား အရာရှိများက စောင့်ကြပ်လိုက်ပါပို့ဆောင်ခြင်း (သို့မဟုတ်) ကျေးရွာအကြီးအကဲက သူတို့အားလက်ခံခြင်း စသည်တို့ အပါအဝင် မိသားစုအိမ်နှင့် ကျေးရွာပတ်ဝန်းကျင်တွင် အရာရှိများရောက်ရှိနေသည်။ (များသောအားဖြင့် အလွန်တွေ့မြင်လွယ်သည်။) ဖြစ်ရပ်များစွာတွင် ဤကဲ့သို့သော သိမြင်လွယ်သည့် အိမ်အပြန်လုပ်ငန်းစဉ်သည် သူတို့အား လူကုန်ကူးခံရသူအဖြစ် (သို့မဟုတ်၊ အနည်းဆုံးအားဖြင့် ဘဝရပ်တည်ရန် ခက်ခဲသော၊ သို့မဟုတ် မအောင်မြင်သော ရွှေ့ပြောင်းလုပ်ကိုင်သူအဖြစ်) သူတို့၏ မိသားစုနှင့် ရပ်ရွာလူ့အဖွဲ့အစည်းအားအရင်းခံအားဖြင့် ထုတ်ပြလိုက်ခြင်းပင်ဖြစ်သည်။ ဤလုပ်ငန်းစဉ်သည် အနည်းဆုံးအားဖြင့် သူတို့၏ ပုဂ္ဂိုလ်ရေးလျှို့ဝှက်မှုနှင့် အတွင်းရေး လျှို့ဝှက်မှုကို ချိုးဖောက်ခြင်းဖြစ်ပြီး၊ အဆိုးဆုံးအားဖြင့် ဘေးအန္တရာယ်ကင်းရေးနှင့် လုံခြုံရေးတို့နှင့် ပတ်သက်၍လည်းကောင်း၊ သူတို့၏ မိသားစုနှင့် ရပ်ရွာလူ့အဖွဲ့အစည်းတွင် ရေရှည်ခွဲခြားဆက်ဆံခြင်းနှင့် ဝိုင်းပယ်ခြင်းတို့နှင့် ပတ်သက်၍လည်းကောင်း၊ ကြီးမားသော အန္တရာယ်ဖြစ်စေသည့် အလားအလာရှိသည်။

## လေ့လာသိရှိခဲ့သော ကျင့်ဝတ်ဆိုင်ရာ သင်ခန်းစာစီမံခန့်ခွဲအုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၏ ဥပဒေဆိုင်ရာနှင့် ကျင့်ဝတ်ဆိုင်ရာ အကျိုးသက်ရောက် ဂယက်ရိုက်ခတ်မှုများ

စီမံခန့်ခွဲအုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် အလွန်များပြားသော ကျင့်ဝတ်ဆိုင်ရာကိစ္စရပ်များကို ပေါ်ပေါက်စေသည်။ အထူးသဖြင့် လူကုန်ကူးခံရသူများ၏ ပုဂ္ဂိုလ်ရေးလျှို့ဝှက်မှု၊ အမည်နာမ လျှို့ဝှက်မှု၊ အတွင်းရေးလျှို့ဝှက်မှုများနှင့် ဘေးအန္တရာယ်ကင်းရေးနှင့် လုံခြုံရေးကိစ္စရပ်များနှင့် ပတ်သက်၍ဖြစ်သည်။ လူကုန်ကူးခံရသူများအား အပျက်သဘောဆောင်စွာ ထိခိုက်စေသော စီမံခန့်ခွဲအုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် လက်တွေ့ကျင့်သုံး ဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်ဆင်ခြင်ရန်နှင့် ပြုပြင်ပြောင်းလဲရန် လိုအပ်သည်။ ဤပြောင်းလဲမှုများကို လူကုန်ကူးခံရသူများနှင့် တိုင်ပင်ဆွေးနွေးပြီး သူတို့၏ သတင်းအချက်အလက်ထည့်ဝင်မှုများဖြင့် ပြုလုပ်သင့်သည်။ လက်ရှိတည်ဆဲ လုပ်ထုံးလုပ်နည်းများသည် အကယ်၍ ၎င်းတို့အား သက်ဆိုင်ရာဝန်ထမ်းများအတွက် အပြုအမူဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများနှင့် အတွင်းရေးလျှို့ဝှက်မှု၊ အမည်နာမလျှို့ဝှက်မှု၊ ပုဂ္ဂိုလ်ရေးလျှို့ဝှက်မှုနှင့် လူကုန်ကူးခံရသူများ၏ အကောင်းဆုံးအကျိုးစီးပွားများ၊ အထူးသဖြင့် ကလေးသူငယ်တစ်ဦး၏ အမှုကိစ္စမျိုးတွင် စသည်တို့ကဲ့သို့သော ကျင့်ဝတ်ဆိုင်ရာ လိုက်နာစောင့်ထိန်းရမည့် လုပ်ထုံးလုပ်နည်းများနှင့် တွဲဖက်မထားလျှင် လူကုန်ကူးခံရသူများအတွက် အန္တရာယ်ရှိသည့် အလားအလာများ ဖြစ်ပေါ်စေသည်။ ဥပမာအားဖြင့် အကယ်၍ အရာရှိများနှင့် အာဏာပိုင်များအား အမှုကိစ္စများကို ကိုင်တွယ်ဆောင်ရွက်ရာတွင် လျှို့ဝှက်နှုတ်လုံရမည့်တာဝန်တစ်ရပ်ဖြင့် ချည်နှောင်မထားပါက သူတို့သည် လူကုန်ကူးခံရသူများအား သူတို့၏ မိသားစုများနှင့် ရပ်ရွာလူ့အဖွဲ့အစည်းတွင် "အပယ်ခံ" စေနိုင်သည့် ပုဂ္ဂိုလ်ရေးသတင်းအချက်အလက်များကို သူတို့၏ သဘောတူခွင့်ပြုချက် မရှိဘဲ ဝေမျှပေးဖွယ်ရာရှိသည်။ ၎င်းသည် ခွဲခြားဆက်ဆံခံရခြင်းနှင့် နာမည်ပျက်အမည်းစက်ထင်စေခြင်းသို့ ဦးတည်သည်။ မြန်မာနိုင်ငံတွင် အမျိုးသမီးတစ်ဦးက သူမ၏ ကျေးရွာအကြီးအကဲသည် သူမ၏ သူငယ်ချင်း (သူမနှင့်အတူ ခေါင်းပုံဖြတ်ခံခဲ့ရသူ) ၏ မိခင်အား "လူကုန်ကူးခံရသူ၏ မိခင်" အဖြစ် လူသိရှင်ကြား ရည်ညွှန်းပြောကြားခဲ့ပုံကို ဖော်ပြပြောဆိုခဲ့သည်။ ရပ်ရွာလူ့အဖွဲ့အစည်းသို့ ပြန်လာခြင်း အပါအဝင် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး၏ အမျိုးမျိုးသော အဆင့်များ တစ်လျှောက်လုံးတွင် အမှုကိစ္စအားလုံးအား ကိုင်တွယ်ဆောင်ရွက်ရာ၌ ကျင့်ဝတ်ဆိုင်ရာ လိုက်နာစောင့်ထိန်းရမည့် လုပ်ထုံးလုပ်နည်းများကို ဖွဲ့စည်းထူထောင်ရန် လိုအပ်သည်။ ဖြစ်ရပ်တစ်ခုတွင် သူမ၏ ရပ်ရွာလူ့အဖွဲ့အစည်းထံ ပြန်သွားခဲ့သော လာအိုမိန်းကလေးတစ်ဦးက အဖွဲ့အစည်းသည် သူမ၏ အတွေ့အကြုံကို လျှို့ဝှက်ထားရှိရန်နှင့် ပတ်သက်၍ ကျေးရွာအကြီးအကဲနှင့် စကားပြောခဲ့ပုံနှင့် ၎င်းသည် သူမအတွက် အလွန်

အရေးကြီးပုံကို ဖော်ပြပြောဆိုခဲ့သည်။ ရပ်ရွာလူ့အဖွဲ့အစည်းခေါင်းဆောင်များ၊ အုပ်ချုပ်ရေးမှူးများ၊ ကားမောင်းသူများ၊ ဘာသာပြန်သူများ အစရှိသဖြင့်တို့ အပါအဝင် လူကုန်ကူးသူများနှင့် ဆက်သွယ်မှုရှိသော ရုံးဝန်ထမ်းများနှင့်အမှုထမ်းများအားလုံးအား၌ကျင့်ဝတ်ဆိုင်ရာလိုက်နာစောင့်ထိန်းရမည့် လုပ်ထုံးလုပ်နည်းများကို လေ့ကျင့်သင်ကြားပေးရမည်ဖြစ်သည်။

## ကိစ္စရပ် ၁ ၊ ၇ ။ အရင်းအမြစ်များ၊ ရန်ပုံငွေနှင့် ရေရှည်တည်တံ့မှု။

*(ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးအား အမျိုးသားအစိုးရများနှင့် နိုင်ငံခြားအလှူရှင်တို့က မလုံမလောက် အရင်းအနှီးထောက်ပံ့လျက်ရှိသည်။*

လူကုန်ကူးခံရသူများနှင့် တွေ့ဆုံမေးမြန်းမှုများက အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများတွင် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး အထောက်အပံ့အတွက် အရင်းအမြစ်များ အလုံးစုံကင်းမဲ့နေမှုကို မီးမောင်းထိုးပြနေသည်။ ဖြစ်ရပ်များစွာတွင် (ပြန်လည်)ဝင်ဆန့် ပေါင်းစည်းရေးအတွက် အရင်းအမြစ်များ ကင်းမဲ့မှု၏ ရလဒ်အဖြစ် အကူအညီရယူရေးလမ်းကြောင်းကို ကန့်သတ်ထားရှိသည်။(ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးလုပ်ငန်းတွင် အရင်းအမြစ်များ ပြတ်လပ်နေခြင်းမှာ အောက်ပါအချက်များကြောင့် ဖြစ်သည်။

### ၁။ (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးလုပ်ငန်းအတွက် အစိုးရအရင်းအမြစ်များ ကင်းမဲ့မှု

မဲခေါင်မြစ်ဝှမ်းဒေသ နိုင်ငံများတွင် အချို့သော (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေး အကူအညီကို အမျိုးသားအစိုးရများက ထောက်ပံ့သည်။ ၎င်းတွင် လူမှုရေးအရရပ်တည်ရန် ခက်ခဲသော သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ အသက်မွေးဝမ်းကျောင်း လေ့ကျင့်သင်ကြားရေးစီမံချက်များ၊ ဆင်းရဲမွဲတေမှု လျှော့ချရေးအစီအစဉ်များ၊ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများ၊ အစိုးရကျောင်းနှင့် ကျောင်းပြင်ပပညာရေး စီမံချက်များ၊ လူမှုဖူလုံရေး စသည့် ပို၍ ယေဘုယျကျသော ကူညီထောက်ပံ့မှု အစီအစဉ်များ ပါဝင်ပြီး ၎င်းတို့ကို လူကုန်ကူးခံရသူများအား ကူညီထောက်ပံ့ရန် စုစည်းဆောင်ရွက်သည်။ သို့ရာတွင် ဒေသတွင်းရှိ မည်သည့် အစိုးရကမျှ လူကုန်ကူးခံရသူများအတွက် အလုံးစုံပြည့်စုံသော (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေး ကူညီထောက်ပံ့မှုကို မပေးနိုင် (ရန်ပုံငွေ မထောက်ပံ့နိုင်)ပါ။ နောက်ဆက်တွဲ ကူညီထောက်ပံ့မှုမှာလည်း မသေချာပါ။

### ၂။ နိုင်ငံခြားအလှူရှင်များက ရန်ပုံငွေထောက်ပံ့ထားသော အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများအတွင်း၌ အရင်းအမြစ်မလုံလောက်ခြင်း

များသောအားဖြင့် (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေးအကူအညီ စီမံချက်များကို ပြင်ပအရင်းအမြစ်များ (နိုင်ငံခြားအလှူရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအေဂျင်စီများ)က ရန်ပုံငွေ ထောက်ပံ့လျက်ရှိပြီး အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ပေးအပ်သော ဝန်ဆောင်မှုများသည် အစိုးရဝန်ဆောင်မှုများထက်ပို၍ အရင်းအမြစ်ကြွယ်ဝပြီး အကူအညီပေးအပ်မှုသည်လည်း ယေဘုယျအားဖြင့် ပို၍ ပြည့်စုံသည်။ အရင်းအမြစ်များအား အမှုကိစ္စဆောင်ရွက်သည့် အလုပ်သမားများ ငှားရမ်းခြင်းနှင့် အမှုများကို ရေရှည်စီမံခန့်ခွဲခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းတို့ကို ထောက်ရှု၍အစိုးမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများတွင် အလုပ်လုပ်သောဝန်ထမ်းများသည် လူကုန်ကူးခံရသူများနှင့် အချိန်ကြာလာသည်နှင့်အမျှပို၍ အဆက်အသွယ်ရှိလာပုံရသည်။ သို့ရာတွင် ဤစီမံချက်များသည် တစ်ခါတစ်ရံတွင် အကန့်အသတ်ရှိသော အရင်းအမြစ်များနှင့် ဘဏ္ဍာငွေလိုအပ်ချက်များကြောင့် ထိခိုက်မှုရှိပြီး လူကုန်ကူးခံရသူများ၏ (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေး အထောက်အပံ့ကို ကန့်သတ်ထားသည်။

## အဓိကတွေ့ရှိချက်များ၊ အပိုင်း ၂
## ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး ဝန်ဆောင်မှုများ
## ထောက်ပံ့ပေးအပ်ခြင်းဆိုင်ရာ ကိစ္စရပ်များ



ကမ္ဘောဒီးယား NGO နိုင်ငံ ဖြတ်ကျော် စိတ် - လူမှုရေးအဖွဲ့အစည်း (Transnational Psychosocial Organization) (TPO) မှ စိတ်- လူမှုရေးအကြံပေးပုဂ္ဂိုလ်တစ်ဦးသည် အမှုသည် လူကုန်ကူးခံရသူများထံ အိမ်တိုင်ရာရောက် သွားရောက်၍ နှစ်သိမ့်ဆွေးနွေး အကြံပေးခြင်းကို ကမ်းလှမ်းပေးအပ်သည်။

# အဓိကတွေ့ရှိချက်များ။ အပိုင်း (၂)။
# ပုဂ္ဂိုလ်ရေးအရ တစ်ဦးချင်းထောက်ပံ့သော
# (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေး ဝန်ဆောင်မှုများ၏ ကိစ္စရပ်များ

## ကိစ္စရပ် ၂ ၊ ၁ ။ ပုဂ္ဂိုလ်ရေးအရ တစ်ဦးချင်းထောက်ပံ့မှု မရှိခြင်း

*(ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး အကူအညီများကို ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ လိုအပ်ချက်များနှင့် အခြေအနေများနှင့် ကိုက်ညီအောင် အမြဲတမ်း ပြုပြင်ပြောင်းလဲခြင်း မပြုလုပ်ပါ။*

များစွာသော အဖွဲ့အစည်းများသည် အကူအညီရယူခံစားသူ အားလုံးကို ပုံသေသတ်မှတ်ထားသော အကူအညီကိုပေးကမ်းကြသည်။ သို့ရာတွင် များစွာသော လူကုန်ကူးခံရသူများအဖို့ ၎င်းတို့ရရှိသော ဝန်ဆောင်မှုများနှင့် အထောက်အပံ့ (နှင့် ဤဝန်ဆောင်မှုများကို စီစဉ်ဆောင်ရွက်မှုနည်းလမ်း) သည် ၎င်းတို့၏ တစ်ဦးချင်း လိုအပ်ချက်များ၊ အခြေအနေ၊ အကျိုးစီးပွား သို့မဟုတ် စွမ်းရည်တို့နှင့် ကိုက်ညီအောင် လုံလောက်စွာ ပြုပြင်ပြောင်းလဲမှု မရှိပါ။ များစွာသော စီမံချက်များနှင့် အင်စတီကျူးရှင်းများတွင် ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် ကူညီမှု ကင်းမဲ့ရခြင်းအတွက် အကြောင်းအချက် များစွာရှိသည်။ ၎င်းအကြောင်းအချက်များမှာ လူကုန်ကူးခံရသူများနှင့် အလုပ်လုပ်ရာတွင် ၎င်းတို့၏ သီးခြားဖြစ်သော အခြေအနေ၊ လိုအပ်ချက်များနှင့် အကျိုးစီးပွားများကို အကဲဖြတ် ရန် မလုံလောက်သော အာရုံစိုက်မှုနှင့် အချိန်ပေးမှုအပေါ်တွင် ယေဘုယျအားဖြင့် ဗဟိုပြုနေသည်။

၎င်းတို့တွင် အောက်ပါအချက်များ ပါဝင်သည် -

၁။ တစ်ဦးချင်း လိုအပ်ချက်များကို အကဲဖြတ်မှု မရှိခြင်း

၂။ လိုအပ်ချက်များကို အကဲဖြတ်ရာတွင် အချိန်ပေးမှု မလုံလောက်ခြင်း

၃။ အကူအညီရယူခံစားမည့်သူများ ပါဝင်ဆောင်ရွက်မှု အကန့်အသတ်ရှိခြင်း

၄။ ဆိုက်ရောက်နိုင်ငံနှင့် မူရင်းနိုင်ငံအကြား ဆက်သွယ်ဆောင်ရွက်မှု အကန့်အသတ်ရှိခြင်း

လူကုန်ကူးခံရသူများအတွက် တစ်ဦးချင်းအလိုက်၊ ကိုက်ညီပြုပြင်ထားသော ဝန်ဆောင်မှုများ ကင်းမဲ့ ခြင်း၏ အဓိကအကျိုးဆက်(၂)ခုမှာ အကူအညီသည် မသင့်တော်၊ မကိုက်ညီခြင်း (လူကုန်ကူးခံရသူများ၏ လိုအပ် ချက်ကို မဖြည့်ဆည်းပေးနိုင်ခြင်း)၊ သို့မဟုတ်၊ အကူအညီကို မရရှိနိုင်ခြင်းတို့ပင် ဖြစ်သည်။

ဤနှစ်ခုစလုံးသည် (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေးရလဒ်များကို ရေရှည် (နှင့် အပျက်သဘောဆောင် သော) ဂယက်ရိုက်ခတ်မှု ရှိသည်။

## ဖြစ်ရပ်မှန်အမှုကိစ္စ လေ့လာချက်များ အကူအညီ ကမ်းလှမ်းမှုများသည် ပုဂ္ဂိုလ်တစ်ဦးချင်း လိုအပ်ချက်များနှင့် အခြေအနေနှင့် ကိုက်ညီအောင် ပြုပြင်ပြောင်းလဲခြင်း မရှိပါ။

ဗီယက်နမ်နိုင်ငံမှ လူငယ်တစ်ဦးသည် လုပ်အားအတွက် တရုတ်နိုင်ငံသို့ လူကုန်ကူးခံခဲ့ရသည်။ သူအိမ်ပြန် လာသောအခါ သူသည် မော်တော်ကားစက်ပြင်သင်တန်းကို တက်ချင်ခဲ့သည်။ သို့သော် ဤရွေးချယ်မှုကို သူ့ကို အကူအညီကမ်းလှမ်းသော အေဂျင်စီထံမှ မရနိုင်ပါ။ ၎င်းအစား သူသည် သားရေပြည်ပပို့သည့်ကုမ္ပဏီတစ်ခု တွင် အလုပ်လုပ်ရန်၊ သို့မဟုတ် မော်တော်ဆိုင်ကယ်ပြုပြင်ရေးကို လေ့ကျင့်သင်ကြားရန် အခွင့်အလမ်းကို ကမ်းလှမ်းခံခဲ့ရသည်။ ရွေးချယ်မှု ၂ခုစလုံး သူ့ကို ဆွဲဆောင်နိုင်စွမ်း မရှိပါ။ ၎င်းတို့က သူ့ကို အလားအလာ ကောင်းသော အလုပ်အကိုင် ရွေးချယ်နိုင်သည့် အခွင့်အရေးကို မပေးနိုင်ဟု သူခံစားရသည်။ သူသည် အကူအညီ ကို ငြင်းပယ်ခဲ့သည်။

## ထို့အပြင် (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေး စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် အကူအညီ ရယူခံစားသူများ၏ ပါဝင်ဆောင်ရွက်မှုကို ကန့်သတ်ထားသည်။

လုပ်အားအတွက် ထိုင်းနိုင်ငံသို့ လူကုန်ကူးခံရသော ကမ္ဘောဒီးယားအမျိုးသားတစ်ဦးက ကူညီထောက်ပံ့မှု အဖွဲ့အစည်းနှင့် သူ၏အကြားတွင် သူ၏ လိုအပ်ချက်များကို သူတို့ အကဲဖြတ်ရန် လာရောက်သောအခါတွင် လွဲမှားစွာ ဆက်သွယ်ပြောဆိုမှုကို ဖော်ပြခဲ့သည်။ ၎င်းက သူလိုချင်သည့် သို့မဟုတ်၊ လိုအပ်သည့် အရာများ မဟုတ်သော ဝန်ဆောင်မှုများကို ကမ်းလှမ်းခြင်းခံရစေသည်။ ကူညီထောက်ပံ့မှု အဖွဲ့အစည်းသည် သူ့အတွက် အသက်မွေးမှုပညာသင်တန်းတက်ရောက်ရန် စီစဉ်ပေးခဲ့ သည်။ သို့သော် သူ့အနေဖြင့် ထိုသို့ မတက်ရောက် နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် သူသည် သူ၏ လူကုန်ကူးခံရသည့် ဒဏ်ရာ ဒဏ်ချက်များမှ နာလန်ထူဆဲဖြစ် သောကြောင့်ဖြစ်သည်။ ထို့ပြင် လေ့ကျင့်သင်ကြားပေးမှုသည် သူစိတ်မဝင်စားသော လုပ်ငန်းနယ်ပယ်တစ်ခု ဖြစ်သည်။ သူ၏ ဇနီးသည် ကိုယ်ဝန်ဆောင်နေရပြီး သူ့အနေဖြင့် သူ၏မိသားစုကို ထောက်ပံ့ရန် အလုပ်လုပ်ဖို့ လိုအပ်သည်။ သူသည် သူ၏ ရွာတွင် သေးငယ်သော ကုန်စုံဆိုင်တစ်ခု ထူထောင်ချင်သည်။ ထို့အတွက် သူသည် အရင်းအနှီးလိုအပ်သည်။ ၎င်းအစား သူသည် မွေးမြူရန် တိရစ္ဆာန်အချို့ ရရှိခဲ့ပြီး တိရစ္ဆာန်များ အားလုံး သေဆုံးကုန်သည်။ သူအကူအညီ မရရှိနိုင်ခဲ့သော ပြဿနာအချို့ ရှိ/မရှိ မေးမြန်းသောအခါ "သူတို့က ကျွန်တော့် အခြေအနေကို လုံးဝနားမလည်ဘူး"ဟု ပြောရင်း သူသည် စိတ်ပျက်မှုကို ထုတ်ဖော်ပြသခဲ့သည်။

မြန်မာနိုင်ငံမှ မိန်းကလေးတစ်ဦးသည် သူမ၏ အကူအညီနှင့် ဘဝနှင့် ပတ်သက်၍ ဆုံးဖြတ်ချက် ချမှတ်ရာတွင် သူမအနေဖြင့် တက်ကြွစွာ ပါဝင်ပတ်သက်မှု မရှိရခြင်းအတွက် စိတ်ပျက်ရမှုကို ထုတ်ဖော်ပြောဆို ခဲ့သည်။ သူမက ကူညီထောက်ပံ့မှုဝန်ထမ်းများ သူမဆီ တွေ့ဆုံရန်လာသောအခါ သူတို့သည် သူမ၏ မိခင်ကိုသာ စကားပြောပြီး သူမကို ဆွေးနွေးတိုင်ပင်မှု မရှိခဲ့ကြောင်း ရှင်းပြခဲ့သည်။

## ကောင်းမွန်သော ကျင့်သုံးဆောင်ရွက်မှု (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး လမ်းကြောင်းပေါ်တွင် လူကုန်ကူးခံရသူများ၏ လိုအပ်ချက်များကို အကဲဖြတ်ခြင်း (နှင့် ပြန်လည်အကဲဖြတ်ခြင်း)ပြုလုပ်သည်။

လုပ်အားအတွက် မြန်မာနိုင်ငံအတွင်း ပြည်တွင်း၌ လူကုန်ကူးခံရသော လူငယ်တစ်ဦးက ပုံမှန် ဆက်သွယ်မှု နှင့် ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် ကူညီထောက်ပံ့မှုအကြောင်း ဖော်ပြပြောဆိုခဲ့သည်။ ဝန်ဆောင်မှုထောက်ပံ့သူသည် အခြေအနေများ ဘယ်လိုဖြစ်နေသည်ကို ကြည့်ရှုရန်နှင့် သူတို့ နောက်ဆုံး တွေ့ဆုံခဲ့ပြီးချိန်မှစ၍ဖြစ်ပေါ် လာသော မည်သည့်ပြဿနာများ ၊သို့မဟုတ်၊ လိုအပ် ချက်များကိုမဆို ဆွေးနွေးရန် ၃လကြာတိုင်းသူနှင့် တွေ့ဆုံသည်။ သူက သူ့အတွက် ဤဆက်လက် လုပ်ဆောင်နေသော ဆက်သွယ်မှုနှင့် အထောက်အပံ့သည် သူ၏ (ပြန်လည်) ဝင်ဆန့် ပေါင်းစည်းရေးတွင် အလွန်အရေးပါသည်ဟု ရှင်းပြခဲ့သည်။

ပြည်တန်ဆာလုပ်ရန် ဂျပန်နိုင်ငံသို့ လူကုန်ကူးခံရသော ထိုင်း အမျိုးသမီးတစ်ဦးသည် သူမ၏ လူမှု ဝန်ထမ်းနှင့် ပုံမှန်အဆက်အသွယ်ရှိသည်။ လူမှုဝန်ထမ်းသည် သူမမည်သို့ စခန်းသွားနေသည်ဆိုသည်နှင့် သူမတွင် အကူအညီ လိုအပ်ချက်တစ်ခုခု ရှိ၊ မရှိ ကြည့်ရှုရန် သူမထံ မကြာ မကြာလာရောက် လည်ပတ်သည်။ သူမတွင် ဆေးဝါးကုသရန် လိုအပ်သော နာတာရှည်ကျန်းမာရေး အခြေအနေတစ်ခုရှိသည်။ သို့ဖြစ်၍ လူမှုဝန်ထမ်းက သူမလိုအပ်သော ဆေးဝါးကုသမှုကို သူမရရှိဖို့ သေချာစေရန် ကြည့်ရှုစစ်ဆေးခဲ့သည်။

## ကိစ္စရပ် ၂ ၊ ၂ ။ အလုံးစုံ ပြည့်စုံသော ဝန်ဆောင်မှု မရှိခြင်း

*လူကုန်ကူးခံရသူ အားလုံးသည် အလုံးစုံ ပြည့်စုံသည့် ဝန်ဆောင်မှုကို မရရှိနိုင်ပါ။*

များစွာသော လူကုန်ကူးခံရသူများက အလုံးစုံပြည့်စုံသော ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် ဝန်ဆောင်မှုများနှင့် အထောက်အပံ့သည် မည်ကဲ့သို့ သူတို့၏ အောင်မြင်သော (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းမှုအား အထောက်အကူပြုကြောင်း ဖော်ပြခဲ့ကြသည်။ ဤလေ့လာချက်အတွက် တွေ့ဆုံမေးမြန်းခဲ့သော လူကုန်ကူးခံရသူများထဲမှ (၇၃)ဦးသည် အလုံးစုံ ပြည့်စုံသော (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး အထောက်အပံ့ဟု အမျိုးအစား သတ်မှတ်နိုင်သည့် အကူအညီကို ရရှိခဲ့ကြသည်။

သို့ရာတွင် အားလုံးခြုံကြည့်လျှင် လူကုန်ကူးခံရသူများစွာသည် ၎င်းတို့၏ လူကုန်ကူးခံရသည့် အတွေ့အကြုံနောက်ပိုင်းတွင် အလုံးစုံပြည့်စုံသည့် (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေးဝန်ဆောင်မှုများကို မရရှိခဲ့ကြပါ။ လူကုန်ကူးခံရသူများမှာ လျော့နည်းစွာ အကူအညီပေးခြင်းခံရသည်က များသည်။ တစ်နည်းဆိုရလျှင် ၎င်းတို့သည် အချို့သော (တစ်ခါတစ်ရံ များစွာသော) ကူညီမှုပုံစံများကို ရရှိခဲ့ကြသော်လည်း ၎င်းတို့၏ ပုဂ္ဂိုလ်တစ်ဦးချင်းအရ လိုအပ်ချက်များနှင့် အခြေအနေနှင့် ကိုက်ညီအောင် ပြုပြင်ပြောင်းလဲထားသည့် အလုံးစုံ ပြည့်စုံသော ဝန်ဆောင်မှုများကို မရရှိခဲ့ကြပါ။

ပြည့်စုံသော ဝန်ဆောင်မှု ထောက်ပံ့ခြင်းသည် အဖွဲ့အစည်း၊ အင်စတီကျူးရှင်းနှင့် နိုင်ငံအလိုက် ကွဲပြားခြားနားသည်။ သို့ရာတွင် ဒေသတွင်း၌ မည်သူတို့သည် အလုံးစုံ ပြည့်စုံသော(ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး ဝန်ဆောင်မှုများကို ယေဘုယျအားဖြင့် ရရှိရန် လမ်းကြောင်းရှိသည် (မရှိသည်)နှင့် ပတ်သက်၍ စိစစ်သတ်မှတ်ထားသော အဓိကပုံစံ(၃)ခု ရှိသည်။

### ၁။ အလုံးစုံ ပြည့်စုံသော ဝန်ဆောင်မှုများကို ဂေဟာများတွင် ရနိုင်သော်လည်း လူအဖွဲ့အစည်းများထဲတွင် မရနိုင်ပါ။

ကမ်းလှမ်းပေးအပ်သော အကူအညီများ အမြောက်အများရှိသည့် ဂေဟာအခြေပြု စီမံချက်များမှတစ်ဆင့်၊ အလုံးစုံ ပြည့်စုံသော (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး ဝန်ဆောင်မှုများကို ယေဘုယျအားဖြင့် ပို၍ ကျယ်ပြန့်စွာရရှိနိုင်သည်။ လူကုန်ကူးခံရသူများသည် သူတို့၏ နေအိမ်များ/ရပ်ရွာလူ့အဖွဲ့အစည်းများထံသို့ ပြန်လာသောအချိန်တွင် အလုံးစုံပြည့်စုံသော ကူညီထောက်ပံ့မှုရရှိရေးမှာ ဖြစ်လေ့ဖြစ်ထရှိမှု နည်းပါးသည်။

### ၂။ လူကုန်ကူးခံရသူယောက်ျားကြီးများနှင့် ယောက်ျားလေးများအတွက် ကန့်သတ်မှုရှိသော (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး အကူအညီ

ဖြစ်ရပ်များစွာတွင် လူကုန်ကူးခံရသူ ယောက်ျားများသည် တရားဝင်အားဖြင့် လူကုန်ကူးခံရသူဟု အသိအမှတ်ပြုခြင်း ခံရသော်လည်း အလွန်ကန့်သတ်မှုရှိသော အထောက်အပံ့ကိုသာ ရရှိခဲ့ကြသည်။ အနည်းငယ်သောသူများမှာ လုံးဝကူညီခြင်း မခံရပါ။ လူကုန်ကူးခံရသူ ယောက်ျားများအနေဖြင့် ကူညီခြင်းခံရလျှင်တောင်မှ အကူအညီသည် ယေဘုယျအားဖြင့် အလုံးစုံပြည့်စုံသည့် အကူအညီနှင့် ဝေးကွာလှသည်။ ယောက်ျားများကို ကူညီသော အကူအညီသည် ရေရှည် (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေး ထက်အိမ်ပြန်ရန်နှင့် အခြေခံ လိုအပ်ချက်များအတွက်သာ ဦးတည်သတ်မှတ်ထားသည့် အကူအညီဖြစ်သည်။ အချို့ ယောက်ျားများသည် အနှစ်သာရအားဖြင့် အိမ်ပြန်ရန် အထောက်အပံ့ကို ရရှိကြသည်။ ၎င်းမှာ သယ်ယူပို့ဆောင်ပေးခြင်းနှင့် အချို့ဖြစ်ရပ်များတွင် ဂေဟာများ၌ ခေတ္တနေထိုင်ခြင်း ပေါင်းစပ်ထားသည့် အကူအညီဖြစ်သည်။ ဂေဟာများ၌ ခေတ္တနေထိုင်စဉ် ဝန်ဆောင်မှုအနည်းငယ်မျှ ရရှိသည်။ သို့မဟုတ် လုံးဝမရရှိခဲ့ကြပါ။ (တစ်နည်းဆိုရလျှင် 'အခြေခံကျသော အကူအညီ" ရရှိခြင်းဖြစ်သည်။) မှတ်သားရန်မှာ လူကုန်ကူးခံရသူ ယောက်ျားလေးများသည်လည်း "အခြေခံကျသောအကူအညီ" (သို့မဟုတ်) "လျော့နည်းသော အကူအညီ" ကို ရရှိခဲ့ကြသည်။ လူကုန်ကူးခံရသူ ယောက်ျား

လေး (၅)ဦးသာလျှင် အလုံးစုံပြည့်စုံသည့် (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေး အကူအညီဟု ယူဆနိုင်သည့် အကူအညီကို ရရှိခဲ့ကြသည်။ ၎င်းတို့၏ ဖြစ်ရပ်သည်အလုံးစုံ ပြည့်စုံသော ဂေဟာအခြေပြု ကူညီစောင့်ရှောက်မှုကို ယေဘုယျအားဖြင့် ရရှိခဲ့ကြသည့် (တစ်ခါတစ်ရံ အလွန်တူညီသော လူကုန်ကူးခံရသည့် အတွေ့အကြုံများရှိကြသည့်) သက်တူ ရွယ်တူမိန်းကလေးများနှင့် သိသာထင်ရှားစွာ ဆန့်ကျင်ခြားနားလျက်ရှိသည်။

## ၃။ အလုံးစုံပြည့်စုံသည့် ဝန်ဆောင်မှုများသည် အဖွဲ့အစည်း၊ အင်စတီကျူးရှင်းများအလိုက် ကွဲပြားခြားနားသည်။

လူကုန်ကူးခံရသူများ ရရှိသည့် (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေး ဝန်ဆောင်မှုများ၏ အရည်အသွေးနှင့် အတိုင်းအတာသည် ၎င်းတို့ကို ထောက်ပံ့ရာတွင် မည်သည့် အဖွဲ့အစည်းနှင့်/သို့မဟုတ် အင်စတီကျူးရှင်းက ပါဝင်လုပ်ဆောင်သနည်းဆိုသည့် အချက်က သိသိသာသာ ဩဇာသက်ရောက်မှုရရှိသည်။

နိုင်ငံတစ်နိုင်ငံအတွင်းရှိ လူကုန်ကူးခံရသူများသည် ၎င်းတို့ နေထိုင်ရာနေရာ (တစ်နည်းဆိုရလျှင် မည်သည့် အဖွဲ့အစည်းများ၊ သို့မဟုတ်၊ အင်စတီကျူးရှင်းများက ၎င်းတို့နေရာဒေသတွင် အလုပ်လုပ်နေသနည်း) နှင့် ၎င်းတို့ကို လာရောက်ဆက်သွယ်သူ (တစ်နည်းဆိုရလျှင် ၎င်းတို့ကို စိစစ်သတ်မှတ်သည့် အဖွဲ့အစည်း)နှင့် စပ်လျဉ်း၍ ကွဲပြားခြားနားသော ကူညီစောင့်ရှောက်မှုအဆင့်များနှင့် အရည်အသွေးကို ရရှိကြသည်။ ဖြစ်ရပ်များစွာတွင် အလွန်ဆင်တူသော အတွေ့အကြုံနှင့် လိုအပ်ချက်များရှိသည့် လူကုန်ကူးခံရသူများသည် မည်သည့် အေဂျင်စီက ၎င်းတို့ကို ကူညီနေသနည်းဆိုသည့်အချက်ပေါ် မူတည်လျက် အလွန်ကွဲပြားခြားနားသော အထောက်အပံ့ကို ရရှိခဲ့ကြသည်။

အကူအညီ လိုအပ်ချက်များ၏ အတိုင်းအတာအပြည့်အဝကို ထည့်သွင်းစဉ်းစားမှု မရှိခြင်းသည် ဖြစ်ရပ်များစွာတွင် (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေးအတွက် အဟန့်အတားများ၊ အချို့ဖြစ်ရပ်များတွင် ရေရှည်၌ (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး မအောင်မြင်မှုနှင့်ပင် တိုက်ရိုက်ဆက်စပ်လျက်ရှိသည်။ ဤသည်က (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး အကူအညီနှင့် အထောက်အပံ့များအတွက် အနိမ့်ဆုံးအဆင့် စံသတ်မှတ်ချက်များ လိုအပ်မှုကို မီးမောင်းထိုးပြလျက်ရှိသည်။

## ကောင်းမွန်သော ကျင့်သုံးဆောင်ရွက်မှု အလုံးစုံပြည့်စုံသော ဝန်ဆောင်မှုများသည် အောင်မြင်သော (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

အစားအစာ ပြုပြင်ထုတ်လုပ်သည့် စက်ရုံတစ်ရုံတွင် အလုပ်လုပ်ရန် ထိုင်းနိုင်ငံသို့ လူကုန်ကူးခံရသော ကမ္ဘောဒီးယား အမျိုးသားတစ်ဦးသည် ထိုင်းနှင့် ကမ္ဘောဒီးယားရဲများက စက်ရုံအား ပူးပေါင်းစီးနင်းမှုတစ်ခု ပြုလုပ်သောအခါ ကယ်တင်ခံခဲ့ရသည်။ သူ၏ နောက်ကြောင်းရာဇဝင်အား စုံစမ်းစစ်ဆေးပြီး လူကုန်ကူးခံရတစ်ဦးအဖြစ် စိစစ်သတ်မှတ်ခြင်းခံရပြီးနောက် သူ့အားဂေဟာတစ်ခုသို့ လွှဲပြောင်းပေးခဲ့ပြီး သူ့ကို လူကုန်ကူးသူအား အမှုဖွင့်တရားစွဲဆိုခဲ့သည်။ သူသည် ဂေဟာတွင် (၃) လကြာနေခဲ့ရပြီး ထိုအချိန်အတောအတွင်း အလုပ်လုပ်နိုင်ခဲ့သည်။ သူက ကူညီထောက်ပံ့မှု ဝန်ထမ်းများ၏ လေးစားစွာနှင့်သိက္ခာရှိစွာ ကောင်းကောင်းမွန်မွန် ဆက်ဆံခြင်းခံခဲ့ရကြောင်း ဖော်ပြပြောဆိုခဲ့သည်။ သူ့အား သံရုံးဝန်ထမ်းက ကမ္ဘောဒီးယား နယ်စပ်သို့ စောင့်ကြပ်လိုက်ပါပို့ဆောင်ခဲ့ပြီး သူ့ရွာသို့ သူပြန်ရန် သူ့အား ငွေကြေးမပေးမီ နယ်စပ်ကူးသန်းရေးစခန်းတစ်ခုတွင် တစ်ညတာ နေရာထိုင်ခင်းပေးခဲ့သည်။ အိမ်ပြန်ရောက်သောအခါ သူသည် အစကနဦး အထောက်အပံ့အချို့ကို လက်ခံရရှိခဲ့ပြီး နောက်ပိုင်းတွင် ဝင်ငွေတိုးရေး နည်းလမ်းတစ်ခုအဖြစ်မွေးမြူရန် ဝက်အချို့ကို ထောက်ပံ့ခြင်းခံခဲ့ရသည်။ သူသည် ဆောက်လုပ်ရေးလုပ်ငန်းတွင်လည်း အလုပ်လုပ်သည်။ သူသည် သူ၏ မိသားစုနှင့်အတူနေထိုင်လျက်ရှိပြီး သူ့မိသားစုနှင့် ရပ်ရွာလူ့အဖွဲ့အစည်းအတွင်း ဆက်ဆံရေးများမှာ ကောင်းမွန်လျက်ရှိသည်။

စိုက်ပျိုးရေးလုပ်ငန်းတွင် အလုပ်လုပ်ရန် အစ္စရေးနိုင်ငံသို့ လူကုန်ကူးခံခဲ့ရသော ထိုင်းအမျိုးသားတစ်ဦး သည် ပေးရန်ကျန်ရှိနေသေးသော လုပ်ခလစာများအတွက် သူ၏ အလုပ်ရှင်အား လျော်ကြေးတောင်းခံရာတွင် အစ္စရေးနိုင်ငံ၌ ကူညီခြင်းခံခဲ့ရသည်။ သူသည် လုပ်ခကောင်းစွာရသော အလုပ်တစ်ခုရှာဖွေရာတွင်လည်း ကူညီခြင်းခံခဲ့ရပြီး နေရာထိုင်ခင်းနှင့် အခြားဝန်ဆောင်မှု အမျိုးမျိုးကို ထောက်ပံ့ခြင်းခံခဲ့ရသည်။ သူသည် ထိုင်း နိုင်ငံသို့ ပြန်အရောက်တွင် လူမှုဝန်ထမ်းတစ်ဦးက သူ့ကို တွေ့ဆုံပြီး သူအိမ်ပြန်ရန် ငွေကြေးအကူအညီ အချို့ ထောက်ပံ့ခဲ့သည်။ ထို့နောက် သိပ်မကြာမီမှာပင် နိုင်ငံတော် လူမှုဝန်ထမ်းတစ်ဦးသည် သူ့အိမ်သို့ လာရောက် လည်ပတ်ပြီး သူ၏ အကူအညီလိုအပ်ချက်များ အကြောင်းသူနှင့် စကားပြောခဲ့သည်။ သူသည် စိုက်ပျိုးရေးကို ပြန်လုပ်ရန် ရည်ရွယ်ထားသောကြောင့် သူ့အားထောက်ပံ့ကြေးတစ်ရပ်ပေးခဲ့သည်။ ထိုထောက်ပံ့ကြေးကို သူ သည် ကိရိယာပစ္စည်းများ၊ မျိုးစေ့များနှင့် အခြားစိုက်ပျိုးရေးကိရိယာများ ဝယ်ရာတွင် သုံးစွဲခဲ့သည်။

## ဖြစ်ရပ်မှန်အမှုကိစ္စ လေ့လာချက်များ လျော့နည်းစွာ ကူညီခြင်းခံရသော လူကုန်ကူးခံရသူများသည် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးတွင် စိန်ခေါ်မှုအခက်အခဲများကို ရင်ဆိုင်ကြုံတွေ့ကြရသည်။

ကမ္ဘောဒီးယား အမျိုးသမီးတစ်ဦးသည် သူ့ကိုလူကုန်ကူးသူထံမှ နစ်နာကြေးတောင်းခံရန် ဥပဒေ အကူအညီကို ရရှိခဲ့သည်။ သို့သော် အလုပ်တစ်ခုရှာဖွေရာတွင် သို့မဟုတ် အသေးစား စီးပွားရေးလုပ်ငန်းတစ်ခု ထူထောင်ရာတွင် အသက်မွေးမှုပညာသင်တန်း သို့မဟုတ် အထောက်အပံ့ကို မရရှိခဲ့ပေ။ ၎င်းသည် သူမအနေ ဖြင့် စီးပွားရေးအရ သူမဖာသာ သူမ ဖြေရှင်းဆောင်ရွက်ရသည့်အဖြစ်သို့ ရောက်စေသည်။ သူမ၏ စီးပွားရေး အခြေအနေအကြောင်း မေးမြန်းသောအခါ သူမက ဒေသခံကျောင်းတစ်ကျောင်းတွင် သစ်သီးများနှင့် မီးဖုတ်ထား သော မုန့်ပဲသရေစာများ ရောင်းခြင်းဖြင့် အသက်ရှင်ရပ်တည်ရကြောင်း ရှင်းပြခဲ့ရသည်။

ပြည်ပ၌ လူကုန်ကူးခံခဲ့ရသော လာအိုမိန်းကလေးတစ်ဦးသည် သူမ၏ မိသားစုနှင့်အတူ နေထိုင်ရန် အိမ်ပြန်လာခဲ့သည်။ သူမ၏ မိသားစုသည် အလွန်ဆင်းရဲပြီး လိုအပ်ချက်များစွာ ရှိသည်။ သို့ရာတွင် ကမ်းလှမ်း သော ဝန်ဆောင်မှုများသည် သင့်သလို ကြုံသလိုပေးသော အကူအညီများဖြစ်ပြီး အကန့်အသတ်လည်းရှိသည်။ သူမသည် ကျောင်းတက်ရန် ငွေကြေး၊ မှိုစိုက်ပျိုးရေးတွင် လေ့ကျင့်သင်ကြားမှုအချို့နှင့် သူမ၏ မိသားစုအတွက် ဆန်အချို့ကိုလည်း လက်ခံရရှိခဲ့သည်။ သို့ရာတွင် မိသားစုသည် စီးပွားရေးအကူအညီကို မရရှိခဲ့ပေ။ ဤစီးပွား ရေး အကူအညီသည် သူတို့၏အလုံးစုံ စီးပွားရေးအခြေအနေကို ကိုင်တွယ်ဖြေရှင်းရန် သူတို့ကို ကူညီပြီး အပြန်အလှန်အားဖြင့် သူမ၏ (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေးကို အထောက်အပံ့ပြုမည်ဖြစ်သည်။ ငါးဖမ်းစက်လှေတစ်စီးပေါ်သို့ လူကုန်ကူးခံခဲ့ရသော ကမ္ဘောဒီးယားအမျိုးသားတစ်ဦးသည် ရေစုပ်စက်တစ်လုံး ထောက်ပံ့ခြင်းခံခဲ့ရသည်။ ငါးဖမ်းရန် လူကုန်ကူးခံခဲ့ရသော သူ၏ သားသည်လည်း မော်တော်ဆိုင်ကယ်တစ်စီး ထောက်ပံ့ခြင်းခံခဲ့ရသည်။ ကူညီထောက်ပံ့မှုသည် တစ်ကြိမ်တည်းသာဖြစ်ပြီး ထိုအချိန်မှစ၍ သူသည် ကူညီ ထောက်ပံ့မှုအဖွဲ့အစည်းနှင့် အဆက်အသွယ် မရှိတော့ပေ။

## ကိစ္စရပ် ၂ ၊ ၃ ။ သင့်လျော်သော နေရာထိုင်ခင်း မရှိခြင်း

*နေရာထိုင်ခင်း ရွေးချယ်မှုများသည် အမြဲတစေလုံခြုံခြင်း၊ စိတ်ကျေနပ်ခြင်း သို့မဟုတ် အကုန်အကျ ခံနိုင်ခြင်း မရှိပါ။*

အောင်မြင်သော (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေးအတွက် တိုင်းတာချက်တစ်ရပ်မှာ လူကုန်ကူးခံရသူ များသည် ရေတို၊ ရေရှည်နေထိုင်ရန် သင့်တော်သော နေရာတစ်ခု ရှိ/မရှိပင် ဖြစ်သည်။ ဤသည်မှာ နေထိုင်ရန် အဆောက်အဦးသည် လုံခြုံခြင်း၊ အကုန်အကျခံနိုင်ခြင်းနှင့် စိတ်ကျေနပ်ဖွယ်ရာ အဆင့်အတန်းရှိခြင်းဟု ဆိုလို

သည်။ ရေတို၌ အချို့သော လူကုန်ကူးခံရသူများအတွက် နေရာထိုင်ခင်း လိုအပ်ချက်ကို ဂေဟာများဖြင့် ဖြည့်ဆည်းပေးသည်။ ထိုသို့ဆိုသော်လည်း လူကုန်ကူးခံရသူ အားလုံးသည် လူကုန်ကူးခံရခြင်းမှ လွတ်မြောက်ပြီးပြီးချင်း အခြေအနေတွင် နေထိုင်ရန် အဆောက်အဦး (ယာယီပင်ဖြစ်စေ)ကို မရရှိနိုင်ကြပါ။ အချို့သော လူကုန်ကူးခံရသူများကို သင့်တော်သည့် ဂေဟာအဆောက်အဦးများ မဟုတ်ဘဲ အကျဉ်းထောင်များ၊ အချုပ်ခန်းများနှင့် ထိန်းသိမ်းရေးစခန်းများတွင် နေရာချထားကြသည်။ ဤသည်မှာ အထူးသဖြင့် လူကုန်ကူးခံရသူ ယောကျ်ားများအတွက် ဖြစ်ရိုးဖြစ်စဉ်ပင်ဖြစ်သည်။ ၎င်းတို့အတွက် ဂေဟာအဆောက်အဦးများ မရနိုင်ပါ။ သို့ရာတွင် အချို့သော ဆိုက်ရောက်နိုင်ငံများတွင်လည်း လူကုန်ကူးခံရသူ မိန်းမများနှင့် ကလေးများမှာ အချုပ်ခန်းများနှင့် ရဲစခန်းများတွင် နေကြရသည်။

နေထိုင်ရေးစီမံချက်များကို ရေတို (သို့မဟုတ်၊ တစ်ခါတစ်ရံကြားဖြတ်) စီမံဆောင်ရွက်ချက်အဖြစ်သာ ရည်ရွယ်သည်။ သို့သော် ပို၍ ရေရှည်ဖြစ်သော နေရာထိုင်ခင်းရွေးချယ်ခွင့်များကို ဖော်ထုတ်သတ်မှတ်ရန် လိုအပ်သည်။ လူကုန်ကူးခံရသူအများစုအတွက် ဤသည်မှာ ၎င်းတို့၏ မိသားစုများနှင့် ရပ်ရွာလူ့အဖွဲ့အစည်းသို့ ပြန်ခြင်းပင်ဖြစ်သည်။ ဥပမာ - မိဘများ၊ ဇနီး၊ ခင်ပွန်း၊ ကလေးများ၊ မောင်နှမသားချင်းများ၊ သို့မဟုတ်၊ ဆွေမျိုးရင်းချာများ ပါဝင်သော မိသားစုနှင့်အတူနေခြင်းဖြစ်သည်။ သို့ရာတွင် လူကုန်ကူးခံရသူများသည် အတားအဆီးများကို အောက်ပါအတိုင်း တွေ့ကြုံကြရသည်။

၁။ နေထိုင်ရန်နေရာ မရှိခြင်း။
၂။ အိမ်သည် လုံခြုံမှု မရှိခြင်း။
၃။ စိတ်ကျေနပ်ဖွယ်မရှိသော နေထိုင်မှု အခြေအနေများ။
၄။ နေထိုင်ရန် အဆောက်အဦကို အကုန်အကျ မခံနိုင်ခြင်း။

## ဖြစ်ရပ်မှန်အမှုကိစ္စ လေ့လာချက်များ နေအိမ်သည် မရရှိနိုင်ပါ၊ မလုံခြုံပါ၊ မလုံလောက်ပါ၊ သို့မဟုတ်၊ အကုန်အကျ မတတ်နိုင်ပါ။

ထိုင်းနိုင်ငံတွင် ငါးဖမ်းစက်လှေတစ်စီးပေါ်သို့ လူကုန်ကူးခံခဲ့ရသော မြန်မာနိုင်ငံမှ အမျိုးသားတစ်ဦးသည် အိမ်၌စီးပွားရေးပြဿနာများကို ရင်ဆိုင်နေရပြီး ရွှေ့ပြောင်းသွားလာရန် ဆုံးဖြတ်ခဲ့သည်။ သူသည် သူတို့၏ စီးပွားရေးပြဿနာများကို ကိုင်တွယ်ဖြေရှင်းဖို့ ကြိုးစားရန် သူ၏ အိမ်ကိုငွေ ၃၀,၀၀၀ကျပ် (၃၄ USD ခန့်) ဖြင့် ပေါင်နှံခဲ့ရသည်။ ထို့နောက်အကြွေးကို ပြန်ဆပ်ရန်အတွက် ရွှေ့ပြောင်းသွားလာဖို့ လိုအပ်ခဲ့သည်။ သူသည် လူကုန်ကူးခံနေရစဉ် အိမ်ကို ငွေမပို့နိုင်သောကြောင့် သူ့မိသားစုအနေဖြင့် အကြွေးကို အချိန်မီ ပြန်မဆပ်နိုင်ပဲ သူတို့၏ အိမ်ကို ဆုံးရှုံးသွားခဲ့သည်။ ထို့အပြင်အကြွေး ၆၀,၀၀၀ကျပ် (၇၀ USD ခန့်) ပါတင်ရှိနေခဲ့သည်။

အဝမ္ဘလက်ထပ်ရန် တရုတ်နိုင်ငံသို့ လူကုန်ကူးခံရသော ဗီယက်နမ် အမျိုးသမီးတစ်ဦးသည် သူမ အိမ်ပြန်လာသောအခါ သူမကို လူကုန်ကူးသူ၏ ခြိမ်းခြောက်မှုများကို ရင်ဆိုင်ရသည်။ ဤခြိမ်းခြောက်မှုသည် အချိန်အတော်ကြာအောင် ဆက်လက်ရှိနေပြီး နောက်ဆုံးတွင် သူမ၏ မိသားစုက သူမကို ဘေးကင်းလုံခြုံစေရန် အခြားမြို့တစ်မြို့တွင် နေထိုင်ရန် စီစဉ်ခဲ့ရသည်။ သူမ မည်သည့်နေရာတွင် ရှိသည်ကို သူမ၏ မိသားစုမှလွဲ၍ မည်သူမျှ မသိပါ။ ပြည်တန်ဆာလုပ်ရန် ကမ္ဘောဒီးယားနိုင်ငံသို့ လူကုန်ကူးခံရသော ဗီယက်နမ်မိန်းကလေးတစ်ဦးကဤအဆင့်၌ သူမ အလိုအပ်ဆုံး အကူအညီမှာ အလွန်အမင်း အခြေအနေဆိုးနေသော သူမ၏ မိသားစုနေအိမ်ကို ပြန်ဆောက်ရာတွင် အကူအညီအချို့ ရရှိရန်ပင်ဖြစ်သည်ဟု ရှင်းပြခဲ့သည်။ သူမ ပြောသည့် အတိုင်းဆိုလျှင် "ကျွန်မတို့မှာ တကယ့် အိမ်တစ်အိမ်မရှိဘူး။ ကျွန်မရဲ့ အိမ်ဟာ အိမ်နဲ့ မတူဘူး"

## ကိစ္စရပ် ၂ ၊ ၄ ။ ရုပ်ပိုင်းကျန်းမာရှင်လန်းမှု ညှံ့ဖျင်းခြင်း

*ကျန်းမာရေး၊ ဆေးကုသရန် လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းမှု မရှိခြင်းသည် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးကို ထိခိုက်ပျက်စီးစေသည်။*

လူကုန်ကူးခံရသူများသည် ကျယ်ပြန့်သော အတိုင်းအတာရှိသည့် (မကြာခဏ အလွန်ပြင်းထန်သော) ကျန်းမာရေးပြဿနာများနှင့် ဆေးကုသရန် လိုအပ်ချက်များရှိသည်။ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များသည် များသောအားဖြင့် ခေါင်းပုံဖြတ်ခံရသည့် သဘောသဘာဝနှင့် အထူးပတ်သက်မှုရှိသော်လည်း ဤကိစ္စသည် တွေ့ကြုံခံစားခဲ့ရသည့် လူကုန်ကူးခံရမှုပုံစံနှင့် မဆိုင်ဘဲ ယောကျာ်း၊ မိန်းမနှင့် လူကြီး၊ ကလေးစသည့် လူကုန်ကူးခံရသူများ၏ ပြဿနာဖြစ်သည်။ လူကုန်ကူးခံရသူများအတွက် ကျန်းမာရေးပြဿနာများ၏ အကြောင်းရင်းများတွင် အောက်ပါအချက်များ ပါဝင်သည် -

၁။ လူကုန်ကူးခံရစဉ် အကြမ်းဖက်မှုနှင့် မတော်မတရားလုပ်မှုကို တွေ့ကြုံခံစားရခြင်း။

၂။ လူကုန်ကူးခံရစဉ် နေထိုင်မှုနှင့် အလုပ်လုပ်ကိုင်မှု အခြေအနေများကြောင့် ထိခိုက်မှု။

၃။ လူကုန်ကူးခံရစဉ် ကျန်းမာရေး စောင့်ရှောက်မှု ရရှိရေးအတွက် အကန့်အသတ်ရှိခြင်း။

၄။ လူကုန်ကူးခံရခြင်းမှလွတ်မြောက်ပြီးနောက်ကျန်းမာရေးဝန်ဆောင်မှုများ လုံလောက်စွာမရရှိခြင်း။

လူကုန်ကူးခံရသူများသည် ကျန်းမာရေးစောင့်ရှောက်မှုရရှိသည့်အခါ ၎င်းသည် သူတို့၏ ပြန်လည်နာလန်ထူရေးနှင့် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးအောင်မြင်မှုအတွက် မကြာခဏပင် အဓိကသော့ချက်ဖြစ်သည်။ ၎င်းနှင့် ဆန့်ကျင်ဖက်မှာ ခန္ဓာကိုယ်မကျန်းမာခြင်းသည် ဘဝ၏များစွာသော ကဏ္ဍများပေါ်တွင် ထိခိုက်မှုရှိပြီး ကန့်သတ်ချုပ်ချယ်ထားသော (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးဖြစ်စဉ်သို့ ဝင်ရောက်သွားစေသည်။ လူကုန်ကူးခံရသူများစွာအတွက် ကျန်းမာရေးပြဿနာများသည် မဖြေရှင်းဘဲထားပါက (သို့မဟုတ် လုံလောက်စွာ ဖြေရှင်းမှု မရှိပါက) (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး အောင်မြင်မှုကို သိသိသာသာပင် အဟန့်အတားပြုနေသည်။ ကျန်းမာရေးညှံ့ဖျင်းမှုနှင့် ဆေးကုသရေးဆိုင်ရာပြဿနာများသည် လူကုန်ကူးခံရသူများအား နည်းလမ်းအမျိုးမျိုးဖြင့် ထိခိုက်စေသည်။ အောက်ပါနည်းလမ်းများသည် အသိသာဆုံး ထိခိုက်စေသည် -

၁။ ကျန်းမာရေးစောင့်ရှောက်မှုကုန်ကျစရိတ်သည် ကြွေးမြီအပါအဝင် စီးပွားရေးပြဿနာများဖြစ်ရန် ဦးတည်နေသည်။

၂။ ကျန်းမာရေးပြဿနာများသည် အလုပ်လုပ်နိုင်သည့် စွမ်းရည်ကို ဟန့်တားလျက်ရှိသည်။

၃။ ကျန်းမာရေးညှံ့ဖျင်းမှုသည် လူကုန်ကူးခံရသူ၏ ရှင်လန်းချမ်းမြေ့မှု အသိစိတ်ခံစားချက်အပေါ်တွင် မကောင်းသော အကျိုးသက်ရောက်မှုဖြစ်စေသည်။

### ဖြစ်ရပ်မှန်အမှုကိစ္စ လေ့လာချက်များ လူကုန်ကူးခံရစဉ်ခံစားခဲ့ရသော အကြမ်းဖက်မှုနှင့် မတော်မတရားလုပ်မှုတို့ကြောင့်ဖြစ်သည့် ဆိုးရွားသော ကျန်းမာရေးပြဿနာများ။

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ လူကုန်ကူးခံရသော အမျိုးသားတစ်ဦးက ငါးဖမ်းစက်လှေများပေါ်သို့ လူကုန်ကူးခံရသော သူများခံစားခဲ့ရသော အလွန်အမင်းအကြမ်းဖက်မှုနှင့် စော်ကားမှုတို့အကြောင်း ဖော်ပြပြောဆိုခဲ့သည်။ "ပိုင်ရှင်က အလုပ်သမားတွေကို သူတို့ နေမကောင်းဖြစ်နေတာတောင်မှ အနားယူတာ မကြိုက်ဘူး။ သူတို့က အလုပ်စလုပ်ဖို့ ဝီစီမှုတ်တယ်။ တကယ်လို့ တစ်ချို့လူတွေပေါ်မလာခဲ့ရင် သူတို့က အဲဒီလူတွေအပေါ် ရေနွေးပူတွေ လောင်းချတယ်။ တစ်ချို့ကရရှိတဲ့ ဒဏ်ရာနဲ့ သေကုန်ကြတယ်။ သူတို့က အလုပ်သမားတွေကို ရေခဲတုံးနဲ့လည်း ပစ်ပေါက်တယ်။ သူတို့ကို ကိရိယာပစ္စည်းတွေနဲ့လည်း ရိုက်တယ်။ ထိုင်းအမျိုးသားတစ်ယောက် ဟာရိုက်နှက်ခံရပြီး သေဆုံးသွားခဲ့တယ်။ ကျွန်တော်ဟာ (နိုင်ငံခြားသားရုပ်ပေါက်နေတဲ့) အမျိုးသားတစ်ဦး

ရိုက်နှက်ခံရပြီး သူ့ရဲ့သွားတွေ ကျွတ်ထွက်ကုန်တာကိုလည်း တွေ့မြင်ခဲ့ရတယ်။ ဘာလို့လဲဆိုတော့ သူကဘာသာစကားနဲ့ ညွှန်ကြားချက်တွေကို နားမလည်လို့ အလုပ်ကောင်းကောင်း မလုပ်နိုင်လို့ပဲ။ ကျွန်တော်ဟာ လူတစ်ချို့ (စက်လှေပေါ်မှာ) မတော်တဆဖြစ်ပြီး သေသွားကြတာကိုလည်း တွေ့မြင်ခဲ့ရတယ်။ တကယ်လို့တစ်ယောက်ယောက်ရေထဲကျသွားရင် သူတို့က အဲဒီသူကို ဒုက္ခခံပြီး ကယ်ဆယ်မှာ မဟုတ်ဘူး"။

ဗီယက်နမ် အမျိုးသမီးတစ်ဦးသည် အိမ်အကူအလုပ်အတွက် မလေးရှားနိုင်ငံသို့ လူကုန်ကူးခံခဲ့ရသည်။ သူမအနေဖြင့် ထမင်းဟင်းချက်ရန်၊ အိမ်သန့်ရှင်းရေးလုပ်ရန်နှင့် တိုက်ကြက်ဖများကို ပြုစုစောင့်ရှောက်ရန်လိုအပ်သည်။ လအနည်းငယ်ကြာပြီးနောက် "အလုပ်ရှင်" က တိုက်ကြက်ဖများ နာမကျန်းဖြစ်သောအခါ၊ သို့မဟုတ်၊ သူတို့အနေဖြင့် သူမ၏ အလုပ်နှင့် ပတ်သက်၍ တစ်နည်းတစ်ဖုံစိတ်ကျေနပ်မှု မရှိသောအခါ သူမကို ရိုက်နှက်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ စတင်ပြုလုပ်လာခဲ့သည်။ သူမ၏ ခေါင်းပုံဖြတ်ခံရသည့် ကွဲပြားခြားနားသော အဆင့်များ၌ သူမကို ကြိုးဖြင့်တုပ်ကာ သူမ၏ ခြေထောက်များကို သံကြိုးဖြင့် ချည်နှောင်ပြီး လည်ပင်းညှစ်ခဲ့ကြသည်။ သူမကို ဓားများနှင့် ကပ်ကြေးများဖြင့်လည်းလှီးပြီး လျှပ်စစ်ဓာတ်ဖြင့်လည်း တို့ခဲ့ကြသည်။

## လူကုန်ကူးခံရစဉ် ကြမ်းတမ်းသော နေထိုင်မှုနှင့် အလုပ်လုပ်ကိုင်မှု အခြေအနေတို့မှ ဖြစ်ပေါ်သည့် ဆိုးရွားသော ကျန်းမာရေးပြဿနာများ။

တရုတ်အုတ်စက်ရုံတစ်ရုံတွင် အလုပ်လုပ်ရန် လူကုန်ကူးခံရသော ဗီယက်နမ် အမျိုးသားတစ်ဦးသည် ကျလာသော အုတ်များကြောင့် သူ၏ လက်တွင် ဒဏ်ရာရရှိခဲ့သည်။ သူသည် မည်သည့် ဆေးကုသမှုမျှ မရရှိခဲ့ပဲ ဒဏ်ရာသည် ပို၍ ဆိုးလာခဲ့ပြီး ခွဲစိပ်ကုသရန် လိုအပ်လာခဲ့သည်။ ခွဲစိပ်ကုသပြီး ရက်အနည်းငယ်ကြာပြီးနောက် သူ့ကို အလုပ်ပြန်လုပ်ရန် အတင်းအကြပ်စေခိုင်းခဲ့သည်။ သူက အုတ်စက်ရုံတွင် အလုပ်လုပ်နေသော တရုတ်နှင့် ဗီယက်နမ်လူမျိုးများသည် အန္တရာယ်များသော အလုပ်ခွင်အခြေအနေ၏ အကျိုးဆက်ရလဒ်တစ်ခုအဖြစ် ထိခိုက်ဒဏ်ရာများနှင့် နာမကျန်းဖြစ်မှုတို့ကို ခံစားရပုံနှင့် ထိခိုက်ဒဏ်ရာများကို များသောအားဖြင့် မကုသပဲထားပုံကို ဖော်ပြ ပြောဆိုခဲ့သည်။

ကမ္ဘောဒီးယား မိန်းကလေးတစ်ဦးသည် သူမအသက် ၁၆ နှစ်အရွယ်တွင် ပြည်တန်ဆာအလုပ်အတွင်းသို့ ပြည်တွင်း၌ လူကုန်ကူးခံခဲ့ရသည်။ သူမကို ပြည်တန်ဆာအိမ်တစ်အိမ်တွင် ထားရှိပြီး ယောက်ျားများနှင့် ကွန်ဒုံမပါဘဲ လိင်ဆက်ဆံရန် အတင်းအကြပ်ခိုင်းစေခြင်း ခံခဲ့ရသည်။ သူမသည် HIV ကူးစက်ခံခဲ့ရသည်။

## လူကုန်ကူးခံရစဉ် ကျန်းမာရေးပြဿနာများနှင့် ထိခိုက်ဒဏ်ရာများကို မကုသပါ။ သို့မဟုတ်၊ မလုံလောက်စွာ ကုသသည်။

ပြည်တန်ဆာအလုပ်အတွက် တရုတ်နိုင်ငံသို့ လူကုန်ကူးခံခဲ့ရသော ဗီယက်နမ် အမျိုးသမီးတစ်ဦးသည် အတင်းအကြပ်လိင်ဆက်ဆံခဲ့ရသည့် အကျိုးဆက်အဖြစ် ဆိုးရွားသော မီးယပ်ရောဂါဆိုင်ရာ ကူးစက်ရောဂါရရှိခဲ့သည်။ ဒေသခံကျန်းမာရေးဆေးခန်း၌ "ဈေးအပေါဆုံး ဝန်ဆောင်မှုများနှင့် ညံ့ဖျင်းသော ဆေးကုသမှု" ကို ရရှိခဲ့ကြောင်း သူမက ဖော်ပြပြောဆိုခဲ့သည်။ သူမ၏ ကူးစက်ရောဂါသည် မပျောက်ကင်းခဲ့ပေ။

ထိုင်းနိုင်ငံတွင် ငါးဖမ်းစက်လှေတစ်စီးပေါ်သို့ လူကုန်ကူးခံခဲ့ရသော မြန်မာနိုင်ငံမှ အမျိုးသားတစ်ဦးသည် စက်လှေပေါ်တွင် မတော်တဆဖြစ်ရပ်တစ်ခု၌ ဆိုးရွားစွာ ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ သူ၏ လက်ဖျံနှင့် လက်ဖဝါးရှိ အရိုးများသည် ကျိုးကြေသွားခဲ့သည်။ ကပ္ပတိန်က သူ့ကို ဆေးရုံခေါ်သွားခဲ့သည်။ သူ၏ လက်ဖျံတွင် အရိုးကြေသွားသည့်နေရာ၌ သတ္တုချောင်းများ ထည့်သွင်းခဲ့သည်။ ရက်အနည်းငယ်ကြာပြီးနောက် ထိခိုက်ဒဏ်ရာ

ပျောက်ကင်းဖို့ အများကြီးလိုနေသေးသည့် အချိန်တွင် သူ့ကို အတင်းအကြပ် အလုပ်ပြန်လုပ်ခိုင်းခဲ့သည်။ သူသည် နောက်ပိုင်းတွင် ထပ်မံဆေးကုသမှုခံယူပြီး ခွဲစိတ်ကုသမှုခံယူခဲ့သော်လည်း ထိခိုက်ဒဏ်ရာသည် မပျောက်ကင်းပဲ သူသည် သူ၏ လက်ကို အသုံးပြုနိုင်မှု ဆုံးရှုံးခဲ့ရသည်။

## ဖြစ်ရပ်မှန်အမှုကိစ္စ လေ့လာချက်များ လူကုန်ကူးခံရသူများစွာသည် လူကုန်ကူးပြီးနောက်ပိုင်းတွင် (လုံလောက်သော) ကျန်းမာရေးစောင့်ရှောက်မှု မရရှိကြပါ။

မြန်မာနိုင်ငံမှ အမျိုးသားတစ်ဦးသည် လုပ်အားအတွက်ထိုင်းနိုင်ငံသို့ လူကုန်ကူးခံနေရစဉ် ငှက်ဖျားရောဂါ ရရှိခဲ့သည်။ သူသည် အိမ်ပြန်လာပြီးနောက် ဆေးကုသမှုမခံခဲ့ယူပဲ အစပိုင်းတွင် အလုပ်မလုပ်နိုင်ခဲ့ပေ။ သူ့အား တွေ့ဆုံမေးမြန်းသည့်အချိန်၌ သူသည် အလုပ်လုပ်နေသည်။ (သူနှင့် သူ့ဇနီးသည် ဈေးတွင် အစားအစာရောင်းချသည်။) အလုပ်လုပ်သည့် အချိန်တွင် သူတို့၏ နေစဉ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည်။ သို့ရာတွင် သူ၏ ငှက်ဖျားရောဂါသည် ပြန်ပြန်ပေါ်လာပြီး သူသည် မကြာခဏပင် အလုပ်မှ အနားယူရန် လိုအပ်ခဲ့သည်၊ တစ်ခါတစ်ရံတွင် သူအလုပ်လုပ်သည့် နေ့တစ်နေ့အတွက် ၂ ရက် အနားယူရသည်။

လိင်ခေါင်းပုံဖြတ်ရန်အတွက် တရုပ်နိုင်ငံသို့ လူကုန်ကူးခံရသော ဗီယက်နမ် အမျိုးသမီးတစ်ဦးသည် သူမကို ခေါင်းပုံဖြတ်သူများ၏ ရက်စက်ကြမ်းကြုတ်မှုကို ခံခဲ့ရပြီး အကျိုးဆက်ရလဒ်အနေဖြင့် ပြင်းထန်ဆိုးရွားသော ထိခိုက်ဒဏ်ရာများကို ခံစားခဲ့ရသည်။ ထွက်ပြေးရန် ကြိုးစားခဲ့ပြီးနောက် သူမသည် သတ္တုပစ္စည်းကိရိယာများဖြင့် ဆိုးရွားစွာ ရိုက်နှက်ခြင်း ခံခဲ့ရပြီး ဒဏ်ရာဒဏ်ချက်များ ရရှိခဲ့သည်။ ၎င်းဒဏ်ရာများသည် သူမအိမ်ပြန်လာပြီးနောက် နှစ်များစွာကြာအောင်ပင် သူမ၏ ကျန်းမာရေးအပေါ် ဆက်လက်ထိခိုက်နေဆဲဖြစ်သည်။ သူမသည် အိမ်ပြန်လာချိန်တွင် ကျန်းမာရေးစောင့်ရှောက်မှုကို မရရှိခဲ့ပေ။ တွေ့ဆုံမေးမြန်းသည့်အချိန်၌ သူမသည် သူမ၏ ဒဏ်ရာဒဏ်ချက်များကြောင့် အိမ်အပြင်ဘက် ထွက်ပြီး အလုပ်မလုပ်နိုင်သေးပေ။

## ကိစ္စရပ် ၂ ၊ ၅ ။ စိတ်ဖိစီးမှု၊ စိုးရိမ်သောကဖြစ်မှု၊ စိတ်ဓာတ်ကျဆင်းမှုနှင့် စိတ်ထိခိုက်ဒဏ်ရာ ရရှိမှု

*မလုံလောက်သော စိတ်ပိုင်းဆိုင်ရာ အားပေးမှုနှင့် နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်းသည် နေမကောင်းသည့် ခံစားချက်ကို ဖြစ်စေသည်။*

များစွာသော လူကုန်ကူးခံရသူများသည် ၎င်းတို့၏ လူကုန်ကူးခံရသည့် ဘဝ၏ နောက်ပိုင်းကာလ အချို့သော အဆင့်များတွင် နေမကောင်းမှုခံစားရသည်ဟု ဖော်ပြကြသည်။ သူတို့သည် စိတ်ဖိစီးမှုနှင့် ဒေါသထွက်မှု၊ စိုးရိမ်သောကရောက်မှုနှင့် စိတ်ဓာတ်ကျဆင်းမှု၊ ကြံ့ရာမရဖြစ်ခြင်းနှင့် မျှော်လင့်ချက်ကင်းမဲ့ခြင်းတို့ကို ခံစားရသည်ဟု ဖော်ပြကြသည်။ စိတ်ပိုင်းဆိုင်ရာအရ 'နေမကောင်း' ခြင်းသည် အဓိကအကြောင်းခံ (၂)ရပ်ရှိသည်။

### (၁) လူကုန်ကူးခံရခြင်းကြောင့် ဖြစ်ပေါ်သော အခက်အခဲများ။

လူကုန်ကူးခံရသူများသည် လူကုန်ကူးခံနေရစဉ် ကြောက်လန့်ဖွယ်ကောင်းသော အတွေ့အကြုံ အမြောက်အများကို အကာအကွယ်မဲ့စွာ ကြုံတွေ့ကြရသည်။ သူတို့သည် မတော်မတရား အလုပ်ခံကြရပြီး စော်ကားနှောက်ယှက်ခြင်း ခံခဲ့ကြရသည်။ သူတို့သည် အခြားသူများအား မတော်မတရားလုပ်ခြင်းကို မျက်မြင်တွေ့ရှိခဲ့ကြသည်။ သူတို့သည် ကြမ်းတမ်းသော နေထိုင်မှုနှင့် အလုပ်လုပ်ကိုင်မှု အခြေအနေများကို တွေ့ကြုံခံစားခဲ့ကြရသည်။ သူတို့တွင် လွတ်လပ်ခွင့်၊ သို့မဟုတ်၊ ရွေးချယ်ခွင့်များ မရှိပေ။ ကျန်းမာရေးစောင့်ရှောက်မှုစသည်တို့ကို ရနိုင်ခွင့်လည်း မရှိပေ။ ထို့အပြင် သူတို့သည် သူတို့၏ မိသားစုများနှင့် ရပ်ရွာလူ့အဖွဲ့အစည်းများမှ ကာလ

ကြာမြင့်စွာ ကွဲကွာနေရပြီး လူကုန်ကူးခံနေရစဉ်များသောအားဖြင့် မည်သည့် အထောက်အပံ့မျှ မရရှိခဲ့ပေ။ အကျိုးဆက်အနေဖြင့် များစွာသော လူကုန်ကူးခံရသူများသည် လူကုန်ကူးခံရခြင်း၏ အကျိုးရလဒ်တစ်ခုအဖြစ် ကြီးမားသော စိတ်ဖိစီးမှုနှင့် စိတ်ထိခိုက်ဒဏ်ရာရမှုကို ခံစားကြရသည်။ လူအများက စိုးရိမ်သောကဖြစ်ခြင်းနှင့် စိတ်ဓာတ်ကျဆင်းခြင်းနှင့် မျှော်လင့်ချက်ကင်းမဲ့သောနှင့် ကြံရာမရဖြစ်သော ခံစားချက်များကို ဖော်ပြပြောဆိုခဲ့ကြသည်။ အထူးသဖြင့် အလေးထားပူပန်ရမည့်အရာမှာ ကလေးများအပေါ်သို့ လူကုန်ကူးခံရခြင်း၏ စိတ်-လူမှုရေးအကျိုးသက်ရောက်ထိခိုက်မှုပင်ဖြစ်သည်။ ကလေးများသည် သူတို့၏အသက်အရွယ်၊ ရင့်ကျက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအဆင့်ကြောင့် အခြေအနေကို ကိုင်တွယ်ဖြေရှင်းနိုင်သည့် ကျွမ်းကျင်မှု အရည်အချင်းများသည် ထုံးစံအတိုင်းပင် ဖွံ့ဖြိုးတိုးတက်မှု နည်းပါးသည်။

## (၂) လူကုန်ကူးခံရခြင်းမှ နာလန်ထူရန်နှင့် ရှေ့ခရီးဆက်သွားရန် ကြိုးစားရာတွင် တွေ့ကြုံရသော အခက်အခဲများ။

များစွာသော လူကုန်ကူးခံရသူများအဖို့ လူကုန်ကူးခံရခြင်းမှ ထွက်ပြေးလွတ်မြောက်မှု၊ သို့မဟုတ်၊ ထွက်မြောက်မှုသည် ချက်ချင်းလက်ငင်းစိတ်ဖြေသိမ့်စရာတစ်ခု မဟုတ်ပေ။ သူတို့သည် သူတို့၏ လူကုန်ကူးခံရသည့် အတွေ့အကြုံများကို ကိုင်တွယ်ဖြေရှင်းနေရသေးရုံမက ပြဿနာများနှင့် စိတ်ဖိစီးမှုဖြစ်စရာများစွာကိုလည်း ရင်ဆိုင်ကြုံတွေ့နေရသည်။ ၎င်းတို့တွင် အောက်ပါတို့ ပါဝင်သည်။

(က) ငွေမပါပဲ အိမ်ပြန်ရခြင်း။ ရွှေ့ပြောင်းသွားလာခြင်းအတွက်နှင့်/သို့မဟုတ် အိမ်သို့ ငွေမလွှဲပို့နိုင်ခြင်းကြောင့် ကြွေးမြီတင်ရှိခြင်း။

(ခ) အိမ်ပြန်လာပြီးနောက် အလုပ်လက်မဲ့ဖြစ်ခြင်းနှင့်/သို့မဟုတ် အလုပ် မလုပ်နိုင်ခြင်း။

(ဂ) မိသားစုအတွင်း တင်းမာမှုများ။

(ဃ) မိသားစုအတွင်း၊ သို့မဟုတ်၊ ရပ်ရွာလူ့အဖွဲ့အစည်းအတွင်း၌ စိတ်ခံစားချက်ပိုင်းအရ အားပေးထောက်ခံမှုမရှိခြင်း။

(င) မိသားစုအတွင်း၊ သို့မဟုတ်၊ ရပ်ရွာလူ့အဖွဲ့အစည်းအတွင်း၌ နာမည်ပျက်အမည်းစက်ထင်ခြင်းနှင့် ခွဲခြားဆက်ဆံခံရခြင်း။

(စ) လူကုန်ကူးခံရပြီးနောက် ဘဝကို ကိုင်တွယ်ဖြေရှင်းရန် အကူအညီနှင့် အထောက်အပံ့ ကင်းမဲ့ခြင်း။

များစွာသော လူကုန်ကူးခံရသူများက သူတို့၏ အတွေ့အကြုံများကို အခြားသူများနှင့် ဝေမျှနိုင်ခြင်းနှင့် အားပေးထောက်ပံ့မှုများ ရရှိနိုင်ခြင်း၏ အရေးကြီးပုံကို ပြောပြကြသည်။ နှစ်သိမ့်ဆွေးနွေးမှု ရရှိကြသူများသည် မကြာခဏပင် ၎င်းကို အရေးကြီးသော ကူညီမှုပုံစံတစ်ခုအဖြစ် တွေ့ရှိကြသည်။ အချို့သော လူကုန်ကူးခံရသူများက သူတို့၏ ပြဿနာများကို တစ်စုံတစ်ယောက်နှင့် စကားစမြည်ပြောဆိုဖို့ အခွင့်အလမ်းကို လိုချင်ကြောင်းပြောပြပြီး ဤအခွင့်အလမ်းမရှိခြင်းကို သူတို့ရရှိသော အကူအညီတွင် ဟာကွက်တစ်ခုအဖြစ် သတ်မှတ်ခဲ့ကြသည်။

"ကျွန်မအနေနဲ့ မကောင်းတဲ့ အတွေ့အကြုံတွေ အားလုံးကို ကျွန်မဆီမှာပဲ မြှိုသိပ် မထားချင်ဘူး။ ကျွန်မအနေနဲ့ ကျွန်မရဲ့ အခြေအနေကို နားလည်သဘောပေါက်နိုင်မယ့် သူတစ်ဦးဦးကို ဖွင့်ပြောရရင် စိတ်သက်သာမှုကိုခံစားရတယ်။"

အချို့သော ဖြစ်ရပ်များတွင် လူကုန်ကူးခံရသူများသည် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးမှုနှင့် အားပေးမှုကို ရရှိကြသည်။ ဒေသတွင်း၌ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးမှုနှင့် အားပေးမှုကို ဆောင်ရွက်ရန် အရည်အချင်းနှင့် ပြည့်စုံသော လေ့ကျင့်သင်ကြားပေးထားသည့် ကျွမ်းကျင်သောအသက်မွေးဝမ်းကျောင်း ပညာရှင်အချို့ရှိကြသည်။အချို့သော စီမံချက်များသည်ကျွမ်းကျင်သော အသက်မွေးဝမ်းကျောင်းစိတ်ပညာရှင် သို့မဟုတ် နှစ်သိမ့်ဆွေးနွေးသူ ကိုယ်ပိုင်ဝန်ထမ်းတစ်ဦး ခန့်အပ်ထားသည်။ သို့ရာတွင် ဤသည်မှာ စံသတ်မှတ်ချက် မဟုတ်

ပါ။ ဒေသတွင်းတွင် ဤကဲ့သို့ အကူအညီပုံစံကို လူကုန်ကူးခံရသူများ အမြဲတစေ အဆင်သင့် မရရှိနိုင်ပါ။ စိတ်ပိုင်းဆိုင်ရာအားပေးမှုနှင့် နှစ်သိမ့်ဆွေးနွေးမှုပေးအပ်ခြင်း ကိစ္စရပ်တွင် အောက်ပါအချက်များ ပါဝင်သည်-

**၁။ စိတ်ပိုင်းဆိုင်ရာအားပေးမှု၊ သို့မဟုတ်၊ နှစ်သိမ့်ဆွေးနွေးအကြံပေးမှု ရရှိနိုင်ခွင့် အကန့်အသတ်ရှိခြင်း။**

**၂။ စိတ်ပိုင်းဆိုင်ရာအားပေးမှုနှင့် နှစ်သိမ့်ဆွေးနွေးအကြံပေးမှုတွင် လေ့ကျင့်သင်ကြားထားသော ကျွမ်းကျင်သည့် အသက်မွေးဝမ်းကျောင်းပညာရှင်များ အလွန်နည်းပါးခြင်း။**

**၃။ လူကုန်ကူးခံရသူ ကလေးများအတွက် အထူးပြုသော စိတ်ပိုင်းဆိုင်ရာ အားပေးမှု မရှိခြင်း။**

**၄။ ဘာသာစကား အတားအဆီးများ၊ နိုင်ငံခြားဘာသာ စကားတစ်မျိုးနှင့် နှစ်သိမ့်ဆွေးနွေး အကြံပေးခြင်း။**

## ဖြစ်ရပ်မှန်အမှုကိစ္စ လေ့လာချက်များ လူကုန်ကူးခံရသူများသည် စိတ်ဖိစီးခြင်း၊ စိုးရိမ်သောကဖြစ်ခြင်း၊ စိတ်ဓာတ်ကျဆင်းခြင်းနှင့် စိတ်ထိခိုက်ဒဏ်ရာရခြင်းတို့ ဖြစ်ကြသည်။

ငါးဖမ်းစက်လှေတစ်စီးပေါ်တွင် အလုပ်လုပ်ရန် မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ လူကုန်ကူးခံခဲ့ရသော အမျိုးသားတစ်ဦးက သူ့အနေဖြင့် အိမ်သို့ငွေတစ်ပြားတစ်ချပ်မှ ပါမလာနိုင်သည့်အတွက် သူအိမ်ပြန်ရောက်သည့်နောက်တွင် ရှက်မိကြောင်း ဖော်ပြပြောဆိုခဲ့သည်။ သူ၏ မိတ်ဆွေသူငယ်ချင်းများက ညနေချိန်များတွင် တွေ့ဆုံပေါင်းသင်းဆက်ဆံရန် သူ့အားဖိတ်ခေါ်ကြသည်။ သို့သော် အပြင်ထွက်ရန် သူစိတ်မပါပေ။ သူက "သေးသိမ်မှုကို ခံစားရကြောင်း" ဖော်ပြပြောဆိုခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူသည် သူ၏ အိမ်ကိုဆုံးရှုံးခဲ့ရပြီး ကြွေးမြီတင်ရှိနေကာ စီးပွားရေးနှင့် ပုဂ္ဂိုလ်ရေးပြဿနာများစွာ ရင်ဆိုင်ကြုံတွေ့နေရသောကြောင့်ဖြစ်သည်။ အိမ်အကူအလုပ်အတွက် မလေးရှားနိုင်ငံသို့ လူကုန်ကူးခြင်းခံခဲ့ရသော ကမ္ဘောဒီးယား အမျိုးသမီးတစ်ဦးကသူမ အိမ်ပြန်ရောက်ကတည်းက စိတ်ပိုင်းအရနေထိုင်မကောင်းဖြစ်ပြီး စိတ်မချမ်းမသာဖြစ်နေကြောင်း၊ "စိတ်ဝိညာဉ်ပိုင်းရောဂါဝေဒနာတစ်ခု" ကို ခံစားနေရကြောင်း ဖော်ပြပြောဆိုခဲ့သည်။ ၎င်းက သူမအား လူကုန်ကူးခံရပြီးနောက် (၅)နှစ်ကြာသည့်တိုင်အောင် အလုပ်မလုပ်နိုင်အောင် ဟန့်တားထားသည်။ ၎င်းသည် အလွန်ကြီးမားသော စိတ်ဖိစီးမှုအရင်းအမြစ်တစ်ခုဖြစ်သည်။ သူမက သူမအနေဖြင့် ကျန်းမာရေးကောင်းပြီး သူမကြိုက်သည့် အလုပ်တစ်ခုကို လုပ်ချင်ကြောင်းပြောပြခဲ့သည်။ အဝမ္ဗလက်ထပ်ရန်အတွက် တရုတ်နိုင်ငံသို့ လူကုန်ကူးခံရသော ဗီယက်နမ်အမျိုးသမီးတစ်ဦးက လူကုန်ကူးခံရရာမှ အိမ်ပြန်လာပြီးနောက် စိတ်ဒုက္ခရောက်ခြင်းနှင့် စိတ်ဓာတ်ကျဆင်းခြင်းကို ခံစားရကြောင်း၊ အဆင့်တစ်ဆင့်၌ ကိုယ့်ကိုယ်ကိုယ်သတ်သေရန်ပင် စဉ်းစားကြံစည်ခဲ့ကြောင်း ဖော်ပြပြောဆိုခဲ့သည်။ အိမ်အကူအလုပ်အတွက် ဟောင်ကောင်သို့ လူကုန်ကူးခံခဲ့ရသော ဗီယက်နမ်အမျိုးသမီးတစ်ဦးသည် ရွှေ့ပြောင်းသွားလာခြင်း၌ မအောင်မြင်ခဲ့ရခြင်းအတွက် အရှက်ရနေပြီး အိမ်ပြန်လာပြီးနောက် အိမ်ထဲမှပင် မထွက်ချင်တော့ပေ။ သူမက သူမအိမ်ပြန်လာပြီးနောက် ပထမလများတွင် ငိုပြီးရင်း ငိုခဲ့ရပုံနှင့် သူမ မိသားစု၏ အားပေးစကားများနှင့် ထောက်ခံမှုတို့မှာ သူမကို မကူညီနိုင်ပဲ သူမ၏ ခံစားချက်ကို ပို၍ပင် ဆိုးဝါးစေပြီး တစ်နည်းတစ်လမ်းအားဖြင့် သိမ်ငယ်မှုကိုဖြစ်စေခဲ့ပုံကို ဖော်ပြပြောဆိုခဲ့သည်။

## ကိစ္စရပ် ၂ ၊ ၆ ။ ဥပဒေနှင့် စီမံခန့်ခွဲအုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များ

*လူကုန်ကူးခံရသူများသည် ဥပဒေနှင့် စီမံခန့်ခွဲအုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းရာတွင် ပြဿနာများ တွေ့ကြုံရသည်။*

လူကုန်ကူးခံရသူများသည် ဆိုက်ရောက်နိုင်ငံများတွင်ရော ပြည်တွင်း၌ပါ လူကုန်ကူးခံရပြီးနောက် များပြားသော ဥပဒေနှင့် စီမံခန့်ခွဲအုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို တွေ့ကြုံကြရသည်။ အချို့မှာ လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်လုပ်ငန်းများဖြစ်သည်။ ဥပမာအားဖြင့် လူကုန်ကူးခံရစဉ်က ယူဆောင်ခြင်းခံရသောပျောက်ဆုံးသွားသည့်စာရွက်စာတမ်းများအား ပြန်လည်အစားထိုးပြုလုပ်ရန် လိုအပ်ခြင်းဖြစ်သည်။ အခြားကိစ္စရပ်များ၊ ဥပမာအားဖြင့် အိမ်ထောင်ရေးကွာရှင်းခြင်းနှင့် ကလေးအုပ်ထိန်းမှု ကိစ္စရပ်များမှာ လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်ဖြစ်ရပ်များ မဟုတ်ပါ။သို့သော် ၎င်းတို့ကို မဖြေရှင်းဘဲထားလျှင် (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေးရလဒ်များကို မကောင်းသော အကျိုးသက်ရောက်မှုဖြစ်စေလိမ့်မည်။ အချို့သော ဖြစ်ရပ်များတွင် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များမှာ လူကုန်ကူးခံရသူ ပုဂ္ဂိုလ်တစ်ဦးချင်း၏ ကိစ္စရပ်များဖြစ်သည်။ အခြား ဖြစ်ရပ်များတွင် လိုအပ်ချက်များမှာ မိသားစုဝင်များ အထူးသဖြင့် ကလေးများနှင့် ဆက်စပ်နေသည်။ အဓိက ကိစ္စရပ်များတွင် အောက်ပါအချက်များ ပါဝင်သည် -

**၁။ သက်သေခံ အထောက်အထား စာရွက်စာတမ်းများနှင့် အခြားဥပဒေနှင့် ဆိုင်သော မှတ်ပုံတင်ပုံစံများ။**
**၂။ လူကုန်ကူးခံရသူများနှင့် ၎င်းတို့၏ ကလေးများ၏ နိုင်ငံသား၊ မွေးစာရင်းမှတ်ပုံတင်ခြင်း။**
**၃။ နေထိုင်ခွင့် မှတ်ပုံတင်ခြင်း။**
**၄။ နိုင်ငံခြားတွင် နေထိုင်စဉ် ခွင့်ပြုလက်မှတ်များနှင့် မှတ်ပုံတင်လက်မှတ်များ။**
**၅။ လူကုန်ကူးခံရသူအဖြစ် အသိအမှတ်ပြုသည့် လက်မှတ်။**
**၆။ အိမ်ထောင်ရေးကွာရှင်းခြင်းနှင့် ကလေးအုပ်ထိန်းမှုစသည့် အခြားဥပဒေဆိုင်ရာ ကိစ္စရပ်များ။**

### ဖြစ်ရပ်မှန်အမှုကိစ္စ လေ့လာချက်များ
### (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းနေချိန်တွင် သက်သေခံအထောက်အထား စာရွက်စာတမ်းများ မရှိခြင်းသည် စိန်ခေါ်မှု အခက်အခဲတစ်ခုဖြစ်သည်။

တရုတ်ပြည်တွင်း၌ တောင်းရမ်းခိုင်းစေရန်အတွက် ယောကျာ်းလေးအရွယ်၌ လူကုန်ကူးခံခဲ့ရသော လူငယ်အမျိုးသားတစ်ဦးက သူ့တွင် သက်သေခံကတ်တစ်ခုမရှိသည့်အတွက် ပြဿနာများစွာ ကြုံတွေ့ခဲ့ရကြောင်း ရှင်းပြခဲ့သည်။ "ကျွန်တော်ဟာ အလုပ်တစ်ခုရချင်တယ်။ ကျွန်တော့်မှာ သက်သေခံကတ်တစ်ခု မရှိဘူး။ အဲဒါကြောင့် ကျွန်တော် အလုပ်တစ်ခု မရနိုင်ဘူး။ ဒီစခန်းမှာရှိတဲ့ ဘယ်သူကမှလည်း ကျွန်တော့်ကို အလုပ်တစ်ခုရအောင် မကူညီနိုင်ကြဘူး။ ကျွန်တော် အလုပ်တစ်ခုရဖို့လိုအပ်တဲ့ အထောက်အထား စာရွက်စာတမ်းအမျိုးအစားဟာ ဘာလဲဆိုတာလည်း ကျွန်တော်မသိဘူး။ ကျွန်တော်ဟာ ကျွန်တော့် မိသားစုကနေ တကယ်ပဲ ကင်းကွာနေခဲ့ပြီးဖြစ်တယ်။ ကျွန်တော်ရဲ့ သက်သေခံကတ်ကို ရယူဖို့ (ကျွန်တော့် ဇာတိမြို့ကို) ကျွန်တော်ပြန်မသွားတော့ဘူး။"

အဓမ္မလက်ထပ်ရန် တရုတ်နိုင်ငံသို့ လူကုန်ကူးခံခဲ့ရသော မြန်မာနိုင်ငံမှ အမျိုးသမီးတစ်ဦးသည် တရုတ်နိုင်ငံတွင် ခေါင်းပုံဖြတ်ခံနေရစဉ် သူမ၏ သက်သေခံကတ်ပျောက်ဆုံးခဲ့သည်။ သူမ အိမ်ပြန်လာကတည်းက သူမသည် အသစ်တစ်ခု မပြုလုပ်နိုင်ခဲ့ပေ။ အကြောင်းမှာ သူမကို မွေးစားမိဘများက မွေးမြူခဲ့သောကြောင့် သူမတွင် မွေးစာရင်းလက်မှတ်၊ သို့မဟုတ် မိသားစုစာအုပ်/စာရင်းတစ်ခု မရှိ၍ဖြစ်သည်။

## နေထိုင်ခွင့်မှတ်ပုံတင်ခြင်းသည် အချို့သော လူကုန်ကူးခံရသူများအတွက် စိန်ခေါ်မှု အခက်အခဲများကို ဖြစ်ပေါ်စေသည်။

လာအိုမိန်းကလေးတစ်ဦးသည် အကူအညီရယူရေးအတွက် သူမ၏ ရွာမှထွက်ခွာပြီး ဂေဟာတစ်ခုတွင်နေထိုင်ရန် သူမကို ခွင့်မပြုမီ ဒေသခံအာဏာပိုင်များ၏ လက်မှတ်ကို လိုအပ်ခဲ့သည်။ သူမအတွက် လုပ်ငန်းစဉ်သည် မရှင်းလင်းပါ။ "အဖွဲ့အစည်းက ကျွန်မကို စာရွက်စာတမ်းတွေကို လုပ်ဆောင်ဖို့တောင်းဆိုခဲ့တယ်။ ကျွန်မအတွက် စာရွက်စာတမ်းတွေကို လက်မှတ်ထိုးပေးဖို့ ကျွန်မအနေနဲ့ ကျေးရွာအကြီးအကဲနဲ့ ခရိုင်အရာရှိဆီ သွားဖို့လိုတယ်။ အဲဒါဟာ ကျွန်မအတွက် အတော်ကလေးစိတ်ရှုတ်စရာကောင်းပြီး ခက်ခဲတယ်။"

## လူကုန်ကူးခံရသူများအဖြစ် အဆင့်အတန်း (နှင့် ပူးတွဲပါ အခွင့်အရေးများနှင့် အကူအညီ) ကို ရရှိရေးတွင် အဟန့်အတားများ။

အဓမ္မလက်ထပ်ရန် တရုတ်နိုင်ငံသို့ လူကုန်ကူးခံခဲ့ရသော ဗီယက်နမ်အမျိုးသမီးတစ်ဦးသည် သူမ ဗီယက်နမ်နိုင်ငံသို့ ပြန်လာသောအချိန်တွင် ဘုံအဖွဲ့အစည်းအဆင့် အာဏာပိုင်များထံ ချဉ်းကပ်ခဲ့သည်။ သူမသည် လူကုန်ကူးခံရသူအဖြစ် အကူအညီတောင်းခံသည့် ပုံစံစာရွက်ကို မည်သို့ ဖြည့်စွက်ရမည်ကို သူတို့က ရှင်းမပြခဲ့ပေ။ သူမပြောသည့် အတိုင်းဆိုလျှင် "သူတို့က ဂရုမစိုက်ဘူး"။ အကျိုးဆက်အနေနှင့် သူမသည် သူမရရှိနိုင်သော အကူအညီအကြောင်း မည်သည့် သတင်းအချက်အလက်မျှမရရှိခဲ့ပဲ အချိန်အတော်ကြာအောင်ပင် ကူညီခြင်း မခံရပဲ ရှိနေခဲ့ရသည်။

ဆန်းစစ်ကြည့်လျှင် ဤကိစ္စရပ်များကို ဖြေရှင်းရခြင်းသည် အမျိုးမျိုးသော အတားအဆီးများဖြင့် ခက်ခဲရှုတ်ထွေးမှုရှိသည်။ ၎င်းတွင် အောက်ပါတို့ ပါဝင်သည်။

**၁။ ပွေလီမ်ရှုတ်ထွေးသော၊ တစ်ခါတစ်ရံ လုံးချာလိုက်နေသော လုပ်ထုံးလုပ်နည်းများ။**

**၂။ မြင့်မားသော (များသောအားဖြင့် လက်လှမ်းမမီနိုင်လောက်သော) ကုန်ကျစရိတ်။**

**၃။ အာဏာပိုင်များ၏ ဟန့်တားပိတ်ဆို့သော၊ တစ်ခါတစ်ရံ ခွဲခြားဆက်ဆံသော အပြုအမူနှင့်**

**၄။ အမျိုးမျိုးသော လက်တွေ့အတားအဆီးများ (အုပ်ချုပ်ရေးရုံးရှိရာသို့ ခရီးသွားရမှု၊ အလုပ် မလုပ်နိုင်ချိန်တွင် ဝင်ငွေဆုံးရှုံးမှုနှင့် ဤကိစ္စရပ်များနှင့် ပတ်သက်ဖြေရှင်းနေချိန်တွင် ကလေးစောင့်ရှောက်ရန် လိုအပ်မှု စသည်တို့ကဲ့သို့)**

## ကောင်းမွန်သော လက်တွေ့ကျင့်သုံးဆောင်ရွက်မှု ဇာတိတိုင်းပြည်၌ သက်သေခံအထောက်အထား စာရွက်စာတမ်းများကို ရရှိရန် ကူညီထောက်ပံ့မှု

အခမ့်လက်ထပ်ရန်အတွက် တရုတ်နိုင်ငံသို့ လူကုန်ကူးခံရသော မြန်မာနိုင်ငံမှ အမျိုးသမီးတစ်ဦးက သူမမြန်မာနိုင်ငံသို့ ပြန်လာပြီးနောက် နိုင်ငံတော်လူမှုရေးလုပ်ငန်း ဝန်ထမ်းတစ်ဦးက သူမ၏ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံအထောက်အထားကို အတည်ပြုရန် ထောက်ခံစာတစ်စောင် ပြုလုပ်ပေးခြင်းဖြင့် သူမအား သက်သေခံစာရွက်စာတမ်းများ အသစ်ရရှိရေးတွင် ကူညီခဲ့ပုံကို ရှင်းပြခဲ့သည်။ ထို့ပြင် ကူညီထောက်ပံ့မှုအဖွဲ့အစည်းတစ်ခုက ဤစာရွက်စာတမ်းများကို လုပ်ဆောင်ရန် လိုအပ်သော အခကြေးငွေကို ပေးခဲ့သည်။ ပြည်တန်ဆာအလုပ်အတွက် ထိုင်းနိုင်ငံသို့ လူကုန်ကူးခံခဲ့ရသော မြန်မာနိုင်ငံမှ မိန်းကလေးတစ်ဦးသည် သက်သေခံကတ်တစ်ခုပြုလုပ်ရာတွင် မြန်မာနိုင်ငံမှ ရဲများ၏ ကူညီခြင်းခံခဲ့ရသည်။ ရဲများက သူမကို ထောက်ခံစာတစ်စောင်ပေးခဲ့ပြီး ၎င်းကို သူမက သက်ဆိုင်ရာအာဏာပိုင်များထံ ယူဆောင်သွားခဲ့သည်။ သူမ၏ သက်သေခံလက်မှတ်ကို ထုတ်ပေးခြင်းအတွက် ကုန်ကျစရိတ် မရှိပေ။

## ဆိုက်ရောက်နိုင်ငံများတွင် တရားဝင်မှတ်ပုံတင်ခြင်းကို ရရှိနိုင်ခွင့်

ထိုင်းနိုင်ငံတွင် ငါးဖမ်းစက်လှေတစ်စီးပေါ်သို့ လူကုန်ကူးခံခဲ့ရသော မြန်မာနိုင်ငံမှ အမျိုးသားတစ်ဦးသည် စက်လှေမှ ထွက်ပြေးခဲ့ရာ အမျိုးသမီးတစ်ဦးက သူ့အား ဝှက်ပေးထားခဲ့ပြီး အခြားစက်လှေတစ်စီးပေါ်တွင် အလုပ်ရရန် ကူညီခဲ့သည်။ သူသည် ထိုစက်လှေပေါ်တွင် လအနည်းငယ်ကြာအောင် အလုပ်လုပ်ခဲ့ပြီး ပုံမှန်အတိုင်းလုပ်ခပေးချေခြင်းခံခဲ့ရသည်။ သို့သော်သူသည် ယခင်က အကြီးအကဲများနှင့် ပွဲစားများနှင့် ဆုံတွေ့မည်ကိုကြောက်ရွံ့နေဆဲရှိသည်။ သူသည် အခြားမြို့တစ်မြို့သို့ သွားခဲ့ပြီး ဒေသခံသစ်စက်တစ်ခုတွင် အလုပ်ရရှိခဲ့သည်။ သူသည် ထိုနေရာတွင် တစ်နှစ်ကြာအောင် အလုပ်လုပ်ခဲ့ပြီး သူ၏ အလုပ်ရှင်က သူ၏ ရွှေ့ပြောင်းအလုပ်သမား စာရွက်စာတမ်းများ ရရှိအောင် ကူညီခြင်းခံခဲ့ရသည်။

## ကိစ္စရပ် ၂ ၊ ၇ ။ စီးပွားရေး လိုအပ်ချက်များ

*လက်ရှိ စီးပွားရေး ကူညီထောက်ပံ့မှုပုံစံများသည် အမြဲတစေ တိုးတက်ကောင်းမွန်သော စီးပွားရေးအခြေအနေသို့ ဦးမတည်ပါ။*

စီးပွားရေးကူညီထောက်ပံ့မှုသည် လူကုန်ကူးခံရသူများက သူတို့၏ လူကုန်ကူးခံရခြင်းမှ လွတ်မြောက်ပြီးသည့် အချိန်နှင့်/သို့မဟုတ် သူတို့ အိမ်ပြန်သည့် အချိန်တွင် မကြာခဏပင် ပဓာန လိုအပ်ချက်ဖြစ်ကြောင်း သတ်မှတ်ထားကြသည်။ လူကုန်ကူးခံရသူများသည် သူတို့ ကိုယ်သူတို့နှင့် သူတို့မိသားစုများကို ထောက်ပံ့ရန်နှင့် လူကုန်ကူးခံရခြင်းမှ အကျိုးဆက်ဖြစ်သော စီးပွားရေးပြဿနာများကို ပြုပြင်ဖြေရှင်းရန်အတွက် အလုပ်လုပ်ပြီးငွေရှာရန် လိုအပ်သည်။ များစွာသော လူကုန်ကူးသူများသည် သူတို့၏ နေရင်းဒေသတွင် စီးပွားရေးပြဿနာများနှင့် လိုအပ်ချက်များရှိသောကြောင့် မူလအားဖြင့် ရွှေ့ပြောင်းသွားလာ လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် လူများစွာအဖို့ သူတို့၏ စီးပွားရေးအခြေအနေသည် လူကုန်ကူးခံရခြင်းကြောင့်/ကတည်းက ပို၍ ဆိုးဝါးလာခဲ့သည်။ အချို့မှာ သူတို့၏ ရွှေ့ပြောင်းသွားလာခြင်းအတွက် ငွေကြေးရရှိရန် အကြွေးတင်ခဲ့ပြီး လူကုန်ကူးခြင်းခံရမှုကြောင့် အဆိုပါ အကြွေးကို ပြန်မပေးဆပ်နိုင်ကြပါ။ အခြားသူတို့မှာ သူတို့၏ အိမ်ပြန်ခရီးအတွက် ငွေပေးရန်၊ သို့မဟုတ်၊ လူကုန်ကူးခံရခြင်းမှ လွတ်မြောက်ရေးအတွက် ရွေးနုတ်ငွေပေးရန် အကြွေးတင်ခဲ့ကြသည်။ များစွာသော လူကုန်ကူးခံရသူများသည် နာမကျန်းဖြစ်မှု၊ သို့မဟုတ် ထိခိုက်ဒဏ်ရာရမှု၊ သို့မဟုတ် အလုပ်ရှာ

မရမှုတို့ကြောင့် လူကုန်ကူးခံရပြီးနောက်ပိုင်းတွင်အလုပ်မလုပ်နိုင်ကြပါ။ ထို့ကြောင့် ငွေမရှာနိုင်ဘဲ ကြွေးမြီတင်ခြင်း (သို့မဟုတ်၊ ကြွေးမြီအဆင့်များ ထပ်မံမြင့်တက်ခြင်း) က များသောအားဖြင့် သူတို့၏ စီးပွားရေး အခက်အခဲများကို ပိုမိုဆိုးရွားစေခဲ့သည်။

## ဖြစ်ရပ်မှန်အမှုကိစ္စ လေ့လာချက်များ
## လူကုန်ကူးခံရသူများသည် လူကုန်ကူးခံရမှုမတိုင်မီနှင့် လူကုန်ကူးခံရခြင်း၏ အကျိုးဆက်တစ်ခုအဖြစ် စီးပွားရေးပြဿနာများကို ရင်ဆိုင်ကြုံတွေ့ရသည်။

မြန်မာနိုင်ငံမှ အမျိုးသားတစ်ဦးက မလေးရှားသို့ အလုပ်လုပ်ရန် ရွှေ့ပြောင်းသွားလာဖို့အတွက် သူသည် ၁,၂၀၀,၀၀၀ကျပ်(၁၃၆၀ USD ခန့်) နှင့် သူ့ဇနီးမီးဖွားရန်အတွက် နောက်ထပ် ၂၀၀,၀၀၀ကျပ် (၂၂၅ USD ခန့်) ကို ချေးယူခဲ့ရကြောင်း ရှင်းပြခဲ့သည်။ အတိုးနှုန်းမှာ ၁၀%ဖြစ်၍ သူ့အနေနှင့် အကြွေးကို ကျေအောင်ရှင်းနိုင်စွမ်းမရှိပေ။ သူသည် အတိုးငွေ အပါအဝင် ၁သန်းကျပ်ခန့် (၁၁၃၅ USD ခန့်) အကြွေးတင်နေဆဲရှိသည်။

ဟောင်ကောင်သို့ အိမ်ဖော်တစ်ဦးအဖြစ် လူကုန်ကူးခံခဲ့ရသော ဗီယက်နမ်အမျိုးသမီးတစ်ဦးက သူမ၏ ရွှေ့ပြောင်းသွားလာခြင်း/ လူကုန်ကူးခံရခြင်းသည် သူမ၏ မိသားစုတွင် ငွေရေးကြေးရေးနှင့် အချင်းချင်းဆက်ဆံရေးဆိုင်ရာပြဿနာများကိုဖြစ်စေရန် အကြောင်းခံခဲ့ပုံကို ရှင်းပြခဲ့သည်။ သူမ၏ ရွှေ့ပြောင်းသွားလာခြင်းကို ငွေကြေးထောက်ပံ့ရန် မိသားစုသည် ဘဏ်မှ ၂၅သန်း VND (၁၂၀၀ USD ခန့်) ကို ချေးယူခဲ့ရသည်။ ထို့နောက် သူမသည် လူကုန်ကူးခံရပြီး မည်သည့် ငွေမျှအိမ်သို့ ပြန်မပို့နိုင်သောအခါ သူတို့၏ စိုက်ပျိုးရေးစက်ကိရိယာကို အကြွေးပြန်ဆပ်ရန် ရောင်းချဖို့လိုအပ်ခဲ့သည်။ အကြွေးကို ပြန်ဆပ်ပြီးသောအခါ သူမသည် သူမ၏ မိသားစုကို ထောက်ပံ့ဖို့စိုက်ပျိုးမြေဝယ်ယူရန် နောက်ထပ် ၃၀ သန်း VND (၁၅၀၀ USD) ကို ချေးယူခဲ့သည်။ သို့သော် ကြွေးမြီကို ပြန်မဆပ်နိုင်ခဲ့ပေ။ ယခုအခါ သူမအနေဖြင့် သူမချေးယူခဲ့သူများကို အကြွေးပြန်ဆပ်ရန် ငွေချေးရင်းဖြင့် အစဉ်အမြဲ အကြွေးသံသရာလည်နေသည်။ ဤပြဿနာသည် ၂၀၀၆ ခုနှစ်ကတည်းကစ၍ ဆက်လက်ဖြစ်ပေါ်နေခဲ့သည်။ ဤကြီးမားသော ကြွေးမြီကြောင့် သူမနှင့် သူမ၏ ခင်ပွန်းသည် အကြီးအကျယ် စကားများကြသည်။ ၎င်းက သူမ၏ မိသားစု၏ ပျော်ရွှင်မှုနှင့် သူမ၏ ကလေးများ၏ ကျောင်း၌ ပညာရေး စွမ်းဆောင်နိုင်မှုကို ထိခိုက်စေသည်။ သူမ၏ အကြီးဆုံးသားသည် အကြွေးပြန်ဆပ်ရာတွင် ကူညီဖို့အလုပ်လုပ်ရန် တစ်ခါတစ်ရံကျောင်းမှ ထွက်ခွာရသည်။

အချို့သော ဖြစ်ရပ်များတွင် စီးပွားရေးစွမ်းဆောင်ရည်မြှင့်တင်ရေး စီမံချက်များကို သေချာစွာ အစီအစဉ်ရေးဆွဲပြီး စီးပွားရေးစွမ်းဆောင်ရည်မြှင့်တင်ရေး အထူးကျွမ်းကျင်သူများနှင့် အကောင်အထည်ဖော်ခဲ့ကြသည်။ ဤစီမံချက်များသည် ဒေသဆိုင်ရာအလုပ်သမားဈေးကွက်လိုအပ်ချက်အကြောင်း အသိပညာဗဟုသုတ၊ (အရည်အသွေးမြင့်)အသက်မွေးမှုပညာသင်တန်းသို့ ရရှိနိုင်မှုနှင့်၊ လူကုန်ကူးခံရသူများအား အလုပ်သမားဈေးကွက်လိုအပ်ချက်များနှင့် ကိုက်ညီစေရန်၊ သူတို့၏ စွမ်းရည် (နှင့် ယုံကြည်မှု)ကို တည်ဆောက်ပေးရန် လူကုန်ကူးသူများနှင့် အလုပ်လုပ်သည့် အတွေ့အကြုံရှိသည့် ဝန်ထမ်းများပေါ်တွင် အခြေပြုထားသည်။ ဤစီမံချက်များသည် သေချာစွာ တွေးခေါ်စဉ်းစားထားသည့် လုပ်ငန်းစဉ်များဖြစ်သည်။ ၎င်းတို့မှာ သင်တန်းအပြီးတွင် သင်တန်းဆင်းစာမေးပွဲစစ်ဆေးခြင်း၊ အလုပ်သင်စီမံချက်များ၊ အလုပ်အကိုင်အတွက် အဆင်သင့်ပြင်ဆင်မှု စီမံချက်များ၊ စီးပွားရေးလုပ်ငန်းတစ်ခုကို ငွေကြေးမထူထောင်မီ ရှေ့ပြေးကျွမ်းကျင်မှုများ၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု သင်တန်းတက်ရန် ကမ်းလှမ်းခြင်း စသည်တို့ဖြစ်သည်။ အချို့စီမံချက်များသည် လုပ်ငန်းခွင်ကျွမ်းကျင်မှု အရည်အချင်းများ (နှင့် ရေရှည်အကျိုးရလဒ်များ/အောင်မြင်မှုများ) ကို ပို၍မြှင့်တင်ပေးသည့်- စာတတ်မြောက်ရေးသင်တန်း၊ လမ်းညွှန်အကြံပေးခြင်းနှင့် ဘ၀တွက်တာကျွမ်းကျင်စရာသင်တန်းများကဲ့သို့ -အရံအထောက်အကူပြုကူညီပံ့ပိုးမှုကို ကမ်းလှမ်းပေးအပ်သည်။ ဤစီမံချက်များကို ရေရှည်စောင့်ကြည့်စစ်ဆေးပြီး လိုအပ်လျှင် နောက်ထပ်

အထောက်အပံ့နှင့် လမ်းညွှန်အကြံပေးခြင်းကို ပေးအပ်သည်။

## ကောင်းမွန်သော လက်တွေ့ကျင့်သုံးဆောင်ရွက်မှု လူကုန်ကူးခံရသူများသည် ကောင်းစွာ စီစဉ်ရေးဆွဲထားပြီး ထိရောက်သော စီးပွားရေးစွမ်းဆောင်ရည်မြှင့်တင်မှု စီမံချက်များကို ရနိုင်ခွင့်ရှိကြသည်။

ကမ္ဘောဒီးယားအမျိုးသားတစ်ဦးက ကူညီထောက်ပံ့မှု အဖွဲ့အစည်းသည် သူ့အိမ်သို့လာပြီး သင်တန်းနှင့် အလုပ်အတွက် ရွေးချယ်စရာအမျိုးမျိုးကို သူ့အားကမ်းလှမ်းခဲ့ပုံကို ဖော်ပြပြောဆိုခဲ့သည်။ သူသည် ဆံပင်ညှပ်သမားတစ်ဦးအဖြစ် လေ့ကျင့်သင်ကြားရန် ရွေးချယ်ခဲ့သည်။အကြောင်းမှာ သူ၏ ရွာတွင် ထိုကျွမ်းကျင်မှုပညာကို လိုအပ်ချက်ရှိသောကြောင့်ဖြစ်သည်။ အဖွဲ့အစည်းက သူ့ကို (၉)လကြာ အသက်မွေးမှုပညာသင်တန်းအတွက် အနီးနားရှိမြို့သို့ စေလွှတ်ခဲ့သည်။ သူ၏ သင်တန်းပြီးဆုံးသောအခါ သူ၏ ဆံပင်ညှပ်လုပ်ငန်းကို ထူထောင်ရန် ပစ္စည်း ကိရိယာများ သူ့ကို ပေးအပ်ခဲ့သည်။ သူရှင်းပြသည့်အတိုင်းဆိုလျှင် "အခု ကျွန်တော် ဆံပင်ညှပ်သမားအဖြစ် အလုပ်လုပ်နေတယ်။ ကျွန်တော့်မှာ တစ်နေ့ကို ဖောက်သည် ၃ ယောက်လောက်ရပြီး ဖောက်သည်တစ်ဦးကို ၂,၀၀၀ Riels (0.50 USD ခန့်) ရတယ်။ ကျွန်တော် ဒီဆံသအလုပ်ကို လုပ်ရတာကြိုက်တယ်။ ခေတ်ပေါ်ဆံပင်ပုံစံတွေ၊ ဆန်းဆန်းပြားပြားပုံစံတွေနဲ့ အသက်ကြီးသူတွေအတွက် ရှေးရိုးပုံစံတွေလည်း အပါအဝင်ပေါ့" သူသည် သူ၏ လုပ်ငန်းကို တိုးချဲ့ရန် ကြံစည်နေသည်။ မော်တော်ဆိုင်ကယ်တစ်စီးဝယ်ပြီး အနီးနားရှိ ကျေးရွာများတွင် သူ၏ ဝန်ဆောင်မှုကို ရောင်းချရန်ဖြစ်သည်။ ကမ္ဘောဒီးယားအမျိုးသမီးတစ်ဦးသည် ဆံပင်ပုံသွင်းအလှပြင်သည့် သင်တန်းကို တက်ရောက်လျက်ရှိသည်။ ဤသင်တန်းသည် ၁ နှစ်ခွဲကြာမည်ဖြစ်သည်။ ဤသင်တန်းပြီးဆုံးသည့်အခါ အဖွဲ့အစည်းသည် လိုအပ်သော သင်တန်းဆင်းစာမေးပွဲတစ်ခုပြုလုပ်ပြီး အကယ်၍ သူမအောင်မြင်ပါက အဖွဲ့အစည်းက သူမအား အလုပ်သင်တစ်ဦးအဖြစ် အလုပ်ရရှိရန်နှင့် သူမ၏ ကျွမ်းကျင်မှုများကို ၃ လ ကြာလက်တွေ့လေ့ကျင့်ရန် ကူညီမည်ဖြစ်သည်။ ၎င်းနောက် သူမအနေဖြင့် ဆံပင်ပုံသွင်းအလှပြင်ဆိုင်တစ်ဆိုင် ထူထောင်ရန် ပစ္စည်းကိရိယာများကို တောင်းခံနိုင်မည်ဖြစ်သည်။ ထိုတောင်းခံချက်သည် သူမအနေဖြင့် ပြည့်မီအောင် ဖြည့်ဆည်းရမည့် စံသတ်မှတ်ချက်များ တစ်စုပေါ်တွင် အခြေခံထားသည်။

လုပ်အားအတွက် မြန်မာနိုင်ငံအတွင်း၌ ပြည်တွင်းလူကုန်ကူးခြင်းခံရသော အမျိုးသားတစ်ဦးသည် တိရိစ္ဆာန်မွေးမြူရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းတစ်ခုကို စီမံခန့်ခွဲရေးတွင် လေ့ကျင့်သင်ကြားခဲ့သည်။ ၎င်းနောက် သူ့ကို ဝက်များ ဝယ်ယူရန် ရန်ပုံငွေပေးအပ်ခဲ့သည်။ ၆ လကြာပြီးနောက် သူသည် ဝက်တစ်ကောင်ကိုရောင်းချပြီး အမြတ်ဖြင့် နောက်တစ်ကောင်ဝယ်ယူခဲ့သည်။ ထို့နောက် သူသည် သူ၏ ဝက်မွေးမြူရေးကို တိုးချဲ့ရန်နောက်ထပ် အသေးစားထောက်ပံ့ကြေးတစ်ရပ်ကို လက်ခံရရှိခဲ့ပြီး အသေးစားချေးငွေနှင့် စုဆောင်းငွေအုပ်စုများအကြောင်းသင်တန်းကို တက်ရောက်ခဲ့သည်။ ဝက်များမှရသော အမြတ်ငွေမှာ သူ၏ လိုအပ်ချက်များအတွက် မလုံလောက်ပဲ သူသည် ကြက်များ မွေးမြူခြင်းနှင့် ပန်းများ စိုက်ပျိုးခြင်းဖြင့် နောက်ဆုံးတွင် ကုန်စုံဆိုင်တစ်ဆိုင်ဖွင့်နိုင်ရန်အတွက် သူ၏ အလုပ်ကို ချဲ့ထွင်ရန် နည်းလမ်းများ ရှာလျက်ရှိသည်။ ဝန်ဆောင်မှုထောက်ပံ့သူသည် သူ၏ တိုးတက်ဖြစ်ပေါ်မှုကို စောင့်ကြည့်လေ့လာရန် သူ့ထံသို့ ၃ လကြာတိုင်း လာရောက်လည်ပတ်သည်။ သူ၏ စီးပွားရေးလုပ်ငန်းစိတ်ကူးများကို မည်သို့ငွေကြေးထောက်ပံ့မည်နည်းဟု မေးမြန်းသောအခါ သူက အသေးစားချေးငွေစီမံချက်တစ်ခုမှ ငွေချေးယူမည်ဟု ရှင်းပြခဲ့သည်။ သူသည်ကောင်းစွာ လုပ်ကိုင်လျက်ရှိသောကြောင့် ၎င်းငွေကို ကူညီထောက်ပံ့မှု အဖွဲ့အစည်းထံမှ ရရှိရန် သူမျှော်လင့်ပေ။

သို့ရာတွင် အခြားသော ဖြစ်ရပ်များတွင်မူ စီးပွားရေးစွမ်းဆောင်ရည်မြှင့်တင်ရေး ကြိုးပမ်းအားထုတ်မှုများမှာ သေချာစွာ အစီအစဉ်ရေးဆွဲဆောင်ရွက်မှု လျော့နည်းနေပြီး အကျိုးဆက်အနေနှင့် ထိရောက်မှု လျော့နည်း

နေသည်။ စီးပွားရေးစွမ်းဆောင်ရည် မြှင့်တင်ရေးသည် ရှုတ်ထွေးနက်နဲပြီး အောက်တွင် စာရင်းပြုစု ဆွေးနွေးထားသော စိန်ခေါ်ချက်များစွာ ပါဝင်ပတ်သက်နေသည်။ ဤစိန်ခေါ်ချက်များထဲမှ တစ်ခုချင်းစီသည် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ အောင်မြင်မှု၊ သို့မဟုတ် ရှုံးနိမ့်မှုကို တိုက်ရိုက်သတင်းပေးပို့နိုင်သည်။

**၁။ စီးပွားရေးစွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းတွင် အသက်မွေးဝမ်းကြောင်းပညာရှင်အဆင့် ကျွမ်းကျင်ပိုင်နိုင်သော စွမ်းရည်မရှိခြင်း။**

**၂။ အသက်မွေးမှုပညာသင်တန်းကို မရရှိနိုင်ခြင်း၊ သို့မဟုတ်၊ သင်တန်းသည် စိတ်ကျေနပ်ဖွယ် ကျွမ်းကျင်မှုအဆင့်ကို ရောက်အောင် မသင်ကြားပေးနိုင်ခြင်း။**

**၃။ လေ့ကျင့်သင်ကြားရေးနှင့် အလုပ်အကိုင်ရွေးချယ်မှုတို့တွင် အကန့်အသတ်ရှိခြင်း၊ လူပုဂ္ဂိုလ် တစ်ဦးချင်း၏ စိတ်ဝင်စားမှု၊ ကျွမ်းကျင်မှုတို့ကို အာရုံစိုက်မှုတွင် အကန့်အသတ်ရှိခြင်း။**

**၄။ စီးပွားရေးစီမံကိန်းများသည် ဒေသခံစီးပွားရေးအခြေအနေနှင့် မကိုက်ညီခြင်း။**

**၅။ စီးပွားရေးသင်တန်းတက်ရန် မကမ်းလှမ်းခြင်း၊ လျော့နည်းစွာ ကူညီထောက်ပံ့ခြင်း၊ သို့မဟုတ် စိတ်ကူးညံ့ဖျင်းခြင်း။**

**၆။ စီးပွားရေး အခွင့်အလမ်းများ ကင်းမဲ့ခြင်း။ ဇာတိရပ်ရွာ လူ့အဖွဲ့အစည်းများ၊ လူ့အဖွဲ့အစည်းအသစ်များနှင့် နိုင်ငံခြားတွင် -**

**၇။ အထူး လိုအပ်ချက်များရှိသော လူကုန်ကူးခံရသူများအတွက် ရွေးချယ်ခွင့်နည်းပါးခြင်း**

**၈။ လူကုန်ကူးခံရသူ၏ မိသားစုများ၏ လိုအပ်ချက်များအပါအဝင် အခြားအကူအညီလိုအပ်ချက်များကို အာရုံစိုက်မှု မလုံလောက်ခြင်း။**

**၉။ မိမိ၏ ကိုယ်ပိုင်စွမ်းဆောင်နိုင်မှုကို ယုံကြည်စိတ်ကင်းမဲ့ခြင်း။**

**၁၀။ စီးပွားရေးစွမ်းဆောင်ရည်မြှင့်တင်ရေးတွင် လက်တွေ့ကျသော အတားအဆီးများ။**

**၁၁။ စီးပွားရေးစွမ်းဆောင်ရည်မြှင့်တင်ရေးကို စောင့်ကြည့်စစ်ဆေးမှုနှင့် ကူညီထောက်ပံ့မှု အကန့်အသတ်ရှိခြင်း။**

## ဖြစ်ရပ်မှန်အမှုကိစ္စ လေ့လာချက်ညံ့ဖျင်းစွာ စီစဉ်ရေးဆွဲထားသော စီးပွားရေး စွမ်းဆောင်ရည်မြှင့်တင်ရေးစီမံချက်များသည် မအောင်မြင်မှုနှင့် ဆုတ်ယုတ်မှုများကို ဖြစ်ပေါ်စေသည်။

ဗီယက်နမ်အမျိုးသမီးတစ်ဦးသည် ဂေဟာစီမံချက်တစ်ခုမှတစ်ဆင့် လက်မှုပစ္စည်းများ ထုတ်လုပ်သည့်သင်တန်းကို ကမ်းလှမ်းခြင်းခံခဲ့ရသည်။ သူမသည် လက်မှုပစ္စည်းများ ပြုလုပ်ခြင်းကို (၃)နှစ်ကြာအောင် လေ့ကျင့်သင်ကြားရသည်။ ထိုအချိန်အတောအတွင်း သူမသည် သူမ၏ ကလေးများနှင့် ကွဲကွာနေခဲ့ရသည်။(သူမ၏ မိဘများက သူမ မရှိချိန်တွင် သူတို့ကို ကြည့်ရှုစောင့်ရှောက်ထားသည်။) သူမသည် ဤအချိန်တွင် သေးငယ်သော ထောက်ပံ့ကြေးကိုသာ လက်ခံရရှိခဲ့သည်။ (၃)နှစ်ကြာပြီးနောက်စီမံချက်ကို ပိတ်လိုက်ရသည်။ အဘယ်ကြောင့်ဆိုသော် လက်မှုပစ္စည်းများသည် ဈေးကွက်မဝင်သောကြောင့်ဖြစ်သည်။ သူမသည် ဈေးကွက်ဝင်နိုင်သော ကျွမ်းကျင်မှုပညာ၊ သို့မဟုတ်၊ အောင်မြင်နိုင်စွမ်းရှိသော အလုပ်အကိုင်၊ သို့မဟုတ်၊ စီးပွားရေးလုပ်ငန်းအတွက် အခွင့်အလမ်းတစ်ခုမျှ မရှိပဲ သူမ၏ ကလေးများရှိရာ အိမ်သို့ပြန်လာခဲ့ရသည်။ ပြည်တန်ဆာအလုပ်အတွက် ပြည်တွင်း၌ လူကုန်ကူးခံရသော တရုတ်အမျိုးသမီးတစ်ဦးသည် မုန့်ဖုတ်သည့် အသက်မွေးမှုပညာသင်တန်းကို လက်ခံရရှိခဲ့သည်။ သို့ရာတွင် သူမသည် အလုပ်အကိုင်ကောင်းတစ်ခုကို ရှာဖွေရာတွင် အခက်အခဲနှင့် ကြုံတွေ့ခဲ့ရသည်။ ပြန်လည်စဉ်းစားကြည့်ပြီးနောက် သူမက သူမအနေဖြင့် သင်တန်းရွေးချယ်ရာတွင် ပို၍ကောင်းမွန်

သော လမ်းညွှန်အကြံဉာဏ်ပေးခြင်းခံခဲ့ရလျှင် ကောင်းမည်ဟု ဆန္ဒရှိခဲ့ကြောင်းပြောပြခဲ့သည်။ ကမ္ဘောဒီးယား အမျိုးသားတစ်ဦးသည် သူ၏ ရွာတွင် ဘဲများမွေးမြူရန် ရန်ပုံငွေထောက်ပံ့ခြင်းခံရသည်။ သို့ရာတွင် သူသည် ဘဲမွေးမြူရန် ကျွမ်းကျင်မှုနှင့် အရင်းအမြစ်များ မရှိပေ။ လအနည်းငယ်ကြာပြီးနောက် ဘဲများ သေဆုံးကုန်ကြသည်။ သူသည် ထပ်မံ၍ ဘဲပေါက်ကလေးများကို ဝယ်ယူရန် အကြွေးတင်ခဲ့သည်။ ထိုဘဲပေါက်ကလေးများသည်လည်း သေဆုံးကုန်ကြသည်။ အဖွဲ့အစည်းသည် သူ၏ အမှုကိစ္စကို စောင့်ကြည့်စစ်ဆေးမှု မပြုလုပ်ခဲ့ပေ။ တွေ့ဆုံမေးမြန်းသည့် အချိန်တွင် သူသည် အလုပ်လက်မဲ့ဖြစ်နေပြီး အကြွေးတင်နေသည်။

## ကိစ္စရပ် ၂ ၊ ဂ ။ တရားဥပဒေဆိုင်ရာအမှုများကို ဆက်လက်ဆောင်ရွက်ခြင်း

*လူကုန်ကူးခံရသူများ၏ အခွင့်အရေးများနှင့် အကောင်းဆုံး အကျိုးစီးပွားများအား တရားဥပဒေလုပ်ငန်းစဉ်များတွင် အမြဲတစေ ကာကွယ်မှု မပေးနိုင်ပါ။*

များစွာသော လူကုန်ကူးခံရသူများသည် လူကုန်ကူးခံရသူ/သက်သေများအဖြစ် သူတို့ကို လူကုန်ကူးခဲ့သူများအား ဥပဒေအရတရားစွဲဆိုသည့်လုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်နေကြသည်။ ပြည်တွင်း ပြည်ပနှစ်ခုစလုံးတွင် ရာဇဝတ်မှုများနှင့် လျော်ကြေးတောင်းခံသည့် အမှုများဖြစ်ကြသည်။ အချို့ဖြစ်ရပ်များတွင် လူကုန်ကူးခံရသူများသည် ယေဘူယျအားဖြင့် လျော်ကြေးတောင်းခံသည့် အမှုများနှင့် ပတ်သက်၍ ဥပဒေရေးရာအမှုအခင်းများတွင် ပါဝင်ပတ်သက်ရန် စိတ်ပါဝင်စားကြသည်။ အချို့မှာ သူတို့ကို လူကုန်ကူးခဲ့ သူများအား သူတို့အပေါ် ၎င်းတို့ လုပ်ခဲ့သမျှအတွက် အပြစ်ဒဏ်ပေးရန် တရားမျှတမှုနှင့် ပတ်သက်၍လည်း အလေးထားပူပန်မှုရှိသည်။ အချို့ဖြစ်ရပ်များတွင် လူကုန်ကူးခံရသူများသည် သူတို့၏ လူကုန်ကူးခံရသူ၊ သက်သေခံသူများအဖြစ် ဆောင်ရွက်ခဲ့သည့် အပြုသဘောဆောင်သည့် အတွေ့အကြုံများကို ဖော်ပြကြသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် ဥပဒေလုပ်ငန်းစဉ်တွင် သူတို့၏ အခွင့်အရေးများကို ကာကွယ်မှုရရှိပြီး သူတို့ကို ခေါင်းပုံဖြတ်ခဲ့သူများအား ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောခွင့်ရရှိနိုင်ခဲ့ကြသည်။

သို့ရာတွင် အပြုသဘောဆောင်သော အတွေ့အကြုံနှင့် ရလဒ်တစ်ချို့ရှိစေကာမူ လူကုန်ကူးခံရသူများသည် လူကုန်ကူးခံရသူ/သက်သေခံသူများအဖြစ် ပါဝင်ပတ်သက်ခဲ့သော သူတို့၏ အတွေ့အကြုံပေါ် အခြေပြုလျက် ဥပဒေလုပ်ငန်းစဉ်တွင် တွေ့ရသော များစွာသော ကိစ္စရပ်များနှင့် ပြဿနာများကိုလည်း ဖော်ထုတ်ခဲ့ကြသည်။ ၎င်းတို့တွင် အောက်ပါအချက်များ ပါဝင်သည်။

**၁။ ပြည့်စုံသော သတင်းအချက်အလက်ပေးခြင်းနှင့် သတင်းအချက်အလက်များကို သိရှိပြီးမှ သဘောတူခွင့်ပြုမှုကို ရယူမှုကင်းမဲ့ခြင်း၊ သူတို့အနေနှင့် ဥပဒေလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်မှုကို ငြင်းဆန်ရန် ရွေးချယ်ခွင့် မရှိခြင်း။**

**၂။ ပြည်ပတွင် ဥပဒေအရ တရားစွဲဆိုခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နေစဉ် ဂေဟာများ၌ ကြာရှည်စွာ အတင်းအကြပ်နေထိုင်ရခြင်း။**

**၃။ (မလိုအပ်သော) ကြာရှည်သည့် ဥပဒေအရ တရားစွဲဆိုသည့် လုပ်ငန်းစဉ်။**

**၄။ ပြန်လည်လူတွေ့မေးမြန်းခြင်းနှင့် ကြိမ်ဖန်များစွာ ထွက်ဆိုချက်များ ပေးရခြင်း။**

**၅။ တရားဥပဒေလုပ်ငန်းစဉ်အကြောင်း နောက်ဆုံးအခြေအနေကို ပုံမှန်အသိပေးမှု မရှိခြင်း။**

**၆။ လူကုန်ကူးခံရသူ/သက်သေများအတွက် အန္တရာယ်ရှိမှု။**

**၇။ နစ်နာကြေးငွေရရှိရာတွင် နှောင့်နှေးကြန့်ကြာမှုများနှင့် ရှုပ်ထွေးမှုများ ရှိခြင်း။**

**၈။ ဥပဒေစိုးမိုးရေးဆောင်ရွက်သူများက ကြမ်းတမ်းစွာ ဆက်ဆံမှု။**

**၉။ လူကုန်ကူးခံရသူ/သက်သေများအပေါ်တင်ရှိသော ကုန်ကျစရိတ်အတွက် ဘဏ္ဍာငွေထောက်ပံ့မှု မရရှိခြင်း။**

၁၀။ လူကုန်ကူးခံရသူ/သက်သေတစ်ဦးဖြစ်ရခြင်းအတွက် စိတ်ဖိစီးမှု၊ ကြောက်ရွံ့မှု၊ စိုးရိမ်ပူပန်မှု ခံစားရခြင်း။

၁၁။ ဘာသာစကား အတားအဆီးများ ရှိခြင်း။

အထူးသဖြင့် ထုတ်ဖော်ပြောဆိုအပ်သည်မှာ များစွာသော ဤအမှုများတွင် လူကုန်ကူးခံရသူ ကလေးငယ်များ ပါဝင်ပတ်သက်နေခြင်းဖြစ်သည်။ ၎င်းမှာ ဥပဒေရေးရာလုပ်ငန်းစဉ်တွင် ကလေးများ၏ အခွင့်အရေးများနှင့် အကောင်းဆုံး အကျိုးစီးပွားများကို မည်ကဲ့သို့ ကာကွယ်မှုရှိသနည်း။ (မရှိသနည်း) ဟူသည့် မေးခွန်းများ ပေါ်ထွက်လာစေသည်။

## ဖြစ်ရပ်မှန်အမှုကိစ္စ လေ့လာချက်များ

## လူကုန်ကူးခံရသူ/သက်သေများသည် အမြဲတစေကိုယ့်သဘောဆန္ဒအလျောက် မဟုတ်ဘဲ အပြည့်အဝ သတင်းအချက်အလက်များ အသိပေးခြင်းလည်း မခံရပါ။

ထိုင်းနိုင်ငံတွင် ခေါင်းပုံဖြတ်ခံရသော မြန်မာနိုင်ငံမှ မိန်ကလေးတစ်ဦးက သူမကို လူကုန်ကူးသူအား တရားစွဲဆိုရန် ဖိအားပေးခြင်းခံခဲ့ရကြောင်း ဖော်ပြပြောဆိုခဲ့သည်။ သူမကို ရဲများက လူကုန်ကူးသူအား တရားစွဲဆိုရန် အားပေးတိုက်တွန်းခဲ့ကြောင်း၊ သို့ရာတွင် သူမအနေဖြင့် တရားရုံးသို့သွားရမည်ကို ကြောက်ရွံ့သောကြောင့်တရားမစွဲချင်ကြောင်း သူမက ရှင်းပြခဲ့သည်။ သူမက ရဲအရာရှိကို တရားရုံးတရားမှုခင်းတွင် ပါဝင်ဆောင်ရွက်ရန် မလိုလားကြောင်း ပွင့်လင်းစွာ ပြောပြခဲ့သော်လည်း သူတို့က မည်သို့ပင်ဖြစ်စေအမှုကို ဖွင့်ခဲ့သည်။ "ကျွန်မဟာ တရားရုံးကို သွားရတယ်။ ကျွန်မအတွက် ရွေးချယ်စရာ မရှိခဲ့ဘူး။" ပြန်လည်စဉ်းစားသုံးသပ်ကြည့်ရာတွင် သူမကို လူကုန်ကူးသူသည် ထောင်ကျသွားစေကာမူ သူမအနေဖြင့် တရားရေးအမှုအခင်းတွင် မပါဝင် မပတ်သက်ရန် ပို၍ လိုလားခဲ့သည်။

## အကြိမ်အခါများစွာ လူတွေ့မေးမြန်းခြင်းခံရပြီး ထွက်ဆိုချက်/သက်သေခံချက်ပေးကြရသည်။

ပြည်တန်ဆာအလုပ်အတွက် ဂျပန်နိုင်ငံသို့ လူကုန်ကူးခံခဲ့ရသော ထိုင်းအမျိုးသမီးတစ်ဦးသည် ဂျပန်နိုင်ငံရှိဂေဟာသို့ ရောက်ရှိချိန်တွင် ကျန်းမာရေးပြဿနာများစွာ ရှိနေပြီး စိတ်ပိုင်းဆိုင်ရာအရ နေမကောင်းဖြစ်နေခဲ့သည်။ ထိုသို့ဖြစ်သော်လည်း ရဲများသည် သူမကို လူတွေ့မေးမြန်းရန် လာခဲ့ကြသည်။ ၎င်းက သူမကို စိတ်ဒုက္ခဖြစ်စေခဲ့သည်။ သူမအနေဖြင့် ထိုအချိန်၌ သူမ၏ အတွေ့အကြုံများ အကြောင်းပြောဆိုရန် အဆင်သင့်မဖြစ်သေးဘဲ တွေ့ဆုံမေးမြန်းမှုကြောင့် စိတ်အနှောက်အယှက်ဖြစ်ရပြီး စိတ်ဖိစီးမှုခံစားရကြောင်း သူမက ဖော်ပြပြောဆိုခဲ့သည်။

## သူတို့၏ အမှု၏ အဆင့်အတန်းအကြောင်း အဆက်မပြတ် အသိပေးခြင်း မခံရပေ။

နိုင်ငံအတွင်း၌ လူကုန်ကူးခံရသော လာအိုအမျိုးသမီးတစ်ဦးသည် သူမ၏ တရားရေးအမှုအခင်း၏ တိုးတက်ဖြစ်ပေါ်မှုကို သိချင်သည်။ သို့သော် အကြိမ်များစွာ ဖုန်းဆက်ခဲ့စေကာမူ အကူအညီထောက်ပံ့သူများထံမှ ဤသတင်းအချက်အလက်ကို မရရှိခဲ့ပေ။ သူတို့က သူမအနေဖြင့် စောင့်ဆိုင်းရန်လိုကြောင်း၊ အဘယ်ကြောင့်ဆိုသော် သူတို့ ကိုင်တွယ်ဆောင်ရွက်နေသည့် အမှုများ အလွန်များသောကြောင့်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ သူမအတွက် ဤကိစ္စသည် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးတွင် အတားအဆီးတစ်ခုဖြစ်သည်။ သူမသည်

ဤကိစ္စကို သူမ၏ နောက်တွင်ထားခဲ့ပြီး သူမ၏ ဘဝသစ်ကို စတင်ချင်သည်။ သို့သော် သူမအနေဖြင့် နစ်နာကြေး တောင်းဆိုမှုကို မအောင်မြင်လျှင် ဤသို့ ပြုလုပ်နိုင်မည်ဟု မထင်မြင်ပေ။

## လူကုန်ကူးခံရသူ/သက်သေများအဖြစ် ဆောင်ရွက်စဉ် ဘေးကင်းလုံခြုံမှု ပြဿနာရပ်များ

ပြည်တန်ဆာအလုပ်အတွက် မြန်မာနိုင်ငံအတွင်း၌ ပြည်တွင်းလူကုန်ကူးခြင်းခံခဲ့ရသော အမျိုးသမီးတစ်ဦး သည် သူမ၏ အမှုကို ရဲသို့တိုင်ကြားပြီးနောက် သူမကို လူကုန်ကူးသူ၏ တိုက်ခိုက်ခြင်း ခံခဲ့ရသည်။ ပွဲစားနှင့် သူမ၏ ညီအစ်မသည် သူမကို တိုက်ခိုက်ခဲ့သည်။ သူမ၏ ဆံပင်ကို ဆွဲခြင်း၊ သူမကို ပါးရိုက်ခြင်းနှင့် သူမ၏ ခြေထောက်ရှိအနာကို ရိုက်ခြင်းတို့ဖြစ်သည်။

## လျော်ကြေးငွေရရှိရေးတွင် နှောင့်နှေးကြန့်ကြာမှုများ

မလေးရှားနိုင်ငံသို့ လူကုန်ကူးခံရသော မြန်မာနိုင်ငံမှ အမျိုးသားတစ်ဦးသည် သူခေါင်းပုံဖြတ်ခြင်းခံရ သည့် စက်ရုံတွင် ဆိုးရွားစွာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ သူသည် ငွေပမာဏ ၇,၀၀၀,၀၀၀ ကျပ် (၇,၄၀၀ USD ခန့်)ရှိသော နစ်နာကြေးကို ရရှိရန် ခွင့်ပြုခြင်းခံရသည်။ သို့သော် ယခုထိတိုင် ၂,၀၀၀,၀၀၀ ကျပ် (၂,၁၀၀ USD ခန့်) မျှသာ ရရှိခဲ့သေးသည်။

## ဥပဒေရေးရာလုပ်ငန်းစဉ်တွင် ကြမ်းတမ်းစွာ ပြုမူဆက်ဆံမှု

ပြည်တန်ဆာအလုပ်အတွက် ကမ္ဘောဒီးယားနိုင်ငံသို့ လူကုန်ကူးခံရသော ဗီယက်နမ်မိန်းကလေးတစ်ဦးထံ သို့ သူမအိမ်ပြန်လာပြီးနောက် ရက်သတ္တပတ်တစ်ပတ်အကြာတွင် ရဲများက လာရောက်လည်ပတ်ခဲ့သည်။ သူမက သူမနှင့် သူမ၏ မိသားစုသည် ရဲများ၏ ဆိုးဝါးစွာ ဆက်ဆံခြင်းခံခဲ့ရကြောင်း ရှင်းပြခဲ့သည်။ "သူတို့က ကျွန်မကို ခြိမ်းခြောက်ပြောဆိုတယ်။ သူတို့က ကျွန်မကို ပရိယာယ်မလုပ်ဖို့ ပြောရင်းစားပွဲပေါ်ကို သူတို့ လက်နဲ့ ဖြန်းကနဲ မြည်အောင်ရိုက်တယ်။ တကယ်လို့ ကျွန်မက ထွက်ဆိုချက် တစ်ခုမပေးရင် ကျွန်မကို ဖမ်းဆီးမယ်လို့ သူတို့က ခြိမ်းခြောက်တယ်။ ကျွန်မတို့က မမှန်ကန်တဲ့ ထွက်ဆိုချက်ကိုပေးတယ်လို့ သူတို့က အခိုင်အမာပြောတယ်။ အဲဒါကြောင့် သူတို့က ဘုံအဖွဲ့အစည်း ရဲစခန်းမှာ ထွက်ဆိုချက်ပေးဖို့ စာရေးသားထားတဲ့ ဖိတ်ကြားချက် တစ်ခုပို့လိုက်တယ်"

## ဥပဒေရေးရာလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်ခြင်းသည် စိတ်ဖိစီးသောကရောက်ပြီး ခက်ခဲသည်။

ပြည်တန်ဆာအလုပ်အတွက် မြန်မာနိုင်ငံအတွင်း ပြည်တွင်း၌ လူကုန်ကူးခံရသော အမျိုးသမီးတစ်ဦးသည် တရားရုံးတွင် သက်သေခံရခြင်းအတွက် စိတ်ဒုက္ခရောက်ပြီး သောကဖြစ်ရသည်။ သူမကို လူကုန်ကူးသူနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ရန် တရားရုံးရှေ့မှောက်သို့ ကြိမ်ဖန်များစွာ သွားရောက်ရခြင်းသည် သူမအတွက် ထပ်မံ၍ စိတ်ဖိစီးမှုနှင့် စိုးရိမ်ပူပန်မှုဖြစ်စေသည့် အရင်းအမြစ်တစ်ခုဖြစ်သည်။ သူမသည် သူမကို လူကုန်ကူးသူအား အပြစ်ဒဏ်ပေးခြင်းကို ကျေနပ်ပျော်ရွှင်သော်လည်း တရားရုံးအတွေ့အကြုံသည် အလွန်ခက်ခဲသော အတွေ့အကြုံ တစ်ခုဖြစ်ကြောင်း ရှင်းလင်းစွာ ပြောဆိုခဲ့သည်။

## ကောင်းမွန်သော လက်တွေ့ကျင့်သုံးဆောင်ရွက်မှု
## လူကုန်ကူးခံရသူများသည် ဥပဒေလုပ်ငန်းစဉ်အကြောင်း ပြည့်စုံစွာအသိပေးခြင်းခံရသည်။

အစ္စရေးနိုင်ငံသို့ လူကုန်ကူးခံခဲ့ရသော ထိုင်းအမျိုးသားတစ်ဦးသည် ရဲအဖွဲ့နှင့် ဒေသခံကူညီထောက်ပံ့မှု အဖွဲ့အစည်းတစ်ခု၏ ကယ်တင်ခြင်းခံခဲ့ရသည်။ စကားပြန်တစ်ဦးသည် ဘာသာပြန်ဆိုရန် အရန်သင့်ရှိနေပြီး သူသည်ဘာဖြစ်နေသည်ဆိုသည်နှင့် သူ၏ အမျိုးမျိုးကွဲပြားသော ရွေးချယ်ခွင့်များကို နားလည်သဘောပေါက် စေရန်သေချာစေခဲ့သည်။ရဲများနှင့် ကူညီထောက်ပံ့မှုအဖွဲ့အစည်းက သူ့အနေဖြင့် အိမ်ပြန်ချင်သလား (သို့မဟုတ်) နိုင်ငံအတွင်း၌ အလုပ်အကိုင်သစ်တစ်ခု ရချင်သလားဆိုသည်ကို မေးမြန်းခဲ့သည်။ သူသည်သူ၏အလုပ်ရှင်/ ခေါင်းပုံဖြတ်သူကို မပေးရသေးသော လုပ်ခငွေများအတွက် တရားစွဲဆိုလိုသလားဆိုသည်ကိုလည်း သူ့အား မေးမြန်းခဲ့သည်။ ရဲများနှင့် ကူညီထောက်ပံ့ရေးဝန်ထမ်းများက ဤလုပ်ငန်းစဉ်တွင် တရားရုံး၌တရားမှုခင်းသည် ပြီးဆုံးရန် အချိန်အတန်ကြာမည်ဖြစ်ပြီး သူတို့အနေဖြင့် အောင်မြင်သည့် ရလဒ်ရရှိမည်ဟု အာမမခံနိုင်ကြောင်း အပါအဝင် မလွှဲမရှောင်သာဖြစ်ပေါ်လာမည့် အရာများကို ရှင်းပြခဲ့သည်။ သို့ရာတွင် အကယ်၍ သူသည် တောင်းဆိုမှုကို အောင်မြင်ခဲ့လျှင် မပေးရသေးသော လုပ်ခငွေများအတွက် နစ်နာကြေးအဖြစ် ငွေကြေးရရှိလိမ့် မည်ဟုလည်း သူတို့က ရှင်းပြခဲ့သည်။ (ဝင်ရောက်စီးနင်းမှုတွင် လူကုန်ကူးခံရသူများအဖြစ် စိစစ်သတ်မှတ်ခြင်းခံရ သည့် လူ ၁၁ ဦးကဲ့သို့ပင်) သူသည် ဤနစ်နာကြေး တောင်းဆိုမှုစွဲချက်ကို တရားရုံးတွင် ဆက်လက်လုပ်ဆောင်ရန် သဘောတူခဲ့သည်။ တရားမှုခင်းကို ဆောင်ရွက်နေစဉ်အတောအတွင်း အဖွဲ့အစည်းသည် သူနှင့် သူ၏ လုပ်ဖော် ကိုင်ဖက်များကို တရားရေးအမှုအခင်း၏ အဆင့်အတန်းအကြောင်းနှင့် လာမည့်ကာလတွင်ဖြစ်လာရန် မျှော်လင့်ရ မည့်အရာအကြောင်းကိုနောက်ဆုံး ဖြစ်ပျက်သည့် အခြေအနေအား ပုံမှန်အသိပေးခဲ့သည်။

## ကိစ္စရပ် ၂ ၊ ၉ ။ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် လုံခြုံမှု မရှိခြင်း

ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် လုံခြုံမှု*ကိစ္စရပ်များသည် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးတွင် အတား အဆီးများဖြစ်ကြသည်။*

မလုံခြုံသော၊ ကြိုတင်ခန့်မှန်း၍ မရသော လူမှုရေးပတ်ဝန်းကျင်သည် လူကုန်ကူးခြင်းခံရပြီးနောက် ပြန်လည်နာလန်ထူရေးနှင့် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးကိုဖြစ်စေရန် အထောက်အကူမပြုပါ။ ထို့ပြင် သတိပြုဖွယ်ကောင်းသော အရေအတွက်ရှိသည့်ဖြစ်ရပ်များတွင် လူကုန်ကူးခံရသူများသည် သူတို့၏ လူကုန်ကူး ခံရခြင်း အတွေ့အကြုံနောက်ပိုင်းတွင် အလွန်စစ်မှန်သော ဘေးကင်းလုံခြုံရေးပြဿနာများကို ကြုံတွေ့ကြရသည်။ အချို့သူများအဖို့ ၎င်းပြဿနာများတွင် သူတို့၏ ရုပ်ပိုင်းဆိုင်ရာလုံခြုံရေးနှင့် ကျန်းမာရွှင်လန်းရေးအတွက် အန္တရာယ်များ ပါဝင်နေသည်။ ဤအန္တရာယ်များတွင် သူတို့အား လူကုန်ကူးရာတွင် ပါဝင်ပတ်သက်သူများ၊ သို့မဟုတ်၊ သူတို့ကို လူကုန်ကူးသူ၏ ကိုယ်စားလုပ်ကိုင်ဆောင်ရွက်သူများ၏ ခြိမ်းခြောက်မှု၊ သို့မဟုတ်၊ အကြမ်း ဖက်မှုများကို အကာအကွယ်မဲ့စွာ ကြုံတွေ့ရခြင်း အပါအဝင်ဖြစ်သည်။ အခြားဖြစ်ရပ်များတွင် လူကုန်ကူးခံရ သူများသည် ၎င်းတို့၏ မိသားစု၊ သို့မဟုတ်၊ ပိုမိုကျယ်ပြန့်သော လူ့အဖွဲ့အစည်းမှ - သူတို့၏ ပုဂ္ဂိုလ်ရေး ပတ်ဝန်းကျင်တွင် ဘေးကင်းလုံခြုံမှု ကိစ္စရပ်များကို ကြုံတွေ့ကြရသည်။ အခြားသော ဖြစ်ရပ်များတွင်မူ လူကုန်ကူးခံရသူများသည် အကြမ်းဖက်ခြင်း၊ သို့မဟုတ်၊ ခြိမ်းခြောက်ခြင်း မခံရသော်လည်း ဤသို့ အကြမ်းဖက်၊ ခြိမ်းခြောက်ခံရမည်ကို ကြောက်ရွံ့နေကြသည်။ ဤသည်မှာ လူကုန်ကူးခံရသူများရော၊ သူတို့၏ မိသားစုများ အတွက်ပါ အလွန်ကြီးမားသော စိတ်ဖိစီးမှုဖြစ်စေသည့် ရင်းမြစ်တစ်ခုဖြစ်သည်။ လူကုန်ကူးခံရသူများ ခံစားရ သည့် အကြမ်းဖက်မှုသည် သူတို့၏ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရွှင်လန်းမှုအပေါ်တွင် တကယ်ပင်တိုက်ရိုက်ဖြစ်၍ ထင်ရှားစွာ တွေ့မြင်နိုင်သော ထိခိုက်သက်ရောက်မှုကို ဖြစ်စေသည်။ ဤအကြမ်းဖက်မှု (နှင့် အကြမ်းဖက်ရန်

ခြိမ်းခြောက်မှု)နှင့် ဒဏ်ခတ်ခံရမည့် အလားအလာအပေါ် ကြောက်ရွံ့မှုက စိတ်ပိုင်းဆိုင်ရာ ထိခိုက်သက်ရောက်မှုလည်း ရှိစေသည်။

(ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေးတွင် လူကုန်ကူးခံရသူများ ရင်ဆိုင်ကြုံတွေ့ရသော အဓိကကျ သည့် ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် လုံခြုံမှုအတွက် ပူပန်ကြောင့်ကြမှုများတွင် အောက်ပါတို့ ပါဝင်သည်။

**၁။ "လူကုန်ကူးသူများ"က ဖန်တီးဖြစ်ပေါ်စေသော ဘေးအန္တရာယ်များ။**

**၂။ ရပ်ရွာလူ့အဖွဲ့အစည်းနှင့် ဒေသခံပတ်ဝန်းကျင်အတွင်း၌ အန္တရာယ်များနှင့် ဘေးကင်းလုံခြုံမှုအတွက် ပူပန်ကြောင့်ကြမှုများ။**

**၃။ မိသားစုပတ်ဝန်းကျင်တွင် ဘေးကင်းလုံခြုံမှု ကိစ္စရပ်များ။**

**၄။ ဘေးကင်းလုံခြုံမှု မရှိဟု ခံစားရခြင်း။**

## ဖြစ်ရပ်မှန်အမှုကိစ္စ လေ့လာချက်များ လူကုန်ကူးခံရသူများ၊ မိသားစုများနှင့် ရပ်ရွာလူ့အဖွဲ့အစည်းများ၏ အန္တရာယ်ပြုခြင်း

အဝမ္မလက်ထပ်ရန်အတွက် မြန်မာနိုင်ငံမှတရုတ်နိုင်ငံသို့ လူကုန်ကူးခံခဲ့ရသော အမျိုးသမီးတစ်ဦးသည် သူမ အိမ်ပြန်လာပြီး သူမကို လူကုန်ကူးသူ အမျိုးသမီးအား အမှုဖွင့်တရားစွဲဆိုပြီးနောက် လူကုန်ကူးသူ၏ ခြိမ်းခြောက်မှုကို ခံခဲ့ရသည်။ လူကုန်ကူးသူသည် အကျဉ်းထောင်ထဲတွင်ရှိနေသည့်အချိန်၌ပင်လျှင် သူမကို သတ်မည်ဟု ဆက်လက်ခြိမ်းခြောက်နေခဲ့သည်။ လူကုန်ကူးခံရသူနှင့် သူမ၏ ခင်ပွန်းသည် အလွန်ကြောက်လန့်ပြီး သူမအနေဖြင့်သူမ၏ လူကုန်ကူးခံရခြင်းအတွက် သူမကို အပြစ်တင်လျက်ရှိသော ခင်ပွန်းဖက်မှ ဆွေမျိုးများနှင့် အလွန်တင်းမာသော ဆက်ဆံရေးရှိလင့်ကစား သူမ၏ ယောက္ခမနှင့်အတူ နေထိုင်ဖို့ရွှေ့ပြောင်းရန် သူတို့ စဉ်းစားခဲ့ကြသည်။ "ကျွန်မဟာ အပြင်ထွက်ပြီး အလုပ်တောင် မလုပ်ရဲဘူး။ ဘာဖြစ်လို့လဲဆိုတော့ လူကုန်ကူးသူက ကျွန်မကို ဒုက္ခပေးဖို့ လူဆိုးအချို့ကို ခိုင်းစေမှာကို ကျွန်မ ကြောက်လို့ပဲ။" ထိုင်းနိုင်ငံတွင် ပြည့်တန်ဆာလုပ်ရန် လူကုန်ကူးခံခဲ့ရသော မြန်မာနိုင်ငံမှ အမျိုးသမီးတစ်ဦးသည် သူမ၏ ခင်ပွန်းနှင့်အတူ နေထိုင်ဖို့အိမ်ပြန်လာခဲ့သည်။ သူမက သူမ၏ ခင်ပွန်းအား သူမအနေဖြင့် လုပ်အားအတွက် လူကုန်ကူးခံခဲ့ရသည်ဟု ပြောသော်လည်း သူက သူမသည် ပြည့်တန်ဆာလုပ်ခဲ့သည်ဟု သံသယဖြစ်နေသည်။ မကြာမီမှာပင် သူသည် သူမကို ကိုယ်ထိလက်ရောက်နှိပ်စက်ညှဉ်းပန်းမှု စတင်ပြုလုပ်ခဲ့သည်။ တောင်းရမ်းခိုင်းစေရန်အတွက် ထိုင်းနိုင်ငံသို့ လူကုန်ကူးခံခဲ့ရသော ကမ္ဘောဒီးယားမိန်းကလေးတစ်ဦး၏ ဖခင်နှင့် မိခင်ဖြစ်သူတို့သည် အရက်သေစာသုံးစွဲပြီးမူးလာသောအခါ သူမနှင့် သူမ၏ မောင်နှမများကို ရိုက်နှက်သည်။ တွေ့ဆုံမေးမြန်းသည့် အချိန်၌ သူမသည် ဂေဟာစီမံချက်တစ်ခုတွင် ကူညီခြင်းခံနေလျက်ရှိသည်။ သို့သော်သူမသည် အိမ်သို့ အလည်အပတ်သွားသောအခါ သူမ၏ မိခင်က တစ်ခါတစ်ရံတွင် သူမကို ရိုက်နှက်လျက်ရှိဆဲပင်ဖြစ်သည်။ လုပ်အားအတွက် မလေးရှားနိုင်ငံသို့ လူကုန်ကူးခံခဲ့ရသည့် မြန်မာနိုင်ငံမှ အမျိုးသမီးတစ်ဦးသည် လူကုန်ကူးခံနေရစဉ် ယောကျ်ားသေဆုံးသွားသဖြင့် မုဆိုးမဖြစ်ပြီး သူမ၏ ကလေးများနှင့်အတူ အိမ်သို့ပြန်လာခဲ့သည်။ ရပ်ရွာလူ့အဖွဲ့အစည်းအတွင်းရှိလူများက သူမသည် မလေးရှားနိုင်ငံတွင် ပြည့်တန်ဆာတစ်ဦးဖြစ်ခဲ့ကြောင်းပြောဆိုကာ သူမအကြောင်းကို အတင်းအဖျင်း ပြောခဲ့ကြသည်။ ယောကျ်ားများက သူမကို ပြည့်တန်ဆာမဟုခေါ်ကာ အနှောက်အယှက်ပေးခဲ့ကြသည်။ သူမနှင့် အိမ်ချင်းကပ်နေသူက သူမအိမ်သို့ သူလာပြီး အိပ်မည်ဟုပြောကာ သူမကို ခြိမ်းခြောက်ခဲ့သည်။

## ကိစ္စရပ် ၂ ၊ ၁၀ ။ မိသားစုများနှင့် အလုပ်လုပ်ခြင်း

*မိသားစုနှင့် ဆက်စပ်သည့် အကြောင်းအရာနှင့် အကူအညီ လိုအပ်ချက်တို့ကို အသိအမှတ်ပြုရန် ပျက်ကွက်ခြင်းသည် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးကို ထိခိုက်ပျက်စီးစေသည်။*

လူကုန်ကူးခံရသူများ ပြန်သွားသည့် မိသားစုပတ်ဝန်းကျင်သည် အောင်မြင်သော (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေးတွင် အရေးပါသော ကိန်းရှင်တစ်ခုဖြစ်သည်။ မိသားစုလှုပ်ရှားမှု အင်အားများနှင့် ဆက်ဆံရေးများသည် (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေးလုပ်ငန်းစဉ်ကို အထောက်အကူဖြစ်စေသလို ထိခိုက်ပျက်စီးမှုလည်း ဖြစ်စေသည်။ အထောက်အကူပြုသည့် နောက်ခံဝန်းကျင်တွင် မိသားစုသည် လူကုန်ကူးခံရသူ၏ (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးကို ချောမောစေရန်များစွာ လုပ်ဆောင်ပေးနိုင်သည်။ မိသားစုဆက်ဆံရေးများ ပိုမိုခက်ခဲနေသည့် အချိန်မျိုးတွင် မိသားစုသည် မကြာခဏပင် (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေး အောင်မြင်မှု အတွက် အတားအဆီးတစ်ရပ်ဖြစ်နေသည်။

အောင်မြင်သော (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးဖြစ်ဖို့ သေချာစေရန် လူကုန်ကူးခံရသူများနှင့် ၎င်းတို့၏ မိသားစုများနှင့် အလုပ်လုပ်ရာတွင် အဓိကလိုအပ်ချက်နယ်ပယ် (၂)ခု ရှိသည်။

### ၁။ မိသားစုအတွင်း ဆက်ဆံရေးများကို ကိုင်တွယ်ဖြေရှင်းခြင်းနှင့် ပြေလည်အောင် စေ့စပ်ဖြန်ဖြေပေးခြင်း

လူကုန်ကူးခံရသူများသည် အိမ်ပြန်သည့်အခါတွင် အလွန်ကွဲပြားခြားနားသော မိသားစုအခြေအနေများကို ကြုံတွေ့ကြရသည်။ အချို့မှာ အပြုသဘောဆောင်ပြီး အချို့မှာ အပျက်သဘောဆောင်သည်။ အကောင်းဆုံးသော အခြေအနေမျိုးနှင့် အပြုသဘောအဆောင်ဆုံးသော မိသားစုဆက်စပ်မှု အခြေအနေများ၌ပင်လျှင် လူကုန်ကူးခံရပြီးနောက်ပိုင်းကာလတွင် လူကုန်ကူးခံရသူများနှင့် ၎င်းတို့၏ မိသားစုများအကြား၌ သဘောထားချင်း မတိုက်ဆိုင်ဘဲ ခက်ခဲသော အချင်းချင်းဆက်ဆံရေးများ မကြာခဏ ရှိနေတတ်သည်။ ထို့ပြင် ဤဆက်ဆံရေးများသည် (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေး လမ်းကြောင်းတစ်လျှောက်တွင် မကြာခဏပင် (ပို၍ကောင်းစွာ၊ သို့မဟုတ်၊ ပို၍ဆိုးစွာ) ပြောင်းလဲသွားတတ်သည်။ တင်းမာမှုများနှင့် ပြဿနာများ တည်ရှိနေသောအခါ ၎င်းတို့သည် လူကုန်ကူးခံရသူများ၏ လူကုန်ကူးခံရသည့် ဘဝမှ ရှေ့ဆက်သွားနိုင်ပြီး သူတို့ မိသားစုနှင့် လူ့အဖွဲ့အစည်းတွင် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းနိုင်သည့် စွမ်းဆောင်နိုင်စွမ်းကို များသောအားဖြင့် ဟန့်တားသည်။ မိသားစုအတွင်းတွင် ကွဲပြားခြားနားသော တင်းမာမှုအရင်းအမြစ်များ ရှိနေပြီး ၎င်းတို့ကို စဉ်းစားသုံးသပ်ရန်နှင့် မကြာခဏပင် ဝင်ရောက်စွက်ဖက်ရန် လိုအပ်သည်။ ၎င်းတို့မှာ စီးပွားရေးအခက်အခဲကြောင့်ဖြစ်ရသည့် တင်းမာမှုနှင့် ပဋိပက္ခတို့အပြင် မိသားစုဝင်အချင်းချင်းဆက်ဆံရေးတွင်ရှိသည့် တင်းမာမှုများဖြစ်ကြသည်။

### ဖြစ်ရပ်မှန်အမှုကိစ္စ လေ့လာချက်များ စီးပွားရေးပြဿနာများကြောင့် မိသားစုအခြေအနေဝန်းကျင်တွင် ဆက်ဆံရေးတင်းမာမှုများ

လုပ်အားအတွက် ထိုင်းနိုင်ငံသို့ လူကုန်ကူးခံခဲ့ရသော အမျိုးသမီးတစ်ဦးသည် သူမ၏ မိသားစုနှင့် အတူနေထိုင်ရန် မြန်မာနိုင်ငံသို့ ပြန်လာခဲ့သည်။ သို့သော် ငွေမပါဘဲ အိမ်ပြန်လာခြင်းသည် သူမ၏ မိသားစုတွင် ဆက်ဆံရေးတင်းမာမှု၏ အရင်းအမြစ်တစ်ခုဖြစ်သည်။ သူမအနေဖြင့် အိမ်တစ်လုံးဝယ်ရန် မိသားစုထံသို့ ငွေမပို့ပေးခဲ့သည်ကို ဒေါသဖြစ်နေသော သူမ၏ မိခင်နှင့် မကြာခဏပင်ရန်ဖြစ်ရကြောင်း သူမက ဖော်ပြပြောဆိုခဲ့သည်။ အိမ်အကူအလုပ်အတွက် ဗီယက်နမ်နိုင်ငံမှ ဟောင်ကောင်သို့ လူကုန်ကူးခံခဲ့ရသော အမျိုးသမီးတစ်ဦးက ငွေမပါဘဲ အိမ်ပြန်လာရခြင်းသည် သူမ၏ ခင်ပွန်းနှင့် ဆက်ဆံရေး တင်းမာမှုများနှင့် ပဋိပက္ခကို ဖြစ်စေခဲ့ပုံကို ဖော်ပြ

ပြောဆိုခဲ့သည်။ သူမက သူနှင့် ဆက်ဆံရေးသည် အေးတိအေးစက်ဖြစ်နေပြီး သူမ ပြန်လာပြီးနောက်ပိုင်း ပထမနှစ်များအတွင်း သူသည် သူမကို အချိန်တိုင်း နားပူနားဆာလုပ်နေခဲ့ကြောင်း ဖော်ပြပြောဆိုခဲ့သည်။ သူမ၏ ခင်ပွန်းမိသားစုကလည်း သူမက ဘာမှ မပါဘဲအိမ်ပြန်လာခဲ့သည့်အတွက် စိတ်ကသိကအောက်ဖြစ်နေကြသည်။ (နှစ်အချို့ကြာပြီးသည့်နောက်) ယနေ့တိုင်ပင်လျှင် သူမ၏ ခင်ပွန်းသည် သူမငွေမပါဘဲ အိမ်ပြန်လာခဲ့ခြင်းကို တစ်ခါတစ်ရံတွင် ညည်းတွားပြစ်တင်နေတတ်သည်။ လိင်ခေါင်းပုံဖြတ်မှုအတွက် မလေးရှားနိုင်ငံသို့ လူကုန်ကူး ခံခဲ့ရသော ဗီယက်နမ်အမျိုးသမီးတစ်ဦးကို သူမ၏ မိသားစုက ကယ်တင်ခဲ့ရသည်။ သူတို့က သူမကို ပြန်လွှတ် ပေးရေးအတွက် ဆွေးနွေးညှိနှိုင်းပြီး ရွေးငွေပေးခဲ့ရသည်။ သူမအိမ်ပြန်လာသောအခါ သူမကို သူမ၏ မိသားစုတွင် မည်သို့ဆက်ဆံသနည်းဟု မေးမြန်းသောအခါ သူမက သူမ၏ အစ်ကိုသည် အရက်မူးလာပြီးလျှင် သူမကို နှုတ်ဖြင့် ဆဲရေးတိုင်းထွာကြောင်း၊ သူမကို “ဘာမှ အသုံးမကျသူ” ဟုခေါ်ကြောင်း ဖော်ပြပြောဆိုခဲ့သည်၊ သူမ၏ မိခင် သည် များသောအားဖြင့် သူမ အပေါ်ကြင်နာသည်။ သို့သော် သူမ၏ မိခင်သည်လည်း တစ်ခါတစ်ရံတွင် ရွေးငွေအကြောင်း ညည်းတွားပြောဆိုပြီး ထိုကိစ္စအတွက် သူမကို ရံဖန်ရံခါတွင် ကျိန်ဆဲခဲ့သည်။

## လူကုန်ကူးခံရသူများနှင့် မိသားစုအကြားတွင် အချင်းချင်းဆက်ဆံရေး တင်းမာမှုများ။

လုပ်အားအတွက် မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ လူကုန်ကူးခံခဲ့ရသော အမျိုးသမီးတစ်ဦးက သူမ၏ အိမ်အပြန်သည်အခြေအနေတင်းမာကြောင်းဖော်ပြပြောဆိုခဲ့သည်။ သူမ၏ ကလေးများသည် သူမနှင့် ဆက်ဆံရာ တွင် ရင်းနှီးမှု၊ သို့မဟုတ်၊ သက်သောင့်သက်သာဖြစ်မှု မရှိဘဲ အချိန်အတန်ကြာသည်အထိ ဆက်ဆံရေး တင်းမာမှုများ ဆက်ရှိနေခဲ့သည်။ ကလေးများအနေဖြင့် သူမကို မိခင်တစ်ဦးအဖြစ်သဘောထား ဆက်ဆံလာ နိုင်အောင် အချိန်ယူခဲ့ရသည်။

အဝမ္ဘလက်ထပ်ရန်အတွက် တရုတ်နိုင်ငံသို့ လူကုန်ကူးခံရသော ဗီယက်နမ်အမျိုးသမီးတစ်ဦးသည် ထွက်ပြေးလွတ်မြောက်ခဲ့ပြီး ဗီယက်နမ်နိုင်ငံရှိ သူမ၏ ခင်ပွန်းနှင့် ကလေး(၃) ယောက်ထံ ပြန်လာခဲ့သည်။ သို့ရာတွင် သူမပြန်လာပြီးနောက် သူမ၏ ခင်ပွန်းနှင့် သူမဆက်ဆံရေးမှာ ဆိုးဝါးစွာ ယိုယွင်းပျက်စီးလာခဲ့သည်။ အကြောင်းမှာ ရပ်ရွာလူ့အဖွဲ့အစည်းရှိ လူများက သူသည် သူ၏ ဇနီးကို ငွေအတွက် ရောင်းချခဲ့သည်ဟု မိသားစု အကြောင်းကို အတင်းအဖျင်းပြောကြသောကြောင့်ဖြစ်သည်။ သူသည် စိတ်ဓာတ်ကျဆင်းလာပြီး အရက်သေစာ ကိုများစွာ စတင်သောက်သုံးကာအလုပ်ကို မလုပ်တော့ပေ။ သူမနှင့် သူမ၏ ခင်ပွန်းသည် နောက်ဆုံး၌ ကွာရှင်း ခဲ့ပြီး သူမသည် သူတို့၏ ကလေး(၃)ယောက်အတွက် တစ်ဦးတည်း တာဝန်ယူခဲ့ရသည်။

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ လူကုန်ကူးခံရသော အမျိုးသမီးတစ်ဦးသည် ကလေးငယ်တစ်ဦးနှင့်အတူ အိမ်ပြန်လာခဲ့သည်။ သူမ၏ မိခင်က သူမအနေဖြင့် ခင်ပွန်းတစ်ယောက်မရှိဘဲ ကလေးတစ်ဦးနှင့် ပြန်လာခဲ့သည့် အတွက် ဒေါသဖြစ်ခဲ့ကြောင်း သူမက ရှင်းပြခဲ့သည်။ တစ်နေ့တွင် ရန်ဖြစ်ပြီးနောက် သူမ၏ မိခင်သည် ဒေါသ ထွက်ကာ သူမကို ရိုက်နှက်ပြီး သူမ၏ ကလေးနှင့်အတူ အိမ်မှဆင်းသွားရန် သူမကို ပြောဆိုခဲ့သည်။ သူမသည် သူမ၏ သားကို ထောက်ပံ့ရန် နည်းလမ်းမရှိပေ။ သို့သော် သူမ၏ မိခင်သည် သူ့ကို သူမ၏ အိမ်တွင် သူမနှင့် အတူနေထိုင်ရန် ခွင့်မပြုခဲ့ပေ။ အမျိုးသမီးသည် မတတ်သာပဲ သူမ၏ သားကို ဆွေမျိုးများထံ ပေးခဲ့ရသည်။ သူမက သူမ၏ သားကို အဝေးသို့ပေးခဲ့ရသည့်အတွက် အလွန်ဝမ်းနည်းကြေကွဲမှုကို ခံစားရကြောင်း၊ သို့သော် သူမတွင် အခြားမည်သည့် ရွေးချယ်စရာမျှ မရှိဟု သိရှိခံစားရပုံကို ရှင်းပြခဲ့သည်။

## ၂။ မိသားစုဝင်များ၏ အကူအညီလိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း။

အချို့သော ဖြစ်ရပ်များတွင် လူကုန်ကူးခံရသူများ ကိုယ်တိုင်ရှင်းပြသကဲ့သို့ မိသားစုဝင်များ၏ အကူအညီလိုအပ်ချက်များသည် ပဓာနကျသည်။

"ကျွန်မအနေနဲ့ (ဝန်ဆောင်မှုထောက်ပံ့သူတွေကို) လူကုန်ကူးခံရသူတွေနဲ့ သူတို့ရဲ့ မိသားစုနှစ်ခု စလုံးကို အကူအညီကမ်းလှမ်းပေးအပ်ဖို့ သတင်းစကားပေးပို့ချင်ပါတယ်။ အထူးသဖြင့် ဆင်းရဲပြီး အသည်းအသန်လိုအပ်ချက်ရှိနေတဲ့ မိသားစုတွေကိုပေါ့" (ပြည်တန်ဆာအလုပ်အတွက် ပြည်တွင်း၌ လူကုန်ကူးခံရသော ကမ္ဘောဒီးယားမိန်းကလေး)

"ခင်ဗျားတို့အနေနဲ့ လူကုန်ကူးခံရသူတွေကို ကူညီတဲ့အခါမှာ သူတို့ရဲ့ မိသားစုတွေကိုပါ ကူညီသင့်တယ်။" (အင်ဒိုနီးရှားနိုင်ငံတွင် ငါးဖမ်းရန်အတွက် လူကုန်ကူးခံရသော ကမ္ဘောဒီးယားအမျိုးသား) များပြောလှသည့် မိသားစုအကူအညီ လိုအပ်ချက်များကို ဖော်ထုတ်သတ်မှတ်ထားသည်။ သို့သော် ဦးစားပေးကိစ္စရပ်များတွင် အောက်ပါတို့ ပါဝင်သည်။

- **(က) စီးပွားရေးအကူအညီ (အလုပ်လက်မဲ့ဖြစ်မှု၊ အကြွေးတင်မှုနှင့်/ သို့မဟုတ် လုပ်ခလစာနည်းပါးမှု စသည်တို့ကြောင့်)။**
- **(ခ) ကျန်းမာရေးစောင့်ရှောက်မှု။**
- **(ဂ) ပညာရေး။**
- **(ဃ) လူကုန်ကူးခံရခြင်းကြောင့် မိသားစုဝင်များအပေါ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု။**
- **(င) အရက်သေစာသောက်စားမှုနှင့် မူးယစ်ဆေးဝါးအလွဲ သုံးစားမှု။**

အချို့သော မိသားစုလိုအပ်ချက်များသည် အစကတည်းကပင် ရှိနေခဲ့ပြီး အချို့ဖြစ်ရပ်များတွင် လူကုန်ကူးခံရခြင်းကို အကြောင်းခံခဲ့သည်။ ဤဖြစ်ရပ်များတွင် ဘဝရည်တည်ရန် ခက်ခဲသော အားနည်းချက်ရှိသည့် မိသားစုများကို ဤကဲ့သို့ ကြိုတင်၍ အကူအညီပေးခြင်းသည် လူကုန်ကူးခံရခြင်းကို တားဆီးကောင်းတားဆီးနိုင်မည်ဖြစ်သည်။ အချို့သော ပြဿနာများမှာ လူကုန်ကူးခံရသူ၏ လူကုန်ကူးခံရသည့် အတွေ့အကြုံနှင့် ဆက်စပ်နေသလို ဤအတွေ့အကြုံကြောင့် တိုက်ရိုက်ဖြစ်ပေါ်သည့် ပြဿနာများဖြစ်သည်။ ဤဖြစ်ရပ်များတွင် မိသားစုဝင်များသည် အနှစ်သာရအားဖြင့် "လူကုန်ကူးခြင်း၏ ဒုတိယသားကောင်များ" ဖြစ်ကြသည်။

## ဖြစ်ရပ်မှန်အမှုကိစ္စ လေ့လာချက်များ မိသားစုအဖွဲ့ဝင်များ၏ အကူအညီလိုအပ်ချက်များ

ငါးဖမ်းစက်လှေတစ်စီးပေါ်သို့ လူကုန်ကူးခံရသော အမျိုးသားတစ်ဦးသည် သူ၏ ၉ နှစ်အရွယ်သားအားကင်ဆာရောဂါရှိကြောင်း ဆေးစစ်ချက်ဖော်ထုတ်ပြီးသော အချိန်တွင် ဤအလုပ်ကိုလက်ခံခဲ့သည်။ သူ၏သား၏ ခွဲစိတ်ကုသမှုများနှင့် ဆေးဝါးကုသမှုများအတွက် သူချေးယူခဲ့သော ကြွေးမြီကို ပြန်ဆပ်ရန် သူငွေလိုအပ်သည်။ လုပ်အားအတွက် မြန်မာနိုင်ငံအတွင်း၌ ပြည်တွင်းလူကုန်ကူးခံခဲ့ရသော ယောကျာ်းကလေးတစ်ဦးသည် ဤအလုပ်ကမ်းလှမ်းချက်ကို လက်ခံရန် ဆုံးဖြတ်ခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် သူ၏ ဖခင်သည် အလုပ်ခွင်၌ သူ့ခြေထောက်ထိခိုက်ဒဏ်ရာရခဲ့ပြီး လမ်းမလျှောက်နိုင်၊ သို့မဟုတ်၊ အလုပ်မလုပ်နိုင်တော့၍ ဖြစ်သည်။ ထို့အပြင် သူ၏ မိခင်သည် နေမကောင်းဖြစ်နေပြီး သူမ၏ လည်ပင်းတွင် အဖုအကျိတ်တစ်ခုရှိသည်။ မိသားစုသည် ဆေးကုသမှုခံယူရန်အတွက် ဆေးခန်းသို့သွားရန် ငွေမရှိပေ။ လုပ်အားအတွက် လူကုန်ကူးခံရသော အမျိုးသားတစ်ဦးသည် သူ့သမီး၏ ပညာရေးအတွက် ငွေရှာရန် ရွှေ့ပြောင်းသွားလာခဲ့သည်။ လူကုန်ကူးခံရပြီးနောက် မည်သည့် အကူအညီကို သူလိုအပ်သနည်းဟု မေးမြန်းသောအခါ သူက အရေးကြီးဆုံးအကူအညီမှာ သူ့သမီးအတွက်ပညာရေးပင်ဖြစ်ကြောင်း ရှင်းပြခဲ့သည်။ "ကျွန်တော်ကတော့ ကျွန်တော့်ရဲ့ သမီးအကြီးဆုံးကို ပညာဆက်သင်စေချင်တယ်။ ကျွန်တော့်အနေနဲ့ အဖွဲ့အစည်းတွေက သူမရဲ့ ပညာရေးကို ဆက်သင်ဖို့ သူမအတွက် အကူအညီပေးစေလိုတယ်"။ လမ်းပေါ်တွင် ဈေးရောင်းရန်အတွက် လူကုန်ကူးခံရသော မိန်းကလေး

တစ်ဦးသည် အရက်သေစာ သုံးစွဲသော မိသားစုမှလာခဲ့သည်။ အိမ်သို့ပြန်လာပြီးနောက် သူမသည် သူမ၏ မိခင်ကို အရက်ဖြတ်သည့် စီမံချက်တစ်ခုတွင် လက်ခံခဲ့ရန် အကူအညီကို တောင်းခံခဲ့သည်။

အချို့သော အဖွဲ့အစည်းများသည် လူကုန်ကူးခံရသူများ၏ မိသားစုအခြေအနေကို တကယ်ပင် ထည့်သွင်းစဉ်းစားသည်။ အချို့သော အမှုကိစ္စများတွင် သူတို့သည် မိသားစုအဖွဲ့ဝင်များကို အကူအညီပေးသည်။ သို့မဟုတ်၊ အကူအညီပေးမည့် အခြားအေဂျင်စီများသို့လွှဲပြောင်းပေးသည်။ ဖြစ်ရပ်များစွာတွင် ဤလုပ်ဆောင်ချက်မှာ (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးအတွက် အရေးပါသော ဖြည့်ဆည်းပံ့ပိုးပေးသည့် အရာဖြစ်သည်။ သို့မဟုတ်၊ (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေးကို အောင်မြင်မှုရှိအောင် လှုံ့ဆော်ပေးသည့် အရာဖြစ်သည်။ သို့ရာတွင် များစွာသော ကူညီထောက်ပံ့ရေးစီမံချက်များတွင် လူကုန်ကူးခံရသူများ၏ မိသားစုအဖွဲ့ဝင်များကို တိုက်ရိုက်ကူညီထောက်ပံ့ရန် အတိုင်းအတာနှင့် အရင်းအမြစ်များ မရှိပါ။ ထို့ပြင်များစွာသော ကူညီထောက်ပံ့ရေးစီမံချက်များကလည်း ၎င်းတို့၏ အမှုကိစ္စများကို အခြားအေဂျင်စီများ၊ သို့မဟုတ်၊ အင်စတီကျူးရှင်းများထံသို့ အကူအညီရရန် လွှဲပြောင်းမပေးပါ။ လူကုန်ကူးခံရသူ၏ မိသားစုအဖွဲ့ဝင်များ၏ အကူအညီ လိုအပ်ချက်များကို ထည့်သွင်း မစဉ်းစားခြင်းသည် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးအောင်မြင်မှုကို(တစ်ခါ တစ်ရံတကယ်ပင် ချက်ချင်း လက်ငင်းနှင့် တိုက်ရိုက်) ထိခိုက်စေသည်။ အချို့လူကုန်ကူးခံရသူများသည် မိသားစုဝင်များ၏ လိုအပ်ချက်များကို မဖြည့်ဆည်းပေးနိုင်သောကြောင့် တဖန်ရွှေ့ပြောင်းသွားလာလုပ်ကိုင်ရန် ကြံစည်ကြသည်။ အချို့သူများမှာမူ ဤကဲ့သို့ မကြာခဏပင်အရေးပေါ်ဖြစ်သော မိသားစုအကူအညီ လိုအပ်ချက်များကြောင့် အပြုသဘောဆောင်သော လမ်းကြောင်းပေါ်တွင် ရှေ့ဆက်၍ မသွားနိုင်အောင်ဖြစ်နေရသည်။

## ကိစ္စရပ် ၂ ၊ ၁၁ ။ အမှုကိစ္စကိုင်တွယ်ဖြေရှင်းခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်း

*လုံလောက်သော အချိန်၊ အရန်အထောက်အကူပြု အထောက်အပံ့နှင့် ဆက်လက်စောင့်ကြည့် စစ်ဆေးခြင်းတို့သည် ရေရှည်တည်တံ့ခိုင်မြဲသော (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေးအတွက် လိုအပ်သည်။*

(ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးသည် ရေရှည်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ ယေဘုယျအားဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေး အမှန်တကယ်ဖြစ်မလာမီ ယေဘုယျအားဖြင့် နှစ်နှင့်ချီ၍ အချိန်ကြာတတ်သည်။ (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေး လမ်းကြောင်းတစ်လျှောက်တွင်လည်း လူကုန်ကူးခံရသူများသည် လူကုန်ကူးခံရခြင်းမှ ပြန်လည်နာလန်ထူရန်နှင့် ရှေ့သို့ဆက်သွားရန် ၎င်းတို့၏ ကြိုးပမ်းအားထုတ်မှုများကို ထိခိုက်ပျက်စီးစေသည့် "အနှောက်အယှက်များ" နှင့် "ရှုံးနိမ့်ခြင်းများ" ကို မကြာခဏပင် တွေ့ကြုံကြရသည်။ အချို့ သူတို့မှာ (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး လုပ်ငန်းစဉ်တွင် အနှောင့်အယှက်များနှင့် ရင်ဆိုင်ကြရသည်။ ၎င်းက သူတို့၏ (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး အပျက်သဘောဆောင်စွာ ထိခိုက်စေသည့် ဆုံးဖြတ်ချက်များ ချမှတ်ခြင်းသို့ ဦးတည်စေခဲ့သည်။ အချို့မှာ သူတို့၌ တဖန်ရွှေ့ပြောင်းသွားလာလုပ်ကိုင်ရန်မှ လွဲ၍ အခြားရွေးချယ်စရာမရှိဟု ခံစားကြရသည်။ ၎င်းမှာသူတို့ကို ခေါင်းပုံဖြတ်ခြင်းနှင့် ပြန်လည်လူကုန်ကူးခြင်း ခံရမည့် အန္တရာယ်သို့ တွန်းပို့နေသည့် အလားအလာရှိသည်။ ဆက်လက်စောင့်ကြည့်စစ်ဆေးသည့် လုပ်ငန်း အပါအဝင်အမှု ကိစ္စကိုင်တွယ်ဖြေရှင်းခြင်းသည် လူကုန်ကူးခံရသူများ (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး လုပ်ငန်းစဉ်လမ်းကြောင်းပေါ်တွင် တွေ့ကြုံရသည့် ကိစ္စရပ်များနှင့် ပြဿနာများကို ကြိုတင်ခန့်မှန်းရာတွင်နှင့် ဖြေရှင်းဆောင်ရွက်ရာတွင် အောက်ပါနည်းလမ်းများအရ အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်သည်။

၁။ **(ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေးလုပ်ငန်းစဉ်ကို ထောက်ကူပံ့ပိုးပေးခြင်း။**

၂။ **လွှဲပြောင်းပေးမှုများကို ဖြစ်ပေါ်စေခြင်း။**

၃။ **(ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးကိုပို၍ ကောင်းစွာ နားလည်သဘောပေါက်မှုရှိစေရန် ပံ့ပိုးဖြည့်ဆည်းပေးခြင်း။**

ဒေသတွင်းရှိ အချို့သော အဖွဲ့အစည်းများ၊ သို့မဟုတ် အင်စတီကျူးရှင်းများသည် အကူအညီရယူသူများအား (၂) နှစ်မှ (၃)နှစ်အထိစောင့်ကြည့်စစ်ဆေးသည်။ အမှုကိစ္စများအပေါ်တွင် ပုံမှန်လိုက်လံစစ်ဆေးမှုကို ဆောင်ရွက်ပြီး အရေးပါစွာပင် အကြပ်အတည်းကာလများတွင် လူကုန်ကူးခံရသူများအတွက် အကူအညီရရှိစေသည်။ ဤသို့ဆိုသော်လည်း ရေရှည်အမှုကိစ္စကိုင်တွယ်ဖြေရှင်းခြင်းနှင့် ဆက်လက်၍ အဆက်အသွယ်လုပ်ခြင်းတို့သည် များစွာသော လူကုန်ကူးခံရသူများအတွက် စံသတ်မှတ်ချက် မဟုတ်ပါ။ တကယ်တမ်းအားဖြင့် သူတို့ အိမ်ပြန်ရောက်သည်နှင့် အကူအညီပေးသည့် အဖွဲ့အစည်းများ၊ သို့မဟုတ်၊ လူမှုရေးထောက်ပံ့သည့် အင်စတီကျူးရှင်းများနှင့် အဆက်အသွယ်မှာ အကန့်အသတ်ရှိပြီး တစ်ခါတစ်ရံ လုံးဝ အဆက်အသွယ်မရှိတော့ကြောင်း တုန့်ပြန်ဖြေကြားသူများစွာက အစီရင်ခံခဲ့ကြသည်။ အကူအညီပေးခြင်းသည် မကြာခဏပင် "တစ်ကြိမ်တည်း" ဝန်ဆောင်မှုတစ်ခု၊ သို့မဟုတ် ရေတိုအကူအညီပေးမှုဖြစ်နေသည်။

## ဖြစ်ရပ်မှန်အမှုကိစ္စ လေ့လာချက်များ လူကုန်ကူးခံရသူများသည် ရေရှည်စောင့်ကြည့်စစ်ဆေးခြင်းနှင့် ကူညီထောက်ပံ့ခြင်း ခံကြရသည်။

လာအိုအမျိုးသမီးတစ်ဦးသည် နှစ်အနည်းငယ်ကြာကာလတစ်ခုတွင် ကူညီခြင်းခံခဲ့ရသည်။ ထိုအချိန်အတွင်း သူမသည် ဆံပင်ပုံသွင်းပြုပြင်ခြင်းကို လေ့ကျင့်သင်ကြားခြင်းခံရပြီး သူမ၏ဆိုင်ကို ထူထောင်ရန် ထောက်ပံ့ကူညီခြင်းခံရသည်။ သူမသည် အကူအညီကို ဆက်၍ မရရှိတော့ပေ။ သို့သော် ဝန်ဆောင်မှု ထောက်ပံ့သူသည် ပုံမှန်အဆက်အသွယ်ပြုလုပ်လျက်ရှိသည်။ "ကျွန်မဟာ လက်ရှိအချိန်မှာ ဘာအကူအညီမှ မရတော့ဘူး။ ဒါပေမဲ့ (အဖွဲ့အစည်းက) ကျွန်မကို တစ်လတစ်ကြိမ် ဖုန်းဆက်ပြီး ကျွန်မ အလုပ်အကိုင်အဆင်ပြေရဲ့လားဆိုတာကို မေးမြန်းတယ်"။ အဓမ္မလက်ထပ်ရန်အတွက် တရုတ်နိုင်ငံသို့ လူကုန်ကူးခံခဲ့ရသော မြန်မာနိုင်ငံမှ အမျိုးသမီးတစ်ဦးအား မည်သည့် အကူအညီသည် အကူအညီအရဆုံးဖြစ်သနည်းဟု မေးမြန်းသောအခါ သူမနှင့် သူမ၏ မိသားစုထံသို့ လာရောက်လည်ပတ်ပြီး စုံစမ်းမေးမြန်းသည့် လူမှုဝန်ထမ်းများ၏ စဉ်ဆက်မပြတ်ဆက် သွယ်မှုပင် ဖြစ်ကြောင်းပြောပြခဲ့သည်။ သူမက ရှင်းပြခဲ့သည်၊ "ကျွန်မ အဲဒီအကူအညီကို အကြိုက်ဆုံးပဲ။"

## ကိစ္စရပ် ၂ . ၁၂ ။ ဘာသာစကား အတားအဆီးများ

*(ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး အကူအညီထောက်ပံ့ရာတွင် လူကုန်ကူးခံရသူများသည် ဘာသာစကား အတားအဆီးများကို တွေ့ကြုံကြရသည်။*

အချို့သော လူကုန်ကူးခံရသူများသည် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးအကူအညီထောက်ပံ့ခြင်းတွင် ဘာသာစကား အတားအဆီးများကို တွေ့ကြုံရသည်။ ဘာသာစကား အတားအဆီးများသည် ကွဲပြားခြားနားသော နည်းများဖြင့် ရှိနေပြီး အောက်ပါအချက်များ ပါဝင်သည်။

### ၁။ ဆိုက်ရောက်နိုင်ငံများရှိ ဘာသာစကား အတားအဆီးများ။

လူကုန်ကူးခံရသူများကို ပြည်ပနိုင်ငံများတွင် အကူအညီပေးသောအခါ ဘာသာစကားအတားအဆီးများသည် အဟန့်အတားတစ်ခုဖြစ်သည်။ အကြောင်းမှာ ဝန်ဆောင်မှုကူညီထောက်ပံ့သူများသည် များသောအားဖြင့် စီမံချက် အကူအညီရယူသူများနှင့် ဘုံဘာသာစကားတစ်ခုဖြင့် ပြောဆိုနိုင်ခြင်းနှင့်/သို့မဟုတ် ၎င်းတို့၏ ဘာသာစကားကို ပြောဆိုနိုင်ခြင်း မရှိသောကြောင့်ဖြစ်သည်။

## ၂။ ပြည်တွင်းရှိ ဘာသာစကား အတားအဆီးများ

အချို့သော လူကုန်ကူးခံရသူများသည် ၎င်းတို့၏ မိခင်တိုင်းပြည်တွင် အကူအညီပေးခြင်းခံရသည့် အချိန်တွင် ဘာသာစကားအတားအဆီးများကို ကြုံတွေ့ရသည်။ ဥပမာ - လူကုန်ကူးခံရသူသည် လူနည်းစု လူမျိုးစုဝင်တစ်ဦးဖြစ်ပြီး လူအများသုံးစွဲသည့် ဘာသာစကားကို မပြောတတ်သည့်အခါတွင်ဖြစ်သည်။

## ၃။ ဘာသာစကား ကျွမ်းကျင်မှုနှင့် စာတတ်မြောက်မှုတွင် အကန့်အသတ်ရှိခြင်း

အချို့သော ဖြစ်ရပ်များတွင် လူကုန်ကူးခံရသူများသည် နိုင်ငံခြားတိုင်းပြည်တစ်ခု၌ နှစ်ပေါင်းများစွာ ကြာအောင် ခေါင်းပုံဖြတ်ခြင်းခံနေရပြီးနောက် ဘာသာစကား ပြောဆိုတတ်မှုစွမ်းရည် ပျောက်ဆုံးသွားသည်။ (သို့မဟုတ် မည်သည့်အခါမျှ ဘာသာစကားပြောဆိုမှု၌ တိုးတက်မှုမရှိခဲ့။) ဤကိစ္စမှာ အထူးသဖြင့် မိမိတိုင်းပြည်တွင် ဘာသာစကားကို သွက်လက်စွာ ပြောဆိုနိုင်သည့် စွမ်းရည်၊ သို့မဟုတ်၊ အသုံးချနိုင်ရုံလောက်ရှိသည့် စာတတ်မြောက်မှုစွမ်းရည်မျှကိုပင် ရရှိဖို့လုံလောက်သော ပညာရေး၊ သို့မဟုတ်၊ အခွင့်အလမ်းမရရှိခဲ့ကြသည့် လူကုန်ကူးခံရသူကလေးငယ်များအတွက် ကိစ္စရပ်တစ်ရပ်ဖြစ်သည်။ လူကုန်ကူးခံရခြင်း အခြေအနေတွင် မွေးဖွား လာသည့် ကလေးများအတွက်လည်း ဘာသာစကားသည် အတားအဆီးတစ်ခုဖြစ်နေသည်။ ၎င်းတို့သည် နိုင်ငံ ရပ်ခြားတွင် မွေးဖွားပြီး အချိန်ကာလတစ်ခုအထိ မွေးမြူစောင့်ရှောက်ခြင်းခံခဲ့ရသဖြင့် ကလေးအများမှာ သူတို့ မိခင်တိုင်းပြည်သို့ ပြန်ကြသောအခါ အမျိုးသားဘာသာစကားကို မပြောတတ်တော့ပေ။ (သို့မဟုတ် သွက်လက်စွာ မပြောတတ်တော့ပေ။)

လူကုန်ကူးခံရသူများနှင့် ဆက်သွယ်ပြောဆိုနိုင်မှု မရှိခြင်းသည် ဝန်ဆောင်မှုထောက်ပံ့ခြင်းကို အသေအချာပင် အဟန့်အတားဖြစ်စေသည်။ ၎င်းမှာ သွယ်ဝိုက်သောအားဖြင့် (ပြန်လည်)ဝင်ဆန့်ပေါင်းစည်း ရေးရလဒ်များကို အပျက်သဘောဆောင်သော အကျိုးသက်ရောက်မှုဖြစ်စေသည်။ အချို့သော ကူညီထောက်ပံ့ရေး စီမံချက်များတွင် ဘာသာပြန်ဆိုခြင်း ဝန်ဆောင်မှုကို ရရှိနိုင်သည်။ သို့ရာတွင် ဤသည်မှာ ရေရှည်၌ လက်တွေ့ ကျကျ ဆောင်ရွက်နိုင်မှုနှင့် အလှမ်းဝေးနေသည်။ ဘာသာပြန်ဆိုခြင်းသည်း နှေးကွေးလေးလံပြီး ဝန်လေးစေရုံမက အလွန်စျေးကြီးပြီး စကားပြန်တစ်ဦးရှိမှသာ ဆက်သွယ်ပြောဆိုနိုင်မှုဖြစ်နိုင်သည့် သဘောဖြစ်နေသည်။ အခြား သော အခြေအနေများတွင် ဝန်ဆောင်မှုကူညီ ထောက်ပံ့သူများသည် လူကုန်ကူးခံရသူများကို အခြားလူကုန်ကူး ခံရသူတစ်ဦးအတွက် ဘာသာပြန်ပေးရန် အားထားရသည်။ ဤသို့ ကျင့်သုံးမှုသည် ခက်ခဲသော အတွေ့အကြုံ များကို ကိုင်တွယ်ဖြေရှင်းနေရသော လူကုန်ကူးခံရသူများအပေါ်တွင် ကျူးကျော်စွက်ဖက်ရာရောက်သည်။ ထို့ပြင် အကူအညီ လိုအပ်ချက်များအကြောင်း ဆွေးနွေးပြောဆိုမှုများ အားလုံးသည် ဂေဟာအတွင်းရှိ တတိယလူ (လူကုန်ကူးခံရသူ "စကားပြန်")မှတစ်ဆင့် သွားရသည့် သဘောဖြစ်နေသည်။ ၎င်းမှာလျှို့ဝှက်ထားရန် လိုအပ်သောအတွင်းရေးကိစ္စနှင့်အမည် နာမလျှို့ဝှက်မှုတို့ကို ချိုးဖောက်ရာရောက်ပြီး လူကုန်ကူးခံရသူအနေဖြင့် ၎င်း၏ လိုအပ်ချက်များနှင့် အတွေ့အကြုံတို့ကို ဖွင့်ဟပြောဆိုရန် စိတ်ဆန္ဒကို ဟန့်တားခံရနိုင်သည်။ ဘုံဘာသာ စကားတစ်ခုဖြင့် ပြောဆိုဆက်ဆံနိုင်ခြင်းသည် လူကုန်ကူးခံရသူများနှင့် ဝန်ဆောင်မှုကူညီထောက်ပံ့သူများ အကြားတွင် ယုံကြည်မှုနှင့် မိတ်ဆွေဖြစ် ဆက်ဆံမှု တည်ဆောက်ရာတွင် အရေးကြီးသော အကြောင်းတစ်ရပ် လည်းဖြစ်သည်။ ထို့ပြင်အချို့သော အကူအညီများကို ဘာသာစကားပြန်ဆိုခြင်းမှ တစ်ဆင့်သင့်လျော်စွာနှင့် ထိရောက်စွာ ကူညီထောက်ပံ့၍ မရပါ။ ဥပမာ - နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်းနှင့် ပညာပေးခြင်း၊ သင်တန်းပေး ခြင်းတို့ ဖြစ်သည်။

## ဖြစ်ရပ်မှန်အမှုကိစ္စ လေ့လာချက်များ လူကုန်ကူးခံရသူ အချို့သည် ပြည်ပတွင် ဘာသာစကား အတားအဆီးများကို တွေ့ကြုံကြရသည်။

အမျိုးသမီးတစ်ဦးသည် လိင်ခေါင်းပုံဖြတ်ရန်အတွက် ကမ္ဘောဒီးယားနိုင်ငံမှ ထိုင်းနိုင်ငံသို့ လူကုန်ကူး ခံခဲ့ရသည်။ သူမသည် ဂေဟာတစ်ခုတွင် တစ်နှစ်ကျော်ကြာအောင်နေရာချထားခြင်း ခံခဲ့ရသည်။ ဤအချိန် အတွင်း ထိုနေရာတွင် အလုပ်လုပ်သော ဝန်ထမ်းတစ်ဦးကမျှ ခမာစကားကို မပြောဆိုခဲ့ပေ။ ဆက်သွယ်ပြောဆိုမှု ကို ခမာစကားပြန်တစ်ဦးမှတစ်ဆင့်သာ ပြုလုပ်ခဲ့ရသည်။ တစ်နှစ်ကြာပြီးနောက် သူမသည် ဝန်ထမ်းများနှင့် ဆက်သွယ်ပြောဆိုဖို့ လုံလောက်သော ထိုင်းစကားကို လေ့လာသိရှိခဲ့သည်။

## အချို့ သူတို့သည် သူတို့၏ ဇာတိတိုင်းပြည်တွင် ဘာသာစကားအတားအဆီးများကို ကြုံတွေ့ကြရသည်။

ပြည်တန်ဆာအလုပ်အတွက် မလေးရှားနိုင်ငံသို့ လူကုန်ကူးခံရသော အမျိုးသမီးတစ်ဦးသည် သူမ မြန်မာနိုင်ငံသို့ ပြန်လာသောအခါ ဘာသာစကားပြဿနာများကို ကြုံတွေ့ခဲ့ရသည်။ အဘယ့်ကြောင့်ဆိုသော် သူမသည် အမျိုးသားဘာသာ စကားကို မပြောဆိုတတ်သောကြောင့်ဖြစ်သည်။ သူမသည် ထိုင်းစကားကို ပြောဆို နိုင်သည်။ (အကြောင်းမှာ သူမသည် မလေးရှားနိုင်ငံမှ ပြည်နှင်ဒဏ်ပေးခြင်းခံရပြီးနောက် ထိုင်းနိုင်ငံတွင် ကူညီခြင်း ခံခဲ့ရသောကြောင့်ဖြစ်သည်) သို့ရာတွင် မြန်မာနိုင်ငံရှိ ဂေဟာရှိမည်သည့် ဝန်ထမ်းတစ်ဦးမျှ ဘာသာစကား ၂ မျိုးစလုံးကို မပြောဆိုတတ်ဘဲ အကျိုးဆက်အားဖြင့် သူမသည် အထီးကျန်ပြီး သီးခြားဖြစ်နေခြင်းကို ခံစားခဲ့ ရသည်။ သူမ၏ ရပ်ရွာလူ့အဖွဲ့အစည်း ရှိ ကူညီထောက်ပံ့ရေးအဖွဲ့အစည်းသည်ပင်လျှင် သူမ၏ ဘာသာစကား ကို မပြောဆိုတတ်ပေ။ သူမက သူတို့အနေဖြင့် မလွဲသာမရှောင်သာ လက်ဟန်ခြေဟန်ဘာသာစကားဖြင့် ဆက်သွယ်ခဲ့ရပုံကို ဖော်ပြပြောဆိုခဲ့သည်။ သူမ၏ အကူအညီရရှိသည့် အတွေ့အကြုံကို မည်သည့်အရာက ပို၍ကောင်းမွန်အောင်လုပ်ဆောင်ပေးလိမ့်မည်နည်းဟု မေးမြန်းသောအခါ သူမက အကယ်၍ မြန်မာနိုင်ငံရှိ ဂေဟာဝန်ထမ်းများသည် ရှမ်းဘာသာစကားကို ပြောဆိုတတ်ပါက ပို၍ ကောင်းလိမ့်မည်ဟု ရှင်းပြခဲ့သည်။

## အဓိကတွေ့ရှိချက်များ၊ အပိုင်း ၃
## (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးအား လုပ်ကိုင်ဆောင်ရွက်နေကြသည့် လက်တွေ့ဆောင်ရွက်သူများနှင့် အာဏာပိုင်များ၏ အတွေးအမြင်၊ စွမ်းဆောင်ရည်နှင့် အပြုအမူဆိုင်ရာကိစ္စရပ်များ



အထူးသဖြင့် ဘဝရပ်တည်ရန် ခက်ခဲသည့် အားနည်းပျော့ညံ့ချက်များရှိသော အုပ်စုတစ်စုအဖြစ် လူကုန်ကူးခံရသူ ကလေးများနှင့် အလုပ်လုပ်ခြင်းသည် အထူးပြု လေ့ကျင့်သင်ကြားမှုနှင့် တိုးတက် မြင့်မားသည့် ကျင့်ဝတ်ဆိုင်ရာ နားလည်သိတတ်မှုကို လိုအပ်သည်။

# အဓိကတွေ့ရှိချက်များ။ အပိုင်း (၃)။
# (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးအား လုပ်ကိုင်ဆောင်ရွက်နေကြသည့် လက်တွေ့ဆောင်ရွက်သူများနှင့် အာဏာပိုင်များ၏ အတွေးအမြင်၊ စွမ်းဆောင်ရည်နှင့် အပြုအမူဆိုင်ရာ ကိစ္စရပ်များ။

## ကိစ္စရပ် ၃ ၊ ၁ ။ စည်းမျဉ်းစည်းကမ်းများ၊ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် ကန့်သတ်ချုပ်ချယ်မှုများ

*အချို့သော စီမံချက် စည်းမျဉ်းစည်းကမ်းများနှင့် ကန့်သတ်ချုပ်ချယ်မှုများသည် လူကုန်ကူးခံရသူ၏ ကိုယ်ပိုင်လုပ်ပိုင်ခွင့်နှင့် လုပ်ကိုင်နိုင်သည့် စွမ်းရည်ကို ယုတ်လျော့အားနည်းစေသည်။*

အကူအညီပေးရေး စီမံချက်များသည် များစွာသော စည်းမျဉ်းစည်းကမ်းများ၊ ပြဋ္ဌာန်းချက်များနှင့် ကန့်သတ်ချုပ်ချယ်မှုများ ပါဝင်နေကြပြီး ၎င်းတို့မှာ ဂေဟာနေ အကူအညီရယူသူများ၏ လိုအပ်ချက်များနှင့်/ သို့မဟုတ် အခြေအနေတို့နှင့် အမြဲတစေကိုက်ညီမှုရှိ ဟန်မတူပါ။ မည်သည့် အချိန်တွင် ဤစည်းမျဉ်းစည်းကမ်းများနှင့် ပြဋ္ဌာန်းချက်များသည် ထိရောက်သောစီမံချက်ကို ပံ့ပိုးဖြည့်ဆည်းပေးပြီး ထိုသို့ဖြင့် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးအောင်မြင်မှုကိုဖြစ်စေသနည်းဆိုသည့် အချက်နှင့် မည်သည့်အချိန်တွင် ၎င်းတို့သည် လူကုန်ကူးခံရသူ၏ ကိုယ်ပိုင်လုပ်ပိုင်ခွင့်ကို ယုတ်လျော့အားနည်းအောင်ဆောင်ရွက်ပြီး ဖြစ်နိုင်ဖွယ်ရာအနေဖြင့် သူတို့၏ လုပ်ကိုင်နိုင်စွမ်းရည်ကို ထိခိုက်အောင်လုပ်ဆောင်သနည်းဆိုသည့် အချက်တို့ကိုသတ်မှတ်ထုထောင်ရန် ဂရုတစိုက်ဆင်ခြင် သုံးသပ်ရန် လိုအပ်သည်။ အချို့သော ဖြစ်ရပ်များတွင် စည်းမျဉ်းစည်းကမ်းများနှင့် ကန့်သတ်ချုပ်ချယ်မှုများသည် လူအများစုပေါင်းနေထိုင်လုပ်ကိုင်ဆောင်ရွက်သော နေရာတစ်ခုကို ထိန်းသိမ်းမြှင့်တင်ဖို့အတွက်က နည်းပြီး လူကုန်ကူးခံရသူများအပေါ် ထိန်းချုပ်နိုင်ဖို့အတွက်က များနေဟန်ရှိသည်။ အရေးကြီးသောအချက်မှာ အကူအညီရယူသူများအနေဖြင့် များစွာသော စည်းမျဉ်းစည်းကမ်းနှင့် ကန့်သတ်ချုပ်ချယ်မှုများကို အပျက် သဘောဆောင်စွာ တွေ့ကြုံခံစားကြရပြီး ဤသည်မှာ ၎င်းတို့၏ လုပ်ကိုင်နိုင်စွမ်းရည်နှင့် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးရလဒ်တွင် တူညီစွာ အကျိုးသက်ရောက်ထိခိုက်မှုရှိနေသည်။

စည်းမျဉ်းစည်းကမ်းများ၊ ပြဋ္ဌာန်းချက်များနှင့် ကန့်သတ်ချုပ်ချယ်မှုများသည် အဖွဲ့အစည်း၊ စီမံချက်နှင့် တိုင်းပြည်အလိုက်ကွဲပြားမှုရှိသော်လည်း ဒေသတစ်ဝှမ်းလုံးတွင် တူညီသော ကိစ္စရပ်အချို့ပေါ်ပေါက်လျက်ရှိသည်။ ၎င်းတို့မှာ -

### ၁။ သွားလာလှုပ်ရှားမှု လွတ်လပ်ခွင့် ကန့်သတ်ခြင်း။

များစွာသော ဖြစ်ရပ်တို့တွင် လူကုန်ကူးသူများသည် ပိတ်ထားသော ဂေဟာများတွင် နေကြရပြီး အဆောက်အဦမှ ထွက်ခွာသွား၍ မရပါ။ ဂေဟာများသည် အခြေခံသဘောတရားအရ လူကုန်ကူးသူများ၏ လူ့အဖွဲ့အစည်းတွင် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးအတွက် အထောက်အကူပြုရန် ရည်ရွယ်ထားသော်လည်း ၎င်းတို့၏ မိသားစုနှင့် ရပ်ရွာလူ့အဖွဲ့အစည်းနှင့် အပြန်အလှန်ဆက်ဆံရေးများကို ဟန့်တားလျက်ရှိရာ ဤကဲ့သို့သော သွားလာလှုပ်ရှားမှု လွတ်လပ်ခွင့်ကန့်သတ်ခြင်းမှာ သိသာထင်ရှားနေသည်။ ပိတ်ထားသော ဂေဟာနည်းလမ်း၏ အင်္ဂါလက္ခဏာရပ်တစ်ခုဖြစ်သော မိသားစုနှင့် လူ့အဖွဲ့အစည်းမှ ခွဲခွာထားခြင်းသည် (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေးကို အလုံးစုံယုတ်လျော့အားနည်းစေသည်။ လူကုန်ကူးခံရသူများက တကယ်တမ်းအားဖြင့် ဂေဟာများတွင် ပိတ်လှောင်ခံထားရသည့် ရလဒ်အဖြစ် စိတ်ဖိစီးမှု၊ စိတ်ပျက်မှုနှင့် စိုးရိမ်သောကဖြစ်မှုတို့ကို ခံစားရကြောင်း ထုတ်ဖော်ပြောကြားကြသည်။

## ၂။ ပုဂ္ဂိုလ်ရေးအဆက်အသွယ်များအပေါ် ကန့်သတ်ချုပ်ချယ်ခြင်းနှင့် ထိန်းချုပ်ခြင်း။

လူကုန်ကူးခံရသူများသည် ပြည်တွင်းမှာရော၊ ပြည်ပ၌ ပါဝေဟာများတွင် ရှိနေစဉ် မိသားစုဝင်များနှင့် များသောအားဖြင့် အလွန်ကန့်သတ်ထားသော ဆက်သွယ်မှုသာ ရရှိကြသည်။ မူရင်းနိုင်ငံအတွင်း၌ပင်လျှင် အိမ်မှလာရောက်တွေ့ဆုံမှုများသည် များသောအားဖြင့် ပုံမှန်မရှိဘဲ များစွာသော လူကုန်ကူးခံရသူများမှာ ဧည့်သည်များကို လက်ခံမတွေ့ဆုံနိုင်ကြပါ။ (သို့မဟုတ် ကန့်သတ်ထားသော တွေ့ဆုံမှုများသာ ရှိသည်။)

ခိုင်မာအားကောင်း၍ အပြုသဘောဆောင်သော မိသားစုဆက်ဆံရေးများသည် များသောအားဖြင့် အောင်မြင်သော (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေး၏ အခြေခံအုတ်မြစ်ဖြစ်သည်ကို စဉ်းစားကြည့်လျှင် အချို့သော စီမံချက်များတွင် လူကုန်ကူးခံရသူများ ဂေဟာများတွင် နေထိုင်စဉ် သူတို့၏ မိသားစုများနှင့် ပို၍အပြုသဘော ဆောင်သော ဆက်ဆံရေးကို အားပေးမြှင့်တင်ရန်အတွက် အနည်းငယ်မျှသော ရင်းနှီးမြုပ်နှံမှုသာပြုလုပ်ခြင်းမှာ သိသာထင်ရှားနေသည်။ မိသားစုနှင့် ဆက်သွယ်မှုကင်းမဲ့ခြင်းသည် အသိသာအထင်ရှားဆုံးဖြစ်ကောင်းဖြစ်နိုင်သည်။ လူကုန်ကူးခံရသူကလေးငယ်များ၏ ဖြစ်ရပ်တွင် စိတ်ပျက်အားလျော့စရာ အလားအလာရှိသည်။ ဤကလေးငယ်များ၏ ၎င်းတို့၏ မိသားစုနှင့် ဆက်ဆံရေးသည် သူတို့၏ (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး ဖြစ်စဉ်တွင် အချက်အခြာဖြစ်လိမ့်မည်။ (သို့မဟုတ်၊ ဖြစ်သင့်သည်)။ ဆက်သွယ်ပြောဆိုမှုကို ခွင့်ပြုသောအခါတွင် များသောအားဖြင့် လုံးဝထိန်းချုပ်ထားသည်။ ဥပမာ- ဂေဟာတို့၌ မိုဘိုင်းဖုန်းများအား သိမ်းဆည်းခြင်းနှင့် တယ်လီဖုန်းအသုံးပြုမှုကို ကန့်သတ်ခြင်း (သို့မဟုတ်၊ စောင့်ကြည့်စစ်ဆေးခြင်း) တို့ဖြစ်သည်။ ရင်းနှီးသော ဆက်ဆံရေးများကိုလည်း ထိန်းချုပ်ထားသည်။ ဥပမာ- အကူအညီရယူနေစဉ် သူငယ်ချင်းများ၊ သို့မဟုတ်၊ ယောကျ်ားလေးမိတ်ဆွေများ/မိန်းကလေးမိတ်ဆွေများနှင့် ဆက်သွယ်မှုကို ကန့်သတ်ထားသည်။

## ၃။ နေ့စဉ်လုပ်ငန်းအစီအစဉ်နှင့်ဖွဲ့စည်းပုံ

အချို့သော ဂေဟာများတွင် အလွန်စနစ်တကျဖွဲ့စည်းထားသော အချိန်ဇယားနှင့် လုပ်ငန်းအစီအစဉ်များရှိကြသည်။ ဤသည်မှာ လူကြီးများအတွက်ရော၊ ကလေးများအတွက်ပါဖြစ်သည်။ များစွာသော လူကုန်ကူးခံရသူများက အလွန်တင်းကြပ်သော အစီအစဉ်များနှင့် ပတ်သက်ပြီး စိတ်ပျက်မှုနှင့် စိတ်မသက်သာမှုကို ဖော်ပြကြသည်။ အချို့သော လူကုန်ကူးခံရသူများက အကူအညီပေးခြင်း ခံနေရစဉ်ကထက် လူကုန်ကူးခြင်း ခံနေရစဉ်က သူတို့၏ နေ့စဉ်ဘဝတွင် ပို၍ လွတ်လပ်မှုကို ခံစားရကြောင်း ပြောပြကြသည်။

## ၄။ စည်းကမ်းထိန်းသိမ်းခြင်းနှင့် အရေးယူအပြစ်ပေးခြင်းကို ကျင့်သုံးခြင်း

လူကုန်ကူးခံရသူများ(လူကြီးများနှင့် ကလေးများ နှစ်မျိုးစလုံး)သည် သူတို့ စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်သောအခါ၊ သို့မဟုတ်၊ ဂေဟာဝန်ထမ်းများ သဘောကျသည့် နည်းလမ်းများအတိုင်း မပြုမူသည့်အခါ စည်းကမ်းထိန်းသိမ်းခြင်းနှင့် အရေးယူအပြစ်ပေးခြင်းခံကြရသည်။လူကုန်ကူးခံရသူအချို့သည် သူတို့ ပြုလုပ်သည့် အမှားများအတွက်၊ သို့မဟုတ်၊ မရယ်သင့်သည့် အချိန်တွင်ရယ်ခြင်း ကဲ့သို့သော "စည်းမျဉ်းချိုးဖောက်မှုများ" အတွက်ပင်လျှင် ဆူပူခြင်းနှင့် ပြစ်တင်ကြိမ်းမောင်းခြင်းခံကြရသည်။ အခြားသောဖြစ်ရပ်များတွင် အိမ်သာများ၊ သို့မဟုတ်၊ ဝန်ထမ်းရုံးခန်းများအား သန့်ရှင်းရေးလုပ်ခိုင်းခြင်း အပါအဝင် ပို၍ တက်ကြွလှုပ်ရှားမှုရှိသော အပြစ်ပေးခြင်း ပုံစံများကို အသုံးပြုကြသည်။ အချို့သော လူကုန်ကူးခံရသူများသည် သူတို့၏ ပြန်လည်နာလန်ထူရေးနှင့် (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေးနှင့် အနည်းငယ်သာသက်ဆိုင်သော၊ သို့မဟုတ်၊ ဂေဟာ၏ အပြုသဘောဆောင်သော လုပ်ဆောင်မှုများနှင့် အနည်းငယ်သာ သက်ဆိုင်သော အလုပ်တာဝန်များကို လုပ်ကိုင်ကြရသည်။

(ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးစီမံချက်များတွင် ရှိနေသော စည်းမျဉ်းစည်းကမ်းများနှင့် ကန့်သတ်ချုပ်ချယ်မှုများကို ဂရုစိုက်၍ ဆင်ခြင်သုံးသပ်ရန်နှင့် (ပုံမှန်) တန်ဖိုးဖြတ်ရန် လိုအပ်သည်။ ဤစည်းမျဉ်းစည်းကမ်းများနှင့် ကန့်သတ်ချုပ်ချယ်မှုများသည် အကျိုးခံစားခွင့်ရယူသူများ၏ ပြန်လည်နာလန်ထူရေးနှင့် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးကို တိုးတက်ဖြစ်ပေါ်စေရာတွင် အလုံးစုံအကျိုးသက်ရောက်မှုအပေါ် မည်ကဲ့သို့ ထိခိုက်

စေသနည်းဟူသည့် အချက်အပါအဝင်ဖြစ်သည်။ အချို့သော လုပ်ငန်းစဉ်များသည် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးကို အထောက်အကူပြုမှုနည်းပြီး စီမံအုပ်ချုပ်ရေး လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုကို ပို၍ဦးစားပေးထားဟန်ရှိသောအခါ စည်းမျဉ်းစည်းကမ်းများ၊ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် ကန့်သတ်ချုပ်ချယ်မှုများကို ဝေဖန်တန်ဖိုးဖြတ်သည့် နည်းလမ်းသည် အရေးပါသည်။ အခြား စည်းမျဉ်းစည်းကမ်းများနှင့် ကန့်သတ်ချုပ်ချယ်မှုများသည် အနည်းဆုံးအားဖြင့် တစ်စိတ်တစ်ပိုင်းတွင် လူကုန်ကူးခံရသူများ၏ သွားလာလှုပ်ရှားမှုကို ထိန်းချုပ်ရန် ချမှတ်ထားဟန်ရှိသည်။ (တစ်နည်းဆိုရလျှင် ပိတ်ထားသော ဂေဟာများဖြစ်သည်။) အဘယ်ကြောင့်ဆိုသော် လူကုန်ကူးခံရသူများက ဂေဟာများမှ ထွက်သွားပါက ဝန်ဆောင်မှု ထောက်ပံ့သူများအနေဖြင့် သူတို့၏ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်ကို ဂယက်ရိုက်ထိခိုက်မည်ကို ကြောက်ရွံ့ခြင်းကြောင့်ဖြစ်သည်။ အခြားသော ဖြစ်ရပ်များတွင်လည်း စည်းမျဉ်းစည်းကမ်းများနှင့် ကန့်သတ်ချုပ်ချယ်မှုများသည် လူကုန်ကူးခံရသူများအပေါ် ထိန်းချုပ်ရန် အားထုတ်ကြိုးပမ်းမှုနှင့် သူတို့ကို "ပြန်လည်ထူထောင်ပေးခြင်း" ဟု စောဒကတက်ဖွယ်ရှိသည်။ စည်းမျဉ်းစည်းကမ်းများနှင့် သတ်မှတ်ပြဋ္ဌာန်းချက်များကို ဂေဟာမန်နေဂျာနှင့် ဝန်ထမ်းတို့က ဂေဟာတွင် နေထိုင်သူများထံမှ သတင်းပို့ပြောဆိုချက်များကို ရယူပြီး ပုံမှန်တန်ဖိုးဖြတ်သင့်သည်။ စည်းမျဉ်းစည်းကမ်းများနှင့် သတ်မှတ်ပြဋ္ဌာန်းချက်များကို လူကုန်ကူးသူများ၏ (ပြန်လည်)နာလန်ထူရေးအတွက် အနည်းဆုံးစံသတ်မှတ်ချက်အပေါ်တွင် နိုင်ငံ၏ အမျိုးသားဥပဒေနှင့် လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်စွာပင် ဖွဲ့စည်းထူထောင်သင့်သည်။ အကျိုးခံစားခွင့်ရယူ သူတို့သည် မည်သည့် စည်းမျဉ်းစည်းကမ်းနှင့် ကန့်သတ်ချုပ်ချယ်မှုများ မဆိုဖွဲ့စည်း ထူထောင်မှုနှင့် ပြုပြင်ပြောင်းလဲမှုတွင် ပါဝင်ပတ်သက်သင့်သည်။ ၎င်းတို့သည် သူတို့အပေါ် မည်ကဲ့သို့ သက်ရောက်မှုရှိသည် (အပျက်သဘောဖြစ်စေ၊ အပြုသဘောဖြစ်စေ) ကို ထုတ်ဖော်ပြောဆိုနိုင်ရမည် ဖြစ်သည်။ဤလေ့လာချက်အတွက် တွေ့ဆုံမေးမြန်းသည့် သူများအကြားတွင် ဤအခွင့်အလမ်းမှာ ပေါ်လွင်ထင်ရှားမှု မရှိပါ။

## ဖြစ်ရပ်မှန်အမှုကိစ္စ လေ့လာချက်များ ဂေဟာစီမံချက်များစွာတွင်ရှိသော စည်းမျဉ်းစည်းကမ်းများနှင့် ကန့်သတ်ချုပ်ချယ်မှုများနှင့် ပတ်သက်၍ စိတ်မသက်မသာဖြစ်မှု

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ လူကုန်ကူးခံရသော အမျိုးသမီးတစ်ဦးသည် သူမ အိမ်ပြန်အရောက်တွင် မြန်မာနိုင်ငံရှိ ဂေဟာတစ်ခုတွင် ကူညီခြင်းခံခဲ့ရသည်။ သူမက ဂေဟာတွင် နေထိုင်သူများ လိုက်နာရန် လိုအပ်သော များစွာသော စည်းမျဉ်းစည်းကမ်းများ အပါအဝင် ဂေဟာ၌ရှိသော ပြဿနာများကို ဖော်ပြပြောဆိုခဲ့သည်။ သူမက အချို့သော ကန့်သတ်ချုတ်ချယ်မှုများသည် ပြဿနာများပြီး မလိုအပ်ကြောင်းဖော်ပြ ပြောဆိုခဲ့သည်။ ဥပမာအားဖြင့် မီးဖိုချောင်တွင် ကျယ်လောင်စွာ ရယ်ခြင်းအတွက် အဆူခံရခြင်းဖြစ်သည်။ သူမက "ကျွန်မတို့ကို နားလည်မှု မရှိဘူး" ဟု သူမ သိမြင်ခံစားရသည့် ဝန်ထမ်းများ၏ ဆူပူကြိမ်းမောင်းခြင်းကိုခံရကြောင်း ဖော်ပြပြောဆိုခဲ့သည်။ အစမ္မလက်ထပ်ရန်အတွက် တရုတ်နိုင်ငံသို့ လူကုန်ကူးခံရသော အမျိုးသမီးတစ်ဦးသည် သူမ မြန်မာနိုင်ငံသို့ ပြန်လာပြီးနောက် ဂေဟာတစ်ခုတွင် ကူညီခြင်းခံခဲ့ရသည်။ သူမက ဂေဟာတွင် မပျော်ရွှင်ခဲ့ကြောင်းဖော်ပြ ပြောဆိုခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ဂေဟာတွင် နေထိုင်သူများကို ဂေဟာထဲ၌ ၂၄ နာရီပတ်လုံး သော့ခတ်ပိတ်လှောင်ထားသောကြောင့်သည်။ သူမအနေဖြင့် ဘာကြောင့် ဤသို့လုပ်ရန် လိုအပ်သည်ကို နားမလည်ပေ။ အစမ္မလက်ထပ်ရန်အတွက် တရုတ်နိုင်ငံသို့ လူကုန်ကူးခံခဲ့ရသော မိန်းကလေးတစ်ဦးသည် မြန်မာနိုင်ငံသို့ သူမပြန်အရောက်တွင် ဂေဟာစီမံချက်တစ်ခု၌ ကူညီခြင်းခံခဲ့ရသည်။ သူမက ဂေဟာ၌ ဝန်ထမ်းများအတွက် သူတို့ကို နင်းနှိပ်ပေးရခြင်းနှင့် သူတို့၏ ရုံးခန်းကို သန့်ရှင်းရေးလုပ်ပေးရခြင်းကဲ့သို့သော အလုပ်များကို မလွှဲမရှောင်သာ လုပ်ပေးခဲ့ရကြောင်း ဖော်ပြပြောဆိုခဲ့သည်။ သူမ (နှင့် ထိုနေရာတွင် နေထိုင်သော အခြားသူများ)ကို ဤသည်မှာ သူတို့အတွက် "လေ့ကျင့်ပေးခြင်း" ဖြစ်သည်ဟုပြောဆိုခဲ့ပြီး အကယ်၍ သူတို့ကောင်းစွာ မလုပ်ပါက သူတို့ကို အိမ်ပြန်ခွင့် မပြုချေ။

## ကိစ္စရပ် ၃ ၊ ၂ ။ ကူညီစောင့်ရှောက်မှု အရည်အသွေး

*အချို့သော (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးစီမံချက်များတွင် အရည်အသွေး ညံ့ဖျင်းသော အကူအညီနှင့် ကန့်သတ်မှုရှိသော ပညာရှင်စွမ်းဆောင်ရည်။*

အချို့သော ဖြစ်ရပ်များတွင် လူကုန်ကူးခံရသူများက အရည်အသွေးမြင့်မားသော ဝန်ဆောင်မှုများရရှိပြီးမြင့်မားသော ကျွမ်းကျင်မှုနှင့် အရည်အချင်းပြည့်ဝသည် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး ပညာရှင်များ၏ ကူညီခြင်းခံရကြောင်း ဖော်ပြကြသည်။ ဤသည်မှာ ဆိုက်ရောက်နိုင်ငံတွင်ရော၊ မူရင်းနိုင်ငံတွင် ပါရရှိခဲ့ကြသော အကူအညီပုံစံအမျိုးမျိုးအတွက် မှန်ကန်သော ကိစ္စဖြစ်သည်။

"သင်တန်းဆရာတွေက ကျွမ်းကျင်ပြီး အရည်အချင်းရှိတယ်။ သူတို့က ယဉ်ယဉ်ကျေးကျေး လေးလေးစားစား ပြုမူဆက်ဆံကြတယ်။ ကျွန်မအနေနဲ့ ကျွန်မဆန္ဒရှိတဲ့ ဘယ်ကျွမ်းကျင်မှုအတတ်ပညာကိုမဆို ရွေးချယ်နိုင်တယ်။" (ကမ္ဘောဒီးယားနိုင်ငံရှိ ဂေဟာစီမံချက်တစ်ခုတွင် ကူညီခြင်းခံရသော ကမ္ဘောဒီးယားအမျိုးသမီး) "ကျွန်မ ဒီနေရာကို သိပ်ကြိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မအနေနဲ့ အထောက်အပံ့နဲ့ အကူအညီအပြည့်အဝကို ရလို့ပဲ။ ကျွန်မကို သိပ်ပြီးကောင်းမွန်စွာ ဂရုစိုက်တဲ့အတွက် ဆရာတွေကို ကျွန်မ ကျေးဇူးတင်ပါတယ်။" (ထိုင်းနိုင်ငံမှ ပြန်လာပြီးနောက် မြန်မာနိုင်ငံရှိ ဂေဟာစီမံချက်တစ်ခုတွင် ကူညီခြင်းခံရသော မိန်းကလေးငယ်တစ်ဦး) "အချက်အပြုတ်သင်တန်းက ဆရာဟာသိပ်ကို သဘောကောင်းတယ်။ သူက ကျွန်မရဲ့ သင်တန်းဖော်များစွာကို ဟန်နွိုင်းမှာ အလုပ်တစ်ခုရှာဖွေဖို့ ကူညီခဲ့တယ်။" (ဗီယက်နမ်သင်တန်းစီမံချက်တစ်ခုတွင် အချက်အပြုတ်သင်တန်းတက်ခဲ့သော ဗီယက်နမ်အမျိုးသမီး) သို့ရာတွင် ဤသို့ ရရှိခြင်းမှာ အမြဲတမ်းမှန်ကန်သော ကိစ္စမဟုတ်ပဲရရှိသော ကူညီစောင့်ရှောက်မှု အရည်အသွေးသည် နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံအကြားနှင့် နိုင်ငံတစ်နိုင်ငံအတွင်းရှိ အဖွဲ့အစည်းများနှင့် အင်စတီကျူးရှင်းများအကြားတွင် လုံးဝအနှစ်သာရအားဖြင့် ကွဲပြားခြားနားလျက်ရှိသည်။ သိသာထင်ရှားသော အရေအတွက်ရှိသည့် ဖြစ်ရပ်များတွင် လူကုန်ကူးခံရသူတို့က အရည်အသွေးညံ့ဖျင်းသော (အဆင့်မမီသော)ဝန်ဆောင်မှုများ နှင့်/သို့မဟုတ် ကျေနပ်ဖွယ်ရာ ပညာရှင်စွမ်းဆောင်ရည်မျိုးနှင့် အရည်အချင်းမျိုး လျော့နည်းနေသည့် လက်တွေ့လုပ်ကိုင်ဆောင်ရွက်သူများအကြောင်း ဖော်ပြခဲ့ကြသည်။

### ၁။ ဝန်ဆောင်မှုကူညီထောက်ပံ့သူများ၏ ပညာရှင်အဆင့်စွမ်းဆောင်ရည်

အချို့သော ဖြစ်ရပ်များတွင် ညံ့ဖျင်းသော ကူညီစောင့်ရှောက်မှု အရည်အသွေးသည် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး ဝန်ဆောင်မှုများပေးရန် ကမ်းလှမ်းသည့် ဝန်ဆောင်မှုကူညီထောက်ပံ့သူများ၏ စွမ်းဆောင်ရည်နှင့် ဆက်စပ်နေပြီး တစ်ခါတစ်ရံကန့်သတ်ထားသည်။ အချို့သော ဝန်ဆောင်မှု ကူညီထောက်ပံ့သူများသည် လူကုန်ကူးမှုတွင် မည်သည့်အချက်များ ပါဝင်သည်ကို ခိုင်မာစွာ နားလည်သဘောပေါက်မှုရှိဟန် မတူပါ။ပို၍ ပညာဗဟုသုတနှင့် အတွေ့အကြုံရှိသော (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးပညာရှင်များ အကြားမှာပင်လျှင် သူတို့၏ ပညာရေးနောက်ခံနှင့် ပညာရှင်စွမ်းဆောင်ရည်တို့တွင် ကွာဟချက်များရှိနေကြသည်။

ဒေသတစ်ဝှမ်းလုံးတွင် အသက်မွေးဝမ်းကျောင်းပညာရှင်အဆင့် လေ့ကျင့်သင်ကြားထားသော လူမှုဝန်ထမ်းများနှင့် စိတ်ပညာရှင်များ လုံလောက်စွာ ဖြည့်ဆည်းနိုင်မှု မရှိပါ။(များသောအားဖြင့် လေ့ကျင့်သင်ကြားထားမှုမရှိသော) စေတနာ့ဝန်ထမ်းများကို ပေါပေါများများ အသုံးပြုခြင်းသည် အရည်အသွေးမြင့်မားသော ပညာရှင်အဆင့် စောင့်ရှောက်မှုထောက်ပံ့ခြင်းကို ထိခိုက်စေသည်။ အပြုအမူဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများ၊ သို့မဟုတ် ကျင့်ဝတ်၊ ဥပဒေဆိုင်ရာအခြေခံစည်းကမ်းများလည်း ရှိပုံ မရပါ။ ပညာရှင်အဆင့် စောင့်ကြည့်စစ်ဆေးခြင်းနှင့် တာဝန်ခံခြင်းစနစ်များလည်း ရှိပုံ မရပါ။

## ၂။ (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ၏ အရည်အသွေး။

တုန့်ပြန်ဖြေကြားသူတို့က ညံ့ဖျင်းသော အရည်အသွေးမျိုးရှိသည့် အကူအညီကို လက်ခံရရှိကြောင်း ဖော်ပြကြသည်။ ဤလေ့လာတွေ့ရှိချက်ကို ဒေသတစ်ဝှမ်းလုံးတွင် တွေ့ရှိရသော်လည်း နိုင်ငံနှင့် အဖွဲ့အစည်း အလိုက် ကွဲပြားမှုရှိသည်။ အချို့သော လူကုန်ကူးခံရသူများသည် ညံ့ဖျင်းသော နေထိုင်မှု အခြေအနေမျိုးရှိ သည့် အဆင့်မမီသော ဂေဟာများတွင် နေရာချထားခြင်းခံရသည်။ များသောအားဖြင့် ဤဂေဟာများတွင် အခြေခံအကျဆုံး လိုအပ်ချက်များကိုပင် လုံလောက်စွာ ထောက်ပံ့ခြင်း မရှိဘဲ လူကုန်ကူးခံရသူများက ၎င်းတို့ နေထိုင်စဉ်အတွင်း မည်သည့် ဝန်ဆောင်မှုမျှ မရရှိခဲ့ကြောင်း အစီရင်ခံကြသည်။ အရည်အသွေးညံ့ဖျင်းသော ဝန်ဆောင်မှုများအကြောင်း အစီရင်ခံမှုများသည် ဂေဟာစီမံချက်များအတွက်သာ သီးသန့်ဖြစ်နေသည် မဟုတ်ဘဲ ၎င်းမှာ ဝန်ဆောင်မှုနယ်ပယ် အပြည့်အစုံတစ်ခွင်လုံးတွင်ရှိနေသော ပို၍ကျယ်ပြန့်သည့် ကိစ္စရပ်တစ်ခုဖြစ်သည်ကို သက်သေပြနေသည်။

(ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး ဝန်ဆောင်မှုများသည် ကူညီစောင့်ရှောက်မှု အနိမ့်ဆုံးအဆင့် စံသတ်မှတ်ချက်ကို စွဲမြဲစွာ လိုက်နာစောင့်ထိန်းရန် လိုအပ်သည်။ သို့သော် ဒေသတွင်း၌ ဤကဲ့သို့သော စံသတ်မှတ်ချက်များမှာ ယေဘုယျအားဖြင့် ကင်းမဲ့လျက်ရှိသည်။ နိုင်ငံများ တစ်ခုချင်းအတွင်း ဝန်ဆောင်မှု ထောက်ပံ့ခြင်းတွင် ကျယ်ပြန့်သော ကွဲပြားခြားနားမှု (ဥပမာ- ဒေသအလိုက်၊ အဖွဲ့အစည်းအလိုက်) ရှိနေခြင်းက စံသတ်မှတ်ချက်များရှိသော နေရာများတွင်ပင်လျှင် ၎င်းတို့ကို အပြည့်အဝ (သို့မဟုတ်၊ ညီမျှစွာ) အကောင်အထည် ဖော်ဆောင်မှု မရှိကြောင်းထင်ရှားသည့် အထောက်အထားပင်ဖြစ်သည်။ စေတနာ့ဝန်ထမ်းများ (နှင့် စကားပြန် များ၊ ဒရိုင်ဘာများနှင့် စီမံခန့်ခွဲရေးဝန်ထမ်းများ ကဲ့သို့သော အထောက်အကူပြုဝန်ထမ်းများ) အပါအဝင် လူကုန်ကူးခံရသူများနှင့် တိုက်ရိုက်အလုပ်လုပ်လျက်ရှိသော အားလုံးသော လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေ သူများအတွက် ပညာရှင်အဆင့်ကူညီစောင့်ရှောက်မှု စံသတ်မှတ်ချက်များနှင့် အပြုအမူဆိုင်ရာ ကျင့်ဝတ် စည်းကမ်းများ ရှိရန်လည်း လိုအပ်သည်။

### ဖြစ်ရပ်မှန်အမှုကိစ္စ လေ့လာချက်များ လူကုန်ကူးခံရသူများသည် ကူညီခြင်းခံနေရစဉ် အရည်အသွေး ညံ့ဖျင်းသော ဝန်ဆောင်မှုများ ရရှိခဲ့ကြသည်။

အဓမ္မလက်ထပ်ရန်အတွက် တရုတ်နိုင်ငံသို့ လူကုန်ကူးခံခဲ့ရသော အမျိုးသမီးတစ်ဦးသည် မြန်မာနိုင်ငံ သို့ သူမ ပြန်လာပြီးနောက် ကွဲပြားသောဂေဟာ ၂ ခုတွင် ကူညီခြင်းခံခဲ့ရသည်။ သူမသည် ထိုနေရာတွင် တစ်လ နီးပါးမျှ ရှိနေခဲ့သော်လည်း ထိုနေရာတွင် ရှိနေစဉ် မည်သည့် ဝန်ဆောင်မှုမျှ မရရှိခဲ့ချေ။ သူမ ပြောသည့် အတိုင်းဆိုရလျှင် "အဲ့ဒီနေရာမှာ ကျွန်မ ဘာမှ လုပ်စရာမရှိဘူး" လုပ်အားအတွက် အစ္စရေးနိုင်ငံသို့ လူကုန်ကူး ခံရသော ထိုင်းအမျိုးသားတစ်ဦးသည် ပြည်ပ၌ ရှိနေစဉ်ဆေးကုသစောင့်ရှောက်မှုကို လက်ခံရရှိခဲ့သည်။ သို့သော် သူ၏ ကျန်းမာရေးပြဿနာများကို မဖြေရှင်းနိုင်ခဲ့ချေ။ သူသည် နိုင်ငံခြားသားတစ်ဦးဖြစ်သည့်အတွက် သူ၏ ရောဂါကို ကုသရန်လိုအပ်သည့် ဆေးဝါးကုသမှုကို မရရှိနိုင်ခဲ့ကြောင်း သူက ပြောဆိုခဲ့သည်။ ပြည့်တန်ဆာ အလုပ်အတွက်ပြည်တွင်း၌ လူကုန်ကူးခြင်းခံခဲ့ရသော တရုတ်အမျိုးသမီးတစ်ဦးသည် နှစ်သိမ့်ဆွေးနွေးအကြံ ပေးခြင်းကို ရရှိနိုင်သော ဂေဟာစီမံချက်တစ်ခုတွင် ကူညီခြင်းခံခဲ့ရသည်။ သို့ရာတွင် နှစ်သိမ့်ဆွေးနွေးအကြံပေး ခြင်းကို ပညာရှင်အဆင့်လေ့ကျင့်သင်ကြားမှု၊ သို့မဟုတ်၊ အတွေ့အကြုံမရှိသည့် စေတနာ့ဝန်ထမ်းများဖြင့် ပြုလုပ်ခဲ့ပြီး သူမအနေဖြင့် ဤနှစ်သိမ့်ဆွေးနွေးအကြံပေးသည့် စည်းဝေးပွဲများကို ကြောက်ရွံ့ကြောင်း ဖော်ပြ ပြောဆိုခဲ့သည်။ အဓမ္မလက်ထပ်ရန် တရုတ်နိုင်ငံသို့ လူကုန်ကူးခံခဲ့ရသော မြန်မာနိုင်ငံမှ အမျိုးသမီးတစ်ဦးသည် သူမ ပြန်အရောက်တွင် (သူမ၏ တရုတ် "လင်ယောက်ျား"မှ မွေးဖွားခဲ့သော) သူမ၏ သားကို မှတ်ပုံတင်ရန် အကူအညီ တောင်းခံခဲ့သည်။ ကူညီထောက်ပံ့ရေးအဖွဲ့အစည်းက သူတို့အနေဖြင့် ဤကိစ္စကို မည်သို့ လုပ်ရမည်ကို

မသိကြောင်း အသိပေးခဲ့ပြီး ဤပြဿနာကို ဖြေရှင်းရန် သူမကို မည်သည့် အထောက်အပံ့မျှ မပေးခဲ့ချေ။ ဤကိစ္စရပ်သည် တွေ့ဆုံမေးမြန်းသည့် အချိန်တွင် မဖြေရှင်းရသေးပဲ ကျန်ရှိနေသည်။

## ကိစ္စရပ် ၃ ၊ ၃ ။ ကူညီစောင့်ရှောက်မှုပေးရာတွင် ကိုယ်ချင်းစာနာစိတ်ကင်းမဲ့ခြင်း၊ ခွဲခြားဆက်ဆံခြင်းနှင့် ကြမ်းတမ်းစွာ ဆက်ဆံခြင်း

*ကူညီစောင့်ရှောက်မှုပေးစဉ် ကိုယ်ချင်းစာနာစိတ်ကင်းမဲ့ခြင်း၊ ခွဲခြားဆက်ဆံခြင်းနှင့် ကြမ်းတမ်းစွာ ဆက်ဆံခြင်း ဖြစ်ရပ်များ။*

လူကုန်ကူးခံရသူများသည် ယေဘုယျအားဖြင့်ဝန်ထမ်းများ၏ ကောင်းမွန်စွာ ပြုစုဆက်ဆံခြင်းခံကြရသည်။ တုန့်ပြန်ဖြေကြားသူများက အကူအညီပေးရေးဝန်ထမ်းများ၏ အလွန်အဆင့်မြင့်သော စောင့်ရှောက်မှုနှင့် နားလည်စာနာမှုတို့ကို ရရှိသည့် ဖြစ်ရပ်များစွာကို အစီရင်ခံကြသည်။ လူကုန်ကူးခံရသူများစွာအတွက် သူတို့လက်ခံရရှိသည့် အကူအညီသည် သူတို့၏ ပြန်လည်နာလန်ထူရေးနှင့် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးတွင် လိုအပ်ပြီးအရေးပါသည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ လူကုန်ကူးခံရသူများစွာသည် ဝန်ဆောင်မှုထောက်ပံ့သူများထံမှ နားလည်သိတတ်၍ သင့်လျော်သော ပြုမူဆက်ဆံမှုကို ရရှိကြောင်း ဖော်ပြပြောဆိုခဲ့ကြသည်။

"ဝန်ထမ်းတွေက သင်ကြားရာမှာနဲ့ ရှင်းပြရာမှာ ကျွမ်းကျင်ပြီး တာဝန်သိစိတ်ရှိတယ်။ သူတို့ဟာ ကောင်းမွန်တဲ့ အပြုအမူမျိုးရှိပြီး ကောင်းမွန်တဲ့ စကားလုံးတွေကို သုံးကြတယ်။ ပြီးတော့ ညင်သာသိမ်မွေ့တယ်" (ပြည်တွင်း၌ဂေဟာစီမံချက်တစ်ခုတွင် ကူညီခြင်းခံရသော အမျိုးသမီး)

"အကူအညီအားလုံးက ကောင်းပါတယ်။ ကျွန်မ အားလုံးကို ကြိုက်တယ်။ သူတို့ဝန်ထမ်းတွေကလည်း သိပ်သဘောကောင်းပြီး ဖော်ရွေတယ်။ သူတို့က ကျွန်မတို့ကို အားပေးတိုက်တွန်းတယ်။ အဲဒါက ကောင်းပါတယ်။" (ပြည်ပ၌ ဂေဟာတစ်ခုတွင် ကူညီခြင်းခံရသော မိန်းကလေး)

"ကျွန်မ ဒီနေ့အထိ လက်ခံရရှိတဲ့ အကူအညီတွေ အားလုံးဟာ ကျွန်မအတွက် သိပ်ကို တန်ဖိုးရှိတယ်။ (လူမှုရေးလုပ်ငန်း) ဝန်ထမ်းတွေက ကျွန်မကို ယဉ်ကျေးပြီးစာနာထောက်ထားတဲ့ ပုံစံနဲ့ ဆက်ဆံတယ်" (ပြည်တွင်း၌ ကူညီခြင်းခံရသော အမျိုးသမီး)

"(အဖွဲ့အစည်းရဲ့)အကူအညီဟာ သိပ်ကို အသုံးဝင်တယ်။ ကျွန်မဟာ တစ်နှစ်ကြာအောင်ကူညီခြင်းခံခဲ့ရတယ်။ ဒီအဖွဲ့အစည်းရဲ့ အရာရှိဝန်ထမ်းတွေဟာ ရင်းနှီးဖော်ရွေပြီး ပျော်တတ်ကြတယ်" (ပြည်တွင်း၌ ဂေဟာတစ်ခုတွင် ကူညီခြင်းခံရသော မိန်းကလေး)

သို့ရာတွင် လူကုန်ကူးခံရသူ အချို့ကမူ ကူညီခြင်းခံနေရစဉ် အပြုသဘောဆောင်သော အတွေ့အကြုံများ အလွန်လျော့နည်းစွာ တွေ့ကြုံခဲ့ရကြောင်း အစီရင်ခံကြသည်။ ၎င်းတို့တွင် အချို့ဖြစ်ရပ်များ၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသက်မွေးဝမ်းကျောင်းဝန်ထမ်းများနှင့် ဝန်ဆောင်မှုထောက်ပံ့သူများဘက်မှ ထိခိုက်နစ်နာစေသော အပြုအမူများနှင့် စိတ်နေသဘောထားများ ပါဝင်သည်။ အချို့ဖြစ်ရပ်များတွင် ခွဲခြားဆက်ဆံခြင်းနှင့် ရိုင်းပျသော အပြုအမူများ ပါဝင်ပတ်သက်သည်။ အခြားဖြစ်ရပ်များတွင် နှုတ်မှုကြမ်းတမ်းစွာ ပြောဆိုခြင်းနှင့် ရုပ်ပိုင်း နှိပ်စက်ညှဉ်းပန်းခြင်းတို့ ခံကြရသည်။

### ၁။ ခွဲခြားဆက်ဆံခြင်းနှင့် ကိုယ်ချင်းစာနာစိတ်ကင်းမဲ့ခြင်း

လူကုန်ကူးခံရသူများက အကူအညီပေးရေးဝန်ထမ်းများ၏ ခွဲခြားဆက်ဆံခြင်းနှင့် ကိုယ်ချင်းစာနာစိတ်ကင်းမဲ့ခြင်း ဖြစ်ရပ်များကို အစီရင်ခံကြသည်။ အချို့က ဝန်ဆောင်မှုထောက်ပံ့သူများသည် သူတို့အား ခွဲခြားဆက်ဆံနေပြီး သူတို့ကို "မိန်းမဆိုးလေးများ" နှင့် "ပြည့်တန်ဆာများ" အဖြစ် အထင်အမြင်သေးနေသည်ဟု ခံစားကြရသည်။ အခြားသူများကမူ သူတို့အား "သားကောင်များ" ဟု အခေါ်ခံရပြီး အကျိုးဆက်အားဖြင့်

မကောင်းမြင်ကာ ဆက်ဆံခြင်းခံရကြောင်း ပြောပြကြသည်။ လူကုန်ကူးခံရသူ အချို့က သူတို့ သိမြင်ခံစားမိသည်မှာ ဝန်ထမ်းများ၏ မညီမျှသော ဆက်ဆံရေးပင်ဖြစ်ကြောင်း၊ အချို့အကျိုးခံစားခွင့်ရယူ သူတို့မှာ ပို၍ကောင်းသော ဆက်ဆံမှုနှင့် ထောက်ပံ့မှုကို ရရှိကြောင်းဖော်ပြကြသည်။ အခြားသော ဘဝရပ်တည်ရန် ခက်ခဲသူ လူအုပ်စုများနှင့် အတူတကွ ကူညီခြင်းခံကြရသော လူကုန်ကူးခံရသူများက သူတို့အား လူကုန်ကူးခံရသူ မဟုတ်သည့် အကျိုးခံစားခွင့်ရယူသူများထက် ပို၍ ညံ့ဖျင်းစွာ ဆက်ဆံခြင်းခံရကြောင်း အစီရင်ခံကြသည်။

"ဝန်ထမ်းအချို့က ကျွန်မအပေါ် ကောင်းတယ်။ ကျွန်မကို ဂရုစိုက်တယ်။ ညင်သာတဲ့ စကားလုံး အသုံးအနှုန်းတွေ သုံးတယ်။ ကောင်းမွန်တဲ့ လမ်းကြောင်းကို လျှောက်လှမ်းဖို့ ကျွန်မကို အကြံပေးတယ်။ ဒါပေမယ့် အချို့ဝန်ထမ်းတွေကတော့ ကျွန်မကို မကြည်ဖြူဘူး။ (ကျွန်မကို စကားပြောတဲ့အခါ) သူတို့က ကြမ်းတမ်းတဲ့ စကားလုံးတွေ သုံးတယ်။"

"စခန်းမှာ ကျွန်မဟာ အချက်အပြုတ်နဲ့ အချုပ်အလုပ်လို ပညာအချို့ကို လေ့လာသင်ယူခဲ့တယ်။ အချို့လူတွေက ကျွန်မအပေါ် ကောင်းတယ်။ ကျွန်မကို ဂရုစိုက်ပြီး ကျွန်မရဲ့ ကိုယ် - စိတ်ကျန်းမာချမ်းသာရေး အကြောင်းကို မေးမြန်းကြတယ်။ အခြားလူအချို့ကတော့ မောက်မာတယ်။ ကျွန်မကို မကြည်ဖြူဘူး။"

"ဂေဟာမှာရှိတဲ့ ဝန်ထမ်းတွေက ကျွန်မတို့ကို ဆိုးဆိုးဝါးဝါး ဆက်ဆံကြတယ်။ တွေ့ဆုံမေးမြန်းမှုတွေကိုတောင်မှ ကျွန်မတို့ကို ခွဲခြားဆက်ဆံတဲ့နည်းနဲ့ ပြုလုပ်ခဲ့ကြတယ်။ အဲဒါက အခု တွေ့ဆုံမေးမြန်းမှုပုံစံမျိုးနဲ့ မတူဘူး။ အခု ရှင်တို့က ကျွန်မကို ဆက်ဆံသလို သူတို့က ကျွန်မတို့ကို နွေးထွေးလိုက်လှဲစွာ မဆက်ဆံကြဘူး။ သူတို့က ကျွန်မတို့အပေါ် အထင်အမြင်သေးပြီး ကျွန်မတို့ကို ဂရုမစိုက်ဘူး။"

## ၂။ (နှုတ်နှင့် ရုပ်ပိုင်း) မတော်မတရားလုပ်ခြင်း

အလွန်နည်းပါးသော အရေအတွက်ရှိသည့်ဖြစ်ရပ်များတွင် လူကုန်ကူးခံရသူများမှာ အကူအညီပေးရေးစီမံချက်တွင် ၎င်းတို့ရောက်ရှိနေစဉ် မတော်မတရားအပြုခံခဲ့ကြရသည်။ ဤအချက်ကို လက်တွေ့လုပ်ကိုင်ဆောင်ရွက်သူများနှင့် မူဝါဒချမှတ်သူများ အလွန်အမင်း အလေးထားရမည်ဖြစ်သည်။ အချို့ အမှုကိစ္စများတွင် ကလေးငယ်များ ပါဝင်ပတ်သက်နေသောကြောင့် ဤမတော်မတရားလုပ်မှုများသည် ပို၍ပင် သိသာထင်ရှားစွာဆိုးဝါးလွန်းနေသည်။ အများဆုံးဖြစ်နေကျမှာ လူကုန်ကူးခံရသူများသည် အောက်တွင် ဖော်ပြထား သကဲ့သို့ နှုတ်မှ ကြမ်းတမ်းစွာ ပြောဆိုခြင်းကို ခံကြရသည်။ ဤသည်မှာ ခွဲခြားဆက်ဆံခြင်းနှင့် ကိုယ်ချင်းစာနာ စိတ်ကင်းမဲ့ခြင်းတို့ထက် အများကြီး ပိုလွန်သွားသော အပြုအမူဖြစ်သည်။

"(ဂေဟာဝန်ထမ်းက) တကယ်လို့ ကျွန်မတို့အနေနဲ့ ကျွန်မတို့ရဲ့ အတွေ့အကြုံကနေ ပညာမယူနိုင်ဘဲ ဆက်ပြီး မိုက်မဲနေဦးမယ်ဆိုရင် ကျွန်မတို့ဟာ ကိုယ့်ကိုယ်ကိုယ်ဓားနဲ့ထိုးပြီး သတ်သေသင့်တယ်လို့ ပြောတယ်။ ပြီးတော့ သူမက ကျွန်မတို့ကို ပြောရဆိုရတာနဲ့ပဲ အာခေါင်ခြောက်လို့ ကျွန်မတို့ကို ဘာမှ မသင်ပေးနိုင်ဘူးလို့ ပြောတယ်။"

သို့ရာတွင်၊ ၎င်းအပြင် ဖြစ်ရပ်(၂)ခုတွင် လူကုန်ကူးခံရသူကလေး (၂)ဦးသည် ကူညီစောင့်ရှောက်မှုခံယူနေစဉ်အတွင်း၌ ရုပ်ပိုင်းဆိုင်ရာ နှိုက်စက်ညှဉ်းပန်းခြင်း ခံခဲ့ကြရသည်။

သူတို့၏ အတွေ့အကြုံများကြောင့် နက်ရှိုင်းစွာ စိတ်ထိခိုက်ဒဏ်ရာရနေသော လူကုန်ကူးခံရသူများအပေါ်တွင် ခွဲခြားဆက်ဆံခြင်း၊ ကြမ်းတမ်းစွာဆက်ဆံခြင်းနှင့် မတော်မတရားလုပ်ခြင်းတို့၏ အကျိုးသက်ရောက်ထိခိုက်မှုကို ချဲ့ကားမပြောဆိုနိုင်ပါ။ ရေတိုအနေဖြင့် ၎င်းသည် သူတို့၏ ဘဝကို သူတို့ကိုယ်တိုင် ထိန်းချုပ်နိုင်မှုနှင့် ဘဝလုံခြုံမှုအသိစိတ်ခံစားချက်ကို ပြန်လည်ရရှိရေးကို ဟန့်တားခြင်းဖြင့် သူတို့၏ ပြန်လည်နာလန်ထူမှုကို ထိခိုက်စေသည်။ ၎င်းသည် များစွာသော လူကုန်ကူးခံရသူများအတွက် စိတ်ဖိစီးမှု၊ စိုးရိမ်သောကရောက်မှု၊ စိတ်ဓာတ်ကျဆင်းမှုနှင့် ဆက်လက်၍ စိတ်ထိခိုက်ဒဏ်ရာရမှုတို့ကိုဖြစ်စေသည်။ ရေရှည်အနေဖြင့် ဤညံ့ဖျင်းသော (သို့မဟုတ်၊ အချို့ဖြစ်ရပ်များတွင် အလွန်အမင်း အပျက်သဘောဆောင်သော) အကူအညီပေးခြင်း အတွေ့အကြုံများသည် ဝန်ဆောင်မှုထောက်ပံ့သူများနှင့် အရာရှိများအပေါ်တွင် ပို၍ယေဘုယျကျစွာ လူကုန်ကူးခံရသူများ၏

ယုံကြည်မှုကို ထိခိုက်စေသည်။ ဤသို့ဖြစ်ခြင်းဖြင့် (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေးတွင် အနှောင့်အယှက်၊ သို့မဟုတ်၊ မအောင်မြင်မှုတို့ဖြစ်စေသည့် အန္တရာယ်ရှိလျှင်သော်မှ အနာဂတ်ကာလတွင် အကူအညီကို တောင်းခံခြင်း၊ သို့မဟုတ်၊ လက်ခံခြင်းပြုရန် ဝန်လေးခြင်း၊ သို့မဟုတ်၊ ငြင်းဆန်ခုခံခြင်းတို့ ဖြစ်လာမည့် အလား အလာရှိသည်။ အထူးသဖြင့် အလေးထားပူပန်ရမည်မှာ များစွာသော ခွဲခြားဆက်ဆံခြင်း၊ ကိုယ်ချင်းစာနာ စိတ်ကင်းမဲ့ခြင်းနှင့် မတော်မတရားပြုခြင်းဖြစ်ရပ်များတွင် ကလေးများ ပါဝင်ပတ်သက်နေခြင်းဖြစ်သည်။ ကလေးများအတွက် ထိခိုက်မှုမှာလူကြီးများထက်ပို၍ ကြီးမားဖွယ်ရှိသည်။ ကလေးများအနေဖြင့် ဤကဲ့သို့သော အတွေ့အကြုံများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် ကျော်လွှားရန် အရည်အချင်းများ မဖွံ့ဖြိုးသေးပေ။

## ဖြစ်ရပ်မှန်အမှုကိစ္စ လေ့လာချက်များ ကူညီခြင်းခံနေရစဉ် ခွဲခြားဆက်ဆံခြင်းနှင့် ကြမ်းတမ်းခက်ထန်စွာ ဆက်ဆံခြင်း

မေး။ လူကုန်ကူးခံရသူများကို အကူအညီပေးမှုကို တိုးတက်ကောင်းမွန်အောင်လုပ်ဖို့ ကျွန်တော်တို့ကို ကူညီရန် လူကုန်ကူးခံရသူများနဲ့ အလုပ်လုပ်လျက်ရှိတဲ့ လူများအတွက် သင့်မှာ သတင်းစကားပေးဖို့ ရှိသလား?

ဖြေ။ "ကျွန်မအနေနဲ့ လူမှုဝန်ထမ်းအရာရှိတွေကို ကျွန်မတို့နဲ့ မျှဝေခံစားစေချင်တယ်။ သူတို့ ဝမ်းနည်းတဲ့အခါတိုင်း (ဒါမှမဟုတ်) ဒေါသထွက်တဲ့အခါတိုင်း ကျွန်မတို့ကို ဆူမယ့်အစား ကျွန်မတို့ကို မျှဝေပြောပြသင့်တယ်" (သူမ၏ ဇာတိတိုင်းပြည်တွင် ဂေဟာတစ်ခု၌ ကူညီခြင်းခံရသော မိန်းကလေး)

ဖြေ။ ကျွန်မအနေနဲ့ လူတိုင်းဆီက နွေးထွေးမှုနဲ့ ခွဲခြားဆက်ဆံမှု မရှိတာကို လိုချင်တယ်။ ဝန်ထမ်းများက လူကုန်ကူးခံရသူကို မျှော်လင့်ချက်ပေး စေချင်တယ်။ (သူမ အိမ်ပြန်လာပြီးနောက် ဂေဟာတစ်ခုတွင် ကူညီခြင်းခံရသော အမျိုးသမီး)

ဖြေ။ ဆရာတို့က အရမ်းစည်းကမ်းတင်းကြပ်ပြီး ကျွန်မကို အများကြီးဆူတယ်။ ကျွန်မအနေနဲ့ သူတို့ဟာ ကျွန်မတို့အပေါ် ယုံကြည်ပြီးခွင့်လွှတ်စေချင်တယ်။ (ပြည်တွင်း၌ ဂေဟာတစ်ခုတွင် ကူညီခြင်းခံရသော မိန်းကလေး)

ဖြေ။ (ကျွန်မရဲ့ တိုင်းပြည်က ဂေဟာဝန်ထမ်းတွေအတွက်) ကျွန်မရဲ့ သတင်းစကားကတော့ ကျွန်မတို့ကို နွေးထွေးလိုက်လှဲစွာ ဆက်ဆံဖို့နဲ့ သားကောင်တွေအဖြစ် မဆက်ဆံဖို့ပဲ။ (ပြည်တွင်း၌ ဂေဟာတစ်ခုတွင် ကူညီခြင်းခံရသော အမျိုးသမီး)

ဖြေ။ ကျေးဇူးပြုပြီး ကျွန်မလို လူကုန်ကူးခံရသူတွေအပေါ် ယဉ်ကျေးတဲ့ စကားလုံးတွေသုံးစွဲပါ။ ဝန်ထမ်းတွေကို ကျေနပ်အောင်လုပ်တဲ့ လူကုန်ကူးခံရသူတွေကိုသာ မကူညီပါနဲ့။ (သူမ၏ ဇာတိတိုင်းပြည်တွင် ကူညီခြင်းခံရသော အမျိုးသမီး)

# အဓိကတွေ့ရှိချက်များ၊ အပိုင်း ၄
# လူကုန်ကူးခံရသူကလေးများ၏ (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးတွင် အလွန်အရေးကြီးသည့် ကိစ္စရပ်များ



ကလေးများသည် များစွာသော ကွဲပြားခြားနားသည့် ခေါင်းပုံဖြတ်မှုပုံစံများအတွက် လူကုန်ကူးခြင်းခံကြရပြီး သူတို့၏ အောင်မြင်စွာ (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးတွင် ကွဲပြားခြားနားသော တစ်မူထူးခြားသည့် စိန်ခေါ်မှုများ အမြောက်အမြားရှိသည်။

## အဓိကတွေ့ရှိချက်များ။ အပိုင်း (၄)။
## လူကုန်ကူးခံရသူကလေးများ၏ (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးတွင်
## အလွန်အရေးကြီးသော ကိစ္စရပ်များ


### ကိစ္စရပ် ၄ ၊ ၁ ။ ကလေးများ၏ လူကုန်ကူးခံရသည့် အတွေ့အကြုံ

*လူကုန်ကူးခံရသူကလေးများသည် ခေါင်းပုံဖြတ်မှုပုံစံအမျိုးမျိုးကို ဒဏ်ခံကြရသည်။ အသက်ငယ်စဉ် ကတည်းက လူကုန်ကူးခံကြရပြီး အလွန်အမင်း မတော်မတရားလုပ်မှုမျိုးကို ခံစားခဲ့ကြရသည်။*

လူကုန်ကူးခံရသူကလေးများသည်လေ့လာချက်တွင် တုန့်ပြန်ဖြေကြားသူများ၏ (၄၀%)နီးပါးရှိပြီး တိုင်းပြည်တစ်ခုချင်းစီ၏ နမူနာလူဦးရေတွင် ပါဝင်နေကြသည်။ ကမ္ဘောဒီးယား(၂၁)ဦး၊ တရုတ်(၇)ဦး၊ လာအို ပီဒီအာ(၁၈)ဦး၊ မြန်မာ(၂၉)ဦး၊ ထိုင်း(၃)ဦးနှင့် ဗီယက်နမ်(၂၉)ဦး တို့ဖြစ်သည်။ ၎င်းတွင် ယောက်ျားလေး(၂၄)ဦး နှင့် မိန်းကလေး (၈၃)ဦး ပါဝင်သည်။

| | |
|---|---|
| ကမ္ဘောဒီးယား | ၁၃ (၈ ကမ္ဘောဒီးယား၊ ပြည်တွင်းလူကုန်ကူးခြင်းခံရသူ။ ၅ နိုင်ငံခြားသားနိုင်ငံသားများ) |
| တရုတ် | ၂၁ (၇ တရုတ်၊ ပြည်တွင်းလူကုန်ကူးခြင်းခံရသူ။ ၁၄ နိုင်ငံခြားနိုင်ငံသားများ) |
| အင်ဒိုနီးရှား | ၁ (၁ နိုင်ငံခြားနိုင်ငံသား) |
| လာအို PDR | ၂ (၂ ပြည်တွင်းလူကုန်ကူးခံရသူ) |
| မလေးရှား | ၇ (၇ နိုင်ငံခြားနိုင်ငံသားများ) |
| မြန်မာ | ၅ (၅ ပြည်တွင်းလူကုန်ကူးခံရသူ) |
| ထိုင်း | ၄၂ (၂ ပြည်တွင်းလူကုန်ကူးခံရသူ။ ၄၀ နိုင်ငံခြားသားများ) |
| ဗီယက်နမ် | ၁၇ (၁၃ ပြည်တွင်းလူကုန်ကူးခံရသူ။ ၄ နိုင်ငံခြားနိုင်ငံသားများ) |
| စုစုပေါင်း | ၁၀၈ |

လူကုန်ကူးခံရသူကလေးများသည် လိင်ခေါင်းပုံဖြတ်မှုအတွက် (၇၇)ဦး၊ လုပ်အားခေါင်းပုံဖြတ်မှုအတွက် (၂၃)ဦး၊ တောင်းရမ်းခိုင်းစေခြင်းနှင့် လမ်းပေါ်တွင် ဈေးရောင်းခြင်းအတွက် (၁၂) ဦး၊ အဓမ္မလက်ထပ်မှုအတွက (၅)ဦးနှင့် လိင်နှင့်လုပ်အား (၂)မျိုးစလုံး ခေါင်းပုံဖြတ်မှုအတွက် (၂)ဦး လူကုန်ကူးခြင်း ခံခဲ့ကြရသည်။ ဖြစ်ရပ်(၄)ခု တွင် ကလေးအားခေါင်းပုံဖြတ်ခြင်း မခံရမီကြားဝင် တားဆီးမှုရှိခဲ့သည်။ အောက်ပါ ဇယားသည် ဤကလေးငယ် များ တွေ့ကြုံခံစားခဲ့ရသည့် လူကုန်ကူးမှုပုံစံအမျိုးမျိုးကို အကျဉ်းချုံး ဖော်ပြထားသည်။




ဤကလေးများ၏ အတွေ့အကြုံများနှင့် ဘဝများမှာ အမျိုးမျိုးကွဲပြားခြားနားသော်လည်း အချို့သော ဘုံတူညီသည့် ကိစ္စရပ်များနှင့် ပုံစံသွင်ပြင်များ ပေါ်ထွက်လာသည်။ ထိရောက်၍ အလိုက်သင့် တုန့်ပြန်နိုင်သော (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးစီမံချက်များအား ဖွဲ့စည်းထူထောင်ရာတွင် ဤကလေးများ၏ လူကုန်ကူးခံရသည့် အတွေ့အကြုံများနှင့်တကွ သူတို့၏ လူကုန်ကူးမခံရမီ အခြေအနေများနှင့် လူကုန်ကူးခံရပြီးနောက်ပိုင်း ဘဝများကို နားလည်သဘောပေါက်ရန် လိုအပ်သည်။ (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးရလဒ်များအပေါ် အလွန်တိုက်ရိုက် ထိခိုက်မှုရှိသော အလွန်အရေးကြီးသည့် ကိစ္စရပ်များမှာ အောက်ပါအတိုင်း ပါဝင်သည်။

## ၁။ အသက်ငယ်စဉ်ကတည်းက ခေါင်းပုံဖြတ်ခံရခြင်း

ကလေးများသည် အလွန်ငယ်သော အသက်အရွယ်မှစ၍ ခေါင်းပုံဖြတ်ခံခဲ့ကြရသည်။ (၆)နှစ်နှင့် (၆) နှစ်အောက် (၄)ဦး၊ (၁၀-၁၂)နှစ် (၁၅)ဦး၊ (၁၃-၁၄)နှစ် (၂၄)ဦး၊ (၁၅-၁၇)နှစ် (၄၉)ဦးနှင့် အသက်မသိသူ(၂)ဦး ဖြစ်သည်။ ဤသည်မှာ သူတို့၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဖွံ့ဖြိုးတိုးတက်မှုကို အသေအချာပင် ထိခိုက်စေသည်။ ထို့အပြင် သူတို့၏ မိသားစု၊ သို့မဟုတ်၊ ကူညီထောက်ပံ့သည့် ကွန်ရက်များနှင့် အသက်ငယ်စဉ်ကတည်းက ကွဲကွာနေရမှုသည် သူတို့၏ ကိုယ်ပိုင်ပုဂ္ဂလိကလက္ခဏာ၊ စိတ်လုံခြုံမှုနှင့် ကျန်းမာရွှင်လန်းမှုတို့ကို ဇောက်မုချ ထိခိုက်စေသည်။

## ၂။ လူကုန်ကူးခံရစဉ် အလွန်အမင်းအကြမ်းဖက်မှုကို တွေ့ကြုံခံစားရသည်။ မျက်မြင်ကြုံတွေ့ခဲ့ကြသည်။

မည်သည့် ခေါင်းပုံဖြတ်မှုပုံစံမျိုးပင်ဖြစ်စေ၊ လူကုန်ကူးခံရသူကလေးများ အားလုံးသည် အကြမ်းဖက်မှုကို ခံစားခဲ့ကြရသည်။ ၎င်းတွင် ရုပ်ပိုင်းဆိုင်ရာ၊ လိင်ဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတို့ ပါဝင်သည်။ ထို့အပြင် လူကုန်ကူးခံရသူ ကလေးများသည် ၎င်းတို့နှင့် လူကုန်ကူးခံနေရသော အခြားသူများအား အလွန်အကျူး အကြမ်းဖက်ခြင်းနှင့် မတော်မတရားလုပ်ခြင်းများကို မျက်မြင်ကြုံတွေ့ခဲ့ကြသည်။

## ၃။ လူကုန်ကူးခံရစဉ် ကြမ်းတမ်းခက်ထန်သော အလုပ်နှင့် နေထိုင်မှု အခြေအနေများ

လူကုန်ကူးခံရသူကလေးငယ်များသည် ၎င်းတို့ အကာအကွယ်မဲ့စွာ ကြုံတွေ့ရသော ကြမ်းတမ်းခက်ထန်သည့် တစ်ခါတစ်ရံလူမဆန်သည့် အလုပ်နှင့် နေထိုင်မှု အခြေအနေများ၏ အကျိုးဆက်ကြောင့် ရုပ်ပိုင်းဆိုင်ရာ ပြဿနာများခံစားကြရသည်။ ကလေးများ အားလုံးပြဿနာများ ကြုံတွေ့ရသော်လည်း ၎င်းပြဿနာများမှာ သူတို့ ကျရောက်သည့် လူကုန်ကူးမှုအမျိုးအစားနှင့် လိုက်၍ အတိုင်းအတာပမာဏအားဖြင့် ကွဲပြားခြားနားသည်။

## ၄။ ကာလကြာရှည်စွာ ခေါင်းပုံဖြတ်ခံရခြင်းနှင့် အဆင့်ဆင့်လူကုန်ကူးခံရခြင်းအတွေ့အကြုံများ

လူကုန်ကူးခံရသူကလေးများသည် ကာလကြာရှည်စွာ လူကုန်ကူးခံရသည့် ဘဝ၌ အချိန်ကုန်လွန်ခဲ့ကြရသည်။ များစွာသော ဖြစ်ရပ်များတွင် တကယ်ပင်နှစ်များစွာ ကြာခဲ့သည်။ အချို့ဖြစ်ရပ်များတွင် လူကုန်ကူးခံရသူကလေးများသည် အဆင့်ဆင့်လူကုန်ကူးခံရခြင်း အတွေ့အကြုံများကို ကြုံတွေ့ခဲ့ကြသည်။

## ၅။ အပျက်သဘောဆောင်သော မိသားစုအတွေ့အကြုံ (သို့မဟုတ် မိသားစုအတွေ့အကြုံမရှိခြင်း)

အချို့သော ကလေးများသည် အပြုသဘောဆောင်၍ အခြေအနေကောင်းသော မိသားစုများထံ ပြန်ရောက်သွားကြပြီး ၎င်းမိသားစုက သူတို့၏ (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးကို အထောက်အကူပြုကြသည်။ သို့ရာတွင် အခြားသော လူကုန်ကူးခံရသူကလေးများမှာ လူကုန်ကူးခြင်းမခံရမီပင် သူတို့၏ မိသားစုများတွင် အလွန်အပျက်သဘောဆောင်သော အတွေ့အကြုံများကို တွေ့ကြုံခဲ့ကြရသည်။ ၎င်းတွင် အများဆုံးဖြစ်လေ့ရှိသည်မှာ ရိုင်းစိုင်းကြမ်းတမ်းသော မိဘများနှင့်/ သို့မဟုတ် အရက်သေစာသောက်စားသည့် မိဘများ ပါဝင်သည်။အချို့သောဖြစ်ရပ်များတွင် မိသားစုဝင်များသည် လူကုန်ကူးမှုတွင် ကြံရာပါဖြစ်သည်။ အနည်းငယ်သော အရေအတွက်ရှိသည့် လူကုန်ကူးခံရသူကလေးများသည် မိသားစုအတွေ့အကြုံ အနည်းငယ်သာရှိသည်။ သို့မဟုတ် လုံးဝမရှိပါ။ သူတို့မှာ အလွန်ငယ်သော အသက်အရွယ်ကတည်းက လူကုန်ကူးခံခဲ့ရပြီး လူကုန်ကူးသည့် ပတ်ဝန်းကျင်တွင်သာ လူတွေနှင့် ဆက်ဆံခဲ့ရသည်။

**ဖြစ်ရပ်မှန်အမှုကိစ္စ လေ့လာချက်များ လူကုန်ကူးခံရသူကလေးများသည် မြင့်မားသော အဆင့်ရှိသည့် အကြမ်းဖက်မှုနှင့် မတော်မတရားလုပ်မှုတို့ကို မျက်မြင်ကြုံတွေ့ပြီး တွေ့ကြုံခံစားခဲ့ကြရသည်။**

အသက်(၁၀)နှစ်အရွယ်တွင် ထိုင်းနိုင်ငံသို့ လူကုန်ကူးခံခဲ့ရသည့် မြန်မာနိုင်ငံမှ မိန်းကလေးတစ်ဦးသည် ပင်လယ်စာပြုပြင် ထုတ်လုပ်ရေးစက်ရုံတစ်ခုတွင် အလုပ်လုပ်ခဲ့သည်။ ထိုနေရာတွင် သူမသည် အလွန်အမင်း ရက်စက်ကြမ်းကြုတ်မှုများကို တွေ့ကြုံခံစားခဲ့ရပြီး မျက်မြင်ကြုံတွေ့ခဲ့ရသည်။ အကယ်၍ တစ်ယောက်ယောက်

က ထွက်ပြေးရန် ကြိုးစားလျှင် အလုပ်ကြီးကြပ်သူများက သူ(သို့မဟုတ်၊ သူမ)ကို အတင်းအကြပ် အဝတ်အစားများ ချွတ်ခိုင်းကာကြမ်းပြင်ပေါ်တွင် ကိုယ်လုံးတီးဖြင့် လှဲလျောင်းစေပြီး အခြားအလုပ်သမားများ၏ ရှေ့မှောက်မှာပင် သတိပေးမှုတစ်ခုအဖြစ် သူ (သို့မဟုတ်၊ သူမ)ကို ရိုက်နှက်ကြသည်။ ဤအပြစ်ပေးမှုကို ကြည့်ရှုခြင်းအား မကြည့်မနေရကြည့်ရှုရပြီး အကယ်၍ တစ်စုံတစ်ဦးက ကြည့်ရှုရန် ငြင်းဆန်ပါက သူ့ကိုလည်း ရိုက်နှက်လိမ့်မည်ဖြစ်သည်။

လုပ်အားအတွက် တရုတ်နိုင်ငံအတွင်း၌ လူကုန်ကူးခံခဲ့ရသော ယောကျ်ားကလေးတစ်ဦးက အုတ်စက်ရုံတစ်ရုံတွင် အလုပ်လုပ်နေစဉ် အလွန်အမင်း အကြမ်းဖက်မှုကို မျက်မြင်ကြုံတွေ့ခဲ့ရကြောင်း ဖော်ပြပြောဆိုခဲ့သည်။ သူက လူများသည် အကယ်၍အလုပ်မလုပ်ပါက မည်သို့ရိုက်နှက်ခြင်းခံရပုံနှင့် အချို့မှာ ဤရိုက်နှက်မှုများခံရပြီးနောက် ရူးသွပ်သွားခဲ့သည်ဟု ဖော်ပြပြောဆိုခဲ့သည်။ အလုပ်သမားတစ်ဦးသည် အရိုက်ခံရပြီး သေဆုံးသွားခဲ့သည်။ အလုပ်ကြီးကြပ်သူများသည် အလုပ်သမားများကို ကျောက်ခဲများဖြင့်လည်း ပစ်ပေါက်ခဲ့ကြသည်။ သူကိုယ်တိုင်လည်း စက်ရုံသို့ သူရောက်ရှိသော အချိန်တွင် အရိုက်ခံခဲ့ရပြီး သူတို့က သူ့ကို လုပ်ခ မရဘဲ အလုပ်လုပ်ရမည်ဟု ပြောဆိုခဲ့သည်။ သူက ကန့်ကွက်သော အခါသူတို့က သူ့ကို ထပ်မံရိုက်နှက်ခဲ့ကြသည်။

သူမအသက် ၆ နှစ်အရွယ်တွင် မိန်းကလေးတစ်ဦးသည် လမ်းပေါ်တွင် သကြားလုံးများ ရောင်းချရန် မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ လူကုန်ကူးခံရသည်။ သူမသည် သူမ၏ သကြားလုံးများ အားလုံးကို အကုန်မရောင်းချနိုင်သော အချိန်တွင် ရိုက်နှက်ခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းခံရသည်။ ၎င်းတွင် သူမ၏ စအို(သို့မဟုတ်)လိင်အင်္ဂါထဲသို့ ငရုတ်သီးတောင့်ထည့်သွင်းခြင်း အပါအဝင်ဖြစ်သည်။

## ကြမ်းတမ်းခက်ထန်သော အလုပ်နှင့် နေထိုင်မှု အခြေအနေများကို ခံစားကြရသည်။

အင်ဒိုနီးရှားရေပြင်ပေါ်တွင် ငါးဖမ်းစက်လှေတစ်စီးပေါ်သို့ လူကုန်ကူးခံခဲ့ရသည့် ထိုင်းယောကျ်ားကလေးတစ်ဦးသည် အလွန်အမင်း ကြမ်းတမ်းခက်ထန်သည့် အလုပ်လုပ် ကိုင်မှုနှင့် နေထိုင်မှုအခြေအနေများကို တွေ့ကြုံခံစားခဲ့ရသည်။ သူသည် ပင်လယ်ထဲသို့ ပိုက်ကွန်များချခြင်း၊ ပိုက်ကွန်များကို ရေထဲမှ ဆွဲတင်ခြင်း၊ ငါးများကို ရွေးချယ်ခြင်း၊ ထုပ်ပိုးခြင်းနှင့် အအေးခံခြင်းတို့ကို မနက်စောစောမှ ညဥ့်နက်သည့်အထိ လုပ်ကိုင်ခဲ့ရသည်။ အနားယူရန်နှင့် အစာစားရန် အချိန်အနည်းငယ်မျှသာရှိသည်။ အကယ်၍ အလုပ်ကြီးကြပ်သူများက မကျေနပ်လျှင် သူသည် အော်ဟစ်ခံရပြီး ညှဉ်းပန်းခံရသည်။ စက်လှေသည် ပင်လယ်ပြင်အဝေး၌ အချိန်ကာလကြာမြင့်စွာရှိနေသဖြင့် သူသည် ထွက်မပြေးနိုင်ခဲ့ပေ။ မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ လူကုန်ကူးခံရသော မိန်းကလေးတစ်ဦးသည် သကြားလုံးကလေးများကို စက္ကူပုတ်ထုပ်ပိုးခြင်းကို တစ်နေ့လုံး လုပ်ရပြီး ၎င်းတို့ကို ညစဉ် ၆ နာရီမှ သန်းခေါင်ယံအထိ ရောင်းချရန် အတင်းအကြပ်ခိုင်းစေခြင်း ခံရသည်။ သူမသည် ရက်သတ္တတစ်ပတ်လျှင် (၇)ရက် အလုပ်လုပ်ရသည်။ သူမကို စားသောက်ဖို့ လုံလောက်သည့် အစားအစာကို မည်သည့်အခါကမျှ မပေးခဲ့ချေ။ မြန်မာနိုင်ငံမှ မိန်းကလေးတစ်ဦးသည် အသက် ၁၃ နှစ်အရွယ်တွင် ပြည့်တန်ဆာအလုပ်အတွက် ထိုင်းနိုင်ငံသို့ လူကုန်ကူးခံခဲ့ရသည်။ သူမကို ဖောက်သည်များအား လိင်ကိစ္စ ဝန်ဆောင်မှုများ ပေးရန်နှင့် သူတို့နှင့်အတူ အရက်သေစာသောက်သုံးရန် အတင်းအကြပ်ခိုင်းစေခဲ့သည်။ သူမသည် လိင်မှတစ်ဆင့် ကူးစက်သော ရောဂါတစ်ခုကို ကူးစက်ရရှိခဲ့သည်။ သို့သော် သူမကို ကျန်းမာရေးဆေးခန်းတစ်ခုသို့သွားရန်၊ သို့မဟုတ်၊ ဆေးကုသမှုအတွက် မည်သည့် ဆေးဝါးကိုမျှ ရရှိရန် ခွင့်မပြုခဲ့ပေ။ သူမတွင် လိင်မှတစ်ဆင့် ကူးစက်ရောဂါရှိနေသော်လည်း သူမကို နားရန်ခွင့် မပြုခဲ့ပေ။ တရုတ်နိုင်ငံတွင် တောင်းရမ်းခိုင်းစေရန်အတွက် ပြည်တွင်း၌ လူကုန်ကူးခြင်းခံရသော ယောကျ်ားကလေးတစ်ဦးသည် တစ်နေကုန်လမ်းပေါ်တွင် တောင်းရမ်းခြင်းဖြင့် အချိန်ကုန်လွန်ခဲ့ရသည်။ ကြီးကြပ်သူများသည် နေရာတကာတွင်ရှိနေပြီး သူ့ကို စောင့်ကြည့်စစ်ဆေးလျက်ရှိသည်။ အကယ်၍ သူသည် အနည်းငယ် အနားယူခဲ့ပါက သူ့ကို ရိုက်နှက်ပြီး နောက်တစ်နေ့တွင် ပို၍ကြာကြာ အတင်းအကြပ် တောင်းရမ်းခိုင်းစေသည်။ သူသည် အတင်းအကြပ် တောင်းရမ်းခိုင်းစေခြင်းခံရသည့် အခြားကလေး (၁၀)ဦးနှင့်အတူ အလွန်သေးငယ်သော အခန်းတစ်ခုတွင် နေထိုင်ရသည်။ သို့သော် သူ၏ အချိန်အများစုမှာ

လမ်းများပေါ်တွင် ကုန်လွန်ခဲ့ရသည်။

## အပျက်သဘောဆောင်သော မိသားစုအတွေ့အကြုံများ ရှိခဲ့ကြသည်။

တောင်းရမ်းခိုင်းစေရန်အတွက် တရုတ်နိုင်ငံအတွင်း၌ လူကုန်ကူးခံခဲ့ရသော ယောကျ်ားကလေးတစ်ဦးသည် သူကြီးပြင်းလာနေစဉ် သူ၏ မိသားစု၏ ဆိုးဝါးစွာ ပြုမူဆက်ဆံမှုနှင့် ရက်စက်ကြမ်းကြုတ်မှုကို ခံခဲ့ရသည်။ သူတို့သည် မကြာခဏပင် သူ့ကို အစားအစာ မပေးဘဲထားပြီး ရိုက်နှက်သည်။ သူ၏ မိသားစုအကြောင်းကို ပြောဆိုနေစဉ်သူသည် အလွန်ပင် စိတ်ကသိကအောက်ဖြစ်ပြီး သူတို့ သူ့အပေါ်ကလေးတစ်ဦးအဖြစ် ပြုမူဆက်ဆံခဲ့ပုံအတွက် သူတို့ကို ဘယ်တော့မှ ခွင့်မလွှတ်နိုင်ကြောင်း ပြောဆိုခဲ့သည်။ သူသည် ဘယ်တော့မှ အိမ်သို့ မပြန်ရန်၊ သို့မဟုတ်၊ သူတို့ကို တစ်ဖန် မဆုံတွေ့ရန် ကြံစည်ထားသည်။ လမ်းပေါ်တွင် ဈေးရောင်းရန် မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ လူကုန်ကူးခံရသော မိန်းကလေးတစ်ဦးက အခြေအနေပျက်ပြားနေသော မိသားစုဝန်းကျင်ကို ဖော်ပြပြောဆိုခဲ့သည်။ သူမ၏ မိခင်သည် အရက်သေစာ အလွဲသုံးစွဲနေသည်။ သူမ၏ မိခင်သည် သူမ၏ လူကုန်ကူးခံရသည့် အတွေ့အကြုံတွင် ကြံရာပါ ဖြစ်ဖွယ်ရှိသည်။ သို့သော်လည်း ဤအချက်မှာ တွေ့ဆုံမေးမြန်းသူနှင့် ချဉ်းကပ်ပြောဆိုရန် ခက်ခဲ၍ အထိမခံသော အကြောင်းအရာတစ်ခုဖြစ်သည်။

## ကိစ္စရပ် ၄ ၊ ၂ ။ ကလေးများအတွက် အထူးပြုသော ဝန်ဆောင်မှုများရှိ ကွက်လပ်များ

*ကလေးများသည် အကူအညီ လိုအပ်ချက်များ ရှိသည်။ ၎င်းလိုအပ်ချက်များကို အမြဲတစေ မဖြည့်ဆည်းပေးနိုင်ပါ။*

လူကုန်ကူးခံရသူကလေးများသည် ၎င်းတို့၏ အသက်အရွယ်၊ ရင့်ကျက်မှုနှင့် လူကုန်ကူးခံရသည့် အတွေ့အကြုံများကို အကြောင်းပြု၍ သီးသန့်ဖြစ်သော၊ အများအားဖြင့် အထူးပြုသော အကူအညီ လိုအပ်ချက်များရှိသည်။ အချို့သော (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး အဖွဲ့အစည်းများသည် လူကုန်ကူးခံရ သူကလေးများ၏ (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးကို ကူညီထောက်ပံ့ရာတွင် အထူးပြုပြီး ကလေးများ၏ ကွဲပြားသော အသက်အရွယ်နှင့် ကွဲပြားသော ဖွံ့ဖြိုးမှုအဆင့်တို့အရ ကိုက်ညှိပြုပြင်ထားသော အလုံးစုံပြည့်စုံသည့် ဝန်ဆောင်မှုများကို ပေးကမ်းကြသည်။ သို့ရာတွင် ဤလေ့လာချက်အတွက် တွေ့ဆုံမေးမြန်းခဲ့သော လူကုန်ကူးခံရသူကလေးများအထဲတွင် အထူးပြုအကူအညီနှင့် အသက်အရွယ်နှင့် လျော်ညီသော ဝန်ဆောင်မှုများကို အမြဲတစေ မရရှိနိုင်ကြပါ။ အချို့သော ဖြစ်ရပ်များတွင် ကလေးများအတွက် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး ဝန်ဆောင်မှုများသည် အနှစ်သာရအားဖြင့် လူကြီးများကို ပေးသော ဝန်ဆောင်မှုများနှင့် မခြားနားပါ။ ကလေးအများစုက ၎င်းတို့၏ ကလေးအဖြစ်ဖြင့် တစ်ဦးချင်း လိုအပ်ချက်များနှင့် ကိုက်ညီအောင် ပြုပြင်ပြောင်းလဲထားသည့် အကူအညီကို ရရှိကြောင်း မဖော်ပြကြပါ။ အမှန်တကယ်အားဖြင့် အားလုံးခြုံကြည့်လျှင် လူကုန်ကူးခံရသူကလေးများအတွက် အထူးပြုသော (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး ဝန်ဆောင်မှုများမှာ အကန့်အသတ်ရှိပုံရသည်။

ကလေး - သီးသန့် (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေး အကူအညီထောက်ပံ့ခြင်း ကိစ္စရပ်များသည် ကွဲပြားသည့် ဝန်ဆောင်မှုနယ်ပယ်အမျိုးမျိုး တစ်ဝိုက်တွင် ဗဟိုပြုထားသည်။ ၎င်းတွင် အောက်ပါအချက်များ ပါဝင်သည်။

**၁။ လူကုန်ကူးခံရသူကလေးများအတွက် သင့်လျော်သော နေရာထိုင်ခင်း။**
**၂။ ဆေးဝါးကုသမှု အကူအညီ။**
**၃။ စိတ်ပိုင်းဆိုင်ရာ အားပေးကူညီမှုနှင့် နှစ်သိမ့်ဆွေးနွေးအကြံပေးမှု။**
**၄။ တရားဝင်ပုံမှန်စာသင်ကျောင်းတွင် ကျောင်းတက်ပညာသင်ခြင်းသို့ ဝင်ရောက်**

**ပေါင်းစည်းခြင်း အပါအဝင် ပညာရေး။**

**၅။ ဘဝတွက်တာ ကျွမ်းကျင်စရာ ပညာရေး။**

**၆။ အသက်မွေးမှု ပညာသင်တန်း။**

**၇။ (လူကုန်ကူးခံရသူကလေး/ လူငယ်၊ သို့မဟုတ်၊ ၎င်းတို့၏ မိသားစုအား) စီးပွားရေး အကူအညီ**

**၈။ ဥပဒေရေးရာ လုပ်ငန်းစဉ်များတွင် ဥပဒေဆိုင်ရာအကူအညီနှင့် အထောက်အပံ့။**

**၉။ မိသားစုအတွင်း စေ့စပ်ဖြန်ဖြေပေးခြင်းနှင့် တိုင်ပင်ဆွေးနွေးအကြံပေးခြင်း။**

**၁၀။ (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး နောက်ပိုင်းအမှုကိစ္စစီမံခန့်ခွဲခြင်းနှင့် နောက်ဆက်တွဲ ကူညီဆောင်ရွက်မှု။**

**၁၁။ (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး အကူအညီထောက်ပံ့ခြင်းတွင် ကလေး-သီးသန့် ကျင့်ဝတ်များနှင့် လုပ်ထုံးလုပ်နည်းများ။**

## ကိစ္စရပ် ၄ ၊ ၃ ။ လူကုန်ကူးခံရသူများ၏ ကလေးများ

*အိမ်မှာ ထားခဲ့သော ကလေးများနှင့် လူကုန်ကူးခံရစဉ် မွေးဖွားသောကလေးများ၏ အကူအညီ လိုအပ်ချက်များ။*

ကလေးများကို သူတို့၏ လူကုန်ကူးခံရသူမိဘများ ကြုံတွေ့ခဲ့ရသည့် အခြေအနေများက အလွန်ပင် တိုက်ရိုက်ထိခိုက်မှုရှိသည်။ လူကုန်ကူးခံရသူမိဘများသည် သူတို့အိမ်ပြန်သောအခါ ကိစ္စရပ်ပေါင်း မြောက်မြားစွာကို ရင်ဆိုင်ကြုံတွေ့ကြရသည်။ ဤကိစ္စရပ်အချို့တွင် ပါဝင်သည်တို့မှာ စီးပွားရေးပြဿနာများ၊ စိတ်ဖိစီးမှုနှင့် စိတ်ထိခိုက်ဒဏ်ရာရမှု၊ ရုပ်ပိုင်းဒဏ်ရာအနာတရဖြစ်မှုနှင့် /သို့မဟုတ် နာမကျန်းဖြစ်မှု ၊ မိသားစုပတ်ဝန်းကျင်အတွင်း၌တင်းမာမှုများနှင့်ပြဿနာများ၊ ဘေးကင်းလုံခြုံရေး ကိစ္စရပ်များစသည်တို့ ပါဝင်သည်။ ဤ(ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် ခက်ခဲမှုက ၎င်းတို့၏ ကလေးများအပေါ်တွင် တိုက်ရိုက်ထိခိုက်မှုရှိသည်။ ၎င်းထိခိုက်မှုတွင် လုံခြုံစိတ်ချရ၍ အခြေအနေကောင်းမွန်သော မိသားစုနှင့် လူမှုရေး ပတ်ဝန်းကျင်ရရှိရန် ၎င်းတို့၏ အခွင့်အလမ်းများ ထိခိုက်ခံရမှုပါဝင်သည်။ ဤလေ့လာချက်တွင် ဖော်ထုတ်ထားသော (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေးကူညီထောက်ပံ့မှုကိုလိုအပ်သည့်လူကုန်ကူးခံရသူများ၏ ကလေးများမှာအဓိက အမျိုးအစား (၂)မျိုးရှိသည်။ ရွှေ့ပြောင်းသွားလာသူ မိဘ(များ)က အိမ်မှာထားရစ်ခဲ့သော ကလေးများနှင့် လူကုန်ကူးခံရစဉ် မွေးဖွားလာသော ကလေးများဖြစ်သည်။ ဤ ကလေးများသည် များစွာ ဆင်တူသော လိုအပ်ချက်များနှင့် ကိစ္စရပ်များရှိသော်လည်း အုပ်စု(၂)စုအကြားတွင် အချို့သော အရေးကြီးသည့် ကွဲပြားခြားနားမှုများလည်း ရှိသည်။

### ၁။ အိမ်မှာထားခဲ့သော ကလေးများ

များစွာသော လူကုန်ကူးခံရသူများသည် သူတို့ရွှေ့ပြောင်းသွားလာသော အချိန်တွင် ကလေးများရှိနေကြပြီး ၎င်းကလေးများကို ကျန်ရစ်သော မိဘ၊ သို့မဟုတ်၊ ဆွေမျိုးများက ပြုစုစောင့်ရှောက်ရန် အိမ်မှာ ထားရစ်ခဲ့ကြသည်။ အိမ်ပြန်လာသောအခါ မိဘများနှင့် ကလေးများသည် မိသားစုနှင့် ရပ်ရွာလူ့အဖွဲ့အစည်း (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးတွင် အဓိက စိန်ခေါ်မှု အခက်အခဲ(၃)ခုကို တွေ့ကြုံရသည်။

(က) လူကုန်ကူးခံရပြီးနောက် စီးပွားရေးပြဿနာများ၊

(ခ) လူကုန်ကူးခံရသူ မိဘများနှင့် ဆက်ဆံရေးတွင် တင်းမာမှုများ၊

(ဂ) လူကုန်ကူးခံရသူ မိဘများသည် နာမည်ပျက်အမည်းစက်ထင်ပြီး ခွဲခြားဆက်ဆံခံရမှု

## ဖြစ်ရပ်မှန်အမှုကိစ္စ လေ့လာချက်များ
## အိမ်မှာထားခဲ့သော ကလေးများ ကြုံတွေ့ရသည့် ကိစ္စရပ်များ

အဝမ္မလက်ထပ်ရန်အတွက် ဗီယက်နမ်နိုင်ငံမှ တရုတ်နိုင်ငံသို့ လူကုန်ကူးခံခဲ့ရသော အမျိုးသမီးတစ်ဦးသည် အစပိုင်းတွင် သူမ၏ ကလေးများကို ထောက်ပံ့ဖို့ရွှေ့ပြောင်းသွားလာခဲ့သည်။ သူမ၏ အိမ်ထောင်ရေး ကွာရှင်းပြီးနောက် သူမသည် သူတို့ကို သူမတစ်ဦးတည်း မွေးမြူခဲ့ရသည်။ တရုတ်နိုင်ငံတွင် သူမ ခေါင်းပုံဖြတ်ခြင်းခံနေရသည့် ၃ နှစ်အတွင်း၌ သူတို့၏ စီးပွားရေးအခြေအနေသည် ပို၍ ဆိုးဝါးလာခဲ့သည်။"ကျွန်မ ပြန်လာတဲ့ အချိန်မှာ ပထမဆုံး ကျွန်မ ပူပန်တဲ့အရာကတော့ ကျွန်မရဲ့ ကလေးတွေပဲ။ သူတို့ဟာ စားစရာလုံလုံလောက်လောက်မရှိဘဲ သိပ်ကို စိတ်မချမ်းမသာ ဖြစ်နေပုံရတယ်။ အဲဒီအချိန်မှာ ကျွန်မရဲ့ ဦးစားပေးကိစ္စကတော့ သူတို့အတွက် ဆန်ဝယ်ဖို့ အလုပ်လုပ်ဖို့ပဲဖြစ်တယ်။ ကျွန်မဟာ ဘုံအဖွဲ့အစည်းထဲက လူတွေအတွက် အလုပ်စလုပ်ပေးခဲ့တယ်။ ကျွန်မအနေနဲ့ သူတို့က ကျွန်မကို ငှားပြီးလုပ်ခိုင်းချင်တဲ့ ဘယ်အလုပ်ကိုမဆို လုပ်ခဲ့တယ်။" ဗီယက်နမ်အမျိုးသမီးတစ်ဦးသည် သူမ၏ အကြီးဆုံးကလေးက အသက် ၇ နှစ်ရှိပြီး အငယ်ဆုံးကလေးက အသက် ၂ နှစ်အရွယ်ရှိချိန်တွင် အဝမ္မလက်ထပ်ရန်အတွက် တရုတ်နိုင်ငံသို့ လူကုန်ကူးခံခဲ့ရသည်။ သူမသည် ၇ နှစ်ကြာအောင် ခေါင်းပုံဖြတ်ခံနေရပြီး ဤအချိန်အတွင်း သူမ၏ ကလေးများနှင့် မဆက်သွယ်နိုင်ခဲ့ပေ။ သူမ အိမ်ပြန်အရောက်တွင် သူမ၏ ကလေးများနှင့် သူမ၏ ဆက်ဆံရေးအကြောင်း မေးမြန်းသောအခါ သူမက သူမ အိမ်ပြန်အရောက်တွင် အလွန်ခက်ခဲသော အခြေအနေတစ်ရပ်ကို ကြုံတွေ့ခဲ့ရကြောင်းနှင့် သူမ၏ ကလေးများနှင့် ဆက်ဆံရေးကို ပြန်လည်တည်ဆောက်ရန် သူမ မည်သို့ ကြိုးပမ်းရုန်းကန်ခဲ့ရပုံကို ဖော်ပြပြောဆိုခဲ့သည်။ သူမက သူမ၏ ကလေးများ၏ ဘဝထဲတွင် သူမ၏ နေရာကို ပြန်လည်ထူထောင်ရန် တကယ့်ကို အချိန်အတော်ကြာယူခဲ့ရသည်ဟု ရှင်းပြခဲ့သည်။

### ၂။ လူကုန်ကူးခံရစဉ် မွေးဖွားလာသော ကလေးများ

(ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးနှင့် ပတ်သက်၍ ထပ်မံအထူးပြုလုပ်ဆောင်ရန် လိုအပ်သော လူကုန်ကူးခံရသူကလေးများ သီးခြားအုပ်စုခွဲတစ်ခုမှာ လူကုန်ကူးခံရသည့် အတွေ့အကြုံမှ မွေးဖွားလာသော ကလေးများဖြစ်သည်။ ဆိုလိုသည်မှာ သူတို့၏ မိခင်များသည် လူကုန်ကူးခံနေရသည့် အခြေအနေတွင် ရှိနေစဉ် မွေးဖွားလာသူများဖြစ်သည်။ ဤသို့ဖြစ်ခြင်းသည် အများဆုံးဖြစ်နေကျပုံစံမှာ အမျိုးသမီးများအား အဝမ္မလက်ထပ်ရန် လူကုန်ကူးခံရပြီး ကလေးအဖေအဖြစ် သူမ၏ "လင်ယောက်ျား"ဖြစ်သူနှင့် ကလေးရရှိခြင်း၊ သို့မဟုတ်၊ အမျိုးသမီးများအား လိင်ခေါင်းပုံဖြတ်ရန် လူကုန်ကူးခံရပြီး ကလေးအဖေအဖြစ် သူတို့ကို လူကုန်ကူးသူ၊ သို့မဟုတ် ဖောက်သည်တစ်ဦးနှင့် ကလေးရရှိခြင်းဖြစ်သည်။

လူကုန်ကူးခံရခြင်းမှ မွေးဖွားလာသော ကလေးများသည် သူတို့၏ မိခင်၏ မိသားစုနှင့် လူ့အဖွဲ့အစည်းတွင် ဝင်ဆန့်ပေါင်းစည်းရန် သီးသန့်အထောက်အပံ့နှင့် အကူအညီများ လိုအပ်သည်။ ၎င်းတွင် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးကာလအတွင်း ကြုံတွေ့ရသည့် အဓိက ကိစ္စရပ် (၅)ခုရှိသည်။

(က) လူကုန်ကူးခံရခြင်း၏ (ရုပ်ပိုင်းနှင့်စိတ်ပိုင်း) ထိခိုက်မှု။

(ခ) မိခင်ဖြစ်သူနှင့် ဆက်ဆံရေးနှင့် မိခင်သံယောဇဉ်

(ဂ) လူကုန်ကူးခံရခြင်းမှ မွေးဖွားလာသော ကလေးများအပေါ် မိသားစု၏ တုန့်ပြန်ဆက်ဆံမှုများ။

(ဃ) လူကုန်ကူးခံရခြင်းမှ မွေးဖွားလာသော ကလေးများအပေါ် ရပ်ရွာလူ့အဖွဲ့အစည်းမှ တုန့်ပြန်ဆက်ဆံမှုများ။

(င) အကူအညီနှင့် ဝင်ဆန့်ပေါင်းစည်းရေး အခွင့်အလမ်းများ ရရှိနိုင်မှု

## ဖြစ်ရပ်မှန်အမှုကိစ္စ လေ့လာချက်များ လူကုန်ကူးခံရခြင်းမှ မွေးဖွားလာသော ကလေးများ ကြုံတွေ့ရသည့် ကိစ္စရပ်များ

အဓမ္မလက်ထပ်ရန်အတွက် တရုတ်နိုင်ငံသို့ လူကုန်ကူးခံခဲ့ရသော ဗီယက်နမ်အမျိုးသမီးတစ်ဦးက တရုတ်နိုင်ငံတွင် သူမကိုယ်တိုင်နှင့် သူမ၏ ကလေးများအတွက် အလွန်ညံ့ဖျင်းသော နေထိုင်မှု အခြေအနေများကို ဖော်ပြ ပြောဆိုခဲ့သည်။ ထိုနေရာတွင် သူမ၏ ဘဝမှာဆင်းရဲပြီး ကြမ်းတမ်းခက်ထန်သည်။ သူမသည် သူမ၏ ကလေး(၂)ဦးကို ကျွေးမွေးပြုစုရန် အလုပ်လုပ်ရသည့် တစ်ဦးတည်းသော လူဖြစ်သည်။ သူမ၏ ခင်ပွန်းသည် သူ၏အချိန်နှင့် ငွေအားလုံးကို လောင်းကစားတွင် သုံးဖြုန်းပစ်ခဲ့သည်။ အဓမ္မလက်ထပ်ရန်အတွက် တရုတ်နိုင်ငံသို့ လူကုန်ကူးခံခဲ့ရသော အမျိုးသမီးတစ်ဦးသည် သူမ၏ တရုတ် “လင်ယောက်ျား”နှင့် ရရှိခဲ့သော ကိုယ်ဝန်နှင့်အတူ မြန်မာနိုင်ငံသို့ ပြန်လာခဲ့သည်။ သူမသည် လူကုန်ကူးခြင်း မခံရမီ မြန်မာနိုင်ငံရှိ သူမ၏ ခင်ပွန်းနှင့် အခြားကလေး ၂ ယောက်ရရှိခဲ့ပြီးဖြစ်ကာ သူမ၏ ခင်ပွန်းက သူမအနေဖြင့် ကလေးမွေးဖွားလာချိန်တွင် ကလေးကို စွန့်ပစ်မှသာလျှင် သူမကို လက်ခံရန် သဘောတူခဲ့သည်။ အလုပ်အကိုင်မရှိ၊ ဝင်ငွေမရှိ၊ နေစရာအိမ်မရှိဖြစ်နေသော အမျိုးသမီးသည် အခြားရွေးချယ်မှုတစ်ခုခုကို ပြုလုပ်နိုင်စွမ်းမရှိဟု ခံစားခဲ့ရသည်။ သူမသည် အကယ်၍ ကလေးကို ထိန်းသိမ်းထားပါက သူမ၏ အခြားကလေးများကို မတွေ့မြင်ရတော့မည်ကိုလည်း စိုးရိမ်ပူပန်ခဲ့သည်။ လက်ထပ်ထိမ်းမြားရန်အတွက် လူကုန်ကူးခံရပြီးနောက် ဗီယက်နမ်အမျိုးသမီးတစ်ဦးသည် သူမ၏ တရုတ်“လင်ယောက်ျား”ဖြစ်သူနှင့် ရရှိခဲ့သော ကလေး(၂)ဦးနှင့်အတူ တရုတ်နိုင်ငံမှ အိမ်ပြန်လာခဲ့သည်။ သူမ၏ ကလေးများသည် သက်သေခံအထောက်အထား စာရွက်စာတမ်းများလည်း မရှိ၊ မိသားစုစာအုပ်များလည်း မရှိ၍ အကျိုးဆက်အနေဖြင့် ကျောင်းတက်ရန် ခွင့်ပြုခြင်းမခံရသောကြောင့်ဘဝသည်ခက်ခဲခဲ့သည်။ ထို့အပြင် သူတို့ ပထမဦးစွာ ပြန်လာသော အချိန်တွင် သူတို့သည် ဗီယက်နမ်ဘာသာစကားကို မပြောတတ်သလောက်ဖြစ်သည်။ ၎င်းသည် ဝင်ဆန့်ပေါင်းစည်းရေးလုပ်ငန်းစဉ်တွင် နောက်ထပ် အတားအဆီးတစ်ရပ်ဖြစ်သည်။ သူမက သူတို့ ဘဝများ၏ ဤအချိန်ကာလသည် အလွန်ဆိုးဝါး၍ ခက်ခဲသော အချိန်ကာလတစ်ခုဖြစ်ပြီး သူမသည် ပုံမှန်အားဖြင့် စိတ်ပျက်အားလျော့မှုကို ခံစားခဲ့ရကြောင်း ဖော်ပြပြောဆိုခဲ့သည်။

## နိဂုံး

မဲခေါင်မြစ်ဝှမ်းဒေသတစ်ဝှမ်းလုံးရှိ လူကုန်ကူးခံရသူများသည် အမျိုးမျိုး ကွဲပြားခြားနားသော၊ များသောအားဖြင့် ရှုပ်ထွေးပြီး စိတ်ထိခိုက်ဒဏ်ရာရစေသော လူကုန်ကူးခံရသည့် အတွေ့အကြုံများကို ခံစားကြရသည်။ များစွာသော သူတို့သည် သူတို့၏ အတွေ့အကြုံများမှ ကျော်လွှားလွန်မြောက်၍ ရှေ့သို့ ဆက်သွားနိုင်ရေးအတွက် သူတို့ကို ကူညီရန် သူတို့၏ လူကုန်ကူးခံရသည့် ဘဝနောက်ပိုင်းတွင် အမျိုးမျိုးသော အကူအညီနှင့် အထောက်အပံ့တို့ကို ရရှိခဲ့ကြသည်။ များစွာသော လူကုန်ကူးခံရသူများသည် အလွန်အပြုသဘောဆောင်သော လူကုန်ကူးခံရသည့် ဘဝနောက်ပိုင်းလမ်းကြောင်းများကို တွေ့ကြုံခဲ့ကြသည်။ လူများသည် အချိန်နှင့် ကိုက်ညီစွာ နားလည်စာနာသည့် ပုံစံမျိုးဖြင့် လူကုန်ကူးခံရသူအဖြစ် စိစစ်သတ်မှတ်ခြင်းခံရသည်။ လူကုန်ကူးခံရပြီး နောက်ချက်ချင်းပင် အကူအညီရရှိရန်အတွက် လွှဲပြောင်းပေးခြင်းခံရပြီး အိမ်ပြန်ရန် ကူညီခြင်းခံရကာ သူတို့၏ ဇာတိရပ်ရွာလူ့အဖွဲ့အစည်းနှင့် နိုင်ငံတွင် သူတို့၏ ရေရှည်တည်တံ့သော (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးသို့ ဦးတည်သည့် အထောက်အပံ့နှင့် ဝန်ဆောင်မှုအမြောက်အမြားကို ကမ်းလှမ်းပေးအပ်ခြင်းခံကြရသည်။ ဤလေ့လာချက်အတွက် တွေ့ဆုံမေးမြန်းခဲ့သော လူကုန်ကူးခံရသူ အချို့သည် ယခုအခါ သူတို့၏ မိသားစုများနှင့် ရပ်ရွာလူ့အဖွဲ့အစည်းများတွင် အောင်မြင်စွာ (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းခဲ့ကြပြီး သူတို့၏ လူကုန်ကူးခံရသည့် အတွေ့အကြုံမှ ရှေ့သို့ ဆက်လက်ရွေ့လျားသွားနိုင်ခဲ့ပြီးဖြစ်သည်။ အနာဂတ် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး စီမံချက်များနှင့် မူဝါဒများကို စီစဉ်ရေးဆွဲရာတွင် ဤအတွေ့အကြုံများနှင့် “အောင်မြင်မှုများ” မှ များစွာ လေ့လာသင်ယူနိုင်မည်ဖြစ်သည်။

ဤအရေးပါသော အောင်မြင်မှုများရှိလင့်ကစား အလွန်များစွာသော လူကုန်ကူးခံရသူများမှာ အပြုသဘောဆောင်မှု များစွာ လျော့နည်းသော လူကုန်ကူးခံရသည့် နောက်ပိုင်း အတွေ့အကြုံများကို ရရှိခဲ့ကြသည်။

ထို့ပြင်ၚင်းတို့သည် လူကုန်ကူးခံရပြီးနောက် အကူအညီနှင့် အထောက်အပံ့တို့ကိုလည်း အခွင့်ထူး မရရှိခဲ့ကြပါ။ အရေးပါသော တွေ့ရှိချက်တစ်ခုမှာ (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးလုပ်ငန်းစဉ်သည် အမြဲတစေ ချောမွေ့စွာ မလုပ်ဆောင်နိုင်ဘဲ အမျိုးသား၊ သို့မဟုတ်၊ အပြည်ပြည်ဆိုင်ရာဥပဒေများ၊ မူဝါဒများ၊ စံသတ်မှတ်ချက်များနှင့် အခြေခံစည်းမျဉ်းများ၏ အတိုင်းအတာအရလည်း မလုပ်ဆောင်နိုင်ပါ။ ဥပမာအားဖြင့် - များစွာသော လူကုန်ကူးခံရသူများသည် ကူညီခြင်း မခံရပေ။ သို့မဟုတ်၊ လျော့နည်းစွာ ကူညီခြင်းခံရသည်။ အလွန်နည်းပါးသော လူကုန်ကူးခံရသူများကသာ“အလုံးစုံပြည့်စုံသည့် ကူညီစောင့်ရှောက်မှု”ဟု ကျိုးကြောင်းဆီလျော်စွာ ခေါ်ဝေါ်နိုင်သည့်အရာကို လက်ခံရရှိခဲ့သည်။ အခြားသူများသည် အကူအညီကို ငြင်းပယ်ခဲ့ကြသည်။တစ်ခါတစ်ရံတွင် အသည်းအသန် လိုအပ်ချက်များ ကြုံတွေ့နေရစဉ်၌ပင် အကူအညီကို ငြင်းပယ်ခဲ့ကြသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းသည် သူတို့၏ လိုအပ်ချက်များကို မဖြည့်ဆည်းပေးသောကြောင့်၊ သို့မဟုတ်၊ လူကုန်ကူးခံရပြီးနောက် သူတို့၏ တကယ့် ဘဝအခြေအနေနှင့် မကိုက်ညီသောကြောင့် ဖြစ်သည်။ နောက်ထပ် အခြားသူများမှာ ဝန်ဆောင်မှုများ၏ အရည်အသွေးနှင့် အတိုင်းအတာ မပြည့်မီသော စီမံချက်များတွင် အကူအညီကို လက်ခံရရှိခဲ့ကြသည်။ လူကုန်ကူးသူအဖြစ် စိစစ်သတ်မှတ်ခြင်း၊ အိမ်သို့ပြန်ပို့ခြင်းနှင့် လူကုန်ကူးခံရသူများအား (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး အကူအညီပေးခြင်းအလုပ်များကို မည်သို့ တိုးတက်ကောင်းမွန်ရန်နှင့် မြှင့်တင်ရန် လုပ်ဆောင်ရမည်ဆိုသည့်အချက်နှင့် ပတ်သက်၍ အနည်းဆုံး မဟုတ်ဘဲ ဤအောင်မြင်မှု လျော့နည်းသော အတွေ့အကြုံများမှ များစွာ လေ့လာသင်ယူနိုင်မည် ဖြစ်သည်။

ဤလေ့လာချက်မှ တွေ့ရှိချက်များသည် မည်သည့်နိုင်ငံ၊ အဖွဲ့အစည်း၊ သို့မဟုတ်၊ အင်စတီကျူးရှင်းတစ်ခုအတွက်မျှ သီးသန့် မဟုတ်ပါ။ အတိအကျဆိုရလျှင် ၎င်းတို့သည် မဲခေါင်မြစ်ဝှမ်းဒေသ (၆)နိုင်ငံတွင် တစ်နိုင်ငံချင်းစီရှိ လူကုန်ကူးခံရသူများက ဖော်ထုတ်တင်ပြသော ဘုံတူညီသည့် အကြောင်းအရာများနှင့် ကိစ္စရပ်များကို ကိုယ်စားပြုသည်။ ကောင်းမွန်သော လက်တွေ့ကျင့်သုံး ဆောင်ရွက်မှုများစွာ ရှိလင့်ကစား ပြုပြင်ပြောင်းလဲမှုနှင့်

တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်မှုအတွက် အတိုင်းအတာနယ်ပယ် အမြောက်အမြားလည်း ရှိနေသည်။ အကျယ်ပြန့်ဆုံး အတိုင်းအတာတွင် ဤတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်မှုများနှင့် ပြုပြင်ပြောင်းလဲမှုများသည် အောက်ပါအကြောင်းအရာများအပေါ်တွင် ဗဟိုပြုသင့်သည်။

## (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး လုပ်ငန်းစဉ်ရှိ စိန်ခေါ်မှု အခက်အခဲများ

မျက်မှောက် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး လုပ်ငန်းစဉ်တွင် အရေးပေါ်နှင့် ချက်ချင်းလက်ငင်း ပြုပြင်ဆောင်ရွက်ရန်လိုအပ်သော ဆက်စပ်လွှမ်းခြုံနေသည့် ကိစ္စရပ်များနှင့် စိန်ခေါ်မှု အခက်အခဲများရှိသည်။ ၎င်းတို့အနက်မှ အရေးတကြီးအဖြစ်ဆုံးမှာ (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး တုန့်ပြန်ဆောင်ရွက်မှုကို စီစဉ်ပုံနှင့် လုပ်ဆောင်ပုံတို့ကြောင့် အကူအညီ လိုအပ်ချက်များကို မဖြည့်ဆည်းပေးနိုင်သော များပြားသော အရေအတွက်ရှိသည့် လူကုန်ကူးခံရသူများ ဖြစ်ကြသည်။ ၎င်းတွင် မြောက်မြားစွာသော အရေအတွက်ရှိသည့် လူများသည် ကူညီခြင်း မခံကြရပါ။ သို့မဟုတ်၊ လျော့နည်းစွာ ကူညီခြင်းခံကြရသည်။ အခြားသူများမှာ (အလွန်အမင်း အကူအညီလိုအပ်နေသော်လည်း) အကူအညီကို ငြင်းပယ်ခဲ့ကြသည်။ အခြားသော သူတို့မှာ အတင်းအကြပ် ကူညီခြင်းခံကြရသည်။ ဤအပိုင်းတွင် သတ်မှတ်ဖော်ပြထားသော ကိစ္စရပ်အချို့ကို ကိုင်တွယ်ဖြေရှင်းခြင်းသည် - ဥပမာ၊ သတင်းအချက်အလက်ပေးမှုကင်းမဲ့ခြင်း၊ အားနည်း ချွတ်ယွင်းသော လွှဲပြောင်းခြင်း၊ စီမံခန့်ခွဲအုပ်ချုပ်ရေးဆိုင်ရာ အတားအဆီးများနှင့် အရင်းအမြစ်များ ချို့တဲ့ခြင်း - ဤစိန်ခေါ်ချက်များနှင့် ကိစ္စရပ်များကို ဖြေရှင်းရာတွင် အတော်ပင်ခရီးပေါက်လိမ့်မည်။ သို့ရာတွင် (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေးတွင်ရှိသော စိန်ခေါ်မှုအခက်အခဲများကို အောင်မြင်ကျော်လွှားရန်မှာ နိုင်ငံတစ်နိုင်ငံချင်းစီတွင် နေရာချထားသော ဆက်စပ်လွှမ်းခြုံနေသည့် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးမူဘောင်ကို ဂရုတစိုက်ဆင်ခြင်သုံးသပ်ရန်လည်း လိုအပ်သည်။ ဤသို့ဆင်ခြင်သုံးသပ်ရာတွင် လက်ရှိစီမံချက်များနှင့် မူဝါဒများသည် အောင်မြင်သော (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေးရလဒ်များကို မည်သို့ အထောက်အကူပြုသည်။(တစ်ခါတစ်ရံ အထောက်အကူမပြု) ဆိုသည့် အချက်ပါဝင်သည်။ ထို့အပြင် ၎င်းသည် "တစ်ကြိမ်တည်း" လုပ်ဆောင်မှုတစ်ခု မဖြစ်နိုင်ပါ။ နိုင်ငံတစ် နိုင်ငံ၏ (သို့မဟုတ်၊ ဒေသ၏) (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးစီမံချက်များနှင့် မူဝါဒများတွင်ရှိသော စိန်ခေါ်မှု အခက်အခဲများကို ခြေရာကောက်ရှာဖွေခြင်းနှင့် ကိုင်တွယ်ဖြေရှင်းခြင်းသည် စဉ်ဆက်မပြတ်လုပ်ငန်းစဉ်တစ်ခု ဖြစ်ပြီး ဤဆွေးနွေးချက်၏ ဗဟိုချက်၌ရှိသော (အမျိုးမျိုး ကွဲပြားခြားနားသည့် နမူနာလူဦးရေ) လူကုန်ကူးခံရသူများကို ဆက်လက်၍ ဆက်သွယ်ထိတွေ့နေရန် လိုအပ်သော လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။

## ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေး ဝန်ဆောင်မှုများ ထောက်ပံ့ခြင်း ကိစ္စရပ်များ

ပြန်လည်ဝင်ဆန့်ပေါင်းစည်းရေးတွင် အလုပ်လုပ်လျက်ရှိကြသော လက်တွေ့လုပ်ကိုင်ဆောင်ရွက်သူများသည် လူကုန်ကူးခံရသူများအား အလွန်အရေးပါသော ဝန်ဆောင်မှုများကို ထောက်ပံ့ကြသည်။ သို့သော်လည်း ဤဝန်ဆောင်မှုများကို ထောက်ပံ့ရာတွင် အရေးပါသော ကိစ္စရပ်များရှိသည်။ ဝန်ဆောင်မှုနယ်ပယ် အားလုံးတွင် အချို့သော ခိုင်မာအားကောင်းသည့် စီမံချက်များရှိလင့်ကစား တိုးတက်ကောင်းမွန်အောင်နှင့် ပို၍ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရန် လိုနေသေးသော နေရာကွက်လပ်ရှိသည်။ ဤတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ခြင်းတွင် စီမံချက်ဝန်ထမ်းများအား လေ့ကျင့်သင်ကြားခြင်းနှင့် စွမ်းရည်မြှင့်တင်ခြင်း၊ အသက်မွေးဝမ်းကျောင်းအလုပ်ကို တာဝန်ယူလုပ်ဆောင်ခြင်းနှင့် လုံလောက်သော (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး အရင်းအမြစ်များ ပါဝင်ပတ်သက်မည်ဖြစ်သည်။ ၎င်းတွင် အမျိုးမျိုးကွဲပြားခြားနားသော လူကုန်ကူးခံရသူနမူနာ

များအတွက် ဝန်ဆောင်မှုများမှာ လျော်ကန်သင့်မြတ်မှုနှင့် ဆီလျော်မှုရှိဖို့သေချာစေရန် ပြောင်းလွယ်ပြင်လွယ်ရှိရန်လည်း လိုအပ်သည်။ ဤဝန်ဆောင်မှုနယ်ပယ်များတွင် တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ဖို့ သေချာစေရန်မှာ လူကုန်ကူးခံရသူ ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေးကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် အရေးကြီးသောအချက်မှာ အစိုးရအေဂျင်စီများ၏ (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး အကူအညီပေးမှုကို နိုင်ငံအဆင့် စောင့်ကြည့်စစ်ဆေးခြင်းတို့ကိုလည်း လိုအပ်မည်ဖြစ်သည်။

အားလုံးသော စီမံချက်အကောင်အထည်ဖော်မှုနှင့် စောင့်ကြည့်စစ်ဆေးမှုတို့ကို ကျင့်ဝတ်စံသတ်မှတ်ချက်များနှင့်အညီ တိုးမြှင့်၍ အကောင်အထည်ဖော်သင့်သည်။ ကျင့်ဝတ်စံသတ်မှတ်ချက်များကို အကောင်းဆုံးအားဖြင့် ဥပဒေထဲတွင် ထည့်သွင်းပြဋ္ဌာန်းထားသင့်သည်။

## (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေးတွင် လုပ်ကိုင်နေကြသော လက်တွေ့လုပ်ကိုင်ဆောင်ရွက်သူများနှင့် အာဏာပိုင်များ၏ အတွေးအမြင်၊ စွမ်းဆောင်ရည်နှင့် အပြုအမူဆိုင်ရာ ကိစ္စရပ်များ

လက်တွေ့လုပ်ကိုင်ဆောင်ရွက်သူများနှင့် ဝန်ဆောင်မှုထောက်ပံ့သူများသည် မည်သည့် (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေးစီမံချက်တွင်မဆို အရေးအကြီးဆုံးသော အရင်းအမြစ်ဖြစ်သည်။ (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေးသည် ရှုပ်ထွေးပြီး လူအင်အားများစွာလိုအပ်သော လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ ၎င်းတွင် လူကုန်ကူးသူများနှင့် ကာလကြာရှည်စွာ အလုပ်လုပ်ရသည့် ကျွမ်းကျင်မှုမြင့်မားသော၊ နားလည်သိတတ်သော၊ ကျင့်ဝတ်နှင့်ညီသော၊ တာဝန်ယူစိတ်ရှိသော အသက်မွေးဝမ်းကျောင်းပညာရှင်များ လိုအပ်သည်။ ၎င်းသည် ဤလိုအပ်ချက်အရ ဤဝန်ဆောင်မှုထောက်ပံ့သူများ၏ ပညာရှင်အဆင့် တိုးတက်ဖွံ့ဖြိုးမှုနှင့် စွမ်းဆောင်ရည်ရရှိရန် ရင်းနှီးမြှုပ်နှံမှု လိုအပ်သည်။ ဝန်ဆောင်မှုထောက်ပံ့သူများ၏ စွမ်းဆောင်ရည်နှင့် ကျွမ်းကျင်မှုအရည်အချင်း တည်ဆောက်ခြင်းသည် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး မည်ကဲ့သို့ဖြစ်ပေါ်ပုံအပေါ်တွင် ချက်ချင်းလက်ငင်း အကျိုးသက်ရောက်မှုရှိနိုင်သည်။ ဝန်ဆောင်မှုထောက်ပံ့သူများ၏ မိမိကိုယ်ကို မိမိ ထိန်းသိမ်းစောင့်ရှောက်မှုသည်လည်း အရေးကြီးသည်။ ၎င်းတို့၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရွှင်လန်းမှုသည် ကူညီစောင့်ရှောက်မှု အရည်အသွေးတိုးတက်ကောင်းမွန်ရေးတွင် အတော်ပင်ခရီးရောက်ဖို့ သေချာစေမည်ဖြစ်သည်။ အသက်မွေးဝမ်းကျောင်းပညာရှင်အဆင့် စွမ်းဆောင်ရည်အကြောင်း မည်သည့် ဆွေးနွေးတင်ပြချက်တွင်မဆို တိုက်ရိုက်မဖော်ပြသော်လည်း ရည်ညွှန်းထားသော အချက်မှာ ဝန်ဆောင်မှုထောက်ပံ့သူများ အပိုင်းတွင် နားလည်စာနာမှုနှင့် ကျင့်ဝတ်နှင့်ညီသော အပြုအမူရှိဖို့ သေချာစေခြင်းပင်ဖြစ်သည်။ (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေးတွင် လုပ်ကိုင်နေသည့် အသက်မွေးဝမ်းကျောင်းပညာရှင်များ အားလုံးအနေဖြင့် အမြင့်ဆုံးသော အသက်မွေးဝမ်းကျောင်းဆိုင်ရာနှင့် ကျင့်ဝတ်ဆိုင်ရာစံသတ်မှတ်ချက်ကို စွဲမြဲစွာ စောင့်ထိန်းလိုက်နာစေရန်အတွက် တာဝန်ခံမှုစနစ်များ လိုအပ်သည်။

## လူကုန်ကူးခံရသူကလေးများ၏ (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေးတွင် အလွန်အရေးကြီးသော ကိစ္စရပ်များ

ဤလေ့လာချက်တွင် လူကုန်ကူးခံရသူကလေးများသည် သိသိသာသာ ကိုယ်စားပြုနေကြသည်။ ၎င်းမှာ ဒေသတွင်း၌ ကလေးများသည် ခေါင်းပုံဖြတ်ခြင်းခံရသည့် အန္တရာယ်ကျရောက်နေပြီး လူကုန်ကူးခံရခြင်းအဖြစ်သို့ရောက်ရန် များပြားလှစွာ အကာအကွယ်မဲ့ကြုံတွေ့နေရသည်ဆိုသည်ကို အချက်ပြနေခြင်းဖြစ်သည်။ တစ်ချိန်တည်းမှာပင် ၎င်းတို့၏ သီးသန့်လိုအပ်ချက်များနှင့် အခြေအနေကို တုန့်ပြန်ဆောင်ရွက်မှုသည် အမြဲတစေ လုံလောက်အောင် တိုးတက်မှုရှိရန် မတူပါ။ လူကုန်ကူးခံရသူကလေးများကို သူတို့၏ လူကုန်ကူးခံရသည့် အတွေ့အကြုံများမှ ရှေ့ဆက်သွားရန်အတွက် ပို၍ လုံလောက်စွာ ကူညီထောက်ပံ့ရန် သူတို့၏ သီးသန့်ဖြစ်သော၊

သို့သော်လည်း အမျိုးမျိုးကွဲပြားခြားနားသော လိုအပ်ချက်တို့ကို ပို၍အလေးထား အာရုံစိုက်ရန် (နှင့် အရင်းအမြစ်များရှိရန်) လိုအပ်သည်။ ၎င်းတွင် ကလေးများနှင့် အလုပ်လုပ်နေသော လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသက်မွေးဝမ်းကျောင်းပညာရှင်များ၏ စွမ်းဆောင်ရည်ကို တိုးတက်ကောင်းမွန်အောင်လုပ်ရန်သာမက လူကုန်ကူးခြင်းကို လူမှုရေးကာကွယ်စောင့်ရှောက်မှု မူဘောင်ထဲသို့ ထည့်သွင်းပေးရန်လည်း ပါဝင်သည်။ ၎င်းမူဘောင်တွင် အခြေခံမူအရ ဘဝရပ်တည်ရန် ခက်ခဲသော ကလေးငယ်များနှင့် အလုပ်လုပ်ရာတွင် အထူးပြုကျွမ်းကျင်မှုများ ပံ့ပိုးဖြည့်ဆည်းထားသင့်သည်။ ဆန်းစစ်ဝေဖန်ရလျှင် လူကုန်ကူးခံရသူ ကလေးများသည် သူတို့ကိုကူညီရန် စီစဉ်ရေးဆွဲထားသော (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး စီမံချက်များ၏ တိုးတက်ဖွံ့ဖြိုးမှုနှင့် စောင့်ကြည့်စစ်ဆေးမှုများတွင် (မိမိ ဆန္ဒအလျောက်) ပါဝင်ပတ်သက်ရန် လိုအပ်သည်။ သူတို့၏ ပါဝင်ဆောင်ရွက်မှုနှင့် သတင်းအချက်အလက် ထည့်ဝင်မှုရှိမှသာလျှင် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေးစီမံချက်များနှင့် မူဝါဒများသည် သူတို့၏ လိုအပ်ချက်များနှင့် အကျိုးစီးပွားများကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

* * * * * * * * * * * * *   * * * * * * * * * * * *

ဤလေ့လာချက်တွင် အကျုံးဝင်သော (၆) နိုင်ငံတွင် တစ်နိုင်ငံချင်းစီ၌ ဤအကြောင်းအရာ(၄)ချက် (နှင့် ၎င်းတို့အတွင်း၌ မြုပ်ဝင်နေသော ကိစ္စရပ်အမြောက်အမြား)ကို မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းနိုင်မည်နှင့် ကိုင်တွယ်ဖြေရှင်းသင့်သည်ဆိုသည့် အချက်မှာ ကွဲပြားလိမ့်မည်ဖြစ်သည်။ တစ်နိုင်ငံချင်းစီတွင် နေရာချထားသော ကွဲပြားခြားနားသည့် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး လုပ်ငန်းမူဘောင်နှင့် တုံ့ပြန်ဆောင်ရွက်မှုတို့ရှိသည်။ တစ်နိုင်ငံချင်းစီသည် (ပြန်လည်) ဝင်ဆန့်ပေါင်းစည်းရေး ကူညီထောက်ပံ့မှုကို ကမ်းလှမ်းပေးအပ်ခြင်းနှင့် ပတ်သက်၍ ကိုယ်ပိုင်သီးသန့်ဖြစ်သော အခွင့်အလမ်းအစုများနှင့် စိန်ခေါ်မှုအခက်အခဲအစုများ ရှိကြသည်။သို့ရာတွင် ဒေသတစ်ဝှမ်းလုံး၌ တွေ့ဆုံမေးမြန်းခဲ့သော လူကုန်ကူးခံရသူများ၏ အတွေ့အကြုံများမှ တစ်နိုင်ငံချင်းစီက လေ့လာသင်ယူနိုင်သော အရာများစွာရှိသည်။ ထို့ပြင် COMMIT အစိုးရများသည် ဒေသတွင်း၌ လူကုန်ကူးမှု တိုက်ဖျက်ရန် ဆက်လက်လုပ်ကိုင်ဆောင်ရွက်နေသည်ဖြစ်၍ - ဒေသတစ်ဝှမ်းလုံးရှိ လူကုန်ကူးခံရသူများ၏ တကယ်အစစ်အမှန် ကမ္ဘာကြီး၏ အတွေ့အကြုံများမှ ကောက်နုတ်ထားသော- ဤတွေ့ရှိချက်များသည် အနာဂတ်ကာလတွင် အောင်မြင်သော (ပြန်လည်)ဝင်ဆန့်ပေါင်းစည်းရေး လမ်းကြောင်းများသို့ ပံ့ပိုးဖြည့်ဆည်းပေးနိုင်မည်ဟု မျှော်လင့်ရပေသည်။

---